# ပန်းသခင်းတော်တို့ ပွင့်ရာမြေ

|ရာဇဝင်ဝတ္ထုများ|

မျံချို |စစ်မှတ်တမ်း|



စာပေဝတ္ထု ၊ ရတုကဗျာ
လင်္ကာပန်းမိုး ၊ ရွာသွန်းဖြိုးလျက်
အမျိုး၏ဂုဏ် ၊ ဓာတိဂုဏ်
စာပေဂုဏ်ကို မြှင့်တင်မည်။
နိုင်ငံ့ဂုဏ်ရည် စွမ်းဆောင်တည်။

## ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသည့်ကာလ**

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ

**အုပ်ရေ**- ၁၀၀၀

**တန်ဖိုး**- ၃၀၀၀

**ထုတ်ဝေသူ**

ဦးအုန်းမောင်(မြ-၀၁၂၇၇)

**ပုံနှိပ်သူ**

**ဦးအုန်းမောင် (မြ-၀၁၀၈၂)**

နိုင်ငံ့ဂုဏ်ရည်ပုံနှိပ်တိုက် ၊ အမှတ် ၂၁၁၊ ၃၉-လမ်း
ကျောက်တံတားမြို့နယ် ၊ ရန်ကုန်။

**မျက်နှာဖုံးပန်းချီ**

**တံတောင်း**

----------

**ဖြန့်ချိရေး**

**နိုင်ငံ့ဂုဏ်ရည်စာပေတိုက်**

ရန်ကုန်ဘူတာကြီး၊ အမှတ် (၁) စကြံန်၊
(ပန်းဆိုးတန်းခုံးကျော်တံတားအောက်) ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့။

၈၁၉

ပျံ့ချီ(စစ်မှတ်တမ်း)- ပန်းသင်းခွေတို့ပွင့်ရာမြေရာဇဝင်ဝတ္ထုများ

နိုင်ငံ့ဂုဏ်ရည်၊ ရန်ကုန်။

စာမျက်နှာ - ၂၂၀၊ ၁၂.၅ စင်တီ × ၁၈.၅ စင်တီ

ပန်းသင်းခွေတို့ပွင့်ရာမြေ

ရာဇဝင်ဝတ္ထုများ

ပျံ့ချီ (စစ်မှတ်တမ်း)

နိုင်ငံ့ဂုဏ်ရည်စာစဉ် – ၂၂၉

# မာတိကာ

၁။ ပန်းသင်းခွေတို့ပွင့်ရာမြေ ၁၀

၂။ သိကြားမင်းကဲ့သို့အသရေတင့်တယ်သော သူရဲကောင်း ၆၄

၃။ သိမ်မွေ့လှသောနတ်ဘီလူးများ ၈၉

၄။ တတိယမြောက်နှီးထလာခြင်း ၁၁၅

၅။ အားမတန်သော်လည်း ၁၅၈

# ကိုယ်ရေးအကျဉ်း

အမည်ရင်းသည် ဇေယျာလင်းဖြစ်ပြီး ကလောင်အမည်မှာ ပုံချို (စစ်မှတ်တမ်း) ဖြစ်ပါသည်။ အဖ ဦးမောင်ဝင်း အမိ ဒေါ်ခင်နန်းဦးတို့က မွေးဖွားသော မွေးချင်းသုံးဦးတွင် အကြီးဆုံးဖြစ်သည်။ ၁၉၈၈ခုနှစ် မေလ ၂၄ရက်နေ့တွင် ပုသိမ်မြို့တွင်မွေးဖွားခဲ့သည်။ သူငယ်တန်းမှဆယ်တန်းအထိ ရန်ကုန်မြို့ အထက(၅)ဗိုလ်တထောင်တွင်တက်ရောက်ခဲ့ပြီး ၂၀၀၃ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအားအောင်မြင်ခဲ့ပါသည်။ ၂၀၀၄ခုနှစ်တွင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂)သို့ တက်ရောက်ခဲ့ပြီး ၂၀၀၉ခုနှစ်တွင် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာအထူးပြုဘာသာရပ်ဖြင့် သင်တန်းဆင်းကာ တပ်မတော်တွင် ပြန်တမ်းဝင်အရာရှိအဖြစ် လက်ရှိအချိန်ထိ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ စစ်သမိုင်းနှင့် သမိုင်းနောက်ခံ ဝတ္ထုတိုများကို online journal ဖြစ်သော စစ်မှတ်တမ်းစာစောင်တွင် ၂၀၁၆ ခုနှစ်မှစတင်ကာရေးသားခဲ့ပြီး ပထမဆုံးစာစုသည် "သိကြားမင်းကဲ့သို့ အသရေတင့်တယ်သောသူရဲကောင်း" စာစုတွဲဖြစ်သည်။ ထိုစာစုတွဲနောက်တွင် အရှေ့တိုင်းစစ်သမိုင်းဆိုင်ရာဆောင်းပါးများ မြန်မာ့သမိုင်းနောက်ခံ သုတ ရသ စာစုတွဲများ၊ဆောင်းပါးများရေးသားလျက်ရှိသည်။ လက်ရှိအချိန်တွင် စာရေးသူသည် ပြင်ဦးလွင်မြို့တွင် ဗိုလ်ကြီး(လက်ထောက်ကထိက)ရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

# စာရေးသူ၏အမှာစာ

စာအမျိုးအစားများစွာ ရှိသည့်အနက်မှ အဘယ်ကြောင့် စစ်သမိုင်းစာပေကို ရွေးချယ်ရေးသားရသနည်းဟု စာစရေးစဉ်ကတည်းက စာဖတ်သူတို့က အမြဲမေးလေ့ရှိသည်။ ထိုအချက်အားပြောရမည်ဆိုလျှင် သမိုင်းကိုချစ်မြတ်နိုးသောကြောင့်ဟုသာ ဖြေရမည်ဖြစ်သည်။ ကျွန်တော်သည် ငယ်စဉ် ကလေးဘဝကပင် သမိုင်းစာပေများအား ညအိပ်ရာဝင်ပုံပြင်သဖွယ် ဖတ်ရှုခဲ့ရသည်။ သမိုင်းဟုဆိုရာတွင် လူနှင့်စစ်ပွဲသည် အမြဲတွဲလျက်ရှိရာ လူ့သမိုင်းကိုလေ့လာမည်ဆိုပါက စစ်သမိုင်းတည်းဟူသော အခန်းသည်လည်း တွဲလျက်ပါဝင်လာလေသည်။ အထူးသဖြင့် မြန်မာ့သမိုင်းကိုလေ့လာမည်ဆိုပါက မြန်မာတို့၏စစ်သမိုင်းသည် အရေးပါသောအခန်းကဏ္ဍတွင်ပါဝင်မြဲဖြစ်သည်။

ခေတ်သစ်မြန်မာ့သမိုင်းပညာရပ်၏ ရှေ့ဆောင်ပညာရှင်ကြီးဖြစ်သော ဆရာကြီး ဒေါက်တာသန်းထွန်း၏ အဆိုအမိန့်ဖြစ်သည့် **"သမိုင်းသည် မအအောင်သင်ရသည်"**ဟူသော စကားသည် သမိုင်းပညာရပ်၏ အသက်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိဖြစ်ပျက်နေသော အဖြစ်အပျက်များ၏ ဖြစ်ရပ်များသည် အတိတ်ကာလတွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များနှင့် ဆင်ဆင်တူလေ့ရှိသည်။ ထိုသို့ဖြစ်ရခြင်းမှာ သမိုင်းသည် တစ်ပတ်လည်လေ့ရှိသည်ဟူသော သမိုင်းပညာရှင်များ၏ ဆိုရိုးစကားကြောင့်ဖြစ်သည်။ ယနေ့ခေတ်တွင် လူအများသည် စာဖတ်နည်းလာသည့်အပြင် အထူးသဖြင့် သမိုင်းစာပေကိုဖတ်ရှုသူ အင်မတန် နည်းပါး

လှသည်။ ထိုသို့ဖြစ်ရခြင်းသည်ကား သမိုင်းစာပေ၏ အချက်အလက်ကို အသားပေးကာရေးသားသည့် စာရေးဟန်နှင့်များစွာ သက်ဆိုင်သည်ဟု ယူဆမိသည်။ ခုနှစ်များ နာမည်အရှည်များ ဘွဲ့အမည်များသည် စာစဖတ်မည့်သူအား စိတ်လေးလံထိုင်းမှိုင်းသွားစေပြီး စာအပေါ်တွင် စိတ်ပါဝင်စားမှု လျော့ပါးသွားမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော် အွန်လိုင်းတွင် သမိုင်းဆောင်းပါးများစတင်ရေးသားကာ လူငယ်များကို မြန်မာ့သမိုင်းနှင့်ပြန်လည် ထိတွေ့မိတ်ဆက်ရာတွင် ခေတ်ကာလရေပန်းစားသော စကားများနှင့် သွက်သွက်ပေါ့ပေါ့ဟန်ဖြင့် ရေးသားသောအခါ ဖတ်ရှုသူများပြားသည်ကို သတိပြုမိသည်။ ထို့ကြောင့် ယနေ့ခေတ်လူငယ်တို့သည် သမိုင်းကိုစိတ်မဝင်စားခြင်းမဟုတ်တန်ရာ စာရေးဟန်ကြောင့်သာ မဖတ်ခြင်းဖြစ်သည်ဟုယူဆမိသည်။

သမိုင်းရေးသားရာတွင် ထိုကဲ့သို့ခေတ်စကားများနှင့် ရေးသားရာတွင် မိမိသည် သမိုင်းပညာရှင်တစ်ဦး မဟုတ်ဘဲ လေ့လာသူတစ်ဦးသာဖြစ်သဖြင့် ပညာရှင်များအား အဂါရဝဖြစ်စေလိုသည့်စိတ်မရှိပါကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။

ပျံချီ (စစ်မှတ်တမ်း)



# ပန်းသင်းခွေတို့ ပွင့်ရာမြေ



# ပန်းသင်းခွေတို့ပွင့်ရာမြေ

(၁)

“မောမြေမြင့်ဘက်ကလာတဲ့ လေပြည်နုကလည်း အေးပါဘိ”

ခြုံထည်ကို တင်းတင်းဆွဲခြုံရင်း ကျော်ခေါင်အံတင်းတင်း ကြိတ်မိလေသည်။

ဟုတ်ပေမည်။ ကျော်ခေါင်တို့ရောက်နေသည်က မြင်စိုင်းအရှေ့မြောက်ဘက် ကင်းစခန်းတစ်ခုဆီမှဖြစ်သည်။ မောင်းဂွတ်တာတာတို့ စစ်ရေးမအေးသည်နှင့် ဘုရင်ထီးဘုရားအမိန့်တော်အရ ကင်းစခန်းများကို အခိုင်အလုံပြုရမည်ဆိုသဖြင့် ကျော်ခေါင်တို့လိုကင်းတပ်မှူးငယ်များ ကင်းစခန်းအသီးသီးဖြင့် နယ်ခြားကို စောင့်ကြပ်နေရပေသည်။

“ဗိုလ်မင်း ဒီမောင်းဂွတ်တွေက အတော်ပဲဆိုးသလားဗျ”

ကင်းလှည့်စစ်ရင်း နောက်ပါးမှပါလာသူ ငမိုးမေးသဖြင့် ကျော်ခေါင်ရပ်တန့်လိုက်သည်။

“ဆိုးသပဆို သိပ်ဆိုးပေါ့မောင်ရ မောင်မင့်အဘနဲ့ ကျုပ်အဘတို့ ကျဆုံးခဲ့တဲ့ ငဆောင်ချမ်းတိုက်ပွဲအကြောင်းပဲ ပြောရမလား တို့အရင်မင်းတရားရဲ့ ပုဂံနေပြည်တော်ကို ထောင်းထောင်းညက်ညက်ခြေခဲ့တာကို ပြောရမလား ပြောမယ်ဆိုအများကြီးပေါ့ မောင်ရ”

"ဒင်းတို့တွေက အခု ဘောက်မဲ့ကြောင့် စစ်ချီရပြန်တာလဲ ဗိုလ်မင်းရဲ့"

"ပုဂံက ဒင်းတို့တင်ပေးထားတယ့် ကျော်စွာဘုရင်ကို နန်းချလို့ဆိုသကွဲ့။ ဟောဟိုအရှေ့ဆီက မြင်းသည်တစ်ယောက် ဒုန်းစိုင်းလာလေရဲ့ ဘာအရေးများပေါ်ပါလိမ့်"

မှန်ပေသည်။ ညနက်သန်းခေါင်ချိန်ပင် ရောက်လုတော့မည်။ ထိုမြင်းသည်တော်သည်ကား မြင်းဒုန်းစိုင်းကာ စခန်းဆီသို့လာနေသည်။ စခန်းတံခါးဖွင့်ပေးလိုက်သည်နှင့် ထိုမြင်းသည်တော်နားဆီသို့ တပ်မှူးလေးကျော်ခေါင်တို့ရောက်သွားခဲ့ချေသည်။

"အို ဘယ်လိုအကြောင်းကြောင့်ပါလိမ့်"

တပ်မှူးလေး၏ အံ့ဩသောစကားသည် ထိုမြင်းသည်တော်ကိုမြင်လိုက်သည်နှင့်ထွက်ပေါ်လာခဲ့ချေသည်။ ထိုမြင်းသည်တော်သည်ကား အဝေးသို့ကင်းထောက်လွှတ်သော မြင်းသည်စုမှခေါင်းဆောင် သွေးသောက် ငမဲပင်ဖြစ်သည်။ ကျောကုန်းတွင် မြားနှစ်စင်း စိုက်နေသလိုတစ်ကိုယ်လုံးတွင်လည်း သွေးအလူးလူး ဖြစ်နေလေသည်။ သို့သော် လက်ထဲတွင်ကား ပေလိပ်ဘူးကို မြဲမြဲစွာကိုင်စွဲထားဆဲ။

"တပ်မှူး ထီးဘုရားဆီ ဒီစာချွန်တော်အရောက်ပို့ . . . "

သွေးသောက်ငမဲ၏ စကားသည်မဆုံးလိုက်ပေ။ ခံတွင်းမှ သွေးပွက်ပွက်အန်ကာ ငြိမ်ကျသွားပေသည်။ သွေးသောက်ငမဲကား တာဝန်ကို အသက်နှင့်လဲကာထမ်းဆောင်သွားခဲ့သည်။ သွေးသောက်ကြီးလက်မှ စာချွန်ပေလိပ်ဘူးကို ယူကာဖွင့်ကြည့်အပြီး တပ်မှူးကျော်ခေါင်ဆီမှ တောက်ခေါက်သံ ပြင်းပြင်းတစ်ချက်ထွက်ပေါ်လာခဲ့တော့သည်။

"သွေးသောက်ကြီး ကာစွဲသူရဲပီသပေစွ"

* * *

အချိန်ကား ပုဂံနိုင်ငံတော် ပျက်သုဉ်းသောကာလဖြစ်သည်။ ဘုရင်ကိုယ်တိုင် နေပြည်တော်ကိုစွန့်ကာ အောက်အကြေသို့စုန်ဆင်းသွား

သဖြင့် အထက်မြန်မာပြည်တွင် မင်းမဲ့နေလေသည်။ မောင်းဂွတ်တာတာတို့၏ စစ်သည် ငဆောင်ချမ်းကိုကျော်လွန်ကာ တကောင်းကိုပင် သိမ်းယူပြီးဖြစ်သည်။ ပြိုလဲနေသောပုဂံအင်အားများသည် ရန်သူကိုခုခံရန်မဆိုထားနှင့် အသက်လွတ်စေရန် နီးရာစုနေရတော့သည်။ ထိုအင်အားစုများထဲမှ အခိုင်အလုံရပ်တည်နေသည်ကား ကျောက်ဆည်နယ်မှ ရှမ်းညီနောင်သုံးပါးပင်ဖြစ်သည်။ ထိုသုံးဦးမှာ ရာဇာ အသင်္ခယာ သီဟသူ တို့ပင်ဖြစ်သည်။ ရာဇာက ပင်လယ်မြို့ အသင်္ခယာက မက္ခရာမြို့ သီဟသူက မြင်စိုင်းတွင် အခိုင်အလုံနေလေတော့သည်။ ထိုအင်အားသုံးရပ်တွင် မြင်စိုင်းသည် အင်အားအတောင့်တင်းဆုံးဖြစ်သည်။

ယခုလည်း ပုဂံတွင် အရည်အချင်းမရှိသော ကျော်စွာကိုနန်းတင်ကာ ပုဂံနိုင်ငံတော်ကို လက်အောက်ခံအဖြစ်ထားချင်သော မွန်ဂိုတို့သည် ကျော်စွာကိုအန္တရာယ်ဖြစ်စေမည့် မြို့စားသုံးဦးကို နှိမ်နင်းရန်ချီလာခဲ့ချေသည်။ ပထမဆုံးစတွေ့သည်က မက္ခရာပင်ဖြစ်သည်။ မက္ခရာစားနှင့်သူ့တပ်သည် နိုင်ငံတော်အတွက် နောက်ဆုံးသွေးစက်အထိ ပေးဆပ်သွားခဲ့သည်။ ညီတော်သီဟသူဆီသို့ စာချွန်ပို့ကာအကြောင်းကြားစေပြီး နောက်ဆုံးလူတစ်ယောက်အထိ မွန်ဂိုတို့ကိုခုခံရင်းကျဆုံးသွားတော့သည်။ စာချွန်ပို့သော မက္ခရာမြင်းလျှင်တပ်ဖွဲ့အား မွန်ဂိုတို့လိုက်လံသုတ်သင်ရာ မြင်စိုင်းမှကင်းရှည်ထွက်လာသော သွေးသောက်ငမဲတို့နှင့်ဆုံကာ တိုက်ပွဲဖြစ်လေသည်။ ရန်သူတို့အားသုတ်သင်နိုင်ခဲ့သော်လည်း သွေးသောက်ကြီးတစ်ဦးတည်းသာ အသက်နှင့်ကိုယ်မြဲတော့သည်။ ပြင်းထန်သောဒဏ်ရာကို သည်းခံကာ ကင်းစခန်းဆီသို့အရောက်ပြန်ခဲ့ခြင်းဖြစ်သည်။

"တောက် ရှိုင်းလိုက်လေခြင်း ကျော်စွာဆီသစ္စာမခံရင် မြို့အားလုံးကို ချေဖျက်ပစ်မယ် ကျွန်ပြုမယ်ဆိုပဲ"

မြင်စိုင်းစားသီဟသူ၏ ဒေါသမာန်ဟုန်သည် မြင်စိုင်းနန်းရင်ပြင်သို့ ပျံ့နှံ့သွားသည်။ သားတော်သုံးပါးနှင့်တကွ မြင်စိုင်းတပ်မင်းတို့ရင်ထဲတွင်လည်း ငါတို့ကိုစော်ကားလေခြင်းဟူသောအတွေးဝင်နေသည်။ ကင်းတပ်မှူးကျော်ခေါင်သည် အံတင်းတင်းကြိတ်ရင်း ငယ်ပေါင်းဖြစ်သော သားတော်

လတ်ကျော်စွာ(နောင်တွင် ပင်းယဘုရင် ငါးစီးရှင်ကျော်စွာ) ဆီသို့ကြည့်လိုက်သည်။ သားတော်လတ်သည်လည်း မွန်ဂိုတို့၏ရာဇသံနှင့် ဦးရီးတော်မက္ခရာစားအတွက် လက်စားချေလိုမှုသည် ဖိစီးနေပေသည်။ ထို့ကြောင့် ရုတ်ခြည်းထကာ

"ခမည်းတော်ဘုရား အမိန့်တော်သာချတော်မူပါ သားတော်နဲ့အတူ အိမ်တော်ပါ ကာစွဲသူရဲတို့ တပ်ဦးမှတိုက်ပါ့မယ်"

သားတော်လတ် ကျော်စွာထသော် သားတော်ကြီး ဥဇ္ဇနာကလည်း သူ၏ တိုက်ဆင်များနှင့်တပ်ဦးမှ ချီရန်လျှောက်တင်သည်။ ငြိမ်နေသည်က သားတော်ငယ် အသခ်ယာစောယွမ်း။ မထင်မရှားမိဖုရားငယ်မှမွေးသဖြင့် နောင်တော်ကြီးတို့လောက် အလုံးအရင်းမများပေ။ သို့သော် သူ့တွင် လက်ရွေးစင်မြင်းသည်တော်များရှိသည်။ (နောင်တွင် စစ်ကိုင်းစား အသခ်ယာစောယွမ်း၏ စစ်ကိုင်းမြင်းကိုးသင်းတပ်ဖွဲ့သည် ပင်းယခေတ်တွင် ထင်ရှားခဲ့သည်)

သားတော်ကြီးနှစ်ပါးအား သဘောကျသလို သီဟသူသည် သားတော်ငယ်အား သနားမိသည်။ သားတော်သုံးပါးလုံး၏ အစွမ်းလည်းပြ မြင်စိုင်းရှိတပ်မတော်သားတို့ စိတ်ဓာတ်လည်းတက်ကြွစေရန် လာမည့် သုံးရက်အတွင်း မြို့ပြင်စစ်ရေးပြကွင်းပြင်၌ မြင်းခင်းသဘင်ဆင်နွှဲရန် သတ်မှတ်လိုက်တော့သည်။ တိုင်းတစ်ပါးသားတို့ အင်အားကြီးမားစေကာမူ မြန်မာပြည်ဖွားတို့၏ သတ္တိသည် ၎င်းတို့ထက်ကြီးမားလှပေသည်။

* * *

"မင်းသား ကိုယ်တိုင်ကာကမလို့လား ကျွန်တော့်တို့တာဝန်ထားပါ"

ချပ်မိန်ဝတ်ဆင်နေသော သားတော်လတ်နားသို့ ကျော်ခေါင်ရောက်လာကာ စကားဆိုတော့သည်။ သားတော်လတ်သည်ကား တုံ့ပြန်စကားမဆိုဘဲ ပြုံးကာသာနေသည်။ မင်းသား၏အပြုံးမြင်သည်နှင့် ကျော်ခေါင်စကားဆက်မဆိုတော့ပေ။ ငယ်စဉ်ကတည်းက သခင်

ကျွန်အဆင့်မခွဲပေါင်းလာသော ငယ်ပေါင်းများဖြစ်သည့်အတိုင်း သားတော်လတ်က လုပ်မည်ဆို တားမရတော့အကျင့်ကိုသိနေသည်ကလည်း တစ်ကြောင်းဖြစ်သည်။ မင်းသားဝတ်ဆင်နေသော ချပ်မိန်အား ကူညီဝတ်ဆင်ပေးအပြီး ရတနာစီကာနှစ်ခုအား မင်းသားလက်တွင် မြဲမြံအောင်ပြုလုပ်ပေးလိုက်သည်။

စစ်ရေးပြကွင်းပြင်ဆီတွင် မြင်စိုင်းတပ်မတော်သားများနှင့် ပြည်သူများပြည့်နှက်နေလေသည်။ သားတော်ကြီး ဥစ္စနာ၏ တိုက်ဆင်များသည်လည်း နှာမောင်းတမြှောက်မြှောက် ခြေတကြွကြွဖြင့် စစ်မာန်ဝင်နေသည်။ သားတော်ငယ်၏ မြင်းသည်စုဘက်မှလည်း စစ်မြင်းတို့ တလှုပ်လှုပ်ဖြင့် စစ်ရေးပြရန်စိတ်စောနေကြသည်။ သားတော်လတ်နှင့်ကာစွဲသူရဲများကမူ ငြိမ်သက်နေသည်မှာ ကျောက်ရုပ်များအလားဖြစ်သည်။ မြင်စိုင်းစားသီဟသူ ကြွချီလာသောအခါ ပြည်သူတို့က ဩဘာကောင်းချီးကျူးရင့်သလို စစ်သည်တော်တို့လည်းကြွေးကြော်ကြလေသည်။

"မြင်းခင်းသဘင်ပွဲကြီး ယခုပဲစတင်လိုက်ပါပြီ ပထမဦးစွာ သားတော်ကြီး ဥစ္စနာရဲ့ တိုက်ဆင်တပ်ဖွဲ့အစွမ်းပြပါ့မယ်"

သံတော်ဆင့်ဝန်မင်း၏ အသံဝါကြီးဖြင့် ပွဲသဘင်ဖွင့်သံနှင့်အတူ ဥစ္စနာ၏ဆင်တပ် ကွင်းထဲစဝင်လာတော့သည်။ ပုဂံခေတ်အထိ မြန်မာတို့ဆင်ကိုအသုံးပြုခဲ့သည်မှာ မထူးဆန်းခဲ့ပေ။ ယခု ကွင်းထဲဝင်လာသော ဥဇနာ၏ ဆင်တပ်သည်ကား ထူးဆန်းလှသည်။ တိုက်ဆင်ပေါ်တွင် ဦးစီးကုန်းလယ်စီး ပဲ့စီး စစ်သည်သုံးဦးအပြင် ဆင်များဘေးတွင် လှံရှည်ကိုင်ရဲမက်များ တစ်စီးလျှင် ၄၀ စီပါလာလေသည်။ တိုက်ဆင်တို့ကွင်းထဲအဝင်တွင် အခြားတစ်ဖက်စီမှ မောင်းဂွတ်တာတာတို့လိုဝတ်ဆင်ထားသော မြင်စိုင်းမြင်းစီးရဲမက်များပေါ်လာကာ တိုက်ပွဲသဏ္ဍာန်တူ စတော့သည်။ မြင်စိုင်းမြင်းစီးရဲမက်တို့သည် မွန်ဂိုတို့နှင့်အပွဲပွဲနွှဲလာခဲ့သဖြင့် ၎င်းတို့၏ စစ်ဆင်စစ်တက်နည်းတို့အတိုင်း စစ်ထိုးလေသည်။

"ယခု မောင်းဂွတ်တို့၏ လခြမ်းပုံစစ်ထိုးခြင်းအား မင်းသားဥဇနာကခုခံချေဖျက်နေပုံပါ"

ပွဲတော်ဝန်က ကွင်းပြင်ထဲရှိတပ်များစစ်ကစားနေပုံအား ကြေညာပေးနေလေသည်။ မြင်းစီးစစ်သည်တို့သည် လခြမ်းပုံစံဖြင့် ဆင်တပ်ဆီသို့ ဒုန်းစိုင်းသွားလေသည်။ တိုက်ဆင်တို့သည်ကား လေးလံလှသဖြင့် ဘေးနံနှစ်ဖက်မှ တိုက်ခိုက်မှုတွင် အထိနာစေသောနည်းဖြစ်သည်။ သို့သော် ဘေးနံနှစ်ဖက်မှ ဝင်လာသောမြင်းသည်တို့သည် ဆင်များဆီသို့မရောက်ခင်မှာပင် လှံရှည်များက ပိတ်ဆို့လိုက်သည်။ တိုက်ဆင်ဆီသို့ဘယ်ဘက်မှ ဝင်ဝင် လှံရှည်ကိုင်စစ်သည်များ၏ ပိတ်ဆို့ဟန့်တားမှုကိုခံရသည်။ ထိုစစ်သည်များကို တိုက်မည်ပြင်သော် တိုက်ဆင်များက ပြန်အကာအကွယ်ပေးနေလေသည်။ ထိုထူးဆန်းသော ပေါင်းစပ်တိုက်ခိုက်ပုံသည် မြင်စိုင်းသားတို့ကို အံ့အားသင့်သွားစေသည်။ ငဆောင်ချမ်းတွင် ပုဂံဆင်တပ်ကြီး ချေမှုန်းခံရပြီးနောက်တွင် မွန်ဂိုတို့ကိုဆင်ဖြင့်ပြန်တိုက်မည့် ဥဇနာ၏ အကြံသည် မဖြစ်နိုင်ဟု အများထင်သော်လည်း ယခု မျက်မြင်တွေ့ရသောအခါ ယုံကြည်မှုပိုရှိလာတော့သည်။

"အစွမ်းပြနေသည်ကား မင်းသားဥဇနာဖွဲ့စည်းထားသော တိုက်ဆင်နှင့် ဆင်ခြေဖုံးသူရဲတို့၏ စွမ်းရည်ပဲဖြစ်ပါတယ်"

"သားတော်ကြီးကတော့ သူတင်ပြတဲ့ ဆင်ခြေဖုံးသူရဲတပ်ကို ကောင်းကောင်းဖွဲ့စည်းနိုင်ခဲ့ပြီ တပ်မင်းတို့လည်း အတုယူကြ"

သီဟသူသည်ကား သားတော်ကြီး၏ စွမ်းရည်အား သဘောကျကာ တပ်မှူးများကို ပြောကြားနေတော့သည်။ ထိုစဉ်မှာပင် သားတော်ငယ်၏ မြင်းစီးသူရဲတို့ ကွင်းထဲဝင်လာတော့သည်။ ကွင်းထဲစဝင်သည်နှင့် သားတော်ငယ်ကိုယ်တိုင်ဦးဆောင်ကာ ကွင်းအား တစ်ပတ်ပြီးတစ်ပတ် ဒုန်းနှင်ရင်း ရှေးမြန်မာ့မြင်းရေး ၃၇မျိုးအား တစ်ကွက်စီပြသတော့သည်။ မြင်းရေးပြအပြီးဆက်တိုက်လာသော ဓားရေးပါတွဲလာသည်။ အမြင့်သုံးတောင် (၄ပေခွဲခန့်) မြင့်သော တိုင်ငုတ်ပေါ်တွင် ကြေးနီပြားဝိုင်းကြီးများ အစီအရီတင်ထားပြီး ဘယ်ညာနှစ်တန်းခွဲထားလေသည်။ မြင်းသည်တော်တို့သည် ထိုတိုင်နှစ်တန်းကြားသို့ ဓားလွတ်များဖြင့် ဒုန်းစိုင်းဝင်ကာ ဘယ်ပြန်ညာပြန် ခုတ်တော့သည်။ လျင်မြန်မှုနှင့်တိကျမှုကို အသားပေး

သောပြကွက်ဖြစ်သဖြင့် ဓားရောင်တဝင်းဝင်း ကြေးနီပြားနှင့် ဓားထိခတ်သံ တချွင်ချွင်သာ ကြားနေမြင်နေရတော့သည်။ ထိုမြင်းသည်တော်များ ကျော်လွန်သွားသောအခါ တိုင်ငုတ်များနှင့် ကြေးနီပြားများနဂိုအတိုင်းသာ ကျန်ခဲ့သည်။ ကွင်းဘေးမှအသင့်စောင့်နေသော မင်းလုလင်တို့က ထိုတိုင်ငုတ်များဆီသို့ပြေးသွားကာ ကြေးနီပြားများကို ယူလိုက်သည်နှင့် မင်းပရိသတ်ဗိုလ်ပုံထံမှာ "ဟာ" "ဟင်" ဟူသော အသံမျိုးစုံထွက်ပေါ်လာလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုကြေးနီပြားတိုင်းသည် လေးစိတ်ကွဲနေသောကြောင့်ပင်ဖြစ်သည်။ မြင်းသည်တော်တို့သည် အနားမယူနိုင်သေးပေ။ ကွင်းအားနောက်တစ်ပတ်ထပ်ပတ်ကာ အဲမောင်းများကိုင်စွဲ၍ စက်သွင်းတော့လေသည်။ စက်သွင်းသည် ဆိုခြင်းကား အမြင့်အတောင် ၁၀ ၂၀ ၃၀ ၄၀ တွင် စက်ကွင်းများတပ်ဆင်ထားကာ မြင်းဒုန်းစိုင်းရင်း အဲမောင်းများဖြင့်ပစ်လွှတ်တိုက်ခိုက်ခြင်းဖြစ်သည်။ အဆိုပါနည်းသည် မြင်းတပ်မှ ဆင်ပေါ်ရှိရန်သူအားလည်းကောင်း မြို့ရိုးပေါ်ရှိရန်သူအားလည်းကောင်း တိုက်ခိုက်နိုင်စေရန် လေ့ကျင့်ခြင်းဖြစ်သည်။ စက်သွင်းပြီးသောအခါ အခြားပြကွက်ငယ်များဖြစ်သော မြေပြင်ရှိ ရှောက်ချိုသီးများအား အဲမောင်းဖြင့် ထိုးစိုက်ယူခြင်း လေပေါ်ပစ်တင်ပေးသော ရှောက်ချိုသီးများကို မြေမကျမီ အဲမောင်းဖြင့်ဖမ်းယူခြင်းစသော အထူးထူးသော စွမ်းရည်တို့ကိုပြသနေလေတော့သည်။

"မင်းသားငယ်ရဲ့ မြင်းစီးသူရဲတွေက အတော်စွမ်းသားဗျ ကျုပ်တို့နဲ့ ပေါင်းရင် အတော်ထိရောက်မယ်"

သားတော်ငယ် စောယွမ်း၏ စွမ်းရည်ပြသမှုကို သဘောကျနေသော ကျော်ခေါင်က သားတော်လတ်ကို ကပ်ကာပြောကြားလိုက်သည်။ သားတော်လတ်ကလည်း သူ့ညီအစွမ်းပြနေသည်ကို နှစ်သက်နေသဖြင့် ခေါင်းတွင်တွင်ညိတ်ကာသဘောတူကြောင်း ပြန်ပြောလေတော့သည်။

"ယခုတစ်ခါ အလှည့်ကျတာကတော့ သားတော်လတ် ကျော်စွာ၏ ကာစွဲသူရဲများပါ"

ပွဲတော်ဝန်၏ ကြေညာချက်နှင့်အတူ မင်းသားကျော်စွာနှင့်

ကာစွဲသူရဲတို့ ခြေလှမ်းညီညာစွာ ကွင်းထဲဝင်လာတော့သည်။ ကွင်းလယ် ရောက်သည်နှင့် တပ်ဦးမှ မင်းသားကျော်စွာ အချက်ပြလိုက်သည်။ ထိုအချက်ပြမှုသည် ကာစွဲသူရဲများအတွက် မဟုတ်။ ပွဲစင်ဝဲယာတွင် နေရာယူထားသော အတွင်းဆိုင်းတော်သားများကိုပင်ဖြစ်သည်။ မြောက် စည်နှင့်ပတ်မကို ခပ်သွက်သွက်တီးခတ်သံနှင့်အတူ မြင်စိုင်းသားတို့အံ့ဩ ဖွယ် အစီအစဉ်တစ်ခုသည် မြင်စိုင်းစစ်ရေးပြကွင်းထဲတွင် ပေါ်ပေါက် လာတော့သည်။

(၂)

အတွင်းဝဲယာဆိုင်းတို့၏ ပတ်မသံနှင့်အတူ ကာစွဲသူရဲတို့၏ တပ်ဦးတွင်ရှိနေသော သားတော်လတ်၏နှုတ်ဖျားမှ အတိုင်သံထွက်ပေါ် လာခဲ့သည်။

"တမောင်း တမောင်း တို့တမောင်းတည့် ဘကောင်းသားလော" "ဘကောင်း ဘကောင်း" အချအပိုဒ် ဘကောင်းတွင် ကာစွဲသူရဲတို့၏ အသံနှင့်အတူ ကာရေး ၃၇ချင်းထဲမှ ဂဠုန်ချီအကွက်ဖြင့် ပွဲကိုစတော့သည်။ ဘက်ခြေဖြင့်မတ်တတ်ရပ် ညာခြေကို ဒူးကွေးကာ ၉ဝံ တင်ထားသည်။ ဘယ်လက်က ခေါင်းပေါ် ကာဖြင့်မိုးကာ ညာဘက်လက်မှ ကာဖြင့်ရင်ဝကို ကာထားသည့် ငှက်ဂဠုန်တို့၏ သွင်ပြင်ဖြစ်သဖြင့် ဂဠာန်ချီဟုခေါ်ခြင်းဖြစ် သည်။

"မြင်စိုင်းတမည် သာသနာတည် ရောင်ဝါထွန်းလိမ့်တကား" ထွန်းလိမ့်ကား ဟေ့ ထွန်းလိမ့်ကား"

.

.

.

.

အစပိုင်းအပိုဒ်များတွင် ကာစွဲသူရဲတို့သည် ကာရေးပြကွက်များကို

ပျော့ပျောင်းညင်သာစွာ ကာရေးပြနေကြသည်မှာ စစ်သည်ရဲမက်များ ဟုမြင်မည့်အစား သဘင်သည်တို့ ရဲမက်များလိုဝတ်စားကာ ကပြ အသုံးတော်ခံနေသလားဟုပင် အထင်မှားရသည်။ မြင်စိုင်းပြည်ကြီးတွင် အဖကောင်းသားများကြီးပြင်းလာသလို ဘာသာသာသနာထွန်းကားပုံ ဘုရင်မင်းမြတ်၏ ကျက်သရေတော် စိုက်သမျှ ဖြစ်ထွန်းသော အမိမြေ၏ ကြွယ်ဝပုံတို့ကို ကျူးရင့် သီဆိုနေသဖြင့် ထိုအနုပညာအဟုန်ကြောင့် မင်း ပရိသတ်၏ စိတ်အာရုံတွင် ကွင်းပတ်လည်သို့ရောက်ရှိနေရာယူနေသော လေးသည်တော်တို့ကို သတိမမူနိုင်ပေ။ ထိုလေးသည်းတော်တို့၏ မြားကျည်ထောက်ထဲတွင်ကာ ထိပ်ဖူးတွင် ထုံးဖြူသုတ်ထားသော မြားတံများပါလာခဲ့လေသည်။

သာယာစွာ ကျူးရင့်နေသော သားတော်လတ်က ရုတ်ခြည်း ရပ်လိုက်သည်နှင့် ဆိုင်းတော်များ ရပ်တန့်လိုက်သည်။ မင်းပရိသတ်ဗိုလ်ပါတို့ လည်းမည်သို့ဖြစ်သည်ကိုမသိပေ။ ထို့ကြောင့်ဟိုသည်ကြည့်လိုက်တော့မှ လားလား ကွင်းပတ်လည်တွင် လေးသည်တော်တို့ လေးညှို့ငင်နေလေပြီ။

"စ"

သားတော်လတ်၏ အမိန့်သံသည် လှုပ်ရှားမှုသုံးခုဖြစ်ပွားစေ တော့သည်။ ပထမလှုပ်ရှားမှုမှာ ခုနက သာယာစွာ တီးခတ်နေသော ဆိုင်းတော်သားတို့အား စစ်ချီတီးလုံးသံပြောင်းကာ တီးခတ်စေခြင်းဖြစ် သည်။ ဒုတိယကား လေးသည်တော်တို့ပစ်လွှတ်ခြင်းနှင့် တတိယသည်ကား ကာစွဲသူရဲအားလုံး ညီညာစွာသီဆိုခြင်းနှင့် စစ်ဗျူဟာ ခင်းလိုက်ခြင်းဖြစ် သည်။ စတုဂံပုံနေရာယူထားသော ကာစွဲသူရဲတို့သည် သားတော်လတ်ကို အလယ်တွင်ထားကာ စက်ဝန်းပုံနေရာယူလိုက်ကြတော့သည်။

"တာဝတီ သာနတ်ရွာလော နတ်ရွာလော" "ဟုတ်တည်းရှင်ချင်း ဟုတ်တည်းဆွေရင်း ဟုတ်တည်းသည်ရင်း"

"မြင်စိုင်းဟူသည်" "ရွှေပြည် ရွှေပြည်"

လေးသည်တော်တို့ပစ်လွှတ်သမျှမြားတို့အား ကာများဖြင့်တား ဆီးရင်း သားတော်လတ်ရေးဖွဲ့သောစစ်ချီ ကာချင်းအား အားနှင့်မာန်နှင့်သီ

ဆိုတော့လေသည်။

"တရုတ်လာသည် ယိုင်ယိုင်လော" "ယိုင်ယိုင် ယိုင်ယိုင်"

"မြားမိုးရွာသည် ဖြိုင်ဖြိုင်လော" ဖြိုင်ဖြိုင် ဖြိုင်ဖြိုင်"

"မြင်းသည်သိန်းသန်းများစွာလွန်းသည်" "မနိုင် မနိုင်"

.

.

.

.

.

.

.

.

"ယရည်းသွန်းသွန်း မြင်းသည်ဝန်း လုံ့ချွန်းတွန်းတက်ပယ်" "တွန်းတက်ပယ်ဟေ့ တွန်းတက်ပယ်"

"စောလူးစီးတန် မျိုးဆဒ္ဒန် လျင်ထန်မြင့်မဆွယ်"

"မြင့်မဆွယ်ဟေ့ မြင့်မဆွယ်"

ကာချင်း၏ တေးသွားတေးကွက် အတိုင်းပင် သားတော်လတ်နှင့်ကာစွဲသူရဲတို့ ကာရေးပြရင်း မြားမိုးကို ပိတ်ဆို့ဆီးခံနေကြသည်။ အစုအဖွဲ့လိုက်စုကာ ကာလိုက် တစ်ဦးချင်းထွက်စွမ်းရည်ပြလိုက်နှင့် စစ်ရေးပြကွင်းပြင်ထဲတွင် ကာစွဲသူရဲတို့ စစ်ကစားနေလေတော့သည်။ ချပ်မိန်တို့ပေါ်တွင် ကတ္တီပါနက်ဝတ်ဆင်ထားသော ကာစွဲသူရဲတို့၏ ဝတ်စုံပေါ်တွင် မြားဦးထိပ်မှ ထုံးရာတစ်ခုမျှပင်မထင်သေးပေ။ မြားကုန်သော် ရဲမက်တို့ ကွင်းထဲသို့မားလွတ်များဖြင့် ဆင်းကာ တိုက်ခိုက်ကြသည်။ သို့သော် ကာစွဲသူရဲများလက်ချက်ဖြင့်တစ်ယောက်ပြီးတစ်ယောက် မားပြုတ်ကျသူကျ မှောက်သူမှောက်နှင့် ကာစွဲသူရဲတို့ က သီချင်းဆိုမပျက် ဟန်မပျက်ပေ။ ကာချင်းဆုံးခါနီးတွင် ကာစွဲသူရဲတို့စက်ဝိုင်းပုံပြန်ပြုကာ ကာများအထပ်ထပ်ဖြင့် ပဒုမ္မာကြာပန်းသဏ္ဌာန်ပြုကာ နောက်ဆုံးတေးသွား

ကို ဟာစ်ကြွေးလိုက်တော့သည်။

"အထူးလော တက်တိမ်လော နေရောင်လော"

* * *

မြင်းခင်းသဘင်ကြီးပြီးဆုံးသွားပေမင့် ကျော်ခေါင်၏ စိတ်နုလုံးသည်ကား မတည်ငြိမ်နိုင်ပေ။ ရဲမက်တစ်ဦးဖြစ်သဖြင့် စစ်ရေးပြခြင်း စစ်ကစားခြင်းကြောင့် မောပန်းလှိုက်ဖိုရသည်တော့မဟုတ်။ မြင်းခင်းသဘင် အပြီးတွင် မင်းကြီးသီဟသူက အရည်အသွေးထူးချွန်သော တပ်မှူးငယ်များကို ဆုတော်လာဘ်တော်ချီးမြင့်ရာတွင် တွေ့လိုက်ရသော မျက်ဝန်းရှင်ကြောင့်ပင်ဖြစ်သည်။ မိဖုရားခေါင်ကြီးနံဘေးမှ မဝံ့မရဲဟန်ဖြင့် လှမ်းကြည့်လိုက်သော မျက်ဝန်းတစ်စုံသည် တိုက်ပွဲအပွဲပွဲနွှဲလာသော စစ်သားရင့်မာကြီး ကျော်ခေါင် ရင်တွင်း၌ မွှန်ဂိုမြင်းသည်ထောင်သောင်း ဒုန်းစိုင်းသွားသလိုပါပေကား။ ကမ္ဘောဇသွေးစပ်သည်ထင်ပ။ ပါးအို့နီနီ ကွမ်းသွေးကဲ့သို့နီတျာတျာ နှုတ်ခမ်းဖူး နန်းတွင်းသူပီပီရှိသင့်သည့် တင့်တယ်သော ကိုယ်ဟန်တို့ကို ပြန်တွေးရင်း နစ်မြောနေသော ကျော်ခေါင်အဖို့ မင်းသားကျော်စွာ ရောက်လာသည်ကိုပင်မသိ။

"ရောင်းရင်း ပဇာကြောင်းရာတွေ တွေးနေသပ။ ကိုယ်တော်ရောက် မှန်းမသိဖြစ်နေတယ်"

ပခုံးကို လှမ်းပုတ်ရင်းပြောသော သားတော်လတ်ကျော်စွာ စကားကြောင့် ရှက်ရယ်ရယ်လိုက်ရင်း မင်းသားအား ထကာကြိုဆိုလိုက်သည်။

"ကိုယ်တော် ပဇာများ အမိန့်တော်ရှိပါလိမ့်"

"ရောင်းရင်းကို ကျုပ်တောင်းယူထားသပ နက်ဖြန် ရောင်းရင်း ကင်းစခန်းမပြန်နဲ့ အိမ်တော်ကိုလာ ကာစွဲသူရဲမှူးလုပ် ခမည်းတော်ရဲ့ အမိန့်စာလွှာက ဒီမှာ"

ကျော်ခေါင်လည်း ဘုရင့်အမိန့်တော်ကို ဒူးထောက်ကာယူပြီး နန်းတော်ရှိရာဆီ မှန်းဆကာ ကန်တော့လိုက်သည်။

"ပဇာကြောင့် တောင်းယူရသပ ကိုယ်တော် မောင်းဂွတ်စစ်က နယ်ခြားပင်ရောက်လုတော့မယ် စစ်သားသည်ကား စစ်မြေပြင်တွင်ရှိရမယ်ပ"

"စိတ်မစောနဲ့ရောင်းရင်း ယခုအရေးတော်က နယ်ခြားတင်မဟုတ်တော့ဘူး နိုင်ငံတော်အရေးဖြစ်လာပြီ ဦးရီးတော် အသက်စွန့်ခုခံခဲ့လို့ မွန်ဂိုတွေ မြင်စိုင်းထိ ချီဖို့အားလျော့သွားခဲ့ပြီ အခု မြင်စိုင်းကိုတိုက်ဖို့ တကောင်းက သုသုနန္ဒမင်းသားဆီ စစ်ကူတောင်းထားတယ်လို့ အထောက်တော်တွေဆီက ကြားရတယ်။ ရောင်းရင်းကို ကျုပ်တပ်ကိုခေါ်ရတဲ့ အကြောင်း နောက်ဆို ရောင်းရင်းသိလာလိမ့်မယ်။ ရှေ့တန်းချီတပ်တွေ အတွက်တော့ နောင်တော်ကြီးစီစဉ်နေလေရဲ့။ ကိုယ်တော်နဲ့ ညီတော်ကတော့ ခမည်းတော်ရဲ့အထူးအစီအစဉ်"

သားတော်လတ် ကျော်စွာ ရှည်လျားစွာမိန့်ကြားမှုသည် ကျော်ခေါင်အဖို့အမိန့်ပင်ဖြစ်တော့သည်။ သာမန်ကင်းတပ်မှူးလေးဘဝမှ နေပြည်တော်ရှိ ဘုရင့်ကာစွဲသူရဲမှူးဖြစ်ဖို့ခက်ပေစွ။ နန်းတွင်းနှင့်နီးတော့ သူနဲ့တွေ့ရန် လွယ်ပေမည်ဟု အတွေးပေါက်ကာ မင်းသားမသိအောင် ယောင်ယောင်ပြုံးလိုက်သည်။

* * *

ကျော်ခေါင်အား အရှေ့အိမ်တော်၏ ရွှေတော်ယူ တပ်မှူးအဖြစ် ခေါ်လိုက်သည်နှင့်မအားလပ်တော့ပေ။ အိမ်တော်ရှိလက်ရွေးစင် စစ်သည်များကို စဉ်ဆက်မပြတ် အထပ်ထပ်လေ့ကျင့်စေခြင်း သားတော်သုံးပါးတို့၏ အထူးထူးသော တပ်များပေါင်းစပ်ကာ စစ်ချီစစ်ထိုး စစ်ခံ စစ်ခွာ လေ့ကျင့်ခြင်း လက်နက်စုဆောင်းခြင်းများ ပြုလုပ်ရတော့သည်။ တပ်မှူးများကိုယ်တိုင်လည်း ဆင်ရေးမြင်ရေး အရည်အချင်း တိုးတက်အောင် နေ့ညမဟူ လေ့ကျင့်ရသည်ကား ညအိပ်ချိန်မှသာ နားရတော့သည်။ အရှေ့အိမ်တော်တွင် သားတော်ကြီး၏ တိုက်ဆင်အဖွဲ့သား(ဆင်ခြေဖုံးများအပါ) ၃၀၀၀ သားတော်လတ်၏ ကာစွဲသူရဲ ၁၀၀၀ သားတော်ငယ်၏ လက်ရွေးစင် မြင်း ၂၀၀ သည် စဉ်ဆက်မပြတ် မိုးကာလတစ်လျှောက်လုံး လေ့ကျင့်ခဲ့သည်မှာ ယခုဆို ဒေါင်ဒေါင်မြည် ပီဘိစစ်သူရဲများဖြစ်နေတော့လေသည်။

ထိုနောက်ပိုင်းကာလများတွင် ကျော်ခေါင်အနေဖြင့် သားတော်

လက်၏လက်စွဲဗိုလ်အဖြစ် နန်းတွင်းထဲ အဝင်အထွက်များလာသော် သူနှင့်ပြန်ဆုံရပြန်သည်။ သူဆိုသည်ကား မိုင်းမောစော်ဘွား စဝ်ဟုန်ဖ၏ တူမတော် စောမိငယ်ပင်တည်း။ နန်းတွင်းသူထဲတွင် အသက်အငယ်ဆုံးဖြစ် ရွှေရင်သိမ်းသစ် ၁၆ နှစ်အရွယ်ဖြစ်သဖြင့် တစ်ခါတစ်ရံ ကလေးဆန်လှသည်။ မိဖုရားခေါင်ကြီး၏ အချစ်တော်နန်းတွင်းသူဖြစ်သဖြင့် သားတော်လတ်ကျော်စွာ နံနက်မိုးသောက်လာတွေ့ချိန်တိုင်း မိဖုရားကြီးနံဘေးမှ စောမိငယ်ကို ကျော်ခေါင်အမြဲတွေ့ရသည်။ ကျော်ခေါင်သည်သာလျှင် စောမိငယ်ကိုတိမ်းညွတ်နေခြင်းမဟုတ် စောမိငယ်ကလည်း ရွှေတော်ယူဗိုလ်များထဲမှ ကျော်ခေါင့်ကို မြင်းခင်းသဘင်ကတည်းက တိမ်းညွတ်မိပေသည်။ မိန်းမသားမို့ ကူန္တြေဆောင်နေရသော်လည်း လှမ်းလင့်ပါက ကြွေရန်အသင့်။ သို့ပေမူ ကျော်ခေါင့်အဖို့မှာ အချစ်ရေးထက် စစ်ရေးတာဝန်က ပိုကြီးပေစွ။ မွန်ဂိုတို့စစ်ဦးသည် မကွေးရာတွင်ရောက်နေပြီး နေ့စဉ် ကင်းစခန်းငယ်များတွင် ထိတွေ့မှုဖြစ်နေသည်။ သူ့ဘက်ကိုယ့်ဘက် အထိအနာရှိသော်လည်း တိုက်ပွဲဟူ၍ ကြီးမားလှသည်မဟုတ်ပေ။ ထိုစစ်ရေးတာဝန်သည်ကား စောမိငယ်ထက်ပို၍ အလေးထားစရာတာဝန်ဖြစ်သဖြင့် ကမ်းလင့်မချူသာပေ။ ယခုလည်း သားတော်လတ်ကျော်စွာ၏ အရှေ့အိမ်တော်တွင် အိမ်တော်ပါတပ်မှူးတို့စုဝေးကာ တိုင်ပင်နေပြန်သည်။

"ဒီတစ်ခေါက် မွန်ဂိုတွေ သွေးတိုးစမ်းလာသည်က အင်အား တစ်စတစ်စနဲ့ကြီးမားလာပုံထောက်ရင် တကောင်းက စစ်ကူတွေ စရောက်လာပြီ ထင်သပ"

"အထောက်တော်များသတင်းအရတော့ မွန်ဂိုမင်းသား သုသုနန္ဒ ရဲ့ရှေ့ဖျားချီတပ်တွေရောက်ပြီလို့ ကြားပါတယ် မင်းသား စားရေရိက္ခာ ဆွံ့ပါးသဖြင့် မြင်စိုင်းသို့ချီရန် အထက်တလွှားမှ မျိုးရိက္ခာ အတင်းအကျပ် ဆင့်ဆိုနေကြောင်းပါ"

အရှေ့အိမ်တော်၏ အထောက်တော်မှူး(စစ်ဘက်ထောက်လှမ်းရေး အရာရှိ) ဖြစ်သော သိင်္ဂဗိုလ်က မင်းသားအားအထောက်တော်များဆီမှ ရသောသတင်းကိုတင်ပြလေသည်။ သားတော်လတ်၏ အကြီးတော်လည်း

ဖြစ် ကိုယ်ရံမှူးလည်းဖြစ်သော ရာဇသူက မင်းသားအားအကြံပေးလေသည်။

"ဒီလိုဆိုသပ မင်းသားအကြံအောင်ပြီဆိုရချေမည်။ ယခင် မွန်ဂိုတို့ပုဂံထိ စစ်ဦးသာရောက်၍ စစ်ကိုယ်မရောက်နိုင်သည့်အချက်မှ ဒီအချက်သာဖြစ်မည် မြင်စိုင်းသည်ကား စစ်ခံကောင်းသောအရပ်တွင် ရှိစေကာမူ ရန်သူအား ကာလရှည်ကြာ ခုခံရန်ခက်မည် မြို့တွင်းသား တို့မငတ်ခင် သင်းတို့အရင်ငတ်မွတ်စေရန်လိုသည် ယခု ဘုရင်မင်းမြတ် အစီအမံဖြင့် မျိုးရိက္ခာဖြည့်သွင်းနေသော်လည်း မြင်စိုင်းသည် နှစ်လထက် ပိုသော မျိုးရိက္ခာစုမရ ဒါကြောင့် ရန်သူစစ်နောက်သို့ မိမိတို့တပ်ငယ်များ လွှတ်ရန်လိုမည် မင်းသားအစီအမံဖြင့် ယခု အိမ်တော်တွင် လက်ရွေးစင်သူရဲ ၁၀၀၀ စုစည်းထားပေရာ သင့်တော်သော တပ်မှူးများဖြင့် ကွပ်ကဲစေပြီး တိုက်ခိုက်သင့်ပါသည်"

ရာဇသူ၏ အကြံသည် သင့်တင့်သည်ဟု မင်းသားကပြောကာ တပ်မှူးများထဲမှ လူရွေးမည်ဆိုတော့သည်။ မိမိတို့ထက် အဆပေါင်းများစွာ အင်အားကြီးမားသော ရန်သူတို့ကို လက်တစ်ဆုပ်စာမျှသော တပ်ငယ် တို့ဖြင့် တိုက်ရမည်ဆိုသော်လည်း မြင်စိုင်းသားတို့ပီပီ မတွန့်မဆုတ် အမိန့်တော် နာခံရန် အသင့်ဖြစ်နေသည်။

"အမိန့်တော်မှတ်မယ် တပ်မှူးများထဲက သိင်္ဃဗိုလ် ပုတ္တာ စည်သူငယ် နော်ရထာနဲ့ ကျော်ခေါင်တို့ ရွေးလူ ၂၀၀စီယူပြီး သန်ဘက်ခါ နံနက် တပ်ထွက်ရန်ပြင် တကောင်းနဲ့ မက္ခရာကြား စစ်လမ်းအချက် အချာကျရာတွင် အခြေချ အသည်သားတို့ကိုစည်းရုံးပြီး ရန်သူကိုအဆက် မပြတ် အလစ်ဝင်ထိုးနှက်ချေ ညီလာခံစဲမည်ပ ကျော်ခေါင်မှတစ်ပါး အခြားတပ်မှူးများ ပြန်နိုင်ပြီ နက်ဖြန်ညနေ ကိုယ်တော် ကိုယ်တိုင် တပ်အသင့်စစ်မယ်"

အခြားတပ်မှူးများ ထွက်ခွာသွားတော့မှ သားတော်လတ်က ကျော်ခေါင်ကိုခေါ်ကာ ဥယျာဉ်ထဲ လမ်းလျှောက်ထွက်လာခဲ့တော့သည်။

"ရောင်းရင်းကို ကျန်ခဲ့ခိုင်းတာ အချက်နှစ်ချက် ရှိသပ ပထမ အချက်က ရောင်းရင်း အဘအတွက် လက်စားချေချင်စိတ်ကို ထိန်းဖို့

ပြောမယ် မွန်ဂိုတို့လက်ချက်နဲ့ ရောင်းရင်းအဘ တပ်မင်းကြီး ဇေယျသူ ကျဆုံးခဲ့တာကြောင့် အခြားတပ်မှူးတွေထက် မွန်ဂိုတွေကိုမုန်းတီးနေမှန်း ကိုယ်တော်သိတယ်။ ဒါပေမဲ့ တပ်မှူးတစ်ဦးအနေနဲ့ ဆင်ခြင်ဖို့ မိုက်မိုက်ကန်းကန်းမလုပ်မိစေဖို့ မှာချင်တယ်"

မိမိစိတ်ကို နားလည်သော မင်းသား၏ စကားကြောင့် ကျော်ခေါင်သည် ရန်သူနှင့်ရင်ဆိုင်ပါက ထိပ်တိုက်တွေ့ကာ သေသေကြေကြေ တိုက်မည့်အကြံအား ဖျက်ရတော့သည်။

"မင်းသားရဲ့အမိန့်ကို ကျုပ်ဘယ်တုန်းက လွန်ဆန်မည်ပ စိတ်ချပါ နိုင်ငံအရေးက ကိုယ်ရေးထက် ကြီးမားကြောင်း ကျုပ်မှတ်ထားပါ့မယ်"

ကျော်ခေါင်၏ ကတိစကား ကြားလိုက်ရသဖြင့် သားတော်လတ် စိတ်ချသွားဟန်ရှိသည်။ ပြီးမှ ရုတ်တရက်မေးလိုက်သည်။

"ဒါနဲ့ ရောင်းရင်း စောမိငယ်ကို ဘယ်လိုထင်ပ ကျုပ်ရဲ့ အရှေ့အိမ်တော်ကို ခေါ်မယ် စိတ်ကူးမိသလား"

အရှေ့အိမ်တော်သို့ခေါ်မည်ဆိုသည်ကား. . . .

(၃)

တိုက်ပွဲဝင်တပ်များ စစ်ထွက်ချေပြီ။ မင်းကြီးသီဟသူက စစ်ထွက်သော ရွှေတော်ယူတပ်မှူးများအား အမှာစကားပြောကြားပြီး ကျော်ခေါင်တို့တပ်မှူးများ စစ်ထွက်လာခဲ့တော့သည်။ အရှေ့အိမ်တော်မှ ကျော်ခေါင်တို့ ကာစွဲသူရဲမှူးများသာမဟုတ် သားတော်ငယ်၏ မြင်းသည်စုသည်လည်း အတူလိုက်ပါခဲ့လေသည်။ မကွေရာကိုကျော်လွန်ကာ ကျော်ခေါင်တို့စစ်ချီခဲ့သည်မှ သုံးရက်အတွင်း ရည်မှန်းချက်နေရာများသို့ ရောက်ခဲ့သည်။ ရောက်သည်နှင့် တပ်များခွဲကာ ကိုယ့်သက်ဆိုင်ရာနေရာအလိုက် တပ်စွဲကြလေသည်။ မွန်ဂိုတို့၏ ရိက္ခာလှည်းများ တပ်ဖွဲ့ငယ်များကို ချုံခိုတိုက်ခိုက်ခြင်း လုယက်ခြင်း တပ်ဖွဲ့ကြီးများအား အလစ်ဝင်စီးခြင်းဖြင့် ကျော်ခေါင်မှအပ အခြားတပ်များထိတွေ့မှုဖြစ်ပွားနေလေသည်။ ဘာကြောင့် ဒီမွန်ဂို

တွေ ဒီဘက်ကိုခြေမဆန့်တာလဲဟု တွေးရင်း ကျော်ခေါင်တစ်ကိုယ်တည်း ဒေါသထွက်လာတော့သည်။ အကယ်၍ဒီဒေသကို ရန်သူမလာပါက ရန်သူ့ကို လိုက်ရှာမည်ဟုတွေးနေစဉ်တွင်

"တပ်မှူး ရွာသူကြီးကဆက်သားနဲ့သတင်းလာပို့နေတယ် မွန်ဂိုမြင်းသည်တော်တစ်စု အခု ရွာထဲရိက္ခာဝင်လုနေတယ်လို့ အင်အားကတော့ ၅၀လောက်ရှိမယ်ပြောတယ်"

"ကိုင်း ဒါဆိုလည်း ရဲမက်တွေအသင့်ပြင် သွေးသောက်ကြီးက တစ်ဝက်ခေါ်ပြီး ရွာအပြင်ချောင်းရိုးကစောင့် ကျုပ်ကတစ်ဝက်နဲ့ ရွာထဲဝင်တိုက်မယ်"

ကျော်ခေါင်တို့စစ်ထွက်လာသည်မှာ တစ်လကျော်ကြာပြီဖြစ်သည်။ လမ်းတစ်လျှောက် မွန်ဂိုတပ်ဖွဲ့ကြီးများနှင့်တွေ့သော်လည်း မင်းသားအမှာစကားအရ မတိုက်ဘဲရှောင်ကာ ရန်သူ့စစ်နောက်ကျောသို့ ချီတက်ခဲ့လေသည်။ စစ်ချီလမ်းကြောင်းနှင့် မလှမ်းမကမ်းရွာများနားတွင် အခြေပြုကာ တပ်ကိုဖြန့်ထားလေသည်။ ဘေးပတ်ဝန်းကျင် ရွာများသည်လည်း မွန်ဂိုတို့ဒဏ်ကို ရင်စည်းခံနေရသော်လည်း ဦးဆောင်မည့်သူမရှိ လက်နက်မရှိသဖြင့် ငြိမ်နေသမျှ ကျော်ခေါင်တို့ရောက်လာသည်နှင့်တအားတက်တော့သည်။ ယခုလည်း ရွာတွင်းသို့မွန်ဂိုတို့လာသည်နှင့် ကျော်ခေါင်တို့ဆီဆက်သားလွှတ်ကာခေါ်ခြင်းပင်ဖြစ်သည်။ ရန်သူတို့ပြန်ထွက်မည့်လမ်းအား သွေးသောက်ထေက်အား အင်အား ၁၀၀ ဖြင့် ပိတ်ဆို့ခိုင်းကာ ကျော်ခေါင်နှင့် အင်အား၁၀၀ က ရွာမြောက်ပိုင်းမှ ဝင်လာတော့သည်။ အမှန်က ကျော်ခေါင်တို့တပ်စွဲထားသောဒေသသည် ဧရာဝတီနှင့်ကွာဝေးလှသည်။ တောထူသဖြင့် ရန်သူတို့ ထောက်ပို့တပ်များ အမြဲမသွားသောနေရာလည်းဖြစ်သည်။ ယခု ဟိုဘက်လမ်းကြောင်းတွင် မွန်ဂိုတို့အထိနာလာသောအခါ ဒုတိယလမ်းကြောင်းဖြစ်သော ဒီဘက်မှ ဝင်လာဟန်တူသည်။

ဟော တွေ့သပ မွန်ဂိုမြင်းသည်တို့ ရွာလယ်ကွက်လပ်တွင် စခန်းချနေသည်။ နွားတစ်ကောင်အား ကင်ထားသလို အများစုကသားရေအိတ်ထဲမှ အရက်သောက်ကာ ဟိုတစ်စု ဒီတစ်စုပြန့်နေသည်။

သူကြီးပြောသော အင်အား ၅၀ထက် ပိုနေကာ ၈၀ ၉၀ခန့်ရှိမည်။ စစ်သည်များသာမက ရိက္ခာသည် လား မြင်းများပါ အများအပြား တွေ့လိုက်ရသည်။ မွန်ဂိုတို့ဓလေ့ကိုသိသော ကျော်ခေါင်က ဤမြင်းစုသည် ရိက္ခာပို့မြင်းစုမှန်းအတပ်သိတော့သည်။

"မောင်မင်းတို့က ကွက်လပ်ဘေးနှစ်ဖက်ကို ဖြန့်သွား ကျုပ်ဒီကနေ ယောင်ပြတိုက်လို့ ဒင်းတို့အာရုံစိုက်လာရင် နောက်ကတိုက်"

"ကောင်းပါပြီ တပ်မှူး"

လက်အောက်ခံ အကြပ်နှစ်ဦးက သူတို့တပ်များဖြင့် ကျော်ခေါင် ပြောသလို ဖြန့်ကာနေရာယူလိုက်သည်။ ညနေ နေရီရီရောက်လာလေ မွန်ဂိုတို့သေဝလေဖြစ်တော့သည်။

"ကျားဘသားကျား။ မြင်စိုင်းသားဟေ့ တိုက်ဟေ့"

အသံနက်ကြီးဖြင့် ဟစ်ကြွေးကာ ကျော်ခေါင်နှင့် စစ်သည်တို့သည် မွန်ဂိုတို့ဆီပြေးဝင်သွားတော့သည်။ အလစ်အငိုက်ဆိုသော်လည်း စစ်ရည် ပြည့်ဝသော မွန်ဂိုတို့အား ထင်သလောက်အလစ်မရပေ။ ချက်ချင်းမြင်း ပေါ်တက်ကာ ခုတ်သူကခုတ် နီးရာလက်နက်စွဲကာ ရင်ဆိုင်တော့သည်။ ရှာလယ်ကွက်လပ်တွင်ကား မြင်စိုင်းရဲမက်တို့နှင့် မွန်ဂိုတို့တိုက် ပွဲပြင်းထန်နေတော့သည်။ ၂ဆ ၁ဆယှဉ်ပြိုင်နေရသော်လည်း လက်ရွေး စင်ရဲမက်များပီပီ သိပ်မမှုလှပေ။ မြင်စိုင်းသားတို့၏ ကာရေးအောက်တွင် မွန်ဂိုတို့ တစ်ယောက်ပြီးတစ်ယောက်နာတော့သည်။ ထိုအချိန်မှ ဘေးပတ်လည်တွင် တပ်ဖျောက်ထားသော မြင်စိုင်းရဲမက်တို့ပါပေါင်းကာ သုံးဖက်ညှပ်သတ်တော့သည်။ ယခင်က ငြိမ်နေသောရှာသားတို့လည်း နီးရာ ဓားမ တံစဉ် ကောက်ဆွ တုတ်များဖြင့် ထွက်လာကာ နယ်ချဲ့ကျူး ကျော်သူတို့အား ဝိုင်းဝန်းထိုးခုတ် ရိုက်နှက်တော့သည်။ ရေရှည်ခံတိုက် မည်ဆို အထိနာမည်ကိုသိသော မွန်ဂိုတပ်မှူးသည် တံပိုးမှုတ်ကာ တပ်ဆုတ်ခိုင်းတော့သည်။

မွန်ဂိုတပ်မှူးသည် စုမိသမျှစစ်သည်များဖြင့် ရွာထဲမှ ဆုတ်လာ ခဲ့သည်မှာ တစ်တိုင်ခန့်ခရီးပေါက်လာတော့သည်။ နောက်မှလိုက်လာသည့်

ရန်သူ့အရိပ်အရောင်မတွေ့တော့သဖြင့် မြင်းများကို ရေတိုက်ကာ ခေတ္တနားရန်ကြံတော့သည်။

မွန်ဂိုတပ်မှူးလည်း သူ့မြင်းကိုရေတိုက်ရန် ချောင်းရိုးအတိုင်းဆင်းလာပြီး မြင်းအားခဏအနားပေးလေသည်။ ဆုတ်လာသောစစ်သည်များလည်း အနာဆေးထည့်သူထည့် နားသူနားနှင့် ချောင်းရိုးကမ်းပါးယံတွင် စုနေတော့လေသည်။

"တို့တပ်မင်းကြီး မော်ရာတိန့်စင်ဆီ ဒီသတင်းအရောက်ပို့ရမယ် ရာရာစစ ကျူးပေါ်သားတွေက ငတို့ကိုအံတုဝံ့သလော"

(ကျူးပေါ်ဆိုသည်မှာ မြန်မာတို့အား ဆုန်မင်းဆက်မတိုင်ခင် ရှေးရှေးကာလများတွင် ခေါ်သောနာမည်ဖြစ်သည်။ ဖျောက်ယွဲ့ သို့မဟုတ် ကျူးပေါ်တို့သည်မှာ ပျူတို့နေရပ်ဟု အဓိပ္ပာယ်ရသည်။ ယွန်မင်းဆက်နောက်ပိုင်းမှ ယခုတိုင် မြန်တျန့်ဟုခေါ်သည်)

စစ်ဆုတ်လာရသော မွန်ဂိုတပ်မှူးသည် ဒေါသထွက်ထွက်ဖြင့်ဆိုတော့သည်။ ယခု ရွာတွင်းတွင် တိုက်သော မြင်စိုင်းရဲမက်တို့သည် ထူးဆန်းကြောင်း သတိထားမိသည်။ ယခင်ပုဂံတပ်များနှင့်တိုက်စဉ်က ဤသို့သော တပ်သားများမတွေ့ဖူးပေ။ ယခုတွေ့သည့်စစ်သည်များက ထူးဆန်းပေသည်။ စစ်သည်တိုင်း သံချပ်ဝတ်ဝတ်ဆင်ထားပြီး လက်ထဲတွင် ဒိုင်းဝိုင်းလိုအရာများကိုင်ဆောင်တိုက်ခိုက်ခြင်းဖြစ်သည်။ ဓားသွားကဲ့သို့ထက်မြတ်သော အစွန်းများ မျက်နှာပြင်ပေါ်ရှိ သံချွန်ငယ်များလက်ချက်ဖြင့် မိမိတပ်သားများတစ်ယောက်ပြီးတစ်ယောက် ကျဆုံးသည်ကိုမြင်သဖြင့် ဤစစ်သည်များသည် မည်သည့်စစ်သည်များလိမ့်ဟု အတွေးနယ်ချဲ့နေတော့သည်။ ရန်သူနှင့် မဝေးသော နေရာတွင် အတွေးနယ်ချဲ့သော မွန်ဂိုတပ်မှူး၏ အတွေးသည် တစ်ပိုင်းတစ်စနှင့်ရပ်သွားတော့သည်။ အဘယ်ကြောင့်ဆိုသော် သွေးသောက်ငထက်၏ မြားတံက ဒင်း၏ လည်ချောင်းသွေးကို မြိန်ရှက်စွာသောက်သုံးလိုက်တော့သည်။ အခြားသူများကိုလေးမြားအစွမ်းဖြင့် အနိုင်ယူခဲ့သော မွန်ဂိုတို့ ဝဋ်လည်လေပြီ။ ချောင်းရိုးနံဘေးတောတွင်းဆီမှ မြားများသည် သဲနှင့်ဆုပ်ပက်သလို တဖွဲဖွဲ

ကျလာတော့သည်။ ရွာတွင်းတိုက်ပွဲလောက်ပင် အချိန်မကြာပေ တပ်ဆုတ်လာသော မွန်ဂိုတပ်သားများ အကုန်ကျဆုံးသွားတော့သည်။

* * *

အောင်ပွဲခံနေသော စစ်သည်များ ရွာသားများကို ကျော်ခိုင်းခဲ့ကာ ကျော်ခေါင်တစ်ယောက်တည်း ချောင်းနံဘေးသို့ထွက်လာလေသည်။ ညနေက မွန်ဂိုတို့ကို တပ်လုံးပြုတ်သုတ်သင်လိုက်သဖြင့် ရွာသားများရော စစ်သည်များပါ အောင်ပွဲခံသည့်အနေဖြင့် စားကြသောက်ကြ ကခုန်တီးမှုတ်ကြနှင့် ပျော်ရွှင်နေကြသည်။ ရွာပတ်လည်အား သင့်တင့်သောအစောင့်ချထားသဖြင့် စစ်သည်တို့စိတ်ရှိလက်ရှိ အနားယူအပန်းဖြေနေကြသည်။ တပ်မှူးပီပီ ကိုယ့်စစ်သည်များနှင့်အတူ အောင်ပွဲခံအပြီး ကျော်ခေါင်တစ်ယောက်တည်း ထွက်လာခြင်းပင်ဖြစ်သည်။ ချောင်းနံဘေး ကျောက်တုံးတစ်တုံးအားမှီရင်း လည်တွင်ဆွဲထားသော ကတ္တီပါ အိတ်ရှုံ့လေးအား ဖြေလိုက်သည်။ အတွင်းတွင်ကား သင်းခွေပန်းခက်ခြောက်လေးတစ်ခွေ။

* * *

လွန်ခဲ့သောတစ်ပတ် တစ်မနက်တွင် ပြောသော မင်းသား၏ စကားသည် ကျော်ခေါင်မထင်မှတ်မိသော စကားပင်ဖြစ်သည်။ စောမိငယ်အား အရှေ့အိမ်တော်ခေါ်မည်ဆိုခြင်းကား ကိုယ်လုပ်တော်အဖြစ် မင်းသားတော်ကောက်မည်ပင်ဖြစ်သည်။ မင်းသားသည်လည်း ထိုစကားတစ်ခွန်းသာ ဆိုပြီးဆက်မဆို အခြားသော တပ်ရေးတပ်ရာများ မှာစရာရှိသည်သာ ဆက်မှာနေတော့သည်။ မင်းသားရှေ့တွင် ဟန်မပျက်နေခဲ့ရသော်လည်း အိမ်တော်မှ တပ်စခန်းအပြန်တွင် ကျော်ခေါင်တစ်ယောက် ခေါင်းငိုက်ကျနေတော့သည်။

"ဟိုက တပ်မှူးလေး တပ်မှူးလေး ကျော်ခေါင် တပ်မှူးလေး အလို ပဇာတွေများတွေးနေသလဲ"

သူနာမည်ခေါ်သံသဲ့သဲ့ကြားမိတော့မှ ကျော်ခေါင်တစ်ယောက်

လှည့်ကြည့်မိသည်။

"အထိန်းတော်ကြီး ပဇာအကြောင်းများရှိပါဘိ"

မှန်ပေသည် ကျော်ခေါင်အား လှမ်းခေါ်သူက မိဖုရားခေါင်ကြီးနန်းဆောင်မှ အထိန်းတော် ရှင်လှ ပေတည်း။

"တပ်မှူးလေးဖို့အမှာစကားပါးလိုက်လို့ပါ ယနေ့ည သန်းခေါင်မှာ မြောက်ဥယျာဉ်တော်က ရေကန်နားကို လာခဲ့ပါ"

"ပဇာကြောင့်လဲ အရီး"

"မိချောင်းသားနှယ် လျှာရှည်ပါဘိသနဲ့ ရောက်တော့ အတပ်သိသာပ"

ကျော်ခေါင်သည်လည်း ပြောစရာရှိတာပြောပြီး ဘောက်ဆတ်ဘောက်ဆတ်နှင့်ထွက်သွားသော အထိန်းတော်ကြီးကို နားမလည်နိုင်ဘဲ ကြည့်နေရတော့သည်။

* * *

ယနေ့ည လကသာလွန်းပေသည်။ လဆန်း ၁၂ ရက်လဝန်းသည် သန်းခေါင်ယံညနက်နက်တွင် ထွန်းလင်းလှပေသည်။ သန်းခေါင်မရောက်ခင် တစ်ပဟိုရ်ကတည်းက ရောက်နှင့်နေသော ကျော်ခေါင်သည် ကန်ပေါင်ရှိ ကျောက်ခုံတွင်ထိုင်ရင်း စောင့်နေပေသည်။ တစ်ချက်တစ်ချက် ထအော်သော ညဥ့်ငှက်သံအချို့နှင့် ပိုးကောင်များစီစီညံညံအသံမှလွဲကာ ပတ်ဝန်းကျင်သည် ငြိမ်သက်လှသည်။ မြောက်ဥယျာဉ်တော်သည်ကား မြင်စိုင်းမြောက်ဘက် ရွှေသာလျောင်းတောင်ခါးပန်းတွင်တည်ထားသဖြင့် မြင်စိုင်းမြို့အား အပေါ်မှမြင်နေရသည်။ ဟိုးဝေးဝေးဆီမှ ဒုဋ္ဌဝတီမြစ်ငယ် မြစ်ရေသည် လရောင်အောက်တွင် တဖျပ်ဖျပ်တောက်ပနေသလို မြစ်ဆီမှ မြို့အကြား ကျယ်ပြန့်သော လယ်ကွင်းပြင်ကြီးများလည်း ဝါရွှေရောင် သန်းနေလေပြီ။ လယ်ကွင်းများ၏ ဟိုမှာဘက်ဆီတွင် ချစ်လှစွာသော အမိမြေ မြင်စိုင်း။ စနစ်ကျနစွာတည်ဆောက်ထားသလို ကျုံး မြို့ရိုး ပြာသာဒ်အစုံအညီဖြင့် တင့်တယ်ပေစွ။ တံတိုင်းအထက်တွင်လည်း တာဝန်ကျ

ရဲမက်တို့ မီးတုတ်ကိုယ်စီဖြင့် ကင်းလှည့်သူလှည့် စောင့်သူကစောင့်။

လှပသော အမိမြေကို ငြိမ်သက်စွာ ကြည့်ရှုနေစဉ်ကျော်ခေါင်၏ ပါးလှပ်သော စစ်သားနားစည်ဝသို့ ခြေသံနှစ်စုံ ရိုက်ခတ်လာတော့သည်။ မကြာခင်မှာပင် ဝတ်ရုံအနက်ခြုံထားသော လူနှစ်ယောက် ကျော်ခေါင့် အနားရောက်လာလေသည်။ ကျော်ခေါင်ရှေ့ရောက်မှ တစ်ဦးသောဝတ်ရုံ နက်က ခေါင်းပေါ်မှ အဝတ်နက်ကိုဆွဲလှန်ကာ

"တပ်မှူးလေးတောင် ရောက်နေပါသကောလား အရီးတို့ နည်းနည်း နောက်ကျသွားတယ် ကဲမိရွှေချော ပြောစရာရှိတာ မြန်မြန်ပြော ကျုပ်ဟိုး ဘက်နားကစောင့်နေမယ်"

နောက်ထပ်ဝတ်ရုံနက်ကခေါင်းညိတ်ပြလိုက်သဖြင့် အထိန်းတော်ကြီးထွက်သွားတော့သည်။ အထိန်းတော်ကြီးပျောက်သွားမှ ထိုဝတ်ရုံနက်က မျက်နှာကိုလှစ်ပြလိုက်လေသည်။ ကျော်ခေါင့်အဖို့ ယနေ့ညသာနေသော လဝန်းထက် ပိုမိုတင့်တယ်ဝင်းပသော မျက်နှာအား မြင်ရသဖြင့် အံ့ဩမှင် တက်သွားရတော့သည်။

"အစော အဲ စောမိငယ် နှမက စောမိငယ်ပါနော်"

(၄)

"ဟုတ်ပါတယ်မောင်ကြီး စောမိငယ်ပါ မောင်ကြီးတို့စစ်ထွက် တော့မယ်ဆို"

"နှမ ဒီစကားဘယ်ကကြားပါလိမ့်"

စစ်ရေးစစ်ရာဟူသည် မိန်းမသူတို့သိသင့်သော အလုပ်မဟုတ်ပေ။ ထို့အပြင် ယခုစစ်ချီမည်ကား ထင်ရှားပေါ်လွင်စွာစစ်ချီခြင်းမဟုတ်၊ အထူးတာဝန်ဖြင့်လျှို့ဝှက်စွာချီတက်ရမည်ကို စောမိငယ် အဘယ်သို့သိရ သည်ကို ကျော်ခေါင်အံ့ဩမိသည်။

"မနေ့ညက ကိုယ်တော်လေးကျော်စွာဆီက သိရတာပါ မောင်ကြီး ရဲ့ အခုသွားမယ့်ခရီးက အန္တရာယ်ကြီးတယ်လို့သိရလို့ မောင်ကြီးကို စိတ်ပူလို့"

ကိုယ်တော်လေးကျော်စွာ ဆိုပါလား။ ဩော် အတွင်းရေးကိစ္စပင်

ပြောဆိုရသည်ဆိုလျှင် ကျော်ခေါင်သဘောပေါက်မိတော့သည်။ သခင်နှင့်ကျွန် မိုးနဲ့မြေလိုကွာခြားပါဘိ။ မင်းသားကျော်စွာ၏ ကျေးဇူးကိုလည်း မသိတတ်ရာရောက်သည်။

“နှမငယ် ပြန်တော့ ညနက်သန်းခေါင် ဒီလိုတွေ့ဆုံတာ မသင့်ပါဘူး ကိုယ်တော်လေးကျော်စွာဟာ ကျုပ်ရဲ့ သခင်ဆိုလည်းဟုတ် ရောင်းရင်းဆိုလည်းဟုတ်တယ် ဒီတော့ ကိုယ့်သခင်အတွက်ရည်စူးတယ့်ပန်းကို ကျုပ်မချူဝံ့ပါဘူး ကျုပ်ပြန်တော့မယ်”

“အို ဘာတွေဆိုနေပါဘိ မောင်ကြီးရယ် နှမပြောတာလည်း နားထောင်ပါဦး မောင်ကြီးကိုစိတ်ပူလို့ လာခဲ့တာပါ”

“ကျုပ်မှာတော့ ဆိုစရာစကားမရှိ ကိုင်း နှမမပြန်လည်း ကျုပ်ပြန်မယ်”

“ကိုင်း ပြောရခက်တယ့်မောင်ကြီး ဒါလေးတွေတော့ယူသွား လမ်းခရီးမှာ သုံးချင်လည်းသုံး မသုံးချင်လည်း အခြားရဲမက်တစ်ယောက်ကို ပေးလိုက်”

ပြောပြောဆိုဆိုနှင့် ကျော်ခေါင်လက်ထဲ အထုပ်နှစ်ထုပ်ထည့်ပေးကာ စောမိငယ် သုတ်သုတ် သုတ်သုတ်နှင့်ပြန်သွားခဲ့ချေပြီ။ ငူငူကြီးကျန်ခဲ့သည်က ကျော်ခေါင်တစ်ယောက်။ အတန်ငယ်ကြာမှ လက်ထဲက အထုပ်နှစ်ခုအားဖွင့်ကြည့်လိုက်တော့သည်။ တစ်ထုပ်ကား နန်းတွင်းဆေးဝါးများ ဒဏ်ရာကုဆေးများပေတည်း။ စစ်သည်တစ်ဦးရှေ့တန်းသွားမည်အတွက် သင့်လျော်ပေစွ။ ကျန်အထုပ်ငယ်အတွင်တွင်ကာ သင်းခွေပန်းခွေလေး တစ်ကုံး။ မည်သည့်အဓိပ္ပာယ်မှန်း ကျော်ခေါင်လည်းအတပ်မသိပေ။

* * *

ကျော်ခေါင်တို့တပ်ဖွဲ့သည် ပထမဆုံးတိုက်ပွဲစတင်လိုက်ချိန်မှစကာ ဆက်တိုက်ဆိုသလို ပွဲဆက်များလာတော့သည်။ ပွဲဆက်များလာသလို တပ်ဖွဲ့အင်အားလည်းတိုးလာတော့လေသည်။ သူ့ကျွန်မခံလိုသော အသည်သားများသည် ကျော်ခေါင်တို့တပ်ဖွဲ့ဆီသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့

လာရောက်ပူးပေါင်းခဲ့သည်မှာ ယခုဆို မူရင်းအင်အား ၂၀၀မှ အင်အား ၅၀၀ အထိတိုးလာတော့သည်။ ထိုသို့ လာရောက်ပူးပေါင်းလေ ကျော်ခေါင်တို့ပွဲတိုင်းနိုင်လေဖြစ်လာသည်။ အဘယ်ကြောင့်ဆိုသော် နယ်ခံဖြစ်သော အသည်သားများထဲမှ မုဆိုးကျော်များသည်ဤဒေသ၏ တောတောင်ရေမြေကျွမ်းကျင်မှုသည် ပြောက်ကျားစစ်အတွက်တန်ဖိုးကြီးမားလှလေသည်။

ညသည်နက်လှပေစွ။ ညောင်အုပ်နယ်တောနက်ကြီးသည် သစ်ကြီးဝါးကြီးပေါများသဖြင့် ဆယ်နှစ်လရာသီလုံး အုံ့မှိုင်းမြဲဖြစ်သည်။ ယခုလို ဆောင်းရာသီတွင်ကား မြူခိုးမင်းလွင်တို့အမြဲ ခြုံသိုင်းနေတတ်သည်။ ထိုမြူ ခိုးများကြားထဲမှ တောအုပ်တွင်းသို့ ဖြတ်သန်းလာသော လူစုကြီးတစ်စုသည် တအိအိနှင့်ဝင်လာတော့လေသည်။ ရုံဖန်ရံခါ ပေကတ်ကတ်နိုင်လှသော မြင်းတို့အား မာန်မဲသံနှင့် လက်နက်ကိရိယာထိခတ်သံ တစ်ချက်တစ်ချက်မှလွဲလျှင် စစ်ကြောင်းကြီးတစ်ခုလုံး စနစ်ကျနစွာ ချီတက်လာလေသည်။ စစ်ကြောင်း၏ ရှေ့ဆုံးမှ ဦးဆောင်လာသော မွန်ဂိုအရာရှိသည်ကား သူ့အတွေးနှင့်သူကျေနပ်နေလေသည်။ ဤညောင်အုပ်ဒေသရှိ မြင်စိုင်းတပ်သည်စွာလှသည်။ ဖြတ်သမျှ ရိက္ခာစစ်ကြောင်း ၁၀ခုလျှင် ၈ခုအတိုက်ခံရကာ မိမိတို့ဘက်မှအကြွဲအပြခံနေရသည်။ ထို့ကြောင့် မိမိစစ်ကြောင်းအား မြင်စိုင်းသားတို့မထင်မှတ်သောအချိန်ကို အငိုက်ယူကာ ဖြတ်သန်းလာခြင်းပင်ဖြစ်သည်။ မွန်ဂိုတို့ဗျူဟာအရ နေ့လယ်ခင်းကတည်းက ကင်းထောက်စစ်သည်များကို စေလွှတ်ကာ တောအုပ်အတွင်းချီတက်ရာလမ်းအား စုံစမ်းပြီးဖြစ်သည်။ ရန်သူတို့အား မတွေ့ဟူသော အစီရင်ခံချက်အရ ယခုလို စစ်ကြောင်းတစ်ခုလုံးခေါ်ကာ ဖြတ်လာခြင်းဖြစ်သည်။ မွန်ဂိုကေရာဇ်ဂျင်ဂစ်ခန်၏ နည်းဖြစ်သော ကျယ်ပြန့်စွာကင်းထောက်ခြင်း ရန်သူမထင်မှတ်သောနေရာနှင့် အချိန်တွင် ချီတက်ခြင်းစသော နည်းစနစ်များအတိုင်း တိတိကျကျလိုက်နာကျင့်သုံးခဲ့လို့ အောင်မြင်သည်ဟု အတွေးဖြင့် တပြုံးပြုံးဖြစ်နေသည်။ သူ့အပြုံးသည်ကား မွန်ဂိုစစ်သည်တစ်ဦး၏ အော်သံနှင့်အတူပျောက်ကွယ်သွားတော့သည်။

"အား" ရှေ့ဖျားမှ တက်သွားသော မွန်ဂိုစစ်သည်တစ်ဦးသည်

ရန်သူ့ထောင်ချောက်ခလုတ်ကို သွားထိမိသည်ထင်သည်။ ချုံထဲမှ အရှိန်ဖြင့်ထွက်လာသော ဝါးချွန်သုံးချောင်းသည် လူရောမြင်းပါအသက် နုတ်သွားတော့သည်။ မှောင်မိုက်နေသောတောအုပ်ကြီးသည် ယခုအခါ ဘေးပတ်လည်မှ မီးတုတ် မီးစည်းတို့အလင်းရောင်ဖြင့် လင်းနေတော့သည်။ ရန်သူမရှိဘူးထင်ကာ ချီတက်လာသော မွန်ဂိုတို့ ဘေးနံနှစ်ဖက်မှနေကာ အတိုက်ခံရတော့သည်။ တိတ်ဆိတ်သောညသည် စစ်သည်တို့၏ ကြွေးကြော်သံ ဓားချင်းလှံချင်းထိခတ်သံ နာကျင်စွာအော်ဟစ်သံတို့ဖြင့် မြိုင်ဆိုင်တော့လေသည်။ မိမိစစ်ကြောင်းအတိုက်ခံရပြီး စတင်အထိနာလာသည်ကိုတွေ့သည်နှင့် မွန်ဂိုအရာရှိသည် မြင်းကုန်းနှီးရှိ တံပိုးကိုယူကာ အချက်ပြသံမှုတ်တော့သည်။ ဤသို့အန္တရာယ်များသော ခရီးအားတစ်ကြောင်းထိုးချီတက်လာသည်ဟု ထင်သော မြင်စိုင်းသားတို့အတွက် ထိုတံပိုးသံသည် သေမင်းပင်ဖြစ်သည်။ စစ်ကြောင်းတွင် တိုက်နိုင်ခိုက်နိုင်သောစစ်သည်များ အနည်းငယ်သာပါပြီး စစ်ကြောင်းအနောက်ဘက်တာ ၂၀၀(ကိုက်၅၀၀ခန့်အကွာ)တွင် မွန်ဂိုမြင်းသည်တော်စစ်ကြောင်းနှစ်ခုဘယ်ညာမှချီတက်လာခိုင်းထားလေသည်။ ယခု မိမိတို့ကိုတိုက်နေသော မြင်စိုင်းသားတို့အား နောက်ကဝင်တိုက်တော့မည်ဖြစ်သည်။

သို့သော် စစ်ကူများကရောက်မလာပေ။ မွန်ဂိုတပ်မှူး အတွက်မှားလေပြီ။ မြင်စိုင်းသားတို့သည် စစ်ကူလာမည့်လမ်းအား ညှောင့်ကျင်းထောင်ချောက်နှင့် ဒေသခံမုဆိုးကျော်များလေးသည်များသုံးကာ ဖြတ်တောက်လိုက်သည်။ စစ်ကူလာရန် အလျင်အမြန်တက်လာသော မွန်ဂိုတို့သည် ညှောင့်ကျင်းထဲကျသူကျ ထောင်ချောက်မိသူမိ ဘယ်ကဘယ်လို ဝင်လာမှန်းမသိသော အမှောင်ရိပ်ထဲမှ မြားတံတို့စွဲလိုစွဲဖြင့် ရှေ့တက်မရဖြစ်နေတော့သည်။ စစ်ကူတို့ရှုပ်ထွေးနေစဉ် ရုတ်တရက်ဆိုသလို တောအုပ်အမှောင်ထဲမှ မြားတံများထွက်မလာတော့ပေ။ တိုက်နေခိုက်နေသံများလည်း တစ်စစဖြင့်ငြိမ်သက်သွားတော့လေသည်။အမှောင်ထဲစမ်း တဝါးဝါးဖြင့် မွန်ဂိုမြင်းသည်တို့ဖြတ်လာခဲ့ရာမှ ပင်မစစ်ကြောင်းမှ အလင်းရောင်တွေ့ရသဖြင့်အမြန်ချီတက်လာခဲ့တော့သည်။ ထိုအလင်း

ရောင်ထွက်ပေါ်လာသောနေရာသည်ကား ပျက်စီးနေသော ရိက္ခာလှည်းများ မီးစွဲနေသောရိက္ခာများနှင့်အတူ ပင်မစစ်ကြောင်းမှ စစ်သည်အားလုံး၏ အလောင်းများ ဒဏ်ရာရ စစ်သည်များ ပြန့်ကျဲနေလေသည်။ တံပိုးအား ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားသော မွန်ဂိုအရာရှိသည် ထိုတံပိုးအား ထပ်မံမှုတ်နိုင်မည်မဟုတ်တော့ပေ။ အဘယ်ကြောင့်ဆိုသော် တံပိုးမှုတ်မည့် နှုတ်ခမ်းရှိရာခေါင်းနှင့် လေထုတ်ပေးရာအဆုတ်ရှိသောကိုယ်တို့ တခြားစီဖြစ်နေတော့သည်။

* * *

မွန်ဂို ရိက္ခာတင်လားတန်းတစ်ခုအား ချေမှုန်းအပြီး တောတွင်း စခန်းဆီ ကျော်ခေါင်တို့တပ်ဖွဲ့ပြန်ခဲ့လေသည်။ စခန်းသို့ပြန်အရောက်တွင် စခန်းစောင့်ကျန်ခဲ့သော သွေးသောက်ကြီးငထက်က ကျော်ခေါင်ဆီအမိန့်စာ ချွန်နှစ်စောင်လာပို့လေသည်။

"တပ်မှူး ဒါက မြင်စိုင်းကလာတဲ့အမိန့်စာနဲ့ တပ်မင်းကြီးရာဇသူ လာပို့တယ့်အမိန့်စာပါ"

မြင်စိုင်းမှလာသော အမိန့်စာသည်ကား မင်းသားကျော်စွာ၏ တံဆိပ်ခတ်နှိပ်ထားသဖြင့် ဦးစွာဖွင့်ကြည့်လိုက်တော့သည်-

"တပ်မှူး ကျော်ခေါင် အမိန့်တော်နာခံရန်

ယခုညောင်အုပ်ဒေသတွင် ရောင်းရင်း၏ လူစွမ်းလူစပြသမှုကို ခမည်းတော်နှစ်သက်တော်မူသည်။ ရောင်းရင်းတို့တပ်သည်လည်း ပွဲရများ လှချေသည်။ စစ်သာတိုက်သည်မဟုတ်ဘဲ တပ်အင်အားပါတိုးချဲ့နိုင်သည်ကိုသိသဖြင့် ကိုယ်တော်ဝမ်းမြောက်ပေသည်။ သို့ကြောင့် မူလတာဝန်ဖြစ်သော တပ်မှူးရာထူးမှ တပ်မှူးကြီးရာထူးတိုးမြင့်ကာ တပ်မင်းကြီးရာဇသူထံ လက်ဝဲစစ်ကဲအဖြစ်တာဝန်ထမ်းဆောင် ရန်အမိန့်တော်မှတ်လိုက်သည်။ ဘွဲ့အမည်အား နေမျိုးဘွဲ့အပ်နှင်းလိုက်သည်။ အမျိုးဘာသာ သာသနာကို စောင့်ရှောက်ပါအံ့"

ဝမ်းသာလွန်းအားကြီးစွာဖြင့် ကျော်ခေါင်သည်လည်း အမိန့်တော် စာလွှာအား မြင့်ရာနေရာတွင်ထားကာ ဘုရင့်အားရည်စူးကန်တော့လေ

တော့သည်။ ရဲမက်ဘဝဟူသည် ရာထူးရစေအံ့ဟူ၍ တိုက်သည်မဟုတ်။ သို့သော် မိမိတို့အား အရှင်သခင်က ချီးမြှင့်သောဆုသည်ကား မွန်မြတ်လှပေသည်။ ဘွဲ့အမည်ကားနေမျိုး။ သားသတိုး ကျွန်နေမျိုးဟူသော မြန်မာတို့၏ ဘွဲ့အမည်အရည်အရ မင်းညီမင်းသားမဟုတ်သော အမှုထမ်းတို့တွင် အမြင့်ဆုံးသော နေမျိုးဘွဲ့ပေးအပ်ခြင်းပင်ဖြစ်သည်။ ယခုအခါ တပ်မှူး ကျော်ခေါင်မဟုတ်တော့ပေ။ တပ်မှူးကြီး နေမျိုးကျော်ခေါင်ဖြစ်လာခဲ့တော့သည်။ ဝမ်းသာသည်မှာလည်းတစ်ဖက် တာဝန်သည်လည်း တစ်ဖက်ဖြစ်လာသဖြင့် ဒုတိယအမိန့်စာလွှာကို ဖွင့်လိုက်လေသည်။ ထိုအမိန့်စာလွှာကို ဖတ်ရင်း အစောပိုင်းက ရွှင်ပျနေသော ကျော်ခေါင့်မျက်နှာသည် တစစနှင့်တင်းမာလာခဲ့တော့သည်။ နံဘေးမှ အရိပ်အခြည်ကြည့်နေရသော သွေးသောက်ထက်မှာ သူ့တပ်မှူး၏ မျက်နှာအနေအထားကို သဘောမပေါက်မိပေ။ စာလွှာဆုံးသည်နှင့် ကျော်ခေါင့်ဆီမှ အမိန့်ထွက်ပေါ်လာခဲ့တော့သည်။

"သွေးသောက်ကြီး အခုချက်ချင်းစခန်းကိုဖျက်သိမ်း ကာစွဲသူရဲတွေကိုအသင့်ပြင် အသည်သားရဲမက်ထဲမှလိုက်လိုသူသာလိုက်စေ မလိုက်လိုသူကို အခုရထားတဲ့ ရန်သူ့ဘဏ္ဍာရိက္ခာတော်တွေထဲက သင့်သလောက်ချီးမြှင့်ပြီး နေရပ်ပြန်စေ ယနေ့နေလယ်တစ်ချက်တီးတာနဲ့ စစ်ချီဖို့အသင့်ဖြစ်စေ"

ချက်ချင်းအမိန့်စေသော တပ်မှူးစကားကြောင့် ဤဒေသမှအဝေး တစ်နေရာသို့ စစ်ချီရတော့မည်ကို သိသောသွေးသောက်ကြီးသည် မေးလိုက်တော့သည်။

"အဘယ်ကို ချီတက်ရမှာပါလဲ တပ်မှူး"

"မတ္တရာ ကင်းခံတပ်ဆီကိုပဲ သွေးသောက်ကြီး"

(၅)

"မတ္တရာ၊ မတ္တရာဟူသည် အနော်ရထာမင်းမြတ်လက်ထက် နန်ကျောင်တို့ရန်မှ ကာကွယ်ရန်တည်ဆောက်ခဲ့သော ကင်းမြို့ ၄၃မြို့ထဲမှ တစ်မြို့ဖြစ်သည်။ ဤကင်းမြို့သည် မွန်ဂိုတို့လက်တွင်း ခေတ္တကျရောက်သွား

သော်လည်း ယခု မြန်မာတို့ပြန်လည်သိမ်းပိုက်မိသည်။ မနက်ဝေလီဝေလင်း မှစကာ မတ္တရာမြို့ပြင်တွင် စစ်သည်များ အသည်သားများ တလှုပ်လှုပ် တရွရွဖြင့် လှုပ်ရှားသက်ဝင်နေချေပြီ။ ကောနေသောကျုံးခြောက်အားပြန် တူးသူတို့ကတူး ဆင်ခလုတ်မြင်းခလုတ် ရင်တားများပြုလုပ်သူကလုပ် ညှောင့်ချွန်သူကချွန် မြို့ရိုးပြန်ပြင်သူကပြင်နှင့် အားကြိုးမာန်တက် ဆောင်ရွက်နေတော့သည်။ သက်ဆိုင်ရာတပ်မှူးများက ကိုယ်စီတာဝန် အလိုက် ကိုယ့်တပ်နှင့်ကိုယ်ကွပ်ကဲနေသလို တပ်မှူးကြီးများကလည်း လှည့်လည်စစ်ဆေးနေပြန်သည်။ မတ္တရာခံမြို့၏ တပ်မင်းကြီးဖြစ်သော ရာဇသူကိုယ်တိုင်ပင် လိုက်စစ်နေသဖြင့် ကျော်ခေါင်လည်းနောက်မှပါလာ လေသည်။

"ကျော်ခေါင်ငယ် မောင်မင့်ကို အရှင့်သားဒီကိုပို့လိုက်တာ တစ်အားတက်ပါဘိ တို့ဆီမှာ လူအင်အား ၁၂၀၀ သာသာပဲရှိတာ မောင်မင်းရဲ့ တပ်အင်အားက ကျုပ်တို့လောက်နီးနီးပါလား"

"အရှင့်သားနဲ့တပ်မင်းကြီးဆီက စာလွှာရတာနဲ့ အားချင်းထွက် လာရတာပ အသည်သားရဲမက်တို့ကလည်း မွန်ဂိုနဲ့တိုက်ရမယ်ဆို ရေဆုံး ရေဖျား လိုက်ပစေ ခွင့်တောင်းတာနဲ့ လူသစ်တွေပါ ထပ်ခေါ်ရတာပဲ တပ်မင်းကြီး"

"အိမ်း အားရပါဘိ ကောင်းလေစွ တို့ရဲမက်တွေ အသည်သားတွေ သစ္စာစောင့်သိသလောက် ပထွေးကိုအဖေတော်ချင်တဲ့ ပုဂံကလူတစ်စုကို တော့ ရွံ့သကွဲ့ ထွီ ပြောရတာတင် ပါးစပ်သနပါဘိသနဲ့"

တပ်မင်းကြီးရာဇသူသည် စက်ဆုပ်စွာ တံတွေးထွေးထုတ်လိုက်ပြီး စကားဆက်လေသည်။

"ကျုပ်တို့ကသာ ပုဂံနဲ့မြင်စိုင်းကို ရန်သူမရောက်အောင် တောထဲ တောင်ထဲမှာ အငတ်ငတ်အပြတ်ပြတ်နဲ့ဆီးဆို့သာပ ဒင်းတို့က အာဏာကို မက်ပြီးအခု မွန်ဂိုတို့ကို ချီပင့်သပ ဘုရင်ကအစ ကျွန်နံ့နံ့သကွဲ့"

တပ်မင်းကြီးရာဇသူ၏စကားသည် မှန်ပေသည်။ မွန်ဂိုတို့အား ရှိသမျှအားဖြင့်ခုခံနေသော သီဟသူ အသခ်ယာ ရာဇသင်္ကြန် ညီနောင်

သုံးယောက်တို့၏ မျက်နှာကိုမှမထောက် ၎င်း၏ ထီးနန်းအားရန်ရှာမည်ကိုစိုးနေလေသည်။ ထိုမီးတောက်ကို အစပြုသူက နန်းတွင်းတွင် အာဏာပြင်းသော မိဖုရားဖွားစောပင်ဖြစ်သည်။ အရည်အချင်းမရှိသောကျော်စွာကိုနန်းချအပြီး သားတော်စောနစ်ကို မင်းညီနောင်သုံးပါးကနန်းတင်ပေးသည်။ စောနစ်သည်လည်း နန်းသက်ကြာကြာမစံရဘဲ နတ်ရွာစံသဖြင့် စောနစ်၏သား စောမွန်နစ်အား မင်းညီနောင်သုံးပါးအားဖြင့် နန်းတင်ပေးခဲ့သည်။ မိဖုရားစောကား နရသီဟပတေ့(တရုတ်ပြေးမင်း)လက်ထက်မှသည် ယခုစောမွန်နစ်အထိ မိဖုရားကြီးရာထူးယူကာ ထီးနန်းရေးရာတွင် ဩဇာပြင်းလှသည်။ သို့သော်ယခု ထိုအာဏာသည် မင်းညီနောင်သုံးပါးဆီ အလိုလိုရောက်လာတော့သည်။ တကောင်းတွင်ရှိနေသော မွန်ဂိုတို့၏ရန်မှ ကာကွယ်ပေးနေသော မင်းညီနောင်သုံးပါးကို ပြည်သူတို့ပိုမိုအားကိုးလာသဖြင့် ထိုမင်းညီနောင်သုံးပါးသည် ပုဂံထီးနန်းနှင့် ဆတူလိုဖြစ်လာလေသည်။ သို့ရာတွင် မင်းညီနောင်သုံးပါးလုံးက ပုဂံကိုသစ္စာခံထားသဖြင့် ပုန်ကန်မည့်သူပင် မရှိရဲပေ။ သူ့ထက်ဩဇာကြီးနေသော မင်းညီနောင်တို့ကို မနာလိုသဖြင့် နန်းတက်ခါစ ဘုရင်ငယ်ကို မီးလောင်ရာလေပင့်တော့သည်။ ထိုစကားတို့ကိုယုံသော စောမွန်နစ်က မွန်ဂိုတို့ထံတမန်စေကာ မွန်ဂိုလက်အောက်ခံအဖြစ်နေပါ့မည် မင်းညီနောင်သုံးပါးကို သုတ်သင်ပေးပါဟု လျှို့ဝှက် ချီပင့်သဖြင့် မွန်ဂိုတို့နောက်တစ်ဖန်ချီလာသည်မှာ မကွာရာစားကျဆုံးသည်အထိဖြစ်သည်။ ထိုအကြောင်းအား ယခုမှပင် မြင်စိုင်းမင်းသီဟသူ သိသဖြင့် တပ်များကိုပြန်စုကာ မွန်ဂိုတို့၏ ထိုးစစ်ကိုကြံ့ကြံ့ခံရန်ပြင်ဆင်တော့သည်။ မြင်စိုင်းတွင်စစ်ပြင်သကဲ့သို့ ထိုစစ်ပြင်ခြင်းအတွက် အချိန်ရစေရန် မတ္တရာအား ရှေ့ကာခံတပ်စခန်းသဖွယ် အခိုင်အလုံနေစေခြင်းပင်ဖြစ်ချေသည်။

* * *

အေဒီ ၁၃၀၀ ပြည့်နှစ် ဒီဇင်ဘာ၁၂ တွင် တကောင်းမှ မွန်ဂိုတို့ အလုံးအရင်းဖြင့်ချီလာတော့သည်။ မူလက မွန်ဂိုမင်းသားကိုယ်တိုင် ချီမည်ပြင်သော်လည်း ကျန်းမာရေးချို့တဲ့လာသဖြင့် စစ်သူကြီးလေးဦးအား

စစ်ကြောင်းအသီးသီးခွဲကာ စေလွှတ်လိုက်သည်။ ထိုလေးဦးမှာ တန်စင်တိန့်စင် ယော်တာတိန့်စင် မော်ယာတိန့်စင်နှင့် မော်ရီဓာတိန့်စင် လေးဦးပင်ဖြစ်သည်။ စစ်သူကြီးတစ်ဦးစီတွင် မွန်ဂိုမြင်းစစ်သည် ၁၀၀၀၀ စီအပြင် မွန်ဂို ဟန် အကမု(ထိုတာ့ခ်စစ်သားများကို အစွဲပြုကာ လက်ရှိအထိ မြန်မာပြည်တွင် Chinaကို တရုတ်ဟုခေါ်သည်) ခြေလျင်စစ်သည် ၁၀၀၀၀ စီပေါင်း မြင်း၄၀၀၀၀ ခြေလျင် ၄၀၀၀၀ဖြင့် စစ်ချီလာတော့သည်။ မတ္တရာခံတပ်တွင်ကား တပ်မင်းကြီးရာဇသူနှင့် လက်ရွေးသူရဲ ၁၀၀၀ အသည်သားရဲမက် ၁၂၀၀ သာ မကြောက်မရွံ့အခိုင်အမာရပ်တည် နေလေသည်။

မွန်ဂိုတပ်တို့မတ္တရာကိုရောက်သည်နှင့် တဟုန်ထိုးတိုက်စစ်ဆင်တော့လေသည်။ မနက်ခင်းနှင်းမှုန်များကြားထဲမှာ လှိုင်းလုံးများအလား အထပ်ထပ်သဏ္ဌာန်ပြုကာ စစ်ထိုးတော့လေသည်။ သို့သော် ထိုမွန်ဂိုစစ်သည်တို့သည် မတ္တရာခံတပ်မြောက်ဘက် ကျုံးစပ်မှာပင် တန့်သွားတော့သည်။ အဘယ်ကြောင့်ဆိုသော် မြင်စိုင်းသားတို့သည် ခံတပ်တွင်းမှသာခုခံသည်မဟုတ်ပေ။ ခံတပ်အပြင် ကျုံးခြောက်အစပ်မှ ကာစွဲသူရဲများနှင့် ဆီးကြိုကာတိုက်တော့သည်။ တဝီဝီမြည်ကာပျံသန်းလာသောမြားတံများ သိန်းသောင်းမကမသော ရန်သူ့ရဲမက်များကြားတွင် အရှေ့အိမ်တော် ကာစွဲသူရဲတို့ စစ်ကစားကြတော့သည်။

"မင်းလားကွ မြင်စိုင်းကိုချီရဲတာ"

"မင်းလားကွ တို့နိုင်ငံကိုတိုက်ရဲတာ"

"မြင်စိုင်းသားဟေ့ မြင်စိုင်းသားကွ"

"စကားတစ်ခွန်း ကာတစ်ချက်ဟုဆိုရပေမည်။ ကျော်ခေါင်လက်နှစ်ဖက်တွင်ကိုင်ထားသော ကာတို့တွင် ရန်သူ့သွေးတို့ စေးထန်တွဲခိုနေတော့သည်။ ခေါင်းဆောင်ဖြစ်သော ကျော်ခေါင်ကိုယ်တိုင် ရှေ့ဆုံးမှအသက်စွန့်တိုက်သည်ကိုမြင်သည်နှင့် ကာစွဲသူရဲတို့တစ်ယောက်မျှနောက်သို့မရို့စတမ်း ရန်သူထူရာနေရာသို့ပြေးဝင်တိုက်ခိုက်တော့သည်။ ပြေးဝင်သွားအပြီး မိမိအသက်ကို အသက်မမှတ်တော့ဘဲ ခွေးအတို့အလယ်မှ ကေသရာဇ

ခြသေ့်များအလား မကြောက်မရွံ့ ထိုးခုတ်ကြတော့သည်။ တံတိုင်းပေါ်မှ စစ်သည်များကလည်း လှံလျှင်မိုး မြားမိုးတို့အား မွန်ဂိုတို့အပေါ် ရွာသွန်းဖြိုးပေးလိုက်တော့သည်။ တက်လာသမျှ မွန်ဂိုစစ်သည်တို့သည် ကာစွဲသူရဲတို့၏ ကာအနားသွားတွင်တပ်ဆင်ထားသော အသွားတို့အဖျားတွင် အသက်ကုန်သူကကုန် တံတိုင်းပေါ်မှပစ်သော လှံလျှင် မြားတို့စွဲကာ သေသူကသေနှင့် မတ္တရာစစ်မြေပြင်တွင် ထိုးခုတ်သံ ကြွေးကြော်သံ တိုက်စည်တိုက်မောင်းသံနှင့် ထိခိုက်နာကျင်သံတို့ ဟုန်းဟုန်းထနေတော့သည်။ အရပ်ရပ် အပြည်ပြည်လှည့်ကာ စစ်တိုက်လာသော မွန်ဂိုတို့အဖို့ ဘီလူးသူရဲစီးနေသည့်သဖွယ် တိုက်ခိုက်နေသော ကာစွဲသူရဲတို့ကို ကြောက်စိတ်ဝင်လာလေသည်။ နောက်မှမြင်းတပ်ကြီးသာခံမထားလျှင် ပြေးချင်နေပြီ။ ကာစွဲသူရဲတို့မှာလည်း မသက်သာလှပေ။ မိမိတို့ထက် အဆပေါင်းများစွာ ကြီးမားသော ရန်သူတို့အား ခုခံရင်း တစ်ယောက်ပြီး တစ်ယောက် ကျဆုံးလာတော့သည်။ အမိမြေအတွက် မြေတစ်လက်မကို မိမိတို့သွေးတစ်စက်နှုန်းဖြင့် လဲပြီး ကာကွယ်ခဲ့ရာ တိုက်ပွဲအပြီးတွင် ကာစွဲသူရဲ ၆၀၀ ခန့်သာကျန်တော့သည်။ ကာများကျိုးကွဲနေသလို ကျဆုံးသွားသော ကာစွဲသူရဲတို့ ခန္ဓာကိုယ်တွင် ဖြူဆူးသဖွယ် ရန်သူ့လက်နက်များစိုက်ဝင်နေလေတော့သည်။ အသက်ရှင်သောကာစွဲ သူရဲတို့တွင်ဒဏ်ရာလွတ်သူက ရှားပေစွ။ ကျော်ခေါင်ကိုယ်တိုင်ပင် လက်မောင်းရင်းနှင့်ကျောတွင် မြားတစ်ချောင်းစီစိုက်နေသည်။ ကိုယ်ကျပ်လွတ်ရာ နေရာတို့တွင်လည်း အသားတစ်များထွက်နေသည်ကထွက် အညိုအမည်းစွဲနေသည်စွဲနှင့် ဒဏ်ရာအပြည့်။ ကိုယ်ကျပ်ချပ်မိန်သာမပါလျှင် အသက်ကုန်သည်မှာကြာလှပေမည်။ သို့သော် ယောကျ်ားကောင်းပီပီ စစ်မြေပြင်တွင် မားမားရပ်တည်နေမြဖြစ်သည်။ ဤနေ့တိုက်ပွဲတွင်ကား မွန်ဂိုတို့ဆုတ်ခွာသွားသဖြင့် မြန်မာတို့အောင်ပွဲရခဲ့သည်။ အောင်ပွဲအတွက် ပေးဆပ်ရသည်မှာလည်းမနည်းလှပေ။

* * *

မတ္တရာခံတပ်အတွင်းကား ဆိုင်းသံဗုံသံတို့စီဝေကာ ပွဲသဘင်

ကျင်းပနေလေသည်။ စစ်တွင်ပျော်သောလူမျိုးဖြစ်သလို အပျော်အပါးပွဲလမ်းခုံမင်သော လူမျိုးပီပီ ယနေ့အောင်ပွဲအတွက်ရော နောင်လာမည့်တိုက်ပွဲများအတွက်ပါ ရဲမက်တို့စိတ်ဓာတ်တက်ကြွအောင် ပွဲသဘင်ကျင်းပနေခြင်းဖြစ်သည်။ ညဦးပိုင်းတွင်ရဲမက်တို့နှင့် ပွဲသဘင်ဆင်နွှဲအပြီး ကျော်ခေါင်တစ်ယောက် မိမိတဲဆီသို့ပြန်ခဲ့လေသည်။ တဲထဲရောက်မှ တစ်ကိုယ်လုံးစေးကပ်နေသော သွေးစေးများကိုဆေးကြောသုတ်သင်အပြီး ဆေးထည့်ရန်ပြင်တော့သည်။ ရဲမက်များရှေ့တွင် ဘာမှမဖြစ်သလိုဟန်တင်းနေသော်လည်း ယခု ဆေးကုတော့မှ အသည်းခိုက်အောင်နာလှပေသည်။ တပ်သမားတော်အကူအညီဖြင့် မြားခေါင်းများကိုခွဲထုတ် ဆေးစည်းသင့်သည်ကိုစည်းနှင့် ပတ်တီးအဖွေးသားဖြစ်နေချေသည်။ ယနေ့တိုက်ပွဲတွင်ကာစွဲသူရဲ ၄၀၀ ကျော် ကျသွားသည်ဖြစ်ရာ နောက်နေ့များတွင် အခြားတပ်များဖြင့်ဆက်ခုခံရချေမည်။ သမားတော်က ဆေးစည်းပေးကာပြန်သွားသော်လည်း မှီအုံးအောက်တွင်ထားထားသော ကတ္တီပါအိတ်ငယ်လေးကိုထုတ်ကာ အတွင်းမှ ဆေးအချို့ထုတ်ကာသောက်သုံးလိုက်သည်။ အဝေးတစ်နေရာတွင်ရောက်နေရသော်လည်း ချစ်ရသူပေးသောဆေးတို့က ကျော်ခေါင့်အနာကိုသက်သာစေသည်။ "ဩော် စောမိငယ် စောမိငယ် မြင်သာမြင်မပိုင်ရသည့်ပန်းပါလား" ဒဏ်ရာဗလပွနှင့်ပင် ကျော်ခေါင်လွမ်းကောင်းနေဆဲ။ ဒဏ်ရာတွေနာသလို ဆေးအရှိန်ဖြင့်

ဆေးအရှိန်ဖြင့် ခုတင်ပေါ် အိပ်မောကျနေသော ကျော်ခေါင်အားတစ်စုံတစ်ယောက်လှုပ်နှိုးလိုက်သဖြင့် နိုးလာလေသည်။

"တပ်မှူးကြီး တပ်မှူးကြီး ဟိုကောင်တွေတပ်တွေတက်လာပြန်ပြီဆိုလို့ တပ်မင်းကြီးအခေါ် ခိုင်းလိုက်တာ"

သွေးသောက်ကြီးလာပြောသောသတင်းကြားကြား ချင်း အိပ်ရာနံဘေးက ဆောင်ဓားကိုဆွဲကာ တံတိုင်းပေါ် သို့ကျော်ခေါင်တက်လာခဲ့လေသည်။ အပြင်တွင်ကား မနက်ခင်းဝေလီဝေလင်းပင်ရှိသေးသည်။ တပ်မင်းကြီးရှိရာသို့မရောက်ခင်မှာပင် မွန်ဂိုတပ်များဘက်ဆီမှ အိုးစရည်းခန့်ရှိသော မီးလုံးကြီးများသည် ခံတပ်ဆီသို့တဖွဲဖွဲကျလာတော့လေသည်။

ထိုမီးလုံးများထဲမှတစ်လုံးသည်. . . . . .

(၆)

မတ္တရာခံတပ်တစ်ခွင်တွင် မွန်ဂိုတို့၏ မြို့သိမ်းလက်နက်ကြီးများကြောင့် မီးဟုန်ဟုန်းထနေတော့သည်။ ကျော်ခေါင်သည်လည်း မြို့ရိုးပေါ်တက်လာချိန် လောက်လွှဲဆံတစ်ခုကျလာသဖြင့် အနီးသို့လိမ့်ကာရှောင်လိုက်ရသည်။ မတ္တရာခံတပ်အပြင်ရှိ ခံစစ်အတားအဆီးများအကုန်ပျက်စီးကုန်တော့သည်။

"တပ်မင်းကြီး ဟိုကောင်တွေတက်လာပြီ"

ရဲမက်တစ်ဦး၏ အော်သံကြောင့် ကျော်ခေါင်သည်တံတိုင်းထိပ်မှလှမ်းကြည့်လိုက်တော့သည်။ နာမည်ကျော် မွန်ဂိုမြင်းသည်တော်တို့တောင်ကျရေစီးဆင်းလာသည်အလား ချီတက်လာချေပြီ။ တပ်မင်းကြီးရာဇသူလည်း တံတိုင်းပေါ်တွင် စစ်သည်တို့နေရာချနေသလို အခြားတပ်မှူးများကလည်း ဆိုင်ရာအသီးသီးတွင် နေရာယူလိုက်သည်။ ထိုစဉ်ကျော်ခေါင်ဆီသို့ တပ်မင်းကြီး၏ အကြည့်ရောက်သွားသည်။ တပ်မင်းကြီး၏သဘောကို သိသွားသော ကျော်ခေါင်သည် ဘာလုပ်ရမည်ကို သိသွားသည်။ ကျောတွင်လွယ်ထားသော ကာနှစ်ချပ်ကိုဖြုတ်ယူရင်း အမိန့်ပေးလိုက်လေသည်။

"ကာစွဲသူရဲတို့ မြောက်တံခါးဆီကိုသွား တံခါးဆီကို"

ကျော်ခေါင်ဦးဆောင်သော ကာစွဲသူရဲ ၅၀၀ကျော်သည် မတ္တရာမြောက်ဘက်တံခါးတွင် အတန်းလေးတန်းခွဲကာ မားမားရပ်ရင်းအမိန့်ကိုစောင့်နေလေသည်။ ကာစွဲသူရဲများကိုမြင်ဆင်နေစဉ် ကျော်ခေါင်နောက်မှလူတစ်ဦးက သူ့ပခုံးကို လှမ်းပုတ်ရင်းစကားဆိုလိုက်သည်။

"တပ်မှူးကြီးတို့ပင်ပန်းနေသပ ဒီဟာကို ကိုယ်တော့်အရေးလို့သာမှတ်ပါ"

ရင်းနှီးသောအသံကြောင့် ကျော်ခေါင်လှည့်ကြည့်မိသည်နှင့်အံ့အားသင့်သွားသည်။

"အလို မင်းသားပါလား"

တံတိုင်းပေါ်တွင်ကား မြင်စိုင်းစစ်သည်များနှင့် မွန်ဂိုတို့လုံးထွေးသတ်ပုတ်သံတို့က ဘဝဂ်ညံနေတော့သည်။ လှေကားများဖြင့်ထောင်ကာ တက်လာသော မွန်ဂိုတို့ကို လှံဖြင့်ဆီးထိုးသူကထိုး ဆီပူ ပွဲလျက်ပူ လောင်းချသူကလောင်းနှင့် တံတိုင်းပေါ်ရန်သူခြေမချနိုင်အောင် ခုခံနေတော့သည်။ ကျော်လာသမျှရန်သူတို့သည်လည်း မြင်စိုင်းစစ်သည်တို့၏ ဓားသွား လှံဖျားမှာပင်ဇီဝိန်ချုပ်ကုန်သည်။ မွန်ဂိုတို့သည်သာ အထိနာလှသည်မဟုတ် မြို့ရိုးတစ်လျှောက် မြင်းဒုန်းစိုင်းရင်းပစ်ခတ်နေသော မွန်ဂိုမြင်းစီးလေးသည်တော်တို့၏ မြားတံများသည်လည်း မြင်စိုင်းသားတို့၏ လည်မျိုရင်အုံတို့ကိုစိုက်ဝင်လျက်ရှိသည်။

တံတိုင်းပေါ်တက်သမျှအထိနာလာသောအခါ တံခါးဆီသို့မွန်ဂိုတို့ အာရုံစိုက်မိသည်။ မြင်းသည်တော်တို့၏ ပစ်အားအကာအကွယ်ဖြင့် တံခါးဆီသို့ သံထိပ်ဖူးတပ်မြို့တံခါးဖျက်ကိရိယာကြီးကိုယူ ဆောင်လာတော့သည်။ ကြီးမားထုထဲလှသော တရုတ်မဟာတံတိုင်းဂိတ်တံခါးများ လို့ရန်မြို့တော်တံခါးများပင် ဤလက်နက်ကြီးဒဏ်ကိုမခံနိုင်လျှင် မတ္တရာလို ခံတပ်အသေးလေးမှတံခါးသည် ခံနိုင်မည်လော။ မွန်ဂိုစစ်သည်အယောက် ၅၀အားဖြင့် တံခါးဆီသို့ ပြေးဝင်ဆောင့်တော့သည်။ "ဒုန်း" ဟူသော အသံဖြင့် တံခါးရွက်အချို့ကျိုးသွားလေသည်။ နောက်တစ်ချက်တွင်ကား ပွင့်တော့မည်ဟု တံခါးအနီးတွင် ရောက်နေသော မွန်ဂိုစစ်သူကြီး ယော်တာတိန့်စင်တွေးမိတော့သည်။ တံခါးပွင့်ပါက ခံတပ်အတွင်းသို့ဝင်ကာ အကုန်သတ်မည်တွေးနေသော မွန်ဂိုစစ်သူကြီး၏ သွေးဆာနေသောမျက်လုံးအစုံသည် အံ့ဩသဖြင့် ပြူးကျယ်သွားတော့သည်။ အဘယ်ကြောင့်ဆိုသော် နောက်တစ်ကြိမ်ထပ်တိုက်ရန်ပင် မလိုတော့ပေ မြင်စိုင်းသားတို့ခံတပ်တံခါးဖွင့်လေပြီ။

ခံတပ်တံခါးပွင့်သည်နှင့် မြို့တွင်းမှ လှံတိုများသည် အရှိန်ပြင်းစွာဖြင့် မွန်ဂိုတို့ဆီစိုက်စွဲတော့လေသည်။ ထိုလှံတိုများ၏နောက်မှ ချပ်မိန်ညီဝတ်ဆင်ထားသော မြင်းသည်တော်တို့ထက်ကြပ်ပါလာတော့သည်။ မြင်းကို

ဒုန်းစိုင်းရင်း ကျောတွင်လွယ်ထားသော လှံတိုအိတ်ထဲမှလှံတိုထုတ်ပစ်သူ ကပစ် မြင်းဇက်ကိုလွှတ်ကာဘယ်ညာခေးစွဲပြီး လက်မလည်အောင်ခုတ်သူကခုတ်နှင့် သားတော်ငယ်စောယွမ်း၏ မြင်းသည်တော်တို့ အစွမ်းပြတော့သည်။ မြင်းစီးကျွမ်းလှပါသည်ဆိုသော မွန်ဂိုမြင်းတပ်နှင့် မြင်စိုင်းမြင်းတပ်တို့ပထမဆုံးတိုက်ပွဲဖြစ်လေသည်။ သားတော်ငယ်စောယွမ်းတို့မြင်းတပ်က လျှပ်တစ်ပြက်စွန်သုတ်သကဲ့သို့ ထိုးခုတ်အပြီး ချက်ချင်းနောက်သို့ ပြန်ဆုတ်လေသည်။ သားတော်ငယ်၏ တပ်နောက်တွင်ပါလာသည်က တစ်ကျိုကျို ဝမ်းတစ်သံမြည်ကာ မုန်အပြည့်နှင့်တိုက်ဆင်ကြီး ၄၀ ဖြစ်သည်။ တိုက်ဆင်ဦးစီးများကလည်း မွန်ဂိုတို့စစ်သည်လူထုရာကြားသို့ ချွန်းဖွင့်ကာ အတင်းဝင်နင်းကြတော့သည်။ ငဆောင်ချမ်းတွင်ပုဂံဆင်တပ်၏ အင်အားကိုသိထားသော မွန်ဂိုတို့သည် ဤဆင်တပ်လောက်မျှကို မမှုဆိုကာ ပြန်လည်တိုက်ခိုက်တော့သည်၊ သို့သော် မွန်ဂိုတို့နောက်တစ်ကြိမ်မှား ပြန်သည်။ မြင်စိုင်းတိုက်ဆင်များသည်ကား သီးခြားလာသည်မဟုတ်ပေ။ တိုက်ဆင်တစ်စီးစီ၏ ပတ်လည်တွင် ဆင်ခြေဖုံးလှံရှည်ကိုင် ၅၀ ကာစွဲသူရဲ ၅၀စီ လိုက်ပါလာသဖြင့် တိုးမပေါက်ပေ။ ထို့ပြင်တိုက်ဆင်တို့သွားရာလမ်း တစ်လျှောက် မွန်ဂိုတို့အစုစုကွဲကုန်တော့သည်။ အစုစုကွဲကုန်သော တပ်များကို နောက်မှမြင်းသည်တော်တို့က ကောက်သင်းကောက်ချေ မှုန်းပြန်သည်၊ တိုက်ဆင်တို့၏ နှာမောင်းတို့သည် ရှေ့တွင်တွေ့သမျှ ရန်သူတို့ကို လိမ်ညှစ်ကိုင်ဆောင့် အစွယ်ဖြင့်ထိုး ခြေနှင့်နင်းခြေပစ်ကြရာ စစ်ထိုးရာတွင် မကြောက်လန့်တတ်သော မွန်ဂိုတို့သွေးပျက်စပြုလာသည်။

ရှေ့ဆုံးတိုက်ဆင်ကြီး၏ ဘေးတွင်နေရာယူတိုက်ပွဲဝင်နေသော ကျော်ခေါင်၏ လက်နှစ်ဖက်သည်လည်း စကြာလှည့်သလို လှုပ်ရှားနေရတော့သည်။ ဆင်အားလှံဖြင့်ထိုးရန်ပြေးဝင်လာသော မွန်ဂိုစစ်သည်တို့၏ မျက်နှာအား ဘယ်ဘက်ကာဖြင့်ဖြတ်ရိုက်ရင်း တားဆီးနေသလို ညာဘက်ကာအသွားဖြင့် လှံရိုးကိုချိုးဖြတ်လိုက်သည်။ ထိုစဉ် မွန်ဂိုမြင်းသည်တစ်ဦးက ကျော်ခေါင့်ဆီသို့ ဒုန်းစိုင်းဝင်လာတော့သည်။ ကာစွဲသူရဲသည် မြင်းသည်တော်နှင့်ယှဉ်မည်ဆိုလျှင် သုံးဦးခန့်စုဖွဲ့မှသာခံနိုင်မည်ဖြစ်သည်။ ယခု

ကျော်ခေါင်တစ်ဦးတည်းသာဖြစ်ချေပြီ။ သို့သော် ထိုမြင်းသည်တော်သည် ကျော်ခေါင့်ဆီမရောက်ခင်မှာပင် တံစို့ထိုးခံလိုက်ရတော့သည်။ ဆင်ခြေဖုံး လှံရှည်ကိုင်တစ်ဦး၏ လှံရှည်ဖျားတွင် မြင်းရောလူပါထိုးဖောက်သွား တော့သည်။ ဤသည်မှာ လွန်ခဲ့သောခြောက်လအတွင်း အရှေ့အိမ်တော် တွင် ကျော်ခေါင်တို့လေ့ကျင့်ထားသော စစ်ဆင်နည်းပင်ဖြစ်တော့သည်။ တိုက်ဆင်အား ဆင်ခြေဖုံးတို့ကကာကွယ်မည် ထိုဆင်ခြေဖုံးများအား ကာစွဲသူရဲတို့ကဒိုင်းတို့အားနည်းသော အနီးကပ်တိုက်ခိုက်ခြင်းတွင် ကာကွယ်မည် ခြေလျင်ကို မြင်းဖြင့်အထောက်အပံ့ပြုမည် ကာစွဲသူရဲက ဆင်ခြေဖုံးကိုကာကွယ်သလို ကာစွဲသူရဲတို့ပျော့ကွက်ဖြစ်သော မြင်းတပ်အား ဆင်ခြေဖုံးလှံရှည်တို့က အားဖြည့်မည် ဟူသော စနစ်တကျပူးပေါင်းတိုက် ခိုက်ခြင်းသည် ယခုလက်တွေ့တွင် အသုံးကျလာတော့သည်။ မကြာခင် မှာပင် မွန်ဂိုတပ်နောက်ကျောဆီမှ စစ်ဆုတ်တံပိုးသံထွက်ပေါ်လာပြီး မွန်ဂိုတို့စစ်ဆုတ်သွားတော့သည်။

"ကြည့်စမ်း ရန်သူတွေက ဒီလောက် အထိနာသွားခဲ့တာတောင် အုပ်စည်းမပျက် စစ်ဆုတ်သွားခဲ့နိုင်တာပ"

ကျော်ခေါင်အနားဆီသို့ ရောက်လာသော သားတော်ငယ် စောယွမ်း၏ ရန်သူအပေါ်သုံးသပ်ချက်သည် မှန်သည်ဟု ကျော်ခေါင် ထင်သည်။ မင်းသားအားကြည့်နေစဉ်မှာပင် ကျော်ခေါင်၏အမြင် အာရုံ တို့ဝေဝါးလာတော့သည်။ စိတ်ဆောင်၍သာတိုက်ပွဲဝင်သော်လည်း ယခင် ဒဏ်ရာများနှင့် ယခုရသောဒဏ်ရာတို့မှ သွေးစိမ်းရှင်ရှင် ယိုစီးကျလျက် ရှိနေရာ သွေးလွန်သွားဟန်ပေါ်သည်။ တိုက်ပွဲပြီးသည်သေချာသွားသဖြင့် စိတ်လျော့ချလိုက်ရာ ကျော်ခေါင်တစ်ယောက် အရုပ်ကြိုးပြတ်ပြိုလဲသွား တော့သည်။

"တပ်မှူးကြီး တပ်မှူးကြီး"

သူ့အားပြေးပွေ့ကာ လှုပ်ယမ်းခေါ်နေသော စောယွမ်းမင်းသား ၏အသံသည် ကြားတစ်ချက်မကြားတစ်ချက်ဖြင့် ကျော်ခေါင့်အသိစိတ်တို့ သည် အမှောင်ထုတွင်းဆီသို့ကျရောက်သွားတော့သည်။ သို့သော် လက်နှစ်

ဖက်တွင်စွဲကိုင်ထားသော ကာများကိုကား စွဲစွဲမြဲမြဲဆုပ်ကိုင်ထားလျက်။

* * *

"တောက် ဒီလိုခံတပ်ငယ်က တို့တပ်ကြီးကိုတားတာ တစ်ပတ်ကျော်ရှိနေပြီ မင်းတို့ဘာလုပ်မလဲ"

မြင်းနို့သေရည်ခွက်ကို စားပွဲပေါ် ဆောင့်ချရင်း မွန်ဂိုစစ်သူကြီးလေးဦးအနက် အသက်အကြီးဆုံးဖြစ်သော မော်ရာတိန့်စင်မေးလိုက်လေသည်။ သူ့ရှေ့တွင်ထိုင်နေသော စစ်သူကြီးသုံးဦးမှာလည်း ကြိတ်မနိုင်ခဲမရဖြစ်နေသည်။ အဆိုးဆုံးက ယော်တာတိန့်စင်ပင်ဖြစ်သည်။ လွန်ခဲ့သောသုံးရက်ခန့်ကမြို့တံခါးဝတိုက်ပွဲတွင် တိုက်ဆင်တစ်စီးလက်ချက်ဖြင့် ပေါင်ကျိုးလက်ကျိုးသွားသဖြင့် ယခု မြင်းပင်မစီးနိုင်တော့ပေ။ ကျပ်စည်းထားသော လက်နှင့်ခြေထောက်ကနာလေတိုင်း မတ္တရာခံတပ်တွင်းရှိ မြင်စိုင်းသားတို့ကို နုတ်နုတ်စဉ်းချင်နေလေသည်။ သို့သော် မတ္တရာတွင် မြင်စိုင်းတပ်ကူတို့ရောက်လာသဖြင့် အောင်ပွဲအတွက် လက်တစ်ကမ်းအလိုတွင်ဆက်မလှမ်းနိုင်ဖြစ်နေသည်။ မွန်ဂိုတပ်စခန်းတွင်းတွင်လည်း ဒဏ်ရာရစစ်သည်များ ဖျားနာစစ်သည်များ၏ အော်သံ ညည်းညူ သံတို့ဟိုတစ်စဒီတစ်စ ထွက်ထွက်လာပြန်သည်။

"စစ်သူကြီးဆွန်းဝူ(ဆွန့်ဇု) ရဲ့ စကားကိုမင်းတို့မှတ်မိလား ရန်သူတပ်ရဲ့နောက်ကျောကိုလှမ်းမြင်အောင်ကြည့်တတ်ရမယ်ဆိုတာလေ"

"ဘာများလဲဗျ"

"စစ်မြေပြင်တွင် မိမိတို့သည် ပင်ပန်းဆင်းရဲကြလေ၏။ သို့သော် တစ်ဖက်ရန်သူမှာလည်း ပင်ပန်းနေမည်ကို သတိပြုပါ ဆိုတာလေကွာ"

"စစ်သူကြီးပြောတာကျွန်တော်သဘောပေါက်ပြီ"

စစ်သူကြီးလေးဦးတွင်အသက်အငယ်ဆုံး မော်ရိယတိန့်စင်က ဝင်ပြောလိုက်သည်။

"အခု ကျုပ်တို့တပ်တွေ အထိနာနေသလို တစ်ဖက်တပ်တွေလည်း နာနေမှာပဲ တိုက်ပွဲတွေစကတည်းက ကျုပ်သတိထားမိတယ် လက်နှစ်ဖက်မှာ ဒိုင်းလိုလိုဘာလိုလိုကိုင်ထားတယ့်ကောင်တွေဆို ဒီမနက်တိုက်ပွဲမှာ

တောင် ပထမဆုံးနေ့ကလို အင်အားသိပ်မရှိတော့ဘူး နည်းနည်းပဲကျန်တော့တယ် အခြားစစ်သားတွေလည်း ဒီလိုပဲ တဖြည်းဖြည်းလျော့လာနေပြီ။ ဒီတော့ မနက်ဖြန်ကျုပ်တို့တပ်တွေ အနားမခံတော့ဘူး အဝေးကနေတိုက်မယ်"

"ဘယ်လိုတိုက်မှာလဲ မော်ရိယ"

စစ်သူကြီးမော်ရာက စိတ်ဝင်စားလာဟန်ပေါ်သည်။

"ဒီလိုဗျ နက်ဖြန်မနက်လင်းကတည်းက မြို့ထဲကို မီးမိုးရွာလိုက်တာပေါ့ဗျာ ဟားဟားဟား"

မော်ရိယတိန့်စင်က ပြောလည်းပြော ရယ်လည်းရယ်မောလိုက်သဖြင့် အခြားစစ်သူကြီးများ သဘောပေါက်သွားလေသည်။ မော်ရိယတိန့်စင်၏ အကြံမှာ. . . . . . .

(၇)

"ရေပေးပါ ရေ"

မျက်ခွံတို့ကျိန်းစက်လှသလို တစ်ကိုယ်လုံးကိုင်ရိုက်ထားသလို ပင်ဖြစ်သည်။ ထိုနာကျင်မှုတို့ထက် ရေငတ်သောဝေဒနာက ကျော်ခေါင့်ကို ဖိစီးနေလေသည်။ ယခုသတိရလာသည်နှင့် ရေကိုသာတမိတော့သည်။ နှုတ်ခမ်းဖျားသို့ အေးမြသောရေစက်တို့၏ အထိအတွေ့ကို ခံစားမိသည်နှင့် ခြောက်ကွဲနေသော လျှာသည် ထိုအရည်ဓာတ်ကို အငမ်းမရသိမ်းယူတော့သည်။ အေးမြပေစွ ချိုမြပေစွ။ ထိုရေကိုသောက်သုံးမိသည်နှင့် အားအင်လန်းဆန်းလာသလို အမြင်အာရုံပါတဖြည်းဖြည်း ကြည်လင်လာတော့သည်။ လေးလံလှသော မျက်လုံးအစုံကို အားတင်းဖွင့်အပြီးတွင် ကျော်ခေါင်တစ်ယောက် အံ့ဩသွားတော့သည်။ ဒါ ငါ့တဲမဟုတ်ပါလား ဟူသောအသိနောက်တွင် ယခု ဘယ်နေရာရောက်နေသည်ကို ကျော်ခေါင် အံ့ဩနေမိတော့သည်။ မှန်ပေသည် မြင်စိုင်းမြို့ အရှေ့အိမ်တော်၏ အဆောင်တစ်ခုတွင် ကျော်ခေါင်ရောက်နေချေပြီ။ ခုနင်က ရေတိုက်ကျွေးသောသူမှာ သူ၏လက်စွဲသွေးသောက်ကြီး ငထက်ပင်ဖြစ်တော့သည်။

"တပ်မှူးကြီး သတိရလာတာ ဝမ်းသာတာပ ကိုယ်တော်လေး တောင် ခုနကတင်လာကြည့်သွားသေးတယ်"

"သွေးသောက်ကြီး ကျုပ်ကဘယ်လိုလုပ် ဒီကိုရောက်လာတာလဲ မတ္တရာခံမြို့ရော ကျုပ်လူတွေရော"

အိပ်ရာမှလူးလဲထလာသော ကျော်ခေါင်ကို သွေးသောက်ကြီးက ဖေးမတွဲထူရင်း မေးတာကိုဖြေလိုက်လေသည်။

"မပူပါနဲ့တပ်မှူးရဲ့ အကုန်မြင်စိုင်းပါလာသပ စစ်သည်အချို့ ကတော့ မတ္တရာမှာကျကျန်ရစ်ခဲ့တယ် တပ်မှူး သတိမေ့နေတာ သီတင်း နှစ်ပတ်တောင်ရှိပြီ မင်းကြီးအမိန့်တော်အရ ကိုယ်တော်လေးစောယွမ်း ကိုယ်တိုင် ဦးစီးပြီးမတ္တရာက စစ်ဆုတ်လာတာ. . . . . "

သွေးသောက်ကြီးပြောစကားအရ ကျော်ခေါင်သည် ဖြစ်ပျက်လုံး စုံကို တဖြည်းဖြည်းသိလာလေသည်။ မတ္တရာတွင် သူသတိမမေ့ခင်က သားတော်ငယ်စောယွမ်း တပ်ကူတို့နှင့်ချီလာသည်ကိုအမှတ်ရသည်။ မွန်ဂိုစစ်သည်တို့ကို မတ္တရာခံတပ်ရှိ အင်အားဖြင့်ကြာကြာတောင့်မခံနိုင် သည်ကို သဘောပေါက်သော မင်းကြီးသီဟသူက သားတော်သုံးပါးလုံးကို စစ်ချီစေသည်။ ကျော်ခေါင်တို့တိုက်ပွဲအပြင်းအထန်ဖြစ်နေစဉ် ရှေ့ဖျားချီ သားတော်ငယ်၏စစ်ကူတို့ အချိန်မီရောက်လာခြင်းဖြစ်သည်။ ခံတပ်အား ခုနစ်ရက်သာခုခံပြီး ရှစ်ရက်မြောက် နံနက်အစောတွင် မတ္တရာခံမြို့ရှိစစ်သည် များအားလုံးတိတ်တဆိတ်စွန့်ခွာခဲ့သည်။ သို့သော် ရန်သူအလောင်းများ အား တံတိုင်းပေါ်တွင် သပ်စွဲကာ မြင်စိုင်းသားတို့စောင့်နေဟန်ပြုသဖြင့် မိမိတို့တပ်ဆုတ်သည်ကို မွန်ဂိုတို့မရိပ်မိပေ။ ထိုအလောင်းကောင်များအား မြင်စိုင်းသားများအထင်ဖြင့် မွန်ဂိုစစ်သူကြီး မော်ရိယတိန့်စင်သည် တစ်ရက်လုံး တာဝေးပစ်လေးသည်တော်များ မီးမောင်းလောက်လွှဲကြီး များဖြင့် ပစ်ခတ်နေသည်မှာ တပ်ဆုတ်လာသောမြင်စိုင်းရဲမက်တို့အတွက် ဟာဒယရွှင်ဆေးသဖွယ်ပင်ဖြစ်သည်။

တစ်ရက်လုံးအရှုးလုပ်ခံလိုက်ရသောမွန်ဂိုတို့သည် မတ္တရာခံမြို့ အတွင်းသို့ရောက်သည်နှင့် ဒေါသယမ်းပုံပေါက်ကွဲတော့သည်။ မတ္တရာခံ

တပ်အတွင်းတွင် မီးလောင်နေသော မြားတံစွဲနေသော အလောင်းတို့သည် မြင်စိုင်းသားတို့မဟုတ်ဘဲ မိမိတို့လူများသာဖြစ်ကြောင်းသိသည်နှင့် မော်ရိယတိန့်စင်သည် ဒေါသကြီးစွာဖြင့် တပ်ဆုတ်သွားသော သားတော် ငယ်စောယွမ်းနောက်သို့လိုက်လေတော့သည်။ သို့သော် ကျောက်ထရံ အရပ်တွင် သားတော်ကြီးဥဇနာ သားတော်လတ်ကျော်စွာတို့က ဆင် ၈၀ မြင်း ၃၀၀ ခြေလျင် ၆၀၀၀ ဖြင့်ကြားဖြတ်ချုံခိုတိုက်ရာ မော်ရိယတိန့်စင် တိုက်ပွဲကျပြီး မွန်ဂိုတို့စစ်ဦးရပ်သွားတော့သည်။ မြင်စိုင်းတပ်များကလည်း မြင်စိုင်းဆီသို့ပြန်ဆုတ်သလို မွန်ဂိုတို့လည်း မတ္တရာသို့ပြန်ဆုတ်ခွာသွားခဲ့ သည်။ ယုန်ချန်(ကူမင်း)မှ မွန်ဂိုမင်းသားက ၎င်း၏ တပ်များအားနည်း နေသည်ကိုသိသဖြင့် စစ်ကူ ၂၀၀၀၀ ထပ်မံစေလွှတ်ခဲ့ရာ ယခုအခါ စစ်ကူ ရောက်သည်နှင့် မွန်ဂိုတို့မြင်စိုင်းသို့ချီလာတော့ပေမည်ဖြစ်သည်။ ကျော်ခေါင် သည်လည်း မတ္တရာတိုက်ပွဲတွင် အနာသည်းသဖြင့် မြင်စိုင်းအထိခေါ်ယူကာ ဆေးကုနေရတော့သည်။

"တပ်မှူး ဟိုမှာ နန်းတွင်းက သင်းခွေပန်းကုံးခွေလေးတွေ နေ့တိုင်းတော့လာပို့နေတာပ ဘယ်သူပို့လဲတော့ ကျုပ်အတပ်မသိ မေးလည်း မဖြေဘူး"

တိုက်ပွဲအကြောင်းများပြောအပြီး သွေးသောက်ကြီးက ခုတင် ခေါင်းရင်းသို့ ညွှန်ကာပြောလိုက်သဖြင့် ကျော်ခေါင့်အကြည့်တို့သည် ထိုနေရာသို့ရောက်သွားတော့သည်။ ဖြူလွှလွှအဆင်းတွင် ခရမ်းသွေး ဖောက်နေသော သင်းခွေပန်းကုံးလေးများသည် လေပြည်အနေ့တွင် တဖျပ်ဖျပ်လှုပ်ခါနေသည်။ သွေးသောက်ကြီးက ဘယ်သူပို့လဲမသိဆို သော်လည်း ကျော်ခေါင်အတွက်မူ မည်သူမှန်းအတပ်သိလိုက်လေတော့ သည်။

* * *

ကျော်ခေါင်၏ နာလန်ထကာလမှာသိပ်မကြာပေ။ မတ္တရာတိုက် ပွဲတွင် စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သော တပ်မှူးလည်းဖြစ် ဘုရင်နှင့်သား တော်လတ်၏ ဂရုပြုမှုကိုရနေသူမို့ ဆေးကောင်းဝါးကောင်းများဖြင့်

နန်းတွင်းသမားတော်များ ကုသပေးလေရာ သုံးရက်ခန့်အတွင်း အနာသက်သာကာ ကျန်းမာလာသည်။ အိပ်ရာပေါ်နေရသည်ထက် လှုပ်ရှားနေသည်ကိုသာ ပိုနှစ်သက်သော ကျော်ခေါင်သည် အိမ်တော်မှာနေသည်ထက် လေ့ကျင့်ရေးစခန်းတွင်ပင်အနေများသည်။ မနက်မိုးလင်းကတည်းကထွက်သွားကာ ညအိပ်ချိန်မှပြန်ရောက်လာတတ်ပြီး သူပြန်လာတိုင်းအခန်းတွင်းတွင် သင်းခွေပန်းကုံးအသစ်များနေ့စဉ် ရောက်နေစမြဲပင်။

သို့သော် ထိုကိစ္စနှင့်ပက်သက်၍ ဘာစကားမှမဆိုသဖြင့် သွေးသောက်ကြီးငထက်ခမျာ သူ့တပ်မှူးကို နားမလည်ပေ။

မြင်စိုင်းတွင်လည်း ရန်သူတို့ရောက်မည့်အချိန်မှာ နေ့လားညလားဖြစ်နေသဖြင့် ပြင်ဆင်မှုတို့က နေ့ရောညပါပြုလုပ်နေရသည်။ သူ့ကျွန်ဖြစ်ရသည်ထက် တိုက်ရင်းသေရသည်မှာ မြတ်၏ဆိုသော အတွေးရှိသူမြန်မာတို့သည် အနယ်နယ်ဆီမှ စစ်ကူတို့တဖွဲဖွဲရောက်လာတော့သည်။ တောင်တွင်းနယ် မင်းဘူးနယ် ထီးလှိုင်နယ်တို့မှ စစ်ကူအဖွဲ့ငယ်များ ရောက်လာသလို မြင်စိုင်းသီဟသူ၏ နောင်တော်ကြီးဖြစ်သော ပင်လယ်စားရာဇသင်္ကြန်၏တပ်များပါ အင်အားအလုံးအရင်းနှင့် စစ်ကူချီလာတော့သည်။ သို့သော် ယခုထိ မြင်စိုင်း၏ အင်အားသည် မွန်ဂိုတို့၏ သုံးချိုးတစ်ချိုးခန့်သာရှိသေးသည်။ ယခုလည်း သားတော်လတ်နှင့်အတူ တပ်များလိုက်စစ်နေရင်း ကျော်ခေါင် အတွေးမျှင်တန်းနေမိပြန်သည်။

"ရောင်းရင်း စစ်ကူလာတဲ့တပ်တွေက အခြေအနေဘယ်လိုရှိသလဲ"

"လက်ရွေးစင် သူရဲတွေစုလာတယ်ဆိုပေမင့် လေ့ကျင့်မှုတော့လိုသေးတာပ။ ဒါပေမဲ့ လိုအပ်ချိန်မှာ ရောက်လာတာကတော့ တစ်အားတက်စရာပေါ့မင်းသားရဲ့။ ပင်လယ်တပ်ကတော့ လေးသည်ကောင်းတွေပါလာတော့ လိုနေတဲ့ ကွက်လပ်တစ်ခုတော့ပြည့်တယ်"

ကျော်ခေါင့်ပြောစကားကို သဘောကျဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"စိတ်ခတ်ပေါ့ ရောင်းရင်းရဲ့ ဘုရင်ညွှံလို့သာ ကျုပ်တို့စစ်ရှုံး

ခဲ့လိမ့်မယ် လူစွမ်းလူစတော့မည့်ပေဘူး တွေ့သမျှ ဂူကျောင်းပုထိုးမကျန် ဖျက်ဆီးမီးတိုက်လုယက်နေတဲ့ လူပေါ်သွမ်းဆယ်ယောက်ထက် ကိုယ့်အမိမြေကိုကာကွယ်မယ့် စစ်သည်တစ်ဦးက ပိုမြတ်ပါတယ်လေ”

“ဟုတ်တာပ မင်းသားရဲ့ မေးမယ်မေးမယ်နဲ့ မမေးဖြစ်ဘူး ပင်လယ်တပ်တွေက ဆင်ရေးမြင်းရေးတော့ ကျုပ်တို့ထက်ညံ့ပြီး မြားရေးကဘောက်မဲ့ကြောင့် အလွန်သာနေရသလဲ မသိဘူး”

“ဘကြီးတော်နဲ့ဆိုင်မယ်ထင်ပ သူကိုယ်တိုင်ကိုက လေးအတတ်ကို အလွန်လိုက်စားတာမဟုတ်လား ပြီးတော့ ပင်လယ်ရဲ့တည်နေရာကိုက တောင်ထိပ်မြို့တည်ထားတော့ လေးသည်ကောင်းတွေများရင်လွယ်လွယ်နဲ့မြို့မကျမဘူးလေ ဒီတော့. . . . . ”

သားတော်လတ်စကားမဆုံးမီမှာပင် မြို့ရိုးထိပ်ဆီမှာ စူးနစ်သောတံပိုးသံရှည် သုံးချက်ဆင့်ပေါ်လာတော့သည်။ ရန်သူတို့ချီတက်လာခဲ့ချေပြီ။

* * *

ထောင်သောင်းမကသော မွန်ဂိုတပ်တို့သည် မြင်စိုင်းသို့ရောက်ရှိလာခဲ့ချေပြီ။ မြင်စိုင်းသည်ကား နွားမွေးများကြားမှ ဦးချိုသဖွယ် ထီးထီးရပ်တည်နေလေတော့သည်။ မွန်ဂိုတပ်ဦးတွင် မွန်ဂိုစစ်သူကြီးများအပြင်ပါလာသည့်လူတို့ကထူးဆန်းလှသည်။ ပုဂံဘုရင်စောမွန်နစ်နှင့် နောက်ကရထားလုံးပေါ်တွင် မိဖုရားစော။

“တောက် ဘုရင်သာဆိုတယ် အသားထဲကလောက် ဘေးလောင်းတော် ဘိုးလောင်းတော်တို့ရဲ့ မျိုးရိုးဂုဏ်ကိုမှမထောက် ဖောက်ပြန်တဲ့အကောင် ထွီ”

ပင်လယ်စား ရာဇသင်္ကြန်သည် ဒေါသထွက်လွန်းသဖြင့် ဝါးလက်စကွမ်းကိုပင် ထွေးထုတ်ကာ ရေရွတ်လိုက်သည်။ ထို့နောက် နောက်တွင်ရပ်နေသော တပ်မှူးတစ်ဦးအား လက်ဟန်ပြလိုက်သည်။ ထိုတပ်မှူးကျောတွင်လွယ်ထားသော ကတ္တီပါအိတ်ရှည်ကြီးကို ဖြုတ်ကာ ပင်လယ်စားဆီကမ်းလိုက်တော့သည်။ ထိုအိတ်ထဲမှထွက်လာသည်ကား လူတစ်ရပ်လောက်နီးနီးမြင့်သော လေးကိုင်းကြီးတစ်ခုပင်ဖြစ်သည်။

"ကိုင်း ငါ့ညီတော်တို့ တူတော်တို့ တို့ပင်လယ်မြို့က လေးသည်တော်ဆိုတာ ဘာဖြစ်လို့နာမည်ကျော်လဲပြရတာပ ဟိုးက စောမွန်နစ်ဆောင်းထားတဲ့ဖောင်းကိုမြင်လား အဲသဟာကို ကြည့်ထား"

လေးကြိုးတပ်ဆင်နေရင်း ရာဇသင်္ကြန်က ပြောလိုက်သည်။ လေးကြိုးဆင်ပြီးသည်နှင့် လေးညှို့တစ်ချက်ဖြန်းကြည့်လိုက်လေသည်။ "ဖောင်း"ဟူသောအသံနှင့်ပင် လေးညှို့သံပြင်းပေစွ။ ရာဇသင်္ကြန်လည်း လေးညှို့ငင်ရင်း စောမွန်နစ်ဆီ ပစ်လွှတ်လိုက်လေသည်။ ထိုအဖြစ်အပျက်တို့သည် မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း ဖြစ်ပွားခဲ့တော့သည်။ မွန်ဂိုတပ်ဦးတွင် ခေတ္တမျှ ရှုပ်ထွေးသွားအပြီးတွင် မည်သို့မည်ပုံဖြစ်သွားသည်ကို မြင်လိုက်ရတော့သည်။ မွန်ဂိုစစ်သူကြီးတို့အံ့အားသင့်နေသလို စောမွန်နစ်မှ မျက်နှာတွင်သွေးမရှိတော့ချေ။ ရာဇသင်္ကြန်ပစ်လိုက်သောမြားသည် စောမွန်နစ်ခေါင်းပေါ်ရှိ ဖောင်းမှစလူဖူးထိပ်ကို စိုက်ဝင်ကာကျွတ်ကျစေတော့သည်။ လေးမြားအတတ်ကျွမ်းလှပါသည်ဆိုသော မွန်ဂိုတို့ပင် ဤမျှတိကျသောပစ်ချက်မျိုးမမြင်ဖူးပေ။ ရာဇသင်္ကြန်ပစ်လွှတ်လိုက်သော လေးအတတ်သည်ကား လေးအတတ်လေးမျိုးထဲမှ သားမြီးမျှင်အားနှစ်ခြမ်းကွဲအောင် ပစ်ခတ်ခြင်းနည်းပင်ဖြစ်တော့သည်။ ခေါင်းမှဖောင်းပြုတ်ကျသဖြင့် ထိတ်လန့်သွားသော စောမွန်နစ်သည် ဒေါသပြင်းထန်စွာထွက်လာသဖြင့် မွန်ဂိုစစ်သူကြီးတို့အား တစ်စုံတစ်ရာလှမ်းပြောလိုက်တော့သည်။ မကြာခင်မှာပင် မွန်ဂိုတို့၏ ကျွဲချိုတံပိုးသံ ဗုံသံတို့ဟိန်းထွက်လာသလို တစ်ဖက် မြင်စိုင်းဆီမှာလည်း တိုက်စည်တိုက်မောင်းသံတညံညံဖြင့် မြင်စိုင်းတိုက်ပွဲကြီးစတင်တော့လေသည်။

## (၈)ဇာတ်သိမ်း

မြင်စိုင်းမြို့ရိုးတစ်လျှောက် ဓားကျိုးလှံကျိုးများ မြားတံများသွေးကွက် သွေးစများ ဖြင့်ပြည့်နှက်နေလေတော့သည်။ မြို့ပြင် ကျုံးဟိုဘက်ဆီနှင့် ကျုံးတွင်းတွင်ကား မွန်ဂိုစစ်သည်တို့၏အလောင်းများ ဟိုတစ်စဒီတစ်စပြန့်ကျဲနေလေတော့သည်။ အို စစ်၏ အနိဋ္ဌာရုံမြင်ကွင်းပါတကား။

မြင်စိုင်းသို့မွန်ဂိုတို့တိုက်ခိုက်နေသည်မှာ သီတင်းနှစ်ပတ်ကျော်လာခဲ့ချေပြီ ယခုထိမြင်စိုင်းသည် ကြံ့ကြံ့ခံနေဆဲဖြစ်သည်။

"တပ်မှူးကြီးကျော်ခေါင် နားတော့လက္ကွယ် မောင်မင့်က ကျန်းမာတာမှမဟုတ်ပါစ"

တံတိုင်းတစ်လျှောက် မိမိဘက်မှ ကျဆုံးဒဏ်ရာရသူတို့ကို သူ့တပ်သားများဖြင့် မြို့ရိုးအောက်သို့ ချီပွေ့သယ်ဆောင်နေသော ကျော်ခေါင်အား ယခုမှမြို့ရိုးပေါ်တက်လာသော အိမ်ရှေ့မင်းဥဇနာက ကရုဏာဖြင့် စကားဆိုတော့သည်။ မင်းသားသုံးပါးထဲတွင် ဥဇနာသည် စရိုက်ထူးခြားသောမင်းသားလည်းဖြစ်သည်။ စစ်ရေးကြုံလာသော် ရှပ်ရှပ်ချွံချွံတိုက်သော်လည်း ကျန်သောအချိန်တွင် မင်းသားတစ်ပါးကဲ့သို့ မနေသူဖြစ်သည်။ နန်းဦးကျောင်းဆရာတော်ဆီ တရားဆွေးနွေးလျှင်ဆွေးနွေး ဒါမှမဟုတ် မြို့ပြင်အသည်သားလယ်သမားများနှင့် အတူလယ်ယာလုပ်ငန်းလုပ်ချင်လုပ်နေတတ်သူ ဖြစ်လေရာ အရှေ့အိမ်တော်တွင်အနေနည်းလှသည်။ ယခုလည်း စစ်နားချိန် မိမိတို့ဘက်မှ ထိပါးရှုနသူတို့ကို ပြုစုပေးရန် မြို့ရိုးပေါ်တက်အလာတွင် ကျော်ခေါင်နှင့်ဆုံမိခြင်းသာဖြစ်သည်။

"ကိုယ်တော်ကြီး အပြစ်တင်လည်းခံပါ့မယ် စစ်မက်ရေးကြုံနေစဉ် သူနာတဲထဲတော့မနေလိုပါ ကျွန်တော်မျိုး မြင်းတစ်စီး ဓားတစ်လက်နိုင်ပါသေးတယ်"

စစ်မာန်ကြွနေသော ကျော်ခေါင်ကို မင်းသားကြီးက နှစ်မြို့က်ဟန်ဖြင့် ခေါင်းညိတ်ပြလိုက်တော့သည်။

"ကိုင်း သဟာဆိုလည်း တပ်မှူးကြီးသဘောပ ကဲအရှေ့အိမ်တော်အမှုထမ်းတွေ တပ်မှူးကြီးတို့ကိုကူပြီးဆောင်ရွက်ပေးလိုက်ကြ ကိုယ်တော်လည်းဟိုဘက်က အခြေအနေသွားကြည့်ပေဦးမယ်"

* * *

"နာလှချည့်အမိရေ"

"အား မြတ်စွာဘုရား"

မြင်စိုင်းမြို့တွင်း သူနာထားရာတဲများဆီတွင် ဒဏ်ရာရစစ်သည်

များ၏ ညည်းညူ သံတို့ဝေစီနေတော့သည်။ မွန်ဂိုတို့၏ မြားမိုးများက မြင်စိုင်းသားတို့ကို ဒဏ်ရာပြင်းထန်စေခဲ့သည်။ အထူးထူးစီရင်ထားသော မွန်ဂိုတို့၏ မြားခေါင်းများသည် ဆွဲနုတ်သော် အသားစိုင်တို့ ဖွာလန်နေမှသာ ထွက်သဖြင့် ခွဲထုတ်ရပြန်သည်။ မြင်စိုင်းရှိ နန်းတွင်းသမားကျော်များ တပ်သမားတော်များ အရပ်ဆေးဆရာများပါမကျန် ဤနေရာတွင်စုံညီနေတော့သည်။ အနာခွဲသူကခွဲ ဆေးထောင်းသူကထောင်း ကျပ်စည်းသူက စည်းနှင့် ရှုပ်ပွေနေတော့သည်။ ဒဏ်ရာရစစ်သည်များကိုပြုစုနေသူတို့က နန်းတွင်းအပျိုတော်များပင်ဖြစ်သည်။ ဤစခန်းသည်ကား တောင်နန်းမိဖုရားကြီးကိုယ်တိုင် ဦးဆောင်နေသဖြင့် ဆေးဝါးနှင့်ရင်းနှီးသော နန်းတွင်းသူတို့သည်လည်း ရောက်နေရတော့သည်။

ထိုနန်းတွင်းသူတို့ထဲမှ ကျော်ခေါင်မြင်သည်မှာ တစ်ဦးတည်းပင်တည်း။ စောမိငယ်။ ထိုမိန်းမပျိုလေးမှာလည်း မြင်နေကျ နန်းတွင်းအဝတ်အစားများနှင့်မဟုတ်တော့ဘဲ သာမန်အသည်သူလိုဝတ်ကာ ဒဏ်ရာရစစ်သည်တစ်ဦးအား ယက်မန်းရည်တိုက်ကျွေးနေရှာတော့သည်။ လည်မျိုတွင် မြားရှပ်မှန်ထားသဖြင့် ယက်မန်းရည်ကိုပင် မနည်းမျိုနေရှာသော စစ်သည်အား စိတ်ရှည်လက်ရှည်တိုက်နေသော သူမအား ကျော်ခေါင်တစ်ယောက် စိတ်ကြည်နူးမှုဖြင့်ကြည့်နေတော့သည်။ ယက်မန်းရည်တိုက်ကျွေးအပြီး ပြန်အလှည့်တွင် စောမိငယ်သည် ကျော်ခေါင့်ကို မြင်မိတော့သည်။

"အို မောင်ကြီးပါလား ဘဇာကြောင့်ဒီကိုရောက်လာသလဲ ဒဏ်ရာများရလာသလား"

နံဘေးသို့အပြေးလေးရောက်လာကာ စိုးရိမ်တကြီးမေးသော စောမိငယ်နှင့်တွေ့သော် ကျော်ခေါင်အာစေးမိနေတော့သည်။ ကြောင်တက်တက်ကြည့်နေသော ကျော်ခေါင်အား စောမိငယ်က မျက်စောင်းထိုးကာ ကျော်ခေါင့်တွင် ဒဏ်ရာရမရ ကြည့်လိုက်တော့သည်။

"ဒဏ်ရာရယ်တော့ အပြင်းအထန်မရပါဘူး နှမရဲ့ စစ်မြေပြင်ဆိုတော့ မဆိုစလောက်အရှအနာတော့ရသပ"

"မောင်ကြီးပြောလိုက် ဒီလိုချည်းပဲ ကဲ ပောဒီခုတင်မှာခဏထိုင် အဲဒီချပ်မိန်ကြီးကိုချွတ်လိုက်ဦး"

"ပဇာလုပ်မလို့တုံး"

"ဆေးထည့်မလို့တော်ရေ မောင်ကြီးအနာတွေက ကောင်းကောင်း ကျက်သေးတာမဟုတ်ဘူး အခုလို စစ်အချိန်မှာ ညှော်မိမှာပဲ ငန်းဖမ်းသွား ရင် မြင်စိုင်းအတွက် ဓားတစ်စင်းလျော့မှာစိုးလို့တော်ရေ့ ဟုတ်ပြီလား"

ကျော်ခေါင်လည်း ကလေးငယ်လို နှုတ်ခမ်းစူကာ ပွစိပွစိဖြင့် ပြော လိုက်သော စောမိငယ်အား သဘောကျကာ တဟားဟားရယ်ရင်း ခုတင် တွင်ထိုင်ကာ ချပ်မိန်ညိုကိုချွတ်ရန်ပြင်လိုက်သည်။ နံဘေးတွင်ချည်ထား သော သားရေကြိုးများကို ဖြေမည်အလုပ်တွင် ထိထားသောဒဏ်ရာ တို့ကနာသဖြင့် ဆက်မဖြေနိုင်တော့ပေ။ သို့သော် စောမိငယ်က ကူကာ ဖြေပေးပြီး ချပ်မိန်ညိုကိုချွတ်ကာ အနာတို့ကိုဖန်ရည်ဆေး ဆေးထည့် ပေးတော့သည်။

ထိုစဉ် မြို့ရိုးဆီမှ တိုက်စည်သံ တဒိန်းဒိန်းထွက်ပေါ်လာချေ တော့သည်။ တိုက်စည်သံကြားသည်နှင့်ချက်ချင်း ချပ်မိန်ညိုပြန်ဝတ်ကာ ဓားဆွဲထွက်တော့မည့် ကျော်ခေါင့်ကို စောမိငယ်က လက်ဖမ်းဆွဲလိုက် လေသည်။

"မောင်ကြီးခဏ"

သူမ၏ ဦးရစ်ဆံထုံးတွင်ရစ်ခွေပန်ဆင်လာသော သင်းခွေပန်းကုံး လေးအားဖြုတ်ကာ ကျော်ခေါင့်လက်ကောက်ဝတ်တွင် ရစ်ပတ်ချည်နှောင် ပေးလိုက်တော့သည်။

"တိုက်ပွဲပြီးရင် ပြန်လာခဲ့ပါမောင်ကြီး"

ရှေ့တန်းသို့သာ စိတ်စောနေသော ကျော်ခေါင်သည် ခေါင်းညိတ် မိသည်လား ခေါင်းခါမိသည်အားအတပ်မသိတော့ပေ။

* * *

တိုက်ပွဲနေ့ရက်ကြာလာသည်နှင့်အမျှ စစ်ပွဲ၏ပင်ပန်းကြမ်းတမ်းမှု သည် ပိုပိုတိုးလာတော့သည်။ မွန်ဂိုစစ်သည်တို့သည် မကုန်နိုင်တော့သည်

အလား မိုးအခါပုရွက်တို့ ကုန်းမြင့်ရာသို့တရွရွတက်လာသလို မြင်စိုင်းဆီသို့ တိုက်ခိုက်နေတော့သည်။ စစ်နားချိန်ဟူ၍မည်မည်ရရပင်မရှိတော့ပေ။ နေ့လည်းနေ့အလျှောက် ညလည်းညသည်မို့ နှစ်ဖက်တပ်တို့ တိုက်ခိုက်နေသည်မှာ အခါမလပ်ဖြစ်ပေတော့သည်။ ယခုလည်း မွန်ဂိုတို့ထပ်မံတိုက်ခိုက်လာပြန်တော့သည်။ လှေကားပေါ်မှ တက်လာသောရန်သူအား လှံဖြင့်ထိုးချရင်း အခြားတစ်ဖက်မှပြေးဝင်လာသော ရန်သူစစ်သည်ကို ကျော်ခေါင်ကာစာ ကျွေးလိုက်တော့သည်။ ကာအသွားက ရန်သူ လည်ချောင်းသွေးကို မြိန်ရှက်စွာသောက်သုံးလိုက်သလို ကျော်ခေါင့် မျက်နှာဆီသို့ သွေးတို့ပက်ခနဲ စဉ်တော့သည်။ ဘေးပတ်ဝန်းကျင်တွင်လည်း မွန်ဂိုတို့နှင့်မြင်စိုင်းသားတို့လုံး ထွေးသတ်ပုတ်နေကြသည်မှာ ငရဲအား မြေပေါ်သို့ဆွဲတင်လိုက်သည့် အလားပင်ဖြစ်ချေတော့သည်။

တံခါးဆီသို့ချိုးဖျက်ရန်ပြေးဝင်လာသော မွန်ဂိုတို့ကို ပင်လယ်လေးသည်တို့တစ်ချက်မလွတ်ပစ်ခတ်နေသလို မွန်ဂိုတို့၏ မြားတံများကလည်း မြို့ရိုးပေါ်တစ်ဖွဲဖွဲကျနေလျက်ပင်ဖြစ်ချေသည်။ မင်းသားသုံးပါး၏တပ်များသည်လည်း ထိုးခုတ်နေရင်းက လက်ပန်းကျလာခဲ့တော့သည်။ စစ်မြေပြင်ကိုတစ်ချက်လှမ်းချုံ အကြည့်တွင် ကျော်ခေါင်တစ်ယောက် ပူပန်စပြုလာတော့သည်။ ဦးစီးတပ်မှူးများဖြစ်သော မင်းသားသုံးပါးပင် ရန်သူတို့နှင့်လုံးထွေးကာ သူတစ်ပြန်ကိုယ်တစ်ပြန် သတ်ပုတ်နေရတော့သည်။ ဤအတိုင်းသာဆို မြင်စိုင်းခံစစ်စည်းကျိုးရန် လက်မတင်လေးသာကျန်တော့သည်။ တံတိုင်းအောက်သို့လှမ်းအကြည့်တွင် အရန်အဖြစ်ချန်ထားသော သွေးသောက်ကြီးငထက်နှင့် သူ၏ကာစွဲသူရဲတို့မြင်လိုက်သည်။ ထိုသူတို့ကိုမြင်လိုက်သည်နှင့် ကျော်ခေါင်စိတ်ထဲတွင် ဆုံးဖြတ်ချက်တစ်ခု ခိုင်ခိုင်မာမာချလိုက်တော့သည်။

တံတိုင်းအောက်ပြေးဆင်းကာ ဓားအစား ကိုင်နေကျကာနှစ်ချပ်ကို ပြောင်းလဲကိုင်တွယ်လိုက်သည်။ အပွဲပွဲနွှဲလာသော တပ်မှူးနှင့်တပ်သားတို့သည် ထူးထွေသော အမိန့်ပေးစရာပင်မလိုတော့ပေ။

"ကိုင်း မောင်မင်းတို့ အချိန်တန်ပြီကွဲ့ လုပ်သင့်တာကိုလုပ်တာပ"

ချပ်ဝတ်ကိုသေချာပြင်ဆင်သူကပြင်ဆင် ကာကိုင်လက်ကို ကာလွတ်မကျစေရန် ကြိုးတင်းတင်းပတ်သူကပတ် နန်းဦးဘုရားဆီသို့ ရှိခိုးဖူးမြော် သရဏဂုံတင်သူကတင်နှင့် ကာစွဲသူရဲတို့ခေတ္တမျှ အလုပ်ရှုပ်သွားသည်။ ကျော်ခေါင်လည်း ဟိုးတစ်နေ့က စောမိငယ်ပေးလိုက်သော သင်းခွေပန်းကုံးလေးဟာ ခါးပိုက်ဆောင်ထဲမှထုတ်ကာ ကာကွင်းတွင် တင်းတင်းချည်နှောင်လိုက်တော့သည်။ ချစ်ရသူအတွက် ချစ်ရသောအရှင့်အတွက် ထိုထက်မက ချစ်ရပါသော အမိမြေအတွက် ။

ကာစွဲသူရဲတို့ပြင်ဆင်အပြီး တပ်ဦးကကျော်ခေါင်ဦးဆောင်ကာ အနောက်မှ စတုဂံပုံစံစစ်ဗျူ ဟာခင်းလိုက်တော့သည်။ တံတိုင်းနောက် ဆင်ခြေလျောအတိုင်း ကာစွဲသူရဲတို့ပြေးတက်နေစဉ် ကျော်ခေါင်၏ အောင်မြင်လှသော အသံဝါကြီးသည် ပေါ်ထွက်လာတော့သည်။

"တမောင်း တမောင်း တို့တမောင်းတည့် မြင်စိုင်းသားသည် ဘကောင်းလော"

ကာစွဲသူရဲတို့ ပြေးတက်လာသည်ကို ကြောင်အမ်းသွားသော တိုက်စည်တီးသူရဲတို့သည် လက်မှ အကျင့်ပါနေသည့် ကာချင်းစည်းချက်အား တဒိန်းဒိန်းတီးခတ်ကာ အားပေးတော့သည်။ ကျော်ခေါင်တို့ ကာစွဲသူရဲများသည် မြို့ရိုးပေါ်မှ ရန်သူလှူပုံအလယ်ကြားခုန်ဆင်းကာ နတ်ဘီလူးစစ်သည်များအလား ထိုးခုတ်တော့လေသည်။ ကျိုးလုကျိုးခင်ဖြစ်နေသော မြင်စိုင်းခံစစ်ကို တိုးဝင်နေသော မွန်ဂိုတို့အဖို့ ရင်ဝဆောင့်ကန်ခံလိုက်ရသလိုဖြစ်ကုန်တော့သည်။ အထိနာဆုံးမှာ အငိုက်မိသွားသော မွန်ဂိုလေးသည်တော်တို့ဖြစ်သည်။ ရန်သူဆီမြားတစ်ချက်ပင်လွှတ်ချိန် မရမီမှာပင် ကာစွဲသူရဲတို့လက်ချက်ဖြင့်အသက်ငင်ကုန်တော့သည်။ မထင်မှတ်ဘဲ သူတို့ကြားထဲခုန်ဆင်းလာကာ သူရဲမင်းရဲစီးတိုက်နေသော ကာစွဲသူရဲတို့ကို ပြန်လှည့်တိုက်နေရင်း မြင်စိုင်းမြို့တံတိုင်း ခံစစ်စည်းအား ဖိအားလျော့ကျသွားတော့သည်။

ကာစွဲသူရဲတို့မှာလည်း မသက်သာလှချေ။ အဟုန်ပြင်းသောရေစီးထဲ ပစ်ချလိုက်သော ရွက်ဝါငယ်အလား ပေါ်လိုက်မြုပ်လိုက်ဖြင့်ရှိနေတော့

သည်။ ကာစွဲသူရဲ ၅၀၀ သည် တဖြည်းဖြည်းလျော့ပါးလာခဲ့ရာမှ လူ ၁၅၀ သာသာပင်မရှိတော့ပေ။ ရန်သူများကိုထိုးခုတ်သတ်ဖြတ်နေရင်း ကျော်ခေါင်မြို့ရိုးပေါ်ရှိ သားတော်လတ်ကျော်စွာထံ လှမ်းကြည့်လိုက်တော့သည်။ ထိုအကြည့်ကိုနားလည်သော မင်းသားကျော်စွာသည် ရင်နာစွာဖြင့် အမိန့်ပေးရတော့သည်။

"လေးသည်တော်တို့အသင့်ပြင်"

"ဗျူ ဟာခင်း"

မင်းသားကျော်စွာ၏ အမိန့်သံနှင့်အတူကျော်ခေါင့်အမိန့်သံက တွဲလျက်ပါလာတော့သည်။ ထိုအမိန့်သံအတိုင်း လက်ကျန်ကာစွဲသူရဲ၁၀၀ ကျော်သည် တပ်မှူးကြီးအားအလယ်ဗဟိုတွင်ထားကာ စက်ဝန်းပုံဗျူဟာခင်းလိုက်တော့သည်။ ထိုခဏမှပင် ကျော်ခေါင့်အတွေးတို့သည် မြင်စိုင်းတွင်နောက်ဆုံးကျင်းပခဲ့သော မြင်ခင်းသဘင်ပွဲကိုလည်းကောင်း ထိုပွဲသဘင်တွင်ကာရေးအတူပြခဲ့သောရောင်းရင်းတို့ကိုလည်းကောင်း တရေးရေးထင်မြင်လာမိတော့သည်။ ကျော်ခေါင်တို့ဗျူဟာခင်းနေစဉ် တိုက်စည်တီးသူတို့ခေတ္တငြိမ်နေသဖြင့် မွန်ဂိုတို့ပင် ကြောင်အမ်းအမ်းဖြစ်သွားသည်။

"စ" မင်းသားကျော်စွာ၏ အမိန့်သံသည်ထို ခေတ္တငြိမ်သက်မှုကိုဖြိုခွဲလိုက်တော့သည်။ ပင်လယ်လေးသည်တော်တို့၏ မြားတို့သည် ကာစွဲသူရဲများနှင့်မွန်ဂိုတို့အပေါ် မိုးသက်မုန်တိုင်းအလား ပြင်းထန်စွာကျလာတော့လေသည်၊ ထို့အတူ ကာစွဲသူရဲတို့၏ကာချင်းသံနှင့်အတူ ပဒုမ္မာပန်းချပ်များလိုကာများအထပ်ထပ်ပြုကာ သီဆိုတိုက်ခိုက်ခြင်းနှင့် တိုက်စည်များတစ်ပြိုင်နက်တီးခတ်မှုသည် မွန်ဂိုမြင်းတို့အား လန့်စေသည်။ ထိန်းမနိုင်သိမ်းမရဖြစ်ကုန်သော မြင်းတို့ကို ထိန်းရင်း မွန်ဂိုတို့တပ်တွင် ရှုပ်ထွေးမှုများစတင်လာတော့သည်။

အပေါ်က မြားမိုးကိုလည်ကြည့်ရသည့်အပြင် မြင်းနင်းအခံရအောင် ကာခုတ်မခံရအောင် အသည်းအသန်ကာကွယ်ရတော့သည်။

မိမိတို့ဘက်မှ ပစ်ခတ်သောမြားဒဏ်ကြောင့် ရန်သူတို့ အထိနာနေသော်လည်း မိမိတို့ကာစွဲသူရဲများတစ်ယောက်ပြီးတစ်ယောက်လဲကျ

သွားသည်ကို မြို့ရိုးပေါ်ရှိ မင်းကြီးသီဟသူနှင့် သားတော်တပ်မှူး တပ်သား တို့၏ ဝေ့သီလာသောမျက်ရည်များကြားမှမြင်နေရသည်။ နှုတ်နှင့်သာ အမိမြေအတွက်မဟုတ်ဘဲ အသွေးအသက်နှင့်လဲကာ ချစ်ကြောင်း ကာစွဲသူ ရဲတို့သက်သေပြနေတော့သည်။ ထိုစဉ် သားတော်ကြီး ဥဇနာ၏ စူးနစ်သော တံပိုးသံသည် မြင်စိုင်းတပ်သားများကို အံ့အားသင့် သွားစေတော့သည်။ ထိုတံပိုးသံ၏ နောက်ကွယ်တွင်ကား။

မြင်စိုင်းမြို့တံခါးတို့ တစ်ပြိုင်နက်ပွင့်ထွက်သွားခဲ့လေပြီ။ မြို့တွင်း ဆီမှ တိုက်ဆင် ၁၀၀က တံခါးအသီးသီးမှ ထွက်လာကာ မွန်ဂိုတို့ ကိုနင်းခြေ တော့သည်။ ရှေ့ဆုံးတိုက်ဆင်ကြီး၏ ဦးကင်းပေါ်တွင်ကား သားတော်ကြီး ဥဇနာက ချွန်းတောင်းတစ်ဖက် အဲမောင်းတစ်ဖက်နှင့် စစ်နတ်ဘုရားအလား စစ်ထိုးနေလေတော့သည်။ တရားဓမ္မနှင့်မွေ့လျော်သော လက်အောက်ငယ် သားများကိုညှာတာသော အသည်သားလယ်ယာသမားတို့ဖြင့် ပျော်နေ တတ်သော ဥဇနာ၏မျက်နှာတွင် တစ်ခါမှမမြင်ဖူးသော ရက်စက်မှုတို့ကိုမြင် လိုက်ရသည်နှင့် ညီတော်တို့စစ်သွေးဆူဝေလာတော့သည်။ ကျော်စွာက ခြေသည်တို့ကို ဦးဆောင် စောယွမ်းက မြင်းသည်တို့ကို ဦးဆောင်ကာ နောင်တော်ကြီးနောက်မှတစ်ဖဝါးမကွာ လိုက်ပါလာတော့သည်။ စစ်ပွဲကြီး စတင်ကတည်းက မြို့တွင်းမှသာခံတိုက်သော မြင်စိုင်းသားတို့ မြို့ပြင်ထွက် တိုက်လာသည်မှာ မွန်ဂိုတို့အထိနာတော့သည်။ ထိုခဏမှာပင် မွန်ဂိုတို့၏ တပ်နောက်ဖျားတွင်ထိုးခုတ်သံ တိုက်မောင်းသံ တဒူဒူ ထွက်ပေါ်လာသလို မြင်စိုင်းမြို့ကိုဝန်းရံထားသော ရွှေသာလျောင်းနှင့်ပက္ခရတောင်တန်းနှစ် သွယ်ပေါ်မှ ထောင်သောင်းချီသော မြင်းသည်တို့ ပေါ်လာတော့လေသည်။ သို့သော် ထိုအခြင်းအရာတို့အား ကျော်ခေါင်တစ်ယောက်မမြင်နိုင်တော့ပေ။ သူ့အတွက် နောက်ဆုံးမြင်လိုက်သည်မှာ မွန်ဂိုစစ်သူကြီးယော်တာတိန့်စင်၏ မြင်းပေါ်မှခုတ်ချလိုက်သော ဓားချက်ပင်ဖြစ်တော့သည်။

* * *

မြင်စိုင်းတစ်ခွင်သည် အေးချမ်းလှပေသည်။ ထိုအေးချမ်းလှသော မြင်ကွင်းကို မြောက်ဉယျာဉ်တော်ရှိကျောက်ခုံပေါ်မှ ရှုစားနေသော

လူရွယ်တစ်ဦးရှိသည်။ သို့သော် တစ်စုံသောမျက်လုံးတို့ဖြင့်မြင်ရသည် မဟုတ် တစ်ဖက်သောမျက်လုံးဖြင့်မြင်ရခြင်းသာဖြစ်သည်။ မျက်နှာတွင် တစောင်းဖြစ်နေသော ဓားခုတ်ရာသည် ထိုလူရွယ်၏ မျက်လုံးတစ်ဖက်အား ထုတ်ယူသွားခဲ့သည်။ ထိုလူရွယ်၏ ညာဘက်လက်သည်ကား လက်ကောက် ဝတ်မှတိတိပပြတ်တောက်နေပြီး ထိုနေရာတွင် သင်းခွေပန်းခွေခြောက် လေးများရစ်ပတ်ထားတော့သည်။ ထိုလူရွယ်သည် မြင်စိုင်းကာစွဲသူရဲတပ်မှူး ကြီး ကျော်ခေါင်ပင်ဖြစ်ချေသည်။

ဤနေ့သည်ကား သားတော်လတ်ကျော်စွာ၏ မင်္ဂလာပွဲနေ့ဖြစ် သလို မြင်စိုင်း၏အောင်ပွဲသဘင်လည်းဖြစ်သည်။ သူနာတဲတွင် ခြောက်လ တာနေရပြီး အပြင်လောကနှင့်အဆက်အသွယ်ပြတ်နေသော သူ့အတွက် ယနေ့မှသာ ထူထူထောင်ထောင်ရှိလာသည်။ သို့သော် မင်္ဂလာပွဲနှင့် အောင်ပွဲသဘင်သို့ သူမသွားတော့။ ဆိတ်ငြိမ်ရာ မြောက်ဥယျာဉ်တော်ဆီ သို့သာထွက်လာခဲ့တော့သည်။ ချစ်သော မြင်စိုင်းမြေတွင် ကြည့်စရာမြင်ကွင်း တစ်ခုထပ်တိုးနေတော့သည်။ ထိုမြင်ကွင်းသည်ကား မွန်ဂိုတို့စစ်ရှုံးသဖြင့် တူးပေးသွားခဲ့ရသော သင်းတွဲမြောင်းကြီးပင်ဖြစ်သည်။ ဒုဋ္ဌဝတီမြစ်ရေကို မြင်စိုင်းလွင်ပြင်ဆီသို့သွယ်ယူကာ လယ်ယာသီးနှံစိုက်ပျိုးစေတော့မည်။ မြင်စိုင်း၏အောင်ပွဲကား ကြီးကျယ်လှပေသည်။ သူတို့အသက်စွန့်မှုနောက် တွင် ကြီးမားသောဖြစ်ရပ်များပါဝင်နေခဲ့လေသည်။ ထိုအချိန်က မွန်ဂိုတို့ စစ်နောက်ဖျားသို့ ပဲနွယ်ကုန်း ဇေယျဝတီမြို့စား သဝန်ကြီး သဝန်ငယ် ညီနောင်နှစ်ပါးတို့တပ်များက စစ်ကူချီလာကာတိုက်ခိုက်ခဲ့သည်။ အနော် ရထာမင်းလက်ထက်ကတည်းက မဟာမိတ်ပြုခဲ့သော မောကိုးပြည်ထောင် စော်ဘွားတို့၏ စစ်ကူမြင်းတပ်တို့သည် ဘေးနံနှစ်ဖက်မှ မမျှော်လင့်သော စစ်ကူအဖြစ်ရောက်လာခဲ့ချေသည်။ ထိုတိုက်ပွဲတွင်ကား မွန်ဂိုတို့အရှုံးကြီး ရှုံးကာ ဆုတ်ခွာရတော့သည်။ စစ်ရှုံးမှုနောက်ဆက်တွဲအနေဖြင့် သင်းတွဲ မြောင်းတူးပေးရသလို ကျဆုံးသွားသောမွန်ဂိုစစ်သည်တို့အတွက် စောမွန်နစ် ၏ခေါင်းကို ယုန်ချန်သို့ပို့လိုက်တော့သည်။ နောက်နောင်တွင် မြင်စိုင်းအပါ မြန်မာပြည်သို့စစ်မချီတော့ပါကြောင်း ကတိပြုကာ တပ်များအားလုံး

တရုတ်ပြည်သို့ဆုတ်ခွာသွားတော့သည်။

ထိုထိုသော အောင်ပွဲများကိုကြည်နူးနေသော်လည်း ထိုလူရွယ်၏ နှလုံးသားမှာ နာကျင်လှသည်။ ကိုယ့်သခင်ရောင်းရင်း၏ မင်္ဂလာပွဲကို မတက်ရောက်သည်မှာ ထိုအခြင်းအရာပင်ဖြစ်သည်။ ရွက်ကြွေတို့ကို လျှောတိုက်နင်းလာသောအသံကြောင့် ထိုလူရွယ်လှည့်ကြည့်လိုက်တော့ သည်။ အလို မိန်းမသူတစ်ဦးပါလား။ ထိုမိန်းမသူသည် သွားဆီလာနေ တော့သည်။

"ဟာ အစော နှမငယ် ဘောက်မဲ့ကြောင့်ရောက်လာသလဲ မင်္ဂလာပွဲဖြင့် စနှင့်ပြီ"

"ကိုယ်တော်လေးခေါ်ခိုင်းလိုက်တာပါ တပ်မင်းကြီးရှင့်"

"ဘယ်လိုဘယ်လို တပ်မင်းကြီး"

"ဟုတ်ပါသကော မောင်ကြီးကို ဒီကနေ့မနက်ပဲ တပ်မင်းကြီး အရာအပ်နှင်းလိုက်တယ် မင်္ဂလာပွဲကိုလည်းလာဖို့ခေါ်ခိုင်းတာ မြောက် ဥယျာဉ် ကိုထွက်သွားတယ်ဆိုလို့ လိုက်လာတာ"

"မလိုက်ချင်ပါဘူးလေ ကျုပ်က မတန်ရာမှန်းမိတယ့်သူပါ"

"ဘာများမတန်ရာ မှန်းမိသလဲ"

စောမိငယ်က မျက်နှာတည်တည်ဖြင့် မေးလိုက်သဖြင့် ကျော်ခေါင် မည်သည့်စကားဆိုရမည်မသိ။

စောမိငယ်ကပင် ဒေါသထွက်လာဟန်ဖြင့် ပြောတော့သည်။

"ရှင်ကြီးဟာလေ တိုက်ပွဲတွေအကြောင်း ဓားရေးလှံရေး အကြောင်းသာ သိတယ် မိန်းမသူတို့အကြောင်းကိုကျတော့ အလွန်ထုံလွန်း ပါသကော ရှင့်သခင်နဲ့အတူတူပဲ ကိုယ်တော်လေးလည်း ကျုပ်အစ်မကို ကြိုက်တာဖြင့် တစ်ပိုင်းကိုသေလို့ အဲ့သဟာကို ဘာပြောရမှန်းမသိလို့ ကျုပ်ကိုအောင်သွယ်လုပ်ခိုင်းရသဟာနဲ့ ပြောခိုင်းရသာနဲ့ အခုမှ မင်္ဂလာပွဲဖြစ် ပြီတော့"

စောမိငယ်စကားကြောင့် ကျော်ခေါင်ပင်ကြောင်အမ်းအမ်းဖြစ် သွားသည်။

"ဒါ. . . . . ဒါဆို အစောမဟုတ်ဘူးပေါ့"

"အာ့ကြောင့်ရှင်ကြီးကို ရိုက်ပုတ်ချင်တာ ကျုပ်က ကိုယ်တော်လေးကိုပဇာမို့လက်ဆက်ရမှာလဲ အဲ့သဟာက ကျုပ်အစ်မတော် မိုင်းစံစော်ဘွားသမီးတော် စောမင်းရှင်. . .၊ တော့်ကို စိတ်မရှိဘဲ တော့်အတွက် ပန်းကုံးပို့ရ ဆေးပို့ရ စားဖွယ်ပို့ရသနဲ့ မိန်းမသူသိက္ခာကျပါသကောလား"

"အနို့ ကျုပ်မှမသိတာကလား"

"အခုသိပြီမဟုတ်လား ရှင်ကြီးကို ဘယ်တော့မှမယူတော့ဘူးဟုတ်သယ် ရှင့်ကိုယ်တော်က မယားညီကိုတော်ချင်သပဆို အစ်မတော်စောမင်းရှင်ရဲ့အခြားညီမတစ်ယောက်ကိုယူပါစေ အခုလိုက်ခဲ့ ကိုယ်တော်လေးက မပါပါအောင်ခေါ်ခဲ့ဖို့ပြောနေတယ် ဟိုးအောက်မှ ရှင့်လူသွေးသောက်ကြီး ဦးရိုးငထက်တို့ ဝေါနဲ့စောင့်နေလေရဲ့"

"ခဏဆိုင်းပါဦး နှမရဲ့ဟောဒီမှာကြည့် ဘာတွေလဲလို့"

ပြတ်နေသောလက်၏လက်ကောက်ဝတ်တွင် ရစ်ခွေထားသော ပန်းကုံးခြောက်လေးများကို ပြလိုက်တော့သည်။

"အဲ့သဟာ ဘာတွေတုံး"

"နှမပို့သလိုက်တယ့် လက်ဆောင်တွေလေ မောင်ကြီးစိတ်က နှမဆီမှာပဲရှိသဟာကို ပြလိုက်တာ"

"မသိဘူးတော် မသိဘူး"

စိတ်ဆိုးသယောင်ပြုကာ ထွက်သွားသော စောမိငယ်ကိုကြည့်ရင်း ရယ်လိုက်သော ကျော်ခေါင်၏ လှိုက်လှဲသောရယ်သံသည် မြောက်ဉယျာဉ်တော်တွင် ပျံ့လွင့်နေတော့သည်။

## သိကြားမင်းထံသို့
## အလည်ရောက်ခဲ့သော လူရဲကောင်း



# သိကြားမင်းကဲ့သို့အာသရေတင့်တယ်သော သူရဲကောင်း

မြန်မာရာဇဝင်မှာ ထင်ရှားကျော်ကြားတဲ့ သူရဲကောင်းတစ်ယောက်ရှိခဲ့တယ်။ သူကတော့ မွန်သူရဲကောင်း မသံလုံ ဘွဲ့အမည်က လဂွန်းအိန်။ နောက်ပိုင်းကျတော့ သေနာပတိ မဟာစောလဂွန်းအိန်။ သူက ရဲရင့်တယ်။ တစ်ဖွတ်ထိုးနိုင်တယ် သစ္စာကြီးတယ် စစ်သားပီသတယ်။

ကျွန်တော်ဆက်ရေးမှာကို မဖတ်ခင် တစ်ခုတော့ ပြောပါရစေ။ စာဖတ်သူတို့စိတ်ထဲကနေ ဆရာချစ်ဦးညိုရေးတဲ့ နှင်းကေသရာချစ်တဲ့ သူရဲကောင်းစာအုပ်လည်း ကောင်းပါတယ်။ ဆရာချစ်ဦးညိုက သူ့အမြင်၊ သူ့ရှုထောင့်၊ သူ့အတွေးနှင့် ရေးသားထားတာပါ။ ဆရာကြီးဒေါက်တာ နိုင်ပန်းလှ ရေးတဲ့မူကိုပဲ သတိရစေချင်ပါတယ်။ ဒါမှသာဖတ်ရှုလို့ အဆင်ပြေမယ်လို့ ယုံကြည်ပါတယ်။ သမိုင်းစာတမ်းလိုမဟုတ်ဘဲ အခုခေတ်စကားနဲ့ပြန်ရေးတာဆိုတော့ နည်းနည်းတော့ သည်းခံပြီးဖတ်ကြစေချင်ပါတယ်။

(၁)

မသံလုံက တရည်းမြို့စောင့်တပ်က တပ်သားလေးဘဝက စတင်ခဲ့တာပေါ့။ သုရှင်ရာဇမိရာဇ်ကနန်းတက်ခါစအချိန်မှာ ရာမညတိုင်း

သုံးရပ်ကို စုစည်းဖို့ မုတ္တမ ၃၂ မြို့ကို အရင်ထိုးစစ်ဆင်ပါတယ်။ တရည်းမြို့စောင့်တပ်မင်းက ဗိုလ်မင်းဖြဖ္ဇ မသံလုံရဲ့ဆရာရင်းပဲလေ။ တိုက်ပွဲတွေမှာ မသံလုံ အစွမ်းပြတော့ ရာထူးအဆင့်ဆင့်တက်လာပြီး ဗိုလ်အဆင့်ဖြစ်လာသလို ဘုရင်ရဲ့အာရုံစိုက်မှုကိုရလာတယ်။

နာမည်စကြီးလာတာတော့ သံမောင်မြို့စားကို တစ်ကိုယ်တော် fighter လုပ်ပြီး လုပ်ကြံတာက စတာပေါ့။ သံမောင်မြို့စားက ဘုရင့်တပ်တွေအနားယူနေတုန်း အလစ်ဝင်တိုက်လို့ ဘုရင်က ဒေါသထွက်နေချိန် ဒင်းခေါင်းကို ဘယ်သူအခုယူပေးနိုင်မလဲမေးတော့ မသံလုံက ချက်ချင်းထပြီး ကျုပ်ယူပေးမယ်ဆိုပြီး ထွက်သွားရော မြင်းတစ်စီး ဓားတစ်လက် ထမင်းအိုးတစ်လုံးနဲ့ပေါ့။ သံမောင်ကိုရောက်တော့ ညနက်နေပြီ။ ရောက်တာနဲ့ပဲ မြို့စားအိမ်ကိုတန်းသွားပြီး ရန်သူဘုရင့်ခေါင်းဆိုပြီး ထမင်းအိုးဖွင့်ပြတော့ မြို့စားလည်း ဝမ်းသာအားရထကြည့်တာ အဲဒီငှံ့နေတဲ့ ခေါင်းကိုခုတ် ထမင်းအိုးထဲထည့်ပြီး ပြေးတာတန်းနေတာပဲ။ သုရှင်ဆီရောက်တော့ မနက်လင်းအားကြီးမှပြန်ရောက်တယ်။ အချိန်တောင်မဆိုင်းဘူး ဘုရင့်စစ်ညီလာခံလုပ်တဲ့နေရာကိုသွားပြီး ခေါင်းပြတ်ကြီးလှိမ့်သွင်းလိုက်တာ ဘုရင် ရာဇက္ကန္ဓြေတောင်မဆောင်နိုင်ဘူး လန့်သွားတာ။ ဟုတ်တယ်လေ။ စဉ်းစားကြည့် ညီလာခံလုပ်နေတဲ့နေရာကို သွေးသံရဲရဲနဲ့ဝုန်းဒိုင်းကြ ဝင်လာသေးတယ်။ ပြီးတော့ သူ့ခြေရင်းဆီကို သွေးတွေအိုင်နေတဲ့ ခေါင်းပြတ်ကြီးကို ပစ်သွင်းလိုက်တော့ အခုခေတ်လိုဆိုရင် ငိုးမတွေရော မြွေနိုး ဘာကြီးတုန်းဟ ဆိုပြီးဖြစ်သွားမှာ။ ပြီးတော့မှ သံမောင်မြို့စား မဂြိုင်းခေါင်းမှန်းသိတော့မှ သံလုံငယ်တော်ပါပေတယ်။ ချီးကျူးတယ် ဆုတော့မပေးဘူး။

မသံလုံက ဘုတာပေါ့။ ဒီဘုရင် ဘာလဲဟ။ အရင်က ရိုးရိုးတိုက်တာတောင် ဆုပေးကြမ်းပြီး ရက်ရောတာ အခုလိုတစ်ကိုယ်တော်ကြလာတာကြတော့ ဘာမှမပေးဘူးပေါ့။ ပါးစပ်ကတော့ ဘယ်ပြောမလဲ။ ဟိုကဘုရင်လေ။ ဇက်ပြတ်သွားမှာပေါ့။ အောင့်ပြီးတော့သာခံရတယ်။ ဒီလိုနဲ့ မုတ္တမတိုက်ပွဲစဉ်တွေပြီးလို့ သူ့ဆရာတောင် ဒုန်ဝန်းမြို့စားတွေဘာတွေ

ဖြစ်လာတယ်။ မသံလုံက သာမန်တပ်ဗိုလ်လေးကကို ရာထူးမတက်သေးဘူး။ ဟံသာဝတီအပြန်လမ်းကျတော့ သုရှင်က တိုက်ကုလားမြို့မှာနားမယ်ဆိုပြီး ဘုရင့်အိမ်တော်ကြီးကို ကြီးကျယ်ခမ်းနားအောင်ဆောက်တယ်။ အထဲမှာလည်း ပရိဘောဂအလန်းတွေထည့်တယ်။ ကိုယ်လုပ်တော်ချောချောလေးတောင်ပါသေးတယ်။ ညကျတော့ တပ်သားတွေအောင်ပွဲခံသဘင်ကျင်းပတာပေါ့။ မသံလုံက သဘင်ပွဲမှာ ရှယ်တွယ်တာ လူမှန်းသူမှန်းမသိအောင်ကိုတွယ်တာ။ သုရှင်က ဗိုလ်မင်းဖြစ္စကို အသာလေးခေါ်ပြီး လုပ်စရာရှိတာ တိုးတိုးတိတ်တိတ်မှာနေတာ။

မနက်မိုးလင်းတော့ မသံလုံကတူရိယာသံတွေနဲ့ နိုးလာတော့ တစ်ခုခုထူးခြားနေမှန်းသိလိုက်တယ်။ ဘေးဘီကိုကြည့်လိုက်တော့ သူ့ဘေးမှာ ဘုရင့်ကိုယ်လုပ်တော် ချောချောလေးရယ်။ ပြီးတော့ သူရောက်နေတာ ဘုရင့်အိမ်တော်ရဲ့အိပ်ခန်းထဲမှာရယ်ဆိုတာသိတော့ မျက်လုံးပြူးပြီလေ။ မြတ်စွာဘုရား ငါတော့သေပြီ ညက ကောင်းပြီး ဘုရင့်အိမ်တော်ကိုရောက်တယ်။ ဘုရင့်အိပ်ခန်းထဲလည်းဝင်တယ်။ ပြီးတော့ ဘုရင့်ကိုယ်လုပ်တော်နဲ့ သေပြီဆရာ သေပြီ ဆိုပြီးထပြေးမယ်လုပ်တော့ ကိုယ်လုပ်တော်လေးက ထဆွဲပြီး မနည်းရှင်းရတော့တာပဲ။ ဒီအိမ်က ရှင့်အိမ်၊ ကျွန်မကလည်း သုရှင်ချီးမြှင့်လိုက်တဲ့ ရှင့်မယား၊ ပြီးတော့ ဟိုကလပ်ပေါ်မှာ ရွှေနဖူးစည်းနဲ့ လဂွန်းအိန်ဆိုတာ ရှင့်ရဲ့ဘွဲ့အမည်။ ဒါ့အပြင် တိုက်ကုလားမြို့နဲ့တိုက်ဆင်ငါးစီး ရှင့်ကို ချီးမြှင့်လိုက်တယ်ဆိုမှ မသံလုံ ငြိမ်တော့တယ်။ ပြီးမှစဉ်းစားမိတာပေါ့။ သုရှင်ကို ငါဆေးထိုးထားလို့ အခု ငါ့ကိုဆေးပြန်ထိုးပြီး ဆုချတာဆိုတာပေါ့။ သာမန်တပ်သားလေး ဘဝကနေ အခုဆို မသံလုံက တိုက်ကုလားမြို့စားမင်း လဂွန်းအိန်ဖြစ်လာပြီလေ။

(၂)

လဂွန်းအိန် တိုက်ကုလားမြို့စားမင်း ဖြစ်ပြီးသိပ်မကြာခင်မှာပဲ လူစွမ်းလူစပြစရာ တိုက်ပွဲတစ်ခုကြုံလာရတယ်။ အဲဒီတိုက်ပွဲကတော့

ပန်းကျော်တိုက်ပွဲပဲ။ သုရှင်ရဲ့ မုတ္တမသိမ်းပိုက်ရေး တိုက်ပွဲစဉ်ပြီးတော့ ကျန်နေတာက ပုသိမ် ၃၂မြို့ ကိုသိမ်းပိုက်ဖို့ပဲ။ မုတ္တမကို အရင်တိုက်ပြီးမှ ဒီဘက်ကိုပြန်လှည့်ရတာက မြောင်းမြစားလောက်ဖျားကို ချေမှုန်းဖို့ပေါ့။ ရာဇဝင်ထဲမှာလောက်ဖျားက နှယ်နှယ်ရရတော့မဟုတ်ဘူး။ သားတွေတော် သလို သူ့လက်ထက်တုန်းကလည်း ဆရာကျတယ်။ ပထမဆုံးစစ်မျက်နှာဖွင့်တာကတော့ ပုသိမ်ကို ထိုးစစ်စတယ်။ ဒါပေမဲ့ လောက်နရိန်တို့က အဲဒီခေတ်က ခေတ်မီရေတပ်လို့ပဲပြောရမလား။ ပေါ်တူဂီကြေးစားစစ်သားတွေရယ် အမြောက်တင်သင်္ဘောတွေရယ်ဆိုတော့ ထိုးစစ်အဟုန်ပျက်သွားတယ်။ သုရှင်ကလည်း စစ်မှုရေးရာ ဆရာတစ်ပါးဆိုတော့ မနိုင်မယ့်နေရာမှာ နစ်မသွားအောင် တပ်တွေကို မြောင်းမြဘက်ရွှေ့တယ်။ ဒီတော့ ဟာကွက်ပေါ်တာက တကယ်လို့များ ပုသိမ်ရေတပ်က ပန်းကျော်ကို ဖြတ်ပြီးချီလာရင် ရှေ့နောက်ညှပ်သလိုဖြစ်ပြီ ။

ဒီတော့ လဂွန်းအိန်ကိုခေါ် ရပြီပေါ့။ မသံလုံ မင်း တပ်ကို ပန်းကျော်ချောင်းဝဘက်ကိုရွှေ့ပြီးရင် ပန်းကျော်ချောင်းထဲ ငုတ်တွေအပြည့်စိုက်။ မင်းက လှေပေါ့ ၂၀နဲ့ရေထဲကစောင့် ပြီးရင် ချောင်းဘေးဘယ်ညာ လက်တက်တွေထဲမှာ လှေပေါ့ ၁၀၀ကိုဖွက်ထား။ ပုသိမ်ရေတပ်ပန်းလှိုင်မြစ်ဝကိုရောက်လာရင် မင်းဦးစီးတဲ့လှေပေါ့ ၂၀ က ဝင်တိုက်ပြီးရင် ပန်းကျော်ချောင်းထဲက ဆုတ်လာခဲ့။ ရေတက်ချိန်မှာ မီအောင်ဆုတ် သတ်ကွင်းထဲအရောက် ရေကျရင် ပုသိမ်ရေတပ်က ဝိုင်းပတ်ပြီးချေမှုန်း ဒါပဲဆိုပြီး တိုက်စစ်နှုတ်မိန့်ပေးလိုက်ရော မှာလိုက်သေးတယ်။ မသွားခင် သရဏဂုံတင်သွားလိုက်ဆိုပဲ။ စိတ်ဓာတ်တက်ကြွအောင်လည်း မိဖုရားကို ကွမ်းဆက်ခိုင်းလိုက်သေးတယ်။

လဂွန်းအိန်ကလည်း စဉ်းစားတာပေါ့။ သုရှင်ရဲ့အစီအစဉ်က သိပ်ကောင်းတယ်။ ဒါပေမဲ့ လွဲတာနဲ့ သူသေပြီလေ။ ဟုတ်တယ်ဗျ စဉ်းစားကြည့်၊ လဂွန်းအိန်က တပ်မှူးဖြစ်ခါစလေ။ အခုခေတ်ဆိုရင်တော့ တပ်ရင်းမှူး ဖြစ်ခါစလေး။ ရန်သူက သူ့ထက် လှေရော လူပါ ဆယ်ဆ

မကများသေးတယ်။ အမြောက်သေနတ်တွေလည်းရှိတယ်၊ ဒီတော့ကာ သေဖို့ chance က ၅၀ကျော်တယ်။ ဒါကြောင့် ဒီလိုစစ်ဆင်ရေးကို သုရှင်က မသံလုံကိုရွေးပြီး ပေးရတာ။ အခြားသူဆိုတိုက်ရဲမှာမဟုတ်ဘူး။ မသံလုံက စစ်တိုက်ရင် တစ်ဇွတ်ထိုးတဇောက်ကန်း လူကြမ်းဆိုတော့ အကိုက်ပဲ။

နောက်နေ့လည်းကျရော သူ့ဆရာ ဗိုလ်မင်းဖြူနဲ့ အမတ်ဒိန်တို့ တပ်စစ်လာတော့ ဆရာသမားက တဲထဲကတောင်ထွက်သေးဘူး။ဘာမှလည်း လုပ်မထားဘူး သူ့တပ်က အေးဆေးပဲ ဒါနဲ့ပဲ။ လူကြီးတွေက မေးရတာပေါ့။ ဟျောင့်လေး မင်းကို သုရှင် စစ်ထွက်ခိုင်းတယ်လေ။ ဘာဖြစ်လို့ မထွက်သေး တာလဲဆိုတော့ မသွားတော့ဘူးဗျာ။ သွားလည်းသေမှာပဲ မသွားလည်း သေမှာပဲ ပြောတော့၊ လူကြီးတွေမျက်လုံးပြူးတာပေါ့ ဟ။ ဘာဖြစ်တာ လဲဆိုပြီးမေးတော့မှ ဟုတ်တယ် မနေ့က သုရှင် ကျွန်တော့်ကို ကွမ်းဆက် ခိုင်းတဲ့ မိဖုရားက စွန်းချော စွန်းမိုက်တာဗျာ၊ ဒီကြားထဲ ရင်ဝတ်တန်ဆာက လျှောကျသွားတော့ ပြီးခနဲ ပြက်ခနဲ ဖွေးနေတာပဲ အသားအရေပြောပါတယ်။ အဲ့ကို မြင်ကတည်းက ကျော် ခွက်သွားတာ စားလည်းဒီစိတ် သွားလည်း ဒီစိတ်နဲ့သေမှာပဲ။ ရှေ့တန်းထွက်လည်း ဒီစိတ်နဲ့ဆို သေမယ့်တူတူ နောက်တန်းမှာပဲ သေတော့မယ်။ စစ်မထွက်တော့ဘူးဆိုတော့ လူကြီး နှစ်ယောက်လည်း ဘာပြောရကောင်းမှန်းမသိတော့ဘူး။ နောက်တော့ ဗိုလ်မင်းဖြူက ဆရာရင်းဆိုတော့ မေနိုးလေးထစမ်း စစ်ထွက်စရာရှိထွက်၊ သောက်ရူးထမနေနဲ့ဆိုပြီး ထုထောင်းခြောက်လှန့်ပြီးပြော၊ အမတ်ဒိန်က လည်း အဲ့မျိုးမလုပ်ရဘူး ဘာညာနဲ့ ချော့ပြီးပြော။ ဘယ်လိုမှပြောမရဘူး။ မိဖုရားပေးပါ လိုချင်တယ် ဇွတ်လုပ်နေတော့ သုရှင်ဆီပြေးရတာပေါ့။

ဟိုလည်းကျရော (သုရှင်ပြောတာတွေကျော်လိုက်မယ်နော်) ကိုင်း ဒီလောက်ဖြစ်တာ ပေးတယ်ကွာ။ စစ်သာသွားတိုက်စမ်းပါဆိုပြီး မိဖုရားကို ထည့်ပေးလိုက်တော့၊ မိဖုရားခမျာလည်း တငိုငိုတရယ်ရယ်နဲ့ လိုက်သွားရ တာပေါ့။ အဲ့လို မိဖုရားကို လာပို့တဲ့လှေလည်းမြင်ရော ဆရာသမားက အိပ်ရာထဲက ကုန်းရုန်းထပြီး၊ ဟျောင့်တွေ ကန်တော့ပွဲတွေပြင်စမ်း

ပန်းပေါက်ပေါက်ဖြူ နီတွေချ လက်ဆောင်ပေးဖို့တွေထုတ်ဟ လုပ်ဟ ဆိုတော့ သူ့တပ်သားတွေကတော့ ငါတို့ဗိုလ်ချုပ် ရူးများရူးနေပလားပေါ့။ လှေဆိပ်ကို မိဖုရားနဲ့ သူ့ဆရာတို့ရောက်လာတာနဲ့ ကန်တော့ပွဲတွေချပြီး ကျော်က သူရှင်ကို စိတ်စမ်းတာပါ။ ကျွန်တော့်ကို မိဖုရားထက်တောင် တန်ဖိုးထားလား သိချင်လို့လုပ်တာပါ။ မိဖုရားကို ခွက်ဖို့နေနေသာသာ စိတ်နဲ့တောင် မပြစ်မှားပါဘူး ဘာညာနဲ့ ထိုင်ကန်တော့တော့ အားလုံး အိုကေပေါ့။ တိုက်ပွဲတစ်ရာအောင်ပွဲတစ်ရာရပါစေတို့ ဘာတို့ဆုတွေပေး ပြီးပြန်လေရော လဂွန်းအိန်တို့တပ်မှာလည်း တိုက်စည်တိုက်မောင်းသံတွေ ဟိန်းလို့။

ဒါနဲ့ပဲ လဂွန်းအိန်လည်း သူရှင်ပြောသလို အတိအကျ planတွေချပြီး ပုသိမ်ရေတပ်ကို တွယ်တာ ဆယ်ဆ တစ်ဆတွေ ဘာတွေ သိတော့ဘူး။ ပုသိမ်ရေတပ် တပ်ပျက်ပြီး အကုန်အဖမ်းခံရရော။ လောက်ဖျား သား လောက်နရိန်လည်း လဂွန်းအိန်ရဲ့ဓားဖျားမှာ ကားသွားတာပေါ့ဗျာ။

(၂)

လဂွန်းအိန်လည်း တစ်ခါတလေ လူပီပီအမှားလုပ်မိတာရှိတာ ပဲလေ။ ဖြစ်ပုံကဒီလို. . .

အင်းဝမှာဘုရင်မင်းခေါင်တက်လာခါစအချိန်မှာ သူရှင်ရာဇဓိရာဇ် အင်းဝကို စစ်ချီတယ်။ စစ်ချီပေမဲ့ အင်းဝက စကြိုသူမြတ်ကြောင့် မတိုက်တော့။ ပြန်လာနေတုန်း ပြည်မှာ နောက်ချန်တပ်အဖြစ်ထားခဲ့တဲ့ တပ်ကို ပြည်စားကထွက်တိုက်ပြီး သမီးတော်ကိုဖမ်း အင်းဝကိုပို့တယ်လည်း ကြားရော၊ ပြည်ကို ဝိုင်းရံထားတာပေါ့။ ဘုရင်မင်းခေါင်ကလည်း တောင် ဘက်က ပြည်ခံတပ်မကျအောင်ဆိုပြီး မြင်းသည်တော် ၃၀၀၀၀နဲ့ စစ်ကူ ဆင်းလာရော အဲဒီမှာ ဟံသာဝတီနဲ့အင်းဝတပ်တွေစပြီး တိုက်ပွဲဖြစ်တာက သေမသောက်ခေါ် သာဝတ္တိလွင်ပြင်မှာပဲ။

ဟံသာဝတီဘက်က သမိန်ဗြဇ္ဇအပါအဝင် တပ် ၇တပ်ပါတယ်။ သမိန်အဝန်နိုင် သမိန်ဇိပ်ဗြ လဂွန်းအိန် သမိန်ဥပါကောင်း ဗြထဗိုက် ဘောကျော် တို့က တပ်မမှူးတွေပေါ့။ သေမသောက်လွင်ပြင်က အလယ်မှာ ကွင်းပြင်ဖြစ်ပြီး ဘေးနှစ်ဖက်တောအုပ်တွေပါ။ အင်းဝတပ်က ခြမ်းတပ် အင်အားကောင်းတော့ သမိန်ဗြဇ္ဇက ရှေ့ဆုံးက လဂွန်းအိန်ကိုခေါ်ပြီး ကွင်းထဲဆင်းမတိုက်ဘဲ တောထဲကစောင့်ဖို့မှာတာပေါ့။

လဂွန်းအိန်ကလည်း တပ်မမှူးဖြစ်လာတာ မကြာသေးတာအပြင် တပ်သားကနေဖြစ်လာတာဆိုတော့ သွေးကလည်းကြွ အောက်ခြေလည်း နည်းနည်းလွတ်လာတာပေါ့။ ဟာဒီအဘိုးကြီးကတော့လုပ်ပြီ စစ်သားပဲ ရန်သူ တွေ့မှတော့ ဓား ဓားချင်း လှံ လှံချင်းချမှာပေါ့။ ငါ့မှာဆင်တပ်ရှိ တာပဲဟာ။ ပြီးတော့ ငါ့တပ်မက တိုက်တိုင်းအောင်ပွဲတိုင်းကျော်တပ်မပဲဟာ။ ဒီလိုပြောတာ ငါ့ကိုမယုံတာ ဘာညာနဲ့အောင့်သက်သက်ဖြစ်လာတယ်။ တိုက်ပွဲလည်း စရော ဘုရင်မင်းခေါင်က ရှေ့ပြေးမြင်းတပ်ကို ကွင်းထဲ လွှတ်လိုက်တယ်။ အင်အားကလည်းနည်းနည်းပဲဆိုတော့ လဂွန်းအိန်လည်း တားမရဆီးမရနဲ့ ကွင်းထဲထွက်ပြီးတိုက်ပါလေရော။ သူလည်းထွက်တော့ အစီအစဉ်က ပျက်ပြီး သူ့လို လူငယ်တပ်မမှူး သုံးယောက်လည်း ထွက်တိုက်ပါလေရော။ ဥပါကောင်း ဗြထဗိုက် ဘောကျော်တို့ပေါ့ လေးတပ်ဝိုင်းပြီးတိုက်တာ အင်းဝရှေ့ပြေးတပ်က မြင်းသည်တော်တွေ တော်တော်ကျတယ်။ ဒါပေမဲ့ တကယ်က အဲဒါတွေ ဘုရင်မင်းခေါင်က အသေခံလွှတ်လိုက်တာ။ တကယ်တမ်းက နောက်မှာ တိုက်စွမ်းအား ကောင်းတဲ့ အင်းဝမြင်းတပ်ကြီးက ကပ်ပါလာတာပဲ။ မြင်းတွေက လွင်ပြင် မှာစစ်ထိုးရင် အလွန်ကောင်းတာ တိုက်စစ်စဖွင့်တာနဲ့ လဂွန်းအိန်ရဲ့တပ်မ စပြီးပျက်တယ်။ နောက်က ကပ်ပြီးပါလာတဲ့ တပ်တွေလည်း ဆက်တိုက် ပျက်တာပေါ့။ ထိုးစစ်အဟုန်ကလည်းပြင်းသလို ဟံသာဝတီတပ်တွေ အငိုက်မိသွားတာပဲလေ။ လဂွန်းအိန်ရဲ့တပ်မက တပ်သားတွေ အင်းဝ စစ်သားတွေရဲ့လှံဖျားမှာကားနေတာပဲ။ လဂွန်းအိန်လည်း တောထဲ အမြန်ပြန်ပြေးရတော့တာပဲ။ ကျန်တာက ဟံသာဝတီက ဝါရင့်တပ်မမှူး

သုံးယောက်ပဲကျန်တော့တယ်။ အင်းဝတပ်ကလည်း နိုင်ပြီဟဆိုပြီး တောထဲကိုပါ ဖွတ်ဝင်လိုက်လာတာ ဟံသာဝတီဆင်တပ်နဲ့တိုးတာပဲ။ ပထမဆုံး တလုပ်မြို့စားတပ်ပျက်တယ်။ နောက်ကျတော့ အမြင့်မြို့စားတပ် ဆက်ပြီးပျက်တယ်။ ဆင်တပ်က အဟုန်ပြင်းပြင်းနဲ့တောထဲက တိုက်တာ ဆိုတော့ အင်းဝတပ်တွေဖရိုဖရဲဖြစ်နေတုန်း လဂွန်းအိန်တို့ လေးယောက် လည်း သူတို့တပ်သူတို့ပြန်စုပြီး ဘေးကဝင်ဆောင့် နောက်ကိုဖြတ်တိုက်နဲ့ ဝိုင်းပြီးဆွမ်းကြီးလောင်းတာ အင်းဝတပ်တွေပျက်ပြီးပြေးရော။

လဂွန်းအိန်က လူလည်၊ သူ့ဆရာ စကားနားမထောင်ဘဲ တိုက်လို့ သူ့တပ်ကစပျက်ပြီး planတွေလွဲကုန်လို့ သူကောင်းကောင်း အတွယ်ခံရမှာ သိပြီး ခြေမြန်လက်မြန်နဲ့ မြင်းတွေ သံ့ပန်းတွေဖမ်းပြီး သုရှင်ဆီပြေးပါလေ ရောလား။ ပြီးတော့ သံ့ပန်းတွေဘာတွေဆက်ပြီး သူဘယ်လိုတိုက်ကြောင်း ဘယ်လို ရှေ့ဆုံးကနေ ဦးဆောင်ကြောင်းပြောတော့ သုရှင်လည်း ဝမ်းသာ အားရနဲ့ ကောင်းကောင်းချီးကျူးပြီး ဆုတွေဘာတွေချတာပေါ့။ အဲဒီအချိန် အထိ သူ့ဆရာ သမိန်ဗြဇ္ဇက မသိသေးဘူး။ သူ့မှာလည်း ရန်သူနောက် လိုက်ပြီးတိုက်ရ သေဆုံးဒဏ်ရာရ စာရင်းတွေလုပ် သိမ်းမိတာတွေ သေချာ ထုပ်ပိုး နေရတုန်းပဲရှိသေးတယ်။ စခန်းပြန်ရောက်တော့ သူ့တပည့် လူပေါ် လူဇော် လုပ်ထားတာလည်းသိရော တင်းပြီး ညီလာခံတောင်မလာတော့ဘူး။

အဲဒီတော့မှ ဘုရင်ကလည်းမေးရတာပေါ့။ တပ်ချုပ် ဘာဖြစ်လို့ လည်း နေမကောင်းလို့လား တိုက်ပွဲ report လည်းမတက်ဘူး ညီလာခံ လည်း မလာဘူး ဘာဖြစ်တာလဲမေးမှ သမိန်ဗြဇ္ဇလည်း ပေါက်ကွဲနေတာ ထပြောရော သုရှင်က တကယ်တိုက်တဲ့လူ စကားနားမထောင်ဘဲ တပ်ပျက် တဲ့ကောင် စကားနားထောင်မှတော့ ဘာပြောစရာရှိလို့လဲ ဘာညာပေါ့။ အဲဒီလို သိတော့မှ နှစ်ယောက်လုံးခေါ်ပြီးမေးတာပေါ့။ လဂွန်းအိန်ကလည်း ခြေသွက်လက်သွက်နဲ့ ကျွန်တော်က စပြီးတိုက်တာပေါ့။ ဒါပေမဲ့ ကျွန်တော့် တပ်တစ်တပ်တည်းကိုပဲ အားလုံးက ဝိုင်းတိုက်တော့ ဘယ်ခံနိုင်မလဲ။ ပြေးရတာပေါ့။ အဝေးကြီးပြေးတာလည်း ဟုတ်ပါဘူး။ အနားကတော

အုပ်ထဲဝင်နေတာ။ အားလုံးညီညီညာညာတိုက်တော့ရော ကျွန်တော်ခိုမနေပါဘူး။ ထွက်တိုက်သားပဲ။ ဘာညာနဲ့ ဦးအောင်ပြောတော့တာပဲ။ သူ့ဆရာကတော့ ဘာမှမပြောတော့ဘူး သူရှင်ကလည်း စစ်ရည်ဝနေတာဆိုတော့ သိလိုက်ပြီ။ ဘယ်သူက ဘာဆိုတာ ပြီးတော့ လူလည်ကြီးပဲဟာ အာဏာနိုင်ငံရေးကျွမ်းပြီးသား သမိန်ပြဇ္ဇဆိုတာ နှယ်နှယ်ရရမဟုတ်ဘူး တပ်ပေါင်းစုဦးစီးချုပ် ဩဇာအာဏာလည်းရှိတယ်။ သူနဲ့အတူ နန်းတက်ကတည်းက တိုက်ပွဲအလီလီတိုက်လာတာ စစ်တပ်မှာ ဩဇာတော်တော်ညောင်းတယ်။ ဒီတော့ လဂွန်းအိန်ကိုဖိပြီးဆူတာပေါ့။ ဟျောင့် ဒါက တပ်မှူးတစ်ယောက်ပြောရမယ့်စကားလား မင်းပြောနေတာ လမ်းဘေးစကားတွေ နောက်တစ်ခါ ဒါမျိုးသာဖြစ်ကြည့် ငါကိုယ်တိုင် မင်းကို တပ်ချုပ်လက်ထဲအပ်မယ် ဘာညာနဲ့ဆူပြီးတော့မှ သမိန်ပြဇ္ဇကို လဂွန်းအိန်ကို ဆုချတာထက် အဆများစွာပိုပြီးဆုချတော့မှ အဆင်ပြေတော့တယ်။

ဒါကလည်း လဂွန်းအိန်က လူငယ်ဖြစ်တာရော၊ အောက်ခြေကနေ ထိပ်ဆုံးကို မြန်မြန်ရောက်လာပြီး ဘုရင်ကလည်း မျက်နှာသာတော်တော်ပေး တာဆိုတော့ အောက်ခြေနည်းနည်းလွတ်တာလောက်ပါ။ သူ့ဆရာနဲ့လည်း နောက်ကျတော့ အဆင်ပြေတယ်။ စကားလည်း နားထောင်ပါတယ်လေ။

(၄)

အင်းဝ ဟံသာဝတီ နှစ် ၄၀စစ်ပွဲမှာ သူရဲကောင်းတွေအများကြီးပေါ်လာခဲ့ပေမယ့် နာမည်ကျော်သူရဲကောင်းဆိုတာက နည်းတယ်။ ဒီအထဲကမှလဂွန်းအိန်ဆိုပြီးနာမည်ကျော်လာတာက သစ္စာကြီးတာရယ်၊ တိုက်စွမ်းအားသာလွန်တာရယ် နှစ်ခုပေါင်းပြီးနာမည်ကျော်တာပါ။

အင်းဘုရင်မင်းခေါင်က ရခိုင်မှာ ရှုံးပြီး သမီးပါသွားလို့ ဟံသာတီကို မောကိုးပြည်ထောင်တပ်တွေ စုပြီး တောင်ငူကြောင်းကနေ စစ်ချီလာတာ ပန်းကျော်ဒေသကိုရောက်လာပါတယ်။ ဟံသာဝတီတပ်တွေက

ပန်းကျော်ဒေသကို မြေလှန်ပြီး စစ်တောင်းမြစ်ဝှမ်းဒေသကစောင့်နေတာပေါ့။ နှစ်ဖက်တပ်တွေလည်း သူ့ကိုယ်မတွေ့ ကိုယ့်သူမတွေ့နဲ့ စမ်းတဝါးဝါးဖြစ်နေတော့ သုရှင်က တပည့်ကျော်ကြီး လဂွန်းအိန်ကို recon လွှတ်ရတာပေါ့။

လဂွန်းအိန်ကလည်း သူ့ဆီက လက်ရွေးစင် ၁၀၀ရယ်၊ လမ်းပြမှုဆိုး ၁၀၀ရယ်ခေါ်ပြီး ကင်းလှည့်တာပဲ။ ပန်းကျော်ကိုချီတက်လာတဲ့ အင်းဝတပ်တွေအသံလည်းကြားရော၊ မှုဆိုးတစ်ယောက်ကို အပင်ပေါ်တက်ကြည့်ခိုင်းတော့ အင်းဝတပ်က အင်အားသိန်းချီပြီး ချီတက်လာတာလည်းတွေ့ရော၊ သူ့ဗိုလ်ချုပ်ကို ပြန်သတင်းပို့တာပေါ့။ လဂွန်းအိန်ကလည်း ကိုယ်တိုင်ကြည့်မယ်ပြောပြီး တက်ကြည့်တော့ တကယ်ကြီး အင်အားသိန်းချီနေရော အရင်ကလိုမဟုတ်ဘဲ ဆင်တပ်တွေအများကြီးပါလာတာလည်းသိရော၊ လစ်ဖို့လုပ်ရတာပေါ့။ ဟုတ်တယ်လေ သူ့ဆီမှာက ၂၀၀ ဟိုဘက်က တစ်သိန်းကျော်ဆိုတော့ ဆင်နဲ့ ကြွက်သာသာလောက်ပဲရှိတယ်။ ဒါပေမဲ့ သိတယ်မဟုတ်လား စစ်သွေးကြွတဲ့ သူဆိုတော့ နည်းနည်းတော့ကလိလိုက်မယ်ဆိုပြီးAmbush လုပ်လို့ကောင်းတယ့်နေရာကစောင့်ပြီး အင်းဝပို့င့်တပ်ကို အပီဆော်တာ။ အင်းဝတပ် ဖရိုဖရဲတွေကိုဖြစ်လို့ ဆုတ်သွားတာတောင်ကောင်းကောင်းမဆုတ်ဘူး။ လမ်းမှာညှောင့်တွေထောင် အပင်တွေလှဲကျင်းတွေတူးပြီး delay ဖြစ်အောင်လုပ်သွားသေးတယ်။

ဒီလိုနဲ့ ဟံသာဝတီနဲ့အင်းဝတပ်တွေ ပန်းကျော်ဒေသမှာတိုက်တော့ စစ်တောင်းမြစ်ဝှမ်းဒေသရဲ့ မြေအနေအထားမသိဘဲတိုက်လို့ ပွဲဦးထွက်ခံလိုက်ရလို့ စစ်အိီနေတုန်း ဟံသာဝတီတပ်က ကွန်မန်ဒို LRPလွှတ်ပြီး အင်းဝထောက်ပို့လမ်းကိုဖြတ်လိုက်တော့ အင်းဝတပ်နားကားတာပေါ့။ ဘုရင်မင်းခေါင်ကလည်း အပစ်အခတ်ရပ်စဲရေးစကားပြောရတော့တာပေါ့။ သုရှင်က ဘုရင်မင်းခေါင်ကို ဘုနေတာက အရင်စစ်ပွဲမှာ ပြည်ရွှေဆံတော်မှာသစ္စာဆိုပြီးမှ အခုစစ်ပွဲကို ဇင်းမယ်ကိုစစ်ကူခေါ်ပြီး ဆင်းလာတာကိုတင်းနေတာ။ ကံကောင်းလို့အင်းဝဆက်သားဇင်းမယ်ကိုအသွား ဟံသာဝတီက ဖမ်းမိထားပြီးဖျောင်လိုက်လို့ မဟုတ်ရင် စစ်နှစ်ဖက်ညပ်မှာ။

ဒီလိုနဲ့ အခုခေတ်လိုပဲ ညှိလိုက်ဘာလိုက်နဲ့ စစ်ပြေငြိမ်းမယ်ဖြစ်သွားရော။ ဟံသာဝတီကလည်းအကြံနဲ့ပဲ သစ္စာပြုပွဲမှာ အင်းဝအမတ် ၄၀ ဟံသာဝတီအမတ် ၄၀ ပန်းကျော်ချောင်းမှာဆုံမယ်။ ပြီးရင် စစ်ပြေငြိမ်းစကားတွေဘာတွေပြောပြီး အင်းဝအမတ်တွေက သုရှင်ကိုလာတွေ့ ဟံသာဝတီကလည်း အင်းဝဘုရင်မင်းခေါင်ဆီလာတွေ့ဆိုပြီး plan ချထားတာ။ တကယ်က ဟံသာဝတီဘက်က ပန်းကျော်ချောင်းသောင်ပြင်မှာ လက်နက် တွေကြိုမြှုပ်ထားပြီး သုရှင်ဆီလာတဲ့ အင်းဝအမတ်တွေကို သုရှင်ကဖမ်း ဟံသာဝတီအမတ်တွေက အင်းဝဘုရင်မင်းခေါင်ကို ဖမ်းလို့ရရင်ဖမ်း မရရင် လုပ်ကြံမယ်ဆိုပြီး ပြင်ထားတာ။

စစ်ပြေငြိမ်းပွဲနေ့လည်းကျရော အမတ်တွေဆုံတာပေါ့ လဂွန်းအိမ်နဲ့တွဲပြီးစကားပြောရတာက အင်းပဲသူကြီး(နောက်ပိုင်း မိုးညှင်းသတိုးခေါ် မိုးညှင်းမင်းတရား) စကားသာပြောနေရတာ လဂွန်းအိမ်က သုန်သုန်မှုန်မှုန်ဖြစ်နေတာ သတိထားမိရော မေးတာပေါ့။

ဟျောင့် ယောက်ဖ မျက်နှာလည်းမကောင်းဘူး ဒီသစ္စာပြုပွဲက အမှန်အကန်ကြီးမဟုတ်လား။ နောက်ဆို စစ်မတိုက်ရတော့လို့ ဒီလိုဖြစ်နေတာလား။ ဘာလားပေါ့။ စကားရောဖောရောနဲ့ စသလိုလို လုပ်တော့နဂိုကမှ သိပ်စိတ်မကြည်တဲ့ လဂွန်းအိမ် ထအော်တာပေါ့ အရှူး မင်းမို့လို့ယုံနေတယ်။ စစ်ပွဲမှာ အပစ်အခတ်ရပ်စဲရေးစကား ဘယ်တုန်းကယုံရလို့လဲ မင်းကိုမိရင်လည်း ငါသတ်မှာပဲ၊ ငါ့ကိုမိလည်းမင်းကသတ်ရမှာပဲ။ စစ်ပွဲမှာပြုတဲ့ ကတိတစ်ခုမှမယုံနဲ့ဆိုတော့ အင်းပဲသူကြီးက အထာနပ်တာပေါ့ ရှေ့ဆုံးက အမတ်ကြီးဆီပြေးတာပေါ့။

(၅)

ပန်းကျော်ချောင်းသစ္စာပြုပွဲမှာ လဂွန်းအိမ်ကြောင့် ပွဲပျက်သွားပြီး ဟံသာဝတီအမတ်တွေ သုရှင်ဆီပြန်လာတော့ သုရှင်ကရှယ်ပေါက်ကွဲတာပေါ့။ ဟုတ်တယ်လေ planu လုံးဝ perfect ဖြစ်ထားတာ။ အင်းဝကို

လုံးဝနိုင်ရမယ့်ဟာကို ဘယ်လိုဖြစ်ပြီး ပျက်ရတာလဲဆိုပြီး စုံခုံဖွဲ့စစ်တော့ တရားခံက ဘွားခနဲပဲ တပည့်ကျော်ကြီး မသံလုံပေါ့။ သုရှင်က ဆုပေးကြမ်း သလောက် အပြစ်ပေးတာလည်း ရက်စက်တယ်။ ချက်ချင်းပဲ သေဒဏ် ပေးပြီး အဲမွန်ဒယာကိုခေါ်ပြီး သူသတ်ကုန်းကိုခေါ်သွားခိုင်းရော။ လဂွန်းအိန်နဲ့ အဲမွန်ဒယာက ဘော်ဒါတွေဆိုတော့ လဂွန်းအိန်ကိုမသတ် ချင်ဘူး။ သူ့ဆရာ သမိန်ပြဋ္ဌနဲ့ အမတ်ဒိန်တို့ကတော့ကယ်မှာပဲဆိုပြီး အဲမွန်ဒယာက သတ်မိန့်မပေးဘဲ ဟိုယောင်ယောင် ဒီယောင်ယောင်လုပ် နေရော။

ဆရာသမားမသံလုံကတော့ အေးဆေးပဲ။ ငါလည်းသူများကိုသတ် ထားပြီးသားပဲ ၊ငါသေအလှည့်ပဲ၊ ဘဝကူးကောင်းအောင်ဆိုပြီး အေးဆေးပဲ၊ ဘုရားမှာ ဆီမီးပန်းရေချမ်း ဆွမ်းကပ်ပြီး ဘုရားရှိခိုးနေတာ။

သူတို့ နှစ်ယောက်ကသာအေးဆေးဖြစ်နေတာ သုရှင်ရဲ့ညီလာခံမှာ သူ့ဆရာသမားနှစ်ယောက်နဲ့ အခြားအမတ်ကြီးတွေ ရွာပျက်နေပြီ။ သုရှင်ကို ဖျောင်းဖျနားချရတာ ပါးစပ်ကတောင် အမြှုပ်ထွက်တော့မယ်။ စစ်မြေပြင်မှာ သူ့ရဲကောင်းကိုသတ်တာ ရန်သူ့အားပေးလုပ်ရပ်ပါဆိုတာရော၊ ဒီကောင် လေးက တစ်ဇွတ်ထိုးသာလုပ်တာပါ၊ စိတ်ရင်းလေးကောင်းပါတယ်။ တိုက်တာခိုက်တာလည်းတော်ပါတယ် ဆိုတာတွေရော ပြောရတာပေါ့။ သူ့ဆရာသမိန်ပြဋ္ဌက ပိုဆိုးတယ်။ သုရှင်ကို မနည်းတောင်းပန်နေရတာ အရင်ကဆို သုရှင်ကို အကြံကောင်းတွေ ဗျူဟာကောင်းတွေ ပေးထားတာ ဆိုတော့ ခပ်ချေချေနေတာ။ အခုက သူ့ရဲ့တပ်က တပ်သားလေးကနေ တပ်မမှူးဖြစ်လာတဲ့ သားလို တပည့်လိုဖြစ်နေတဲ့ မသံလုံအတွက် ခြေ ထောက်ဖက်တောင်းပန်ရမတတ်ပြောနေရပြီ။ အမတ်ဒိန်က သုရှင်ကို ပြောလိုက်တာက မသံလုံက ငပိန်းမှမဟုတ်တာ ဒီplan ကိုလည်း အကုန် သိနေတာကို ဘာဖြစ်လို့ ဒီလုပ်ရတာလဲဆိုတာ အကြောင်းတော့ရှိမှာပဲ။ ကျွန်တော်တို့မေးကြည့်ပါဦးမယ်။ သူ့အဖြေကိုမူတည်ပြီးမှ ဘာအပြစ် ပေးမလဲဆုံးဖြတ်တာပေါ့ဆိုတော့မှ သုရှင်က သဘောတူပြီး ဘာမှမပြောဘဲ

ခပ်ဆိတ်ဆိတ်နေပြီး၊ အတွင်းဆောင်ကိုဝင်သွားတယ်။ သမိန်ဗြဇ္ဇနဲ့ အမတ်ဒိန်က ဒက်တာပေ့ါ ဘုရင့်စကားထွက်ပြီး ဆင်စွယ်ဝင်သည်မရှိ ဆိုတော့။ သေဒဏ်ဖျက်အမိန့်တော့ပေးမှာမဟုတ်ဘူး။ ငြိမ်နေတယ်ဆိုတာ သဘောတူတာပဲဆိုပြီး သူသတ်ကုန်း ကိုပြေးရတာပဲ။ မသံလုံကို သွားခေါ် တာပေ့ါ။

အဲမွန်ဒယာက အမတ်ကြီးနှစ်ယောက် မြင်းဒုန်းစိုင်းစီးပြီးလာတာ လည်း မြင်ရော သိလိုက်ပြီ။ မသံလုံမသေတော့ဘူးဆိုတာကို ဒီလိုနဲ့ပဲ မသံလုံကို ကုပ်ကဆွဲပြီး သုရှင်ဆီခေါ်လာတာပေ့ါ။ ရောက်လည်းရောက်ရော အမတ်ဒိန်က အနုနည်းနဲ့မေး သူ့ဆရာကသမိန်ဗြဇ္ဇက ထုထောင်းပြီး ပါးတွေနားတွေရိုက်ပြီးမေးတာပေ့ါ။ ဒါမှ သုရှင်က သနားပြီးစိတ်ပြေမှာကိုး။ မသံလုံကတော့ ဘာမှမဖြေဘူး။ အမတ်ကြီးတွေက သုရှင်ကိုပြောရတာပေ့ါ သုရှင်ရှိနေလို့ ကြောက်ပြီးဘာမှမပြောတာနဲ့တူပါတယ်။ ကျွန်တော်တို့ အေးအေးဆေးဆေးမေးကြည့်ပါ့မယ်ဆိုတော့မှ ရှောင်ပေးလိုက်တယ်။

အဲဒီတော့မှ ဘုရင့်တဲကနေ အခြားနေရာကိုခေါ် ရေမိုးချိုးခိုင်းပြီး ထမင်းတွေဘာတွေကျွေး အေးဆေးဖြစ်မှ မေးတာပေ့ါ။ မင်းကွာ တကယ့် အစီအစဉ်ကိုဖျက်တာ သုရှင်က သတ်မှာမသိဘူးလားဆိုပြီး သမိန်ဗြဇ္ဇက မေးတော့ လဂွန်းအိန်ကလည်း သူ့အဖေလို ဆရာလိုဖြစ်တဲ့ အမတ်ကြီး ကိုဖြေတာပေ့ါ။

(၆)

မသံလုံကို သူ့ဆရာကမေးတော့မှ ဖြေတာပေ့ါ။ ကျွန်တော်က ယောကျာ်းပါ ယောကျာ်းထဲမှာမှစစ်သား၊ စစ်သားထဲမှာမှ သူရဲကောင်းတပ်မှူး ဒါကြောင့် ယောကျာ်းစကားပဲပြောချင်တာ။ အခုဆို အင်းဝသားတွေစစ်ရှုံးနေ ပြီ။ ကျွန်တော်တို့တိုက်စစ် စတာနဲ့ကိုနိုင်နေပြီပဲဗျာ။ ဒါကိုတောင်မှ သူတို့ဆီက ဘုရင်နဲ့စစ်သူကြီးအမတ်တွေကို ဖမ်းဆီးလုပ်ကြံကြရင် နောင်သမိုင်း မော်ကွန်းမှာ ဟံသာဝတီသား မွန်တွေက ကတိမတည် လူလိမ်လူညာတွေလို့

မှတ်တမ်းတင်ခံရမယ်။ အရင်ကလည်း ကုလားလန်ဘားကို ဥပါယ်နဲ့အနိုင်ယူခဲ့လို့ ဥပါယ်ခိုး(ပဲခူး)လို့နာမည် ရပြီးပြီ။ ထပ်ပြီးတော့နာမည်မပျက်ချင်တော့ဘူး။

စစ်မြေပြင်မှာပဲ ဓားဓားချင်းလှံလှံချင်း ယောက်ျားပီပီပဲ နိုင်ချင်ပါတယ်ဆိုတော့၊ သူ့ဆရာ သမိန်ပြဋ္ဌနဲ့ အမတ်ဒိန်က ရှယ်သဘောကျတာပေါ့။ ဟုတ်တယ်ဟ ဒီလို ချက်ကျလက်ကျရှင်းမယ်ဆို သုရှင် သဘောကျမှာ။ ဒါပေမဲ့ မျက်နှာတွေကတော့ ခပ်တင်းတင်းပဲ။ ဒီလိုဆိုရင် မင်းတကယ်တိုက်ရဲလားဆိုတော့ မသံလုံက မျက်နှာငယ်လေးနဲ့ ကျွန်တော့်ဟာ ကျွန်တော်ဆိုဘယ်ရမလဲ အဘတို့ကူညီမှရမှာပါပေါ့။

အမတ်ကြီး နှစ်ယောက်ကလည်းဟုတ်ပြီ ဒါဆို ငါတို့စီစဉ်ပေးမယ်။ ဒီလိုကွ ငါတို့ဆီက သူလျှိုတွေပေးတဲ့ သတင်းအရ ဘုရင်မင်းခေါင်က တပ်စစ်ထွက်တတ်တယ်။ တပ်စစ်ရင်လည်း ကိုယ်ရံတော် နည်းနည်းရယ် မြင်းရယ်ပဲပါတတ်တယ်။ အဲဒါကို မင်းက ambushလုပ်ရမယ်။ လုပ်ရမယ့်နေရာက မော်လင်တော လူကို လက်ရွေးစင် ၃၀၀ မင်းကြိုက်တဲ့ လူရွေးလိုတာပြော ငါတို့ဖြည့်ပေးမယ်ဆိုတော့၊ လဂွန်းအိန်က ဆင်တော်ဗကမတ်သာပေးပါ ဒီဇမ္ဗူ မှာ ဘာလာလာချမယ်ဆိုတော့ အမတ်ကြီးတွေလည်း သုရှင်ဆီပြေးရပြန်တာပဲ။ ဘာလို့လဲဆိုတော့ ဗကမတ်က ဘုရင့်စီးတော်ဆင်လေ။ မသံလုံက တကယ့်လွယ်ဘူး ဘုရင့်မိဖုရားတောင်းလိုက် ဆင်တောင်းလိုက်နဲ့ အခွင့်အရေးရရင် ရသလိုပဲ ဟဲဟဲ။

သုရှင်ကလည်း အကြောင်းစုံသိတော့ သဘောကျတယ်။ ဆင်လည်းပေးမယ်ပြောတယ်။ လဂွန်းအိန်ကိုခေါ်ပြီး မေးတာပေါ့။ တကယ်ကြီးလားလို့ သေချာတော့မှ မသံလုံကို ဗကမတ်ပေးတာ အဲဒီအချိန် ဗကမတ်က မုန်ယိုနေလို့ ထူးခတ်ထားရတာ။ သုရှင်ကလွဲရင် ဘယ်သူမှအနားကပ်ခံတာမဟုတ်ဘူး။ ဒါပေမဲ့လ ဂွန်းအိန်ကျတော့ အမြဲသုရှင်နားမှာနေတာဆိုတော့ ကိုယ်နံ့ကို သိနေလို့ အနားကပ်လို့ရတယ်။ လဂွန်းအိန်လည်းညာတာပါတောနဲ့ ထူးဖြုတ်ပြီး ဆင်ပေါ် ကိုလွှားခနဲတက် ဦးကင်းမှာ ချွန်းနဲ့အကျအနကိုထိုင်တာ

ဆင်ကဘာယ်ရမလဲ မုန်ယိုနေပါတယ်ဆိုမှ ဝုန်းတာပေါ့။ ဒါပေမဲ့ လူက အခြားလူမှမဟုတ်တာ လဂွန်းအိန် စိတ်ကြမ်းလူကြမ်းကြီး ဆင်ကိုချွန်းနဲ့ အပီကိုသမတာ။ များများ ဝုန်းလေ များများ သမလေပဲ။ နောက်ဆုံးတော့ ဆင်ကြမ်းလည်း လူကြမ်းကိုမနိုင်ဘူး ခိုင်းတာလုပ်ရပါလေရော။

အဲဒီတော့မှ သုရှင်ရှေ့ကိုစီးလာပြီး တလွှားလွှားနဲ့ သုံးလေးပတ်လောက်စီးပြတော့ သုရှင် သဘောကျတာပေါ့။ ငါ့တပည့်တော်တယ်ဟဆိုပြီးချီးကျူးနေရော။ ပြီးမှ လဂွန်းအိန်ကပြောတယ်။ သုရှင် အခုပြဿနာတစ်ခုရှိတယ် ကျွန်တော်က ဘုရင်မင်းခေါင်ကိုမတွေ့ဖူးဘူး။ အဲ့ကြောင့်သိတဲ့လူတစ်ယောက်ထည့်ပေးပါဆိုတော့ ဟံသာဝတီရောက်နေတဲ့မင်းခေါင်ရဲ့ညီ (ရှင်သိဒ္ဓိက်)ကိုထည့်ပေးလိုက်တယ်။ ပြီးတော့ သဘောကျလို့ချက်ချင်းသစ်ရွက်နီခင်း လက်နဲ့နဖူးမှာ #မဟာစောလဂွန်းအိန်လို့ဘွဲ့ရေးပေးလိုက်တယ်။ လဂွန်းအိန်ကလည်း သုရှင်ကိုယ်တိုင်ရွှေလက်တော်နဲ့ရေးပေးမှတော့ ရွှေနဖူးစည်းတွေလိုပါဘူး အရှင့်မေးဦးညွှန်ရာ နတ်ဘီလူးစစ်သည်ရှိပစေ ဘေပစ်လိုက်မယ် ဘာညာနဲ့ မြှောက်ပေးရော သေချာတာတော့ တပ်သားဘဝကနေ တပ်မမှူးမြန်မြန်ဖြစ်တာ ဒါတွေလည်းပါမယ် ဘုရင်ကလည်း အမြှောက်ကြိုက်ဆိုတော့ ဒီဆရာတပည့် သူ့ဟာနဲ့သူတော့ ကီးချိန်လို့ရနေတာပဲ။ သဘောတွေကျပြီး သုရှင်အမြဲဆောင်နေကြ ဝက်စွယ်ဂင်းပိတ် အဆောင်တောင်ပေးလိုက်တယ်။ လဂွန်းအိန်လည်း စစ်သွေးတွေကြွပြီး သူ့ရဲ့ကွန်မန်ဒို ၃၀၀နဲ့ ချီတက်သွားပါလေရောလား။

မော်လင်တောလည်းရောက်ရော သေချာနေရာရွေးပြီး ထိုင်စောင့်နေတာ၊ ညနေလည်းစောင်းရော တကယ်ကြီးကို ဘုရင်မင်းခေါင်ရောက်လာပါလေရော။

ကိုယ်ရံတော်လေး နည်းနည်းရယ် မြင်းလေးကိုကြော့လို့ စိမ်ပြေနပြေလေးလာနေတာ ထောက်လှမ်းရေးသတင်းမှားတာဆိုလို့ စီးတော်ဆင်ရဲမြတ်စွာပဲပါတယ်။ ကျန်တာအကုန် အတီအကျပဲ။ သတ်ကွင်းထဲလည်းရောက်ရော လဂွန်းအိန်က ဆင်ကိုချွန်းဖွင့်ပြီးအဝင် သူ့ရဲ့တပ်ကလည်း ရပ်

ဖြတ် သတ် ကာ ထောက် ambush အစီအစဉ်အတိုင်း ရှယ်သမတော့တာ ပဲ။ ဘုရင်မင်းခေါင်ကလည်း အချာပင်မှမဟုတ်တာ ဆင်ပေါ်ကိုလွှားခ နဲ့တက်ပြီး ပြန်ချတာပေါ့။ လဂွန်းအိန်နဲ့လည်း စီးချင်းထိုးမယ်လုပ်နေတုန်း ကိုယ်ရံတော်ဗိုလ် ပခန်းစားတရဖျားက ဒီကောင့်လောက်တော့ ကျွန်တော့် တာဝန်ထားဆိုပြီး လဂွန်းအိန်ကို အရင်တိုက်တာ။ ဘယ်ရမလဲ ဆင်ရောလူပါ သေရော။ ဟိုက စီးလာတာ ဟံသာဝတီရဲ့ အကောင်းဆုံးတိုက်ဆင်၊ လူက လည်း နတ်ဘီလူးစစ်သည်လို့ခေါ်ရတဲ့လူ သေတာတောင်နည်းသေးတယ်။ ဘယ်လို လုပ်ခံနိုင်မှာလဲမဟုတ်ဘူးလား။

ဘုရင်မင်းခေါင်က မကြောက်ဘူး၊ လာစမ်းပါ အဲဒီလဂွန်းအိန်ဆို တာကို တွေ့ချင်နေတာဆိုပြီး တိုက်မယ်အလုပ် လဂွန်းအိန်ဆင်ပေါ်ပါလာတဲ့ သူ့ညီက ထအော်ပါလေရော။ ဘုရင်ဖြစ်ပြီး အမတ်ငယ်နဲ့ စီးချင်းထိုး စရာလား ပြန်ဆုတ် မတန်ဘူး မြန်မြန်ခွာ နောက်မှာတပ်ကူတွေပါလာတယ် pin down မိရင် အကုန်စမုံတုံးနေမယ်ဆိုတော့ ခွာတာပေါ့။

သူ့နောက်က တပ်မကြီးဆီဆုတ်တာ လဂွန်အိန်ကလည်း နောက်က လိုက်လာတာ လူကိုသေချာမမြင်ရပေမယ့် ဘုရင့်ဆင်ဆိုတော့ ထီးဖြူပါတယ်လေ။ အဲ့ထီးဖြူ ကို trace လုပ်ပြီးလိုက်တာလည်းသိရော မင်းခေါင်ညီက အင်းဝမှာ အဝတ်ဖြူ ရှားသလားဆိုမှ ထီးဖြူကို ခုတ်ချပြီး အခြားဆင်တွေနဲ့ရောလိုက်တယ်။

အင်းဝတပ်မကလည်း ဖိလာတာဆိုတော့ လဂွန်းအိန်လည်းခွာ ရတာပေါ့။ မဟုတ်ရင်သေမှာလေ။ အဲ့လိုဆုတ်လာပြီး သုရှင့်ဆီလည်း ရောက်ရော ဟိုကဆီးမေးတာပေါ့။ ဒါကဘယ်လိုဖြစ်တာတုန်း သွားတုံးက နတ်ဘီလူး စစ်သည်တွေ့လည်းဗျင်းပါ့မယ် အင်းဝသားက သံမှုန့်စားထား လားဆိုပြီး လက်သီးလက်မောင်းတန်းသွားတာ အခုတော့ အလဲလဲ အကွဲကွဲဖြစ်လာ ရလားဆိုတော့မှ လဂွန်းအိန်ကလည်း ပြောတော့တာပေါ့။

(၇)

ဘုရင်မင်းခေါင်ကို လဂွန်းအိန်နဲ့ ကွန်မန်ဒိုတွေ ချုံခိုပေမဲ့ မရခဲ့တော့ ထုံးစံအတိုင်း စစ်ကြောရေးဝင်တော့ ဟံသာဝတီမှာ နိုင်ငံရေးခိုလှုံခွင့်တောင်းပြီးရောက်နေတဲ့ ဘုရင်မင်းခေါင်ရဲ့ညီလက်ချက်ဆိုတာသိတော့ သေဒဏ်ပေးလိုက်တယ်။ လဂွန်းအိန်ကတော့ အရင်က စွမ်းဆောင်ဖူးတာတွေရှိလို့ အပြစ်လွှတ်ပေမယ့် ငြိမ်းချမ်းရေးပွဲကအပြစ်ကို မလွှတ်သေးဘူး ထပ်လုပ်ရမယ်ဆိုတဲ့ အမိန့် ပေးလာတယ်။ ဆရာသမားကစဉ်းစားတာပေါ့။ အရင်လိုချုံခိုလို့တော့မရလောက်တော့ဘူး။ ဘုရင်မင်းခေါင်က တစ်ခါခံရဖူးရင် လုံခြုံရေးအပြည့်နဲ့လာမှာ အဲ့ကို သွားတိုက်ရင် ငါပဲနားကားမှာဆိုပြီး ညဘက်စခန်းထဲဝင်ပြီးလုပ်ကြဖို့ သူ့ရဲ့အထူးတပ်သားတွေထဲကမှ သေမထူးနေမထူး အထူးကွန်မန်ဒို ၁၂ယောက် သူနဲ့အပါဆို ၁၃ယောက်ရွေးပြီး အင်းဝတပ်စခန်းကို SRPသွားလုပ်တယ်။ အင်းဝတပ်စခန်းက အရှေ့ အနောက်နဲ့ တောင်ဘက်တွေက စနစ်တကျ ခံစစ်ပြင်ထားတာ။ ရန်သူက အဲဒီဘက်ကပဲလာမှာကိုး။ ကင်းတွေ ဗျောင့်တွေ ကျင်းတွေ ထောင်ချောက်တွေအပြည့်ပဲ။ လဂွန်းအိန်က အဲဒီဟာတွေရှိနေလို့ စခန်းကိုကျော်ပြီး မြောက်ဘက်ကနေပတ်ဝင်တယ်။ စစ်နောက်ကျောဆိုတော့ ကင်းတွေ အတားအဆီးတွေသိပ်မရှိဘူးလေ။

ဒီလိုနဲ့ လမိုက်ညတစ်ရက်မှာ လဂွန်းအိန်တို့အဖွဲ့က မြောက်ဘက်တပ်စည်းရိုး ကျားလန်တွေကိုဖြုပြီးတပ်ထဲဝင်လာတယ်။ ဆုံရပ်သတ်မှတ်ပေးပြီး စည်ရုံ(ဗဟိုကင်း) ဆင်တင်းကုပ် စစ်ကဲကြီးအဆောင် (တာဝန်မှူးအရာရှိနေရာ) လက်နက်တိုက်တွေနားမှာ နှစ်ယောက် သုံးယောက်စီချထားပြီး သူနဲ့တပည့် သုံးယောက်က မင်းခေါင်ရဲ့တဲနားကပ်လာတယ်။ တဲကခြေတံရှည်ဆိုတော့ တစ်ယောက်ပခုံးပေါ် တစ်ယောက်တက်ပြီး ကြမ်းခင်းကိုဖောက်ပြီးဝင်လာတယ်။ ဘုရင်မင်းခေါင်က အိပ်ရာပေါ် မှာစန့်စန့်ကြီးအိပ်နေရော။ သူ့ခြေရင်းမှာ သူရဲ့ကိုပင်လေး မောင်းမငယ်လေးအိပ်နေတာ။ အဲ့ကောင်မလေးက လဂွန်းအိန် ကြမ်းခင်းကိုဖောက်ပြီး ဝင်လာတော့လန့်နိုး

လာတယ်။ သူမျက်စိရှေ့မှာ လူကလည်းညစစ်ဆင်ရေးဆိုတော့ အမည်းတွေဝတ် အိုးမည်းတွေသုတ်ပြီး သရဲရုပ်ပေါက်နေတဲ့လဂွန်းအိန်လည်း မြင်ရော၊ တလိုင်း တလိုင်းဆိုပြီးအော်ပါလေရောလား။ ဘုရင်မင်းခေါင်က စစ်သားဘုရင်ဆိုတော့ နားပါးတယ်။ သုတ်ခနဲထပြီး ခုတင်အောက်ကို လှိမ့်ချလိုက်တာ လဂွန်းအိန်လည်း အပေါက်အသေးသေးလေးမှ တစ်နေတာကို အတင်းရုန်းထွက်ပြီး မောင်းမငယ်ကို ပါးစပ်ပြေးပိတ်ပြီး မင်းခေါင်ကိုကြည့်တော့ ဘသားချောက လစ်ပြီ။ အဲ့နဲ့ပဲ အနားမှာတွေ့တဲ့ ရွှေကွမ်းအစ်နဲ့ ပတ္တမြားကျောက်စီဓားဆွဲပြီး ပြန်ဆုတ်ရတာပေါ့။ အင်းဝတပ်ကလည်း အော်သံကြားရကတည်းက နိုးနေပြီ။ ဒါပေမဲ့ တာဝန်မှူးကလည်း တံပိုးမမှုတ်ဘူး (ဘယ်မှုတ်မလဲ လဂွန်းအိန်တပည့်တွေက ဖြောင်ပစ်လိုက်ပြီ)

စည်ရုံ ဗဟိုကင်းကလည်း စည်မတီးဘူးဆိုတော့ ဘာလိုလို ညာလိုလိုဖြစ်နေတာ။ တကယ်က လဂွန်းအိန်က ကြိုတွက်ထားပြီးသား။ ဗဟိုကင်းကို အလစ်ဝင်စီးပြီးကင်းသားတွေကိုသတ် လက်နက်တိုက်ကို မီးရှို့ပြီး ဆင်တင်းကုပ်က ဆင်တွေကိုထူးဖြုတ် ဆင်တွေကိုလှံနဲ့ထိုးလွှတ်လိုက်တာ အင်းဝတပ်ခမျာ ရန်သူနောက်လိုက်ဖို့နေနေသာသာ လက်နက်တိုက်ကို မီးငြိမ်းရ ဆင်နင်းမခံရအောင် ပြေးရနဲ့ ရွာပျက်ပြီးကျန်ခဲ့တာ။ ဆရာသမားလဂွန်းအိန်ကတော့ ဆုံရပ်ကိုပြန်ဆုတ် လူတွေစစ် လူစုံတာနဲ့ သုရှင်ဆီပြေးပြီ။

ဒီဘက်က ဟံသာဝတီဘက်ကလည်း အင်းဝတပ် စစ်လှန့်သံကြားကတည်းက တပ်တွေအဆင့်သင့်ပြင်ထားပြီးသား သူတို့တွေ့တာက ညစစ်ဆင်ရေးဝတ်စုံအမည်းတွေဝတ် အိုးမဲတွေပေနေတဲ့ မျက်နှာတွေက ပြုံးဖြီးဖြီးကြီးနဲ့ ဆရာလဂွန်းအိန်နဲ့ သူ့တပည့်တွေပဲ ရှေ့ဆုံးက လဂွန်းအိန်လက်ထဲမှာက ရွှေကွမ်းအစ်ကြီးနဲ့ ပတ္တမြားကျောက်စီဓားကြီး။

သုရှင်ဆီလည်းရောက်တော့ အကြောင်းစုံပြောပြီး ပစ္စည်းတွေအပ်တာပေါ့။ ဘာလို့မင်းခေါင်ကိုမသတ်ခဲ့လဲဆိုတော့ မင်းဧကရာဇ်ကိုသတ်ရင်

အသက်မရှည်ဘူး ဆိုလို့မသတ်တာ ဘာညာပေါ့။ မဟုတ်ရင် အထုခံရမှာပေါ့ ဟုတ်သည်ရှိ မဟုတ်သည်ရှိ လူလေး၁၃ယောက်နဲ့ အင်းဝတပ်ကို ဒီလိုရှာပျက်အောင်လုပ်လာတာ အားရတာပေါ့။ ဒါကြောင့် မောင်လဂွန်းအိန်အရင်က ပြစ်မှုတွေကနေ ကွင်းလုံးကျွတ်လွတ်စေပေါ့။

ပြီးမှ သူရထားတဲ့ မင်းခေါင်ရဲ့သမီး စောပြည့်ချမ်းသာကိုခေါ်ပြီး ဒါနင့်အဖေပစ္စည်းတွေ ဟုတ်လားဆိုပြီး confirm လုပ်တယ်။ ဟုတ်တယ်ဆိုတော့မှ မနက်ကျမှ ဘုရင်မင်းခေါင်ဆီ စစ်သံလွှတ်ပြီး သွားစနေသေးတယ်။ ညေးညက ကွီးတပည့်တွေ ညေးတပ်ထဲဝင်သွားတာ ညေးက စန့်စန့်ကြီးအိပ်နေတာ အော့သနားလို့ အနားကပစ္စည်းလေးတွေယူလာလို့ ကွီးပြန်ပို့ခိုင်းလိုက်တယ်။ အပေးပေး ပေါ့ (ဟီးဟီး အော့က ကွကိုဒီခေတ်စတိုင်ပြန်ပြင်ပြောတာ)

ဘုရင်မင်းခေါင်လည်း စစ်သံရှေ့မှာ ဣန္ဒြေ မပျက်အောင်သာ နေနေရတာ ဇက်ပဲယားသလိုလို လည်ပင်းပဲယားလာသလိုလိုပဲ ကံကြီးလို့မသေတာ။

## (၈) ဇာတ်သိမ်း

ဟံသာဝတီ အင်းဝနှစ်လေးဆယ် စစ်ပွဲအလယ်လောက်မှာ နာမည်ကျော်လာတာကတော့ အင်းဝဘုရင်မင်းခေါင်ရဲ့သားတော် အိမ်ရှေ့စံမင်းရဲကျော်စွာပါ။ ရခိုင်တိုက်ပွဲ သိန္နီတိုက်ပွဲတွေမှာလက်စွမ်းပြခဲ့တဲ့ နာမည်ကျော် မြန်မာ့သူရဲကောင်းတစ်ဦးပေါ့။ သူလည်းအောက်ပြည်အောက်ရွာကို ဆင်းလာရော စစ်ပွဲတွေက တစ်မျိုးတမည်ပြောင်းသွားတယ်။

အရင်က မိုးရွာရင် စစ်ရပ်စဲလိုက် မိုးကုန်လို့စပါးရိတ်ပြီးရင် စစ်ပြန်တိုက်လိုက်နဲ့ စစ်တိုက်တမ်းကစားသလို လုပ်နေတဲ့ နှစ်လေးဆယ်စစ်ပွဲကြီးဟာ အခုဆို တစ်နိုင်ငံနဲ့တစ်နိုင်ငံ အပြုတ်တိုက်ဖို့ပြင်လာပါပြီ။ ဟံသာဝတီက ပြည်မြို့ကို ဝန်းရံထားတာဟာ မိုးကျလာတာတောင်

မဖြုတ်သေးတော့ မင်းရဲကျော်စွာက သိန္နီစစ်မျက်နှာကနေ ချက်ချင်းချီလာပါတယ်။

အရင်က ဘုရင်မင်းခေါင်က ကြည်းကြောင်းကို အားပြုပြီးချီလွှန်းလို့ အုပ်ချုပ်ထောက်ပံ့မှုပြဿနာ အမြဲတက်ပြီး စစ်ရှုံးခဲ့တာကြောင့်မင်းရဲကျော်စွာက စစ်နည်းဗျူဟာ ပြောင်းခဲ့ပါတယ်။ အဲဒါကတော့ ရေကြည်းပူးပေါင်းစစ်ကြောင်းချီတာပါ။ ရိက္ခာ လက်နက်ခဲယမ်းတွေကို ရေတပ်က သယ်ဆောင်ပြီး ကြည်းတပ်က တိုက်ခိုက်ရေးတာဝန်ယူပါတယ်။ သယ်ယူရမယ့် ဝန်ပေါ့တာကြောင့် ကြည်းတပ်က ပြည်ကို ပင်ပန်းမှုသိပ်မရှိဘဲ ရောက်လာပါတယ်။

ရောက်လာပြီးတာနဲ့ ပြည်ကိုဝိုင်းထားတဲ့ ဟံသာဝတီတပ်ကို ထပ်ဝိုင်းလိုက်တော့ ဟံသာဝတီတပ်က စစ်နှစ်ဖက်မည့ပ်ခင်မှာ စစ်ကူလာဖို့ သုရှင်ဆီဆက်သားလွှတ်လိုက်ပါတယ်။

အဲဒီအချိန် သုရှင်ကလည်း အရှေ့ဘက် ရေး မြိတ် ထားဝယ် မုတ္တမကိုထိပါးစော်ကားလာတဲ့ အယုဒ္ဓယကို နှိမ်နင်းနေချိန်ပါ။ ယိုးဒယားက အဲဒီတုန်းက စပြီးခေါင်းထောင်လာခါစလေးပါ။ ဒီဘက်က ယိုးဒယားစစ်ကို တိုက်ပြီးလို့ နားမယ်မကြံရသေးခင် ပြည်က စစ်ကူခေါ်လို့ တပ်မတစ်ခုလုံး ပြည်ကို ပြန်ချီရပြန်ပါတယ်။ ခွင့်ယူထားတဲ့ တပ်မှူးအကုန် ကိုယ့်တပ်နဲ့ ကိုယ်ပြန်လာဖို့လည်း အမိန့်ထုတ်လိုက်ပါတယ်။

ပြည်ကိုတိုက်နေတုန်းကရော ယိုးဒယားစစ်မှာရော လဂွန်းအိန်နဲ့ သွဲ့ဆရာမပါပါဘူး။ သုရှင်က ဒီလိုကြံတာဖြစ်မှာပါ။ ပြည်ကို မကျမခြင်းတိုက်ချင်ရင် တစ်နှစ်ပတ်လုံး ဘယ်သူမှမနားဘဲတိုက်မယ်ဆို စိတ်ဓာတ်ကျတာတွေ အုပ်ချုပ်ထောက်ပံ့မှုပြဿနာတွေပေါ်စေနိုင်လို့ တပ်အင်အားတစ်ဝက်နားတစ်ဝက်တိုက်စနစ်နဲ့ စစ်ဆင်ရေး plan ဆွဲထားပုံပါ။

ဟံသာဝတီမှာ တပ်တော်တော်များများစုမိတာနဲ့ ပြည်ကိုချီဖို့လုပ်တော့ တပ်မှူးတွေက ဘဝင်မကျပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တပ်သား

တော်တော်များများက ယိုးဒယားစစ်တိုက်လာတာကြောင့် လုံလောက်အောင်အနားမယူရသေးပါဘူး။ ပြည်မှာရှိတဲ့ တပ်တွေကလည်း ရှေ့တန်းကာလဆိုတော့ fresh မဖြစ်သေးဘူး ဒီတော့ စစ်ထွက်ရင် ပင်ပန်းတဲ့ဒဏ်ထပ်ပြီး ပိလာရင် အရင်ကလို ဟံသာဝတီစစ်နိုင်ဖို့ chance နည်းပါတယ်။ ဘုရင် ကလည်း ပြည်မှာတပ်ချထားတဲ့ သူ့သားဖောကပ်နေလို့ စစ်ချီဖို့မဖြစ်ပါဘူးလို့ သွားပြောရင် အထုခံရမှာလည်းကြောက်ရတယ်။ ဒီတော့ ပုဏ္ဏားတွေကတစ်ဆင့် သုရှင်ရဲ့ဇာတာတော်မသန့်လို့ မုတ္တမမှာ ယတြာခြေဖို့အနားယူဖို့လိုပါတယ် ပြောခိုင်းရတာပေါ့။

သုရှင်ကလည်းသိပါတယ်။ သူ့တပ်သားတွေပင်ပန်းနေမှန်းကိုဒါပေမဲ့ မတိုက်လို့မဖြစ်တဲ့ အခြေအနေတွေကြောင့် ပြည်ကိုစစ်ချီရပါတယ်။ အဲဒီကစပြီး ဟံသာဝတီရဲ့ ကံဆိုးမှုတွေစလာပါတော့တယ်။

ပထမဆုံးကံဆိုးမှုက စစ်ဆင်ရေးအလွန်ကျွမ်းကျင်တဲ့ စစ်သူကြီးသမိန်ပြဋ္ဌကွယ်လွန်သွားတာပါ။ သမိန်ပြဋ္ဌမကွယ်လွန်ခင်မှာ လဂွန်းအိန်ကိုမှာသွားခဲ့ပါတယ်။ အခုလို တပ်တွေစစ်ပန်းနေချိန်မှာ စစ်ရေးကို အရင်ကထက်ပိုပြီး ဂရုစိုက်ဖို့၊ စစ်ဆုတ်ရရင် ခွာစစ်ဆင်ခြင်းကို သေချာလုပ်ဖို့နဲ့ဟိုအရင်ကလို စိတ်လိုက်မာန်ပါ တစ်ဇွတ်ထိုးမလုပ်ဖို့မှာရင်း ဆုံးသွားခဲ့ပါတယ်။ လဂွန်းအိန်ကလည်း သူ့အဖေလိုဖြစ်နေတဲ့ ဆရာ့စကားကိုသေချာလိုက်နာပြီး စစ်ရေးကို ခေါင်းအေးအေးနဲ့လုပ်နေတာပေါ့။ ဒါပေမဲ့နောက်ကျသွားပါပြီ။

ပြည်ကိုရောက်တဲ့အချိန်မှာ အင်းဝဘုရင်မင်းခေါင်လည်းစစ်ကူတွေနဲ့ရောက်နေပါပြီ။ မင်းရဲကျော်စွာက သုရှင်ဆီကို စစ်သံစေလွှတ်ပြီးဘကြီးတော်လည်း ပင်ပန်းလာတာပဲ ကျွန်တော်လည်း ရှမ်းပြည်ကနေချက်ချက်းဆင်းလာရတာဆိုတော့ ပင်ပန်းနေတယ်။ ဒီတော့ နှစ်ဖက်တပ်တွေတစ်ပွဲတစ်လမ်းမနွှဲခင် တပ်သားတွေလည်း အပန်းဖြေရင်း အားမွေးရင်းသူရဲကောင်းတစ်ဦးစီ လှေစီးချင်းတိုက်ရအောင်လို့ စာပို့လာပါတယ်။

သုရှင်ကလည်း ဒီအကြံမဆိုးဘူး ငါ့တပ်သားတွေလည်း နည်းနည်းတော့ အနားယူမှရမယ် မဟုတ်ရင် ဒုက္ခရောက်လိမ့်မယ်ဆိုပြီး သဘောတူတော့ ဘယ်သူထတိုက်မလဲ မေးတာပေါ့ ဘယ်သူမှမထဘူး အားလုံးအငြိမ်ပဲ။

သုရှင်လည်း စိတ်မကောင်းဖြစ်တာပေါ့။ အရင်ကဆို ဒီလိုပွဲဆိုရင် သူထက်ငါ ဦးအောင်တိုက်ပါမယ် ပြောနေကြမဟုတ်လား။ အခုလို တိတ်ဆိတ်နေတော့ ဆရာသမားလဂွန်းအိန်ပဲ ထရတော့တာပေါ့။ ဟုတ်တယ်လေ လဂွန်းအိန်က သူ့ဆရာစကားနားထောင်ပြီး အရင်ကလို ဝုန်းဒိုင်းမကြွတာကြာပြီ။ အခုလို သုရှင်မျက်နှာညှိုးတော့ စိတ်လည်းမကောင်းဘူး၊ သုရှင်ကို အလွန်ပဲချစ် အလွန်ပဲလေးစားတော့ ကျွန်တော်တိုက်ပါ့မယ် ဒီလောကမှာ ကျွန်တော့်လို လှေတစ်စီးချင်း မြင်းတစ်စီးချင်း ဆင်တစ်စီးချင်း တိုက်နိုင်မယ့်သူမရှိပါဘူးလို့ကြွေးဝါးတာပေါ့။

မင်းရဲကျော်စွာက အပိုင်တွက်ပြီးတော့မှ ဒီလိုချိန်းတာ။ လဂွန်းအိန်သေချာပေါက် စီးချင်းထိုးမယ်လည်းဆိုရော တိုက်လှေကြီးလေးစီးကို အမှန်အကန်ပြင်ထားလိုက်တယ်။ စီးချင်းထိုးမယ့်နေရာရဲ့အထက်ဘက် ခပ်ဝေးဝေးမှာတော့ အင်းဝရေတပ်က ကျောက်ချပြီးလှုပ်ရှားမှုမရှိသလို ပြင်ထားပေမယ့် စီးချင်းထိုးမယ့်နေရာရဲ့မြစ်ဘေးမှာ တူးမြောင်းငယ်တွေ ဖွက်တူးပြီး တိုက်လှေလေးစီးကို စစ်သည်သူရဲအပြည့်နဲ့ဖွက်ထားတယ်။

စီးချင်းထိုးမယ့်နေ့လည်းရောက်ရော လဂွန်းအိန်က မဟာစောလဂွန်းအိန်ဆိုတယ့် ရွှေနဖူးစည်းစည်း ရွှေခေါင်းပေါင်း နားတောင်းလက်ကျပ် ဟန်းချိန်း ဆွဲကြိုး လက်စွပ်တွေအပြည့်အစုံဝတ်ပြီး လှပဝင့်ကြွားစွာလာပါတယ်။ သူနဲ့အတူ တိုက်ဖော်တိုက်ဖက် ကိုယ်ရံတော်လက်ရွေးစင် ၃၀၀နဲ့ သူတပ်မှူးဖြစ်ကတည်းက စီးလာတဲ့ မိချောင်းရဲတိုက်လှေစီးပါတယ်။ စစ်ထွက်မယ့် သူရဲကောင်းပုံစံမဟုတ်ဘဲ ပွဲခံဖို့ထွက်လာသလို တင့်တယ်နေတော့၊ သေပန်းပွင့်တယ်ပဲပြောရတော့မှာပေါ့။

ပထဆုံးစတွေ့တာက အင်းဝဘက်က အုံ့စရာလှေနဲ့ စတွေ့တာပဲ။ လှေနှစ်စီးက တိုက်ရင်းခိုက်ရင်းနဲ့ တဖြည်းဖြည်း အင်းဝသတ်ကွင်းထဲ ရောက်လာတယ်။ အုံ့စရာလှေက မိချောင်းရဲထက် တစ်လံပိုမြင့်တော့ လဂွန်းအိန်တို့က သံချိတ်တွေ ချိတ်ပြီးလှေချင်းပူးတိုက်ဖို့လုပ်တာပေါ့။ တိုက်ပွဲကိုကြည့်နေတဲ့ မင်းရဲကျော်စွာက အုံ့စရာလှေ အခြေအနေမ ကောင်းတာနဲ့ မြေးများဘွားတိုက်လှေကြီးကို စစ်ကူလွှတ်လိုက်ပါတယ်။ အင်းဝတိုက်လှေနှစ်စီးက နှစ်ဖက်ညှပ်တိုက်ပေမယ့် လဂွန်းအိန်နဲ့ သူ့ရဲ သူရဲ ၃၀၀က မဖြိုသေးပါဘူး။ ဒါနဲ့ပဲ ကျန်တဲ့တိုက်လှေ နှစ်စီးထပ်လွှတ်လိုက် ချိန်မှာတော့ လဂွန်းအိန်ရဲ့ သူရဲ ၃၀၀လုံး လေးဖက်ညှပ်တိုက်ခံရလို့ ကျဆုံးသွားခဲ့ပါတယ်။ လဂွန်းအိန်လည်း ပေါင်ကို လှံစိုက်နေတာကို လက်နက်မချသေးတော့ သွေးလွန်တော့မှလက်ရဖမ်းမိပါတယ်။

ဟံသာဝတီဘက်က စစ်ကူပို့မယ်ကြံပေမယ့် ရေဆန်ကို ချီတက်ရမှာ ရယ် ကမ်းနဖူး နှစ်ဖက်မှာ အင်းဝမြင်းတပ်တွေချီတက်လာတာရယ်ကြောင့် စစ်ကူမရောက်ခဲ့တော့ပါဘူး။

ဘုရင်မင်းခေါင်က သားတော်ရဲ့အစီအစဉ်တွေသိရချိန် လဂွန်းအိန် မသေစေနဲ့ အရှင်ပဲဖမ်းပြောပေမဲ့ မမီတော့ပါဘူး။ ဆရာသမားက အသက် မြော့မြော့ပဲကျန်ပါတော့တယ်။ ဘုရင်မင်းခေါင်လည်းပေါက်ကွဲတာပေါ့ မင်းရဲကျော်စွာကိုခေါ်ကြိမ်းပါလေရော။ မင်း ဘုရင့်သားမဟုတ်ဘူးလား စစ်သူရဲမဟုတ်ဘူးလား စစ်မြေပြင်မဟုတ်ဘဲ စစ်သူရဲကောင်းကို ဒီလို လုပ်ရသလား ငါ့မှာ လဂွန်းအိန်အသက်တစ်ခါလွှတ်ထားလို့ ကျေးဇူးရှိပါ တယ်ပြောထားတာကို ဒီလောက်မှာထားတာကို ဒီလိုလက်လွန်အောင် လုပ်ရသလား သွား မသေအောင်သုရှင်ရင် ဟံသာဝတီပြန်ပို့ ဆိုပြီး ဘုရင့်သမားတော်ပါ ထည့်ပေးလိုက်တယ်။

မင်းရဲကျော်စွာလည်း သူ့အဖေတစ်ခါမှ ဒီလောက်ဆူတာမခံရ ဖူးတော့ သူန်မှုန်နေတာပေါ့။ သူလည်းသူ့ရဲကောင်းချစ်ပါတယ်။ အခုဟာက

မမျှော်လင့်ဘဲဖြစ်တာဆိုတော့စိတ်လည်း မကောင်းဘူး။ လဂွန်းအိန်ဆီ သူကိုယ်တိုင်လာပြီး ဆေးကုတာကိုကြည့်ရတာပေါ့။ လဂွန်အိန်က ဒဏ်ရာလည်းပြင်း သွေးလည်းလွန် ပင်ပန်းတဲ့ဒဏ်တွေကြောင့် သေလုဆဲဆဲပါ။ မင်းရဲကျော်စွာက ထမင်းစားမလားမေးတော့ သူ့ရဲ့ အရှင်နှစ်ပါးရဲ့ ထမင်းကလွဲလို့ တခြားသူရဲ့ထမင်းကို ဝမ်းထဲအဝင်မခံပါဘူးဆိုလို့ ကွမ်းနဲ့ ရေရော စားမလားမေးရတာပေါ့။ ဒါတော့ စားပါမယ်ဆိုမှ မင်းရဲကျော်စွာက သူသောက်တဲ့ ရေတကောင်းထဲကရေကို ကိုယ်တိုင်ငှဲ့ပြီးတိုက်တယ်၊ သူ့ကွမ်းအစ်ထဲက ကွမ်းကို နှင်းပေါင်းရည်တွေ အနာသက်သာစေတဲ့ ဆေးတွေထည့် ကိုယ်တိုင်ယာပြီးကျွေးတယ်။

လဂွန်းအိန်လည်း ကွမ်းနဲ့ရေစားသောက်ပြီးတော့ နည်းနည်း သက်သာလာတာနဲ့ စကားပြောလာတယ်။ မင်းသားကျွေးတဲ့ ကွမ်းနဲ့ရေကို ကျေးဇူးဆပ်တဲ့အနေနဲ့ စကားတစ်ခွန်းပြောပါ့မယ်၊ နားထောင်ပါ။ နောက်စစ်ပွဲတွေကျရင် မင်းသားတကယ်လို့ သုရှင်နဲ့စီးချင်းထိုးရမယ်ဆို ရှောင်ပါ။ သုရှင်နားက ဆင်ရုံမြင်းရုံတွေက ဆွေမျိုးတွေချည်းပဲ ကြောက်ဖို့ကောင်းတယ်။ အရှင့်သား ဒုက္ခရောက်ပါလိမ့်မယ်လို့ ပြောလိုက်တယ်၊ တကယ်တမ်းတော့ လဂွန်းအိန်က သူသေတော့မယ်ဆိုတာသိတယ်။ ဒါပေမဲ့ သုရှင် လက်စားချေတတ်တာလည်းသိတယ်။ နောင်ကျရင် မင်းရဲကျော်စွာကို သူ့လိုပဲ ကျုံးသွင်းပြီး တိုက်ရင် သေမှာစိုးလို့မှာခဲ့တာပါ။

မင်းရဲကျော်စွာကတော့ ဒါဟာ စိတ်ဓာတ်စစ်ဆင်ရေးလုပ်တာပဲ ဆိုပြီး အလေးမထားပါဘူး။

ဒီလိုနဲ့ အဲဒီနေ့ည သန်းခေါင်ကျော်မှာ မြန်မာ့ရာဇဝင်ထဲက စစ်သားပီသလွန်းသော ယောကျ်ားကောင်းယောကျ်ားမြတ်ကြီးဟာ သူရဲကောင်းတို့ ကျဆုံးခြင်းနဲ့အတူ မြင့်မြတ်စွာကျဆုံးသွားပါတော့တယ်။

## ထိမ်ဝမွှစွာဝသော နတ်ထိရှေများ



# သိမ်မွေ့လှသောနတ်ဘီလူးများ

"ဗုဒ္ဓံသရဏံဂစ္ဆာမိ
ဓမ္မံသရဏံ ဂစ္ဆာမိ
သံဃံသရဏံ ဂစ္ဆာမိ"

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ. .

ဘဂဝတော ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အရဟတော ပူဇော်အထူးကို ခံယူတော်မူထိုက်သော
သမ္မာသမ္ဗုဒ္ဓဿ တရားအလုံးစုံကို ကိုယ်တော်တိုင်ထိုးထွင်းသိမြင်တော်မူသော
တဿ ထိုဘုရားရှင်အား
နမော ရှိခိုးပါ၏"

ညနက်ချိန်လူသူပါးရှားချိန်တွင် အေးချမ်းလှသော ဝိဇယစေတီတော်တွင် ဘိုးမြတ်လှ၏ ဘုရားရှိခိုးသံသည် ဆည်းလည်းသံတို့နှင့်အတူ

ပျံ့လွင့်နေတော့သည်။ ကြည်ညိုဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် ဘိုးမြတ်လှတစ်ယောက် ပန်းဆီမီးနံ့သာတို့ဖြင့် မြတ်စွာဘုရားအား ဖူးမြော်နေတော့သည်။ ဘိုးမြတ်လှ၏ မလှမ်းမကမ်းတွင် အသက် ၁၃ ၁၄ နှစ်ခန့် လုလင်ငယ်တစ်ယောက်က ကျုံ့ကျုံ့ထိုင်ကာစောင့်နေလေတော့သည်။ မြတ်စွာဘုရားရှင်အား ဝအောင်ကြည်ညိုပြီးသည်ဖြစ်၍ ဘိုးမြတ်လှ တစ်ယောက် ထိုင်ရာမှလှည့်ကာ ထိုသူငယ်အား လှမ်းခေါ်လိုက်တော့သည်။

"မြေး သာလှ ဘိုးတို့ပြန်ကြစို့ရဲ့"

သာလှကို ဘိုးမြတ်လှက လာတွဲကာထူမလိုက်တော့မှ အို ဘိုးမြတ်လှတွင် ခြေတစ်ဖက်မရှိတော့ပါလား။ ခြေတစ်ဖက်မရှိတော့သော ဘိုးမြတ်လှကို တွဲရင်း သာလှတို့မြေးအဘိုး ဘုရားရင်ပြင်တော်ပေါ်မှ ဆင်းလာခဲ့တော့သည်။ ညရှေလဝါသာသာနှင့် မြေးအဘိုးနှစ်ယောက် လျှောက်လာရင်း သာလှက အဘိုးအား မတင်မကျဖြစ်ဟန်ဖြင့် မေးလိုက်တော့သည်။

"အဘိုးက ပဇာကြောင့် တောင်ငူမှာမနေဘဲ ဒီဟံသာဝတီမှာပဲ နေချင်ရတာလဲ။ ပြီးတော့ ညတိုင်းလည်း ဒီစေတီမှာအမြဲ ဘုရားလာဖူးတယ် ကျုပ်တို့ မြောက်ပြင်မှာလည်း ရွှေမော်ဓောစေတီတော်ကြီးက ဟီးလို့ ပဇာကြောင့် ဒီစေတီကိုမှလာခဲ့ရတာလဲ ဘိုး"

"ဒါက သစ္စာပေါ့ ငါ့မြေးရဲ့ ဘိုးပြောပြမယ် တို့ရဲ့လက်ထက်တော်ကြီးရှိစဉ်အခါကပေါ့. . . . . . "

ဘိုးမြတ်လှ၏စိတ်အစဉ်တို့သည်ကား သက္ကရာဇ် ၉၃၈ ခု(AD 1576) ဆီသို့လွင့်ပါးသွားတော့သည်။

* * *

(၁)

"ဟေ့ မားခုတ်တယ်ဆိုတာ ဒီလိုကွ ပေးစမ်း ဟောဒီလိုခုတ်"
"ဟိုဘက်ကတစ်ယောက် လှံရှည်ကိုမြဲမြဲကိုင်စမ်း"

"ဟောဟိုဘက်က မောင်က ဓားလွတ်ကျသကိုး။ သွား သဲအိုးလေးလုံးထမ်းပြီး ကွင်းတစ်ပတ်ပြေး"

ကေတုမတီတောင်ငူမြို့ပြင်ရှိ စစ်ရေးလေ့ကျင့်ရာကွင်းတွင် သွေးသောက်ကြီးမြတ်လှ၏ အသံက ရဲမက်တို့ဟာစ်ကြွေးသံ ဓားချင်းလှံချင်း ထိခတ်သံတို့ကြားမှ တစ်ချက်တစ်ချက်ထွက်လာနေတော့သည်။ ဇင်းမယ်လင်ဇင်းတို့တွင်ထကြွနေသော သူပုန်သူကန်တို့ကို ကေတုမတီတပ်တော် သွားရောက်နှိမ်နင်းအပြီး ကာလဖြစ်သဖြင့် စစ်ရေးကြံ့သော် အရန်သင့်ရှိစေရန် တောင်ငူဘုရင်ခံမင်းခေါင်က တပ်တော်တစ်ခုလုံးအား လေ့ကျင့်ခန်းဆင်းခိုင်းနေခြင်းဖြစ်သည်။ သွေးသောက်ကြီးမြတ်လှတို့လို သွေးသောက်ကြီးများက လေ့ကျင့်ရေးကွင်းအနှံ့ ဟိုမှသည်သို့ လှည့်လည်ကာ လေ့ကျင့်ရေးစနစ်တကျ ပြုလုပ်ခြင်းရှိမရှိ မှန်မမှန် စစ်ဆေးနေကြလေသည်။ ဓားကောင်းကောင်းမကိုင်သူ လှံထိုးမကျင်လည်သူတို့အား သင်ကြားပြသပေးနေသလို အချောင်ခိုနေသူတို့အဖို့ ကွင်းဘေးတွင်ဆင့်ကာ ထပ်ထားသော သဲအိုးဒဏ်က မစားသာပေ။

လေ့ကျင့်ရေး ပြီးဆုံးသောအခါမှ ဆိုင်ရာတပ်မှူးတို့က အနားယူခွင့်ပေးလိုက်သည်။ မြတ်လှလည်း တစ်နေ့လုံးကွင်းထဲတွင် ချွေးအလိမ်းလိမ်းဖုန်ထူထူဖြင့် လှုပ်ရှားနေသဖြင့် ချွေးစေးချေး(ဂျီး)ညှော်တို့ကပ်နေသော ကိုယ်အား အိမ်ရောက်ရောက်ချင်း ရေမိုးသန့်စင်ပြီးအနားယူနေတော့သည်။

အိမ်သူဇနီးကလည်း ခင်ပွန်းပင်ပန်းလာသဖြင့် အိမ်ရှေ့ကွပ်ပျစ်တွင် လက်ဖက်ရည် အမြည်းစုံခင်းထားကာ စောင့်နေတော့သည်။ မြတ်လှလည်း အဝတ်အစားလဲပြီး အမောအပန်းပြေ အဖန်ရည်သောက်နေစဉ် ခြံဝဆီမှ လူတစ်စုဝင်လာတော့သည်။

"လက်ဖက်ရည်နဲ့အမြည်းစုံနေသဟ နိပ်တာပဲ ကိုရင်မြတ်လှတို့ကတော့ လေ့ကျင့်ရေးကွင်းမှာပင်ပန်းသမျှ အိမ်ပြန်ရောက်ရင် အမောပြေသပ ကျုပ်တို့မှာတော့ လေ့ကျင့်ရေးပြီးတာနဲ့ ကွင်းထဲကဒီမျက်နှာတွေက အဆောင်ထိတွေ့နေရတုန်းပဲ"

"ရဲစားသနာမရှိမှတော့ ကျုပ်လို ဘယ်ဖြစ်ပါ့မလဲ ကိုရင်နန္ဒရဲ့

ကေတုမတီသူတွေထဲမှာ ကိုရင့်အကြိုက် မတွေ့မိပါသကော"

သွေးသောက်ကြီးမြတ်လှတို့ တပ်ဖွဲ့တစ်ခုတည်းဖြစ်သော သွေးသောက်နန္ဒ အကြပ် ငစိုး ငမင်း တို့က မြတ်လှ၏ အိမ်သို့ ယခုလို မကြာခဏ လာနေကျဖြစ်သည်။ အခုလည်း ကွပ်ပျစ်တွင် ဝိုင်းဖွဲ့ထိုင်ကာ အဖန်ရည်သောက် အမြည်းစားရင်း စကားကောင်းနေတော့သည်။ သွေးသောက်မြတ်လှသည်ကား မိုးကောင်းစော်ဘွားဟောင်း၏ ကိုယ်ရံတပ်မှ ဖြစ်ပြီး မင်းတရားကြီး မိုးကောင်းသို့ချီစဉ်က တပ်တော်နှင့်အတူပါလာ သူလည်းဖြစ်သည်။

"ဒါနဲ့ ကိုရင် ကိုရင့်နယ်မိုးကောင်းကိုမပြန်ပါလား ဘောက်မဲ့ ကြောင့်ပါလိမ့်"

"မပြန်ဆို အမျိုးအဆွေမှ မရှိတော့တာကိုး။ ကျုပ်က တစ်ကောင် ကြွက် တစ်မျက်နှာရယ်။ မင်းတရားကြီးသာမကယ်ရင် အသက်ကုန်တာ ကြာပြီပေါ့"

"စကားဆန်းပါဘိ ကျုပ်တို့က တပ်တော်ထဲအဝင်နောက်ကျတော့ ကိုရင်နန္ဒအကြောင်း မသိ လုံးရေးကောင်းတယ်လို့သာသိတယ် ပြောပြပါဦး ကိုရင့်အကြောင်း"

အကြပ် ငစိုးက စကားထောက်ရင်းဝင်မေးလိုက်သဖြင့် နန္ဒလည်း အဖန်ရည်တစ်ကျိုက်မော့ရင်း စကားစလိုက်သည်။

"ကျုပ်တို့အမျိုးအနွယ်က ကိုရင်တို့လိုပဲ အမှုတော်ထမ်း မျိုးရိုးပဲ မိုးကောင်းစော်ဘွားအဆက်ဆက်ဆီ အမှုတော်ထမ်းခဲ့ကြသပ။ ဒါပေမဲ့ ကျုပ်တို့နယ်တွေမှာ ဓလေ့ဆိုးတစ်ခုရှိတယ်။ စော်ဘွားသေရင် သူ့ရဲ့ ဆင် မြင်း မိဖုရား ကိုယ်လုပ်တော်နဲ့ လူယုံ ကိုယ်ရံတွေပါ တစ်ခါတည်းရော မြှုပ်ပါသကော"

"အို ဆိုးလိုက်ပါဘိသနဲ့"

"ဆိုးဆို အစဉ်အလာကိုးဗျ။ ဘယ်တုန်းကဘယ်လိုစလဲတော့မသိ ဘူး ကျုပ်ပဲကံကြီးလို့သီသီလေးလွတ်တာ။ မင်းတရားကြီး မိုးကောင်း ကိုချီတော့ စော်ဘွားနတ်ရွာစံတယ်။ ကျုပ်လည်းဇက်ပေါ်ဓားကဝဲနေသပေါ့။

အရှင်မင်းခေါင်သာအရောက်မမြန်ရင် ကိုရင်တို့နဲ့အခုလို ထိုင်နေမှာမဟုတ်ပေါင်။ စော်ဘွားကြီးဘေးမှာအရိုးဆွေးနေလောက်ပြီ။ မင်းတရားကြီးက အကြောင်းစုံသိတော့ စော်ဘွားတွေဆီမှာရှိနေတဲ့ အဲဒီဓလေ့ဆိုးကို မင်းမိန့်တော်နဲ့ပယ်ဖျက်ပြီး သာသနာမျိုးစေ့ခပေးသကော။ အဲဒါနဲ့ပဲ ကျုပ်လည်း မင်းတရားကြီးရဲ့ ကျေးဇူးကိုပြန်ဆပ်ချင်လို့ ကေတုမတီတပ်တော်ဆီလာအမှုထမ်းတော့တာပ"

"ကံကြီးပေလို့ပေါ့ ကိုရင်ရာ။ ဒါနဲ့သွေးသောက်ကြီး အခုရက်ပိုင်း ကေတုမတီမှာ တပ်တော်တွေစစ်ရေးလေ့ကျင့်နေတာ စောပါသကော"

"ရဲမက်ဆိုတာ လေ့ကျင့်ခန်းနဲ့ကင်းကွာလို့မရတာပ။ အရေးတော်ဆိုတာ ကနေ့နက်ဖြန်ပေါ် ချင်ပေါ် လာနိုင်သဗျ"

"အပြင်ကစကားပြောကောင်းနေတဲ့ မောင်ကြီးတို့ ထမင်းစားကြွပါရှင့်"

"သိပ်ကောင်းတယ့်စကားပေါ့ မရီးရာ"

သွေးသောက်နန္ဒအရွှမ်းဖောက်လိုက်သော စကားကြောင့် သွေးသောက်ကြီးမြတ်လှအိမ်ဝန်းအတွင်း ရယ်သံတို့စည်ဝေသွားတော့သည်။

* * *

"ဟော့ ယွန်းသား မင့်စိုက်ထားတဲ့ တိုင်တွေသေချာပြန်ညှိဦးဟ"

တစ်နေ့လုံးမင်းလမ်းခင်းရာတွင် ရဲမက်များနှင့်အတူ တိုင်ထမ်းလိုက် မြေကျင်းတူးလိုက်နှင့် ပင်ပန်းလှသဖြင့် ခေတ္တအမောဖြေနေသော ဩရလောင်တစ်ယောက် ဝင်းမှူး၏ ငေါက်သံကြောင့် ဒေါသထောင်းခနဲထွက်သွားသည်။ သို့သော်လည်း ဝင်းမှူးနှင့်အကြပ်မှူးဆိုသည်မှာ ရာထူးကွာပါဘိ နှုတ်လှန်ထိုးဖို့ရာခက်လှပေသည်။ တိုင်များကို ညီညာအောင် ဆောက်ပုတ်တစ်လက်ဖြင့် တဒုန်းဒုန်းထုနှက်ရိုက်နေရင်း ဩရလောင်တစ်ယောက် ဟံသာဝတီနေပြည်တော်ကိုပြောင်းလာသော အဘကိုသာ စိတ်တိုနေတော့သည်။ မှန်ပေသည် ဩရလောင်သည်ကား မြန်မာပြည်သား

မဟုတ် ဇင်းမယ်သားဖြစ်သည်။ သူ့အဘက နန်းတော်အတွက် အနုပညာ ပန်းပြောက်အမွှမ်းဆင်ရန်အတွက် ဇင်းမယ်မှ ဟံသာဝတီသို့စေလွှတ် လိုက်သောပညာရှင်ဖြစ်သည်။ ပျော့ကြီးမှူး(နန်းတွင်းလက်မှုအနုပညာရှင်) သားတစ်ယောက်ဖြစ်သော်လည်း ဩရလောင်က ထို ဆောက်တူ တံစဉ်း တို့ကို မကိုင်ချင် မနှစ်သက်ပေ။ သူကိုင်ချင်သည်က ဓားလှံနှင့် သူကျွမ်းကျင် သည်က မြင်းရေးပင်ဖြစ်သည်။ ထို့ကြောင့်ဟံသာဝတီနေပြည်တော် မြို့စောင့်တပ်တွင်အမှုဝင်ထမ်းလေရာ ယခု အကြပ်ရာထူးပင်ရနေတော့ သည်။

အဘရောင်းရင်းဖြစ်သော အနောက်ဝင်းမှူးထံ တာဝန်ထမ်းနေရ သော်လည်း ဩရလောင်နှင့်ဝင်းမှူးတို့က တကျက်ကျက်ဖြစ်သည်။ စစ်ရေးစစ်ရာ အားကိုးရသလောက် ဂျစ်ကန်ကန်နိုင်သော ဩရလောင်အား တွေ့လျှင်တွေ့သလို ငေါက်နေသလို ဩရလောင်ကလည်း ဝင်းမှူးနှင့်မျက်နှာ ကြောမတည့်။

“ဓားရေးလှံရေးပြချင်လို့တပ်တော်ထဲဝင်လာတယ်။ ရိုက်လိုက်ရ တဲ့တိုင် လုပ်လိုက်ရတယ့်လက်သမားအလုပ် လုပ်စမ်းကွ ခင်ဗျားကြီးပဲ ခိုင်းနိုင်မလား ကျုပ်ပဲလုပ်နိုင်မလားဆိုတာ”

ဒေါသထွက်ထွက်ဖြင့် တိုင်အား အင်နှင့်အားနှင့် ရိုက်နေလေရာ အနောက်မှကြည့်နေသော လူတစ်ဦးအား ဩရလောင်မမြင်ပေ။

* * *

အေဒီ ၁၅၇၆ ဇွန် ၁၆ရက် ပုသိမ်မြို့ဆိပ်ကမ်းတွင် ဖြစ်သည်။ တောင်ငူ ပြည် အင်းဝ မုတ္တမ ဘုရင်ခံတို့၏တပ်များ ဟံသာဝတီဘုရင့် တပ်တော်သားများ အပါအဝင် စစ်သည်ဗိုလ်ပါ အလုံးအရင်းသည် ဆိပ်ကမ်းစပ်တွင်ငြိမ်သက်စွာစောင့်ဆိုင်းနေလေတော့သည်။ လူထောင် သောင်း ချီများပြားသော်လည်း စည်းကမ်းသေဝပ်သော ကေတုမတီ တပ်တော်သားများပီပီ တိတ်ဆိတ်ငြိမ်သက်မှုအတိပင်ဖြစ်သည်။ ပုသိမ်

မြစ်ရေပြင်ပေါ်တွင်လည်း ရတနာစီခြယ်ထားသော ဖောင်တော်ကြီးတစ်စင်း ရွှေလှော်ကားတော်များ တိုက်လှေ ရဲလှေ အစုံ ရပ်နားကာ တစ်စုံတစ်ရာကို စောင့်ဆိုင်းနေကြလေတော့သည်။

ထိုစဉ် မိုးကုတ်စက်ဝိုင်းစွန်းတစ်ဖက်ဆီမှ ဟံသာဝတီတိုက်လှေကြီးများခြံရံကာ ပုသိမ်ဆိပ်ကမ်းဆီသို့ ဦးတည်လာသော သဘော်ကြီးနှစ်စီးကို မှုန်ပျပျလှမ်းမြင်လိုက်ရတော့သည်။

(၂)

သီဟိုဠ်ဘုရင်ဓမ္မပါလမင်းသည် နိုင်ငံတော်အတွင်း ဖြစ်ပျက်နေသောပြဿနာများ အန္တရာယ်များကြောင့် ငါးနှစ်တာကာလတွင် တည်ငြိမ်အောင်တောင့်ခံထားရသည်မှာ ပင်ပန်းလှချေပြီ။ အိန္ဒိယတောင်ပိုင်းတမီးလ်ကျေးကုလားတို့၏ ဆူပူနှောင့်ယှက် ဖျက်ဆီးမှုကြောင့် သီဟိုဠ်တစ်ဝန်း မီးလောင်နေသော သာသနိကအဆောက်အအုံများ ပြည့်နှက်နေတော့သည်။ ကျမ်းတတ်စာတတ်ဆရာတော်များသည်လည်း ဆွမ်းကွမ်းကိစ္စသာသနာ့ဝန်ဆောင်ကိစ္စတို့ အဆင်မပြေမှုကြောင့် ရေခြားမြေခြားသို့ ကြွသူတို့များလှပေသည်။ ဤပုံအတိုင်းဆက်သွားရသော် သီဟိုဠ်တွင် သာသနာကွယ်ပျောက်တော့မည့်အန္တရာယ်ရှိလာတော့သည်။ အားကိုးရမည့် အိမ်နီးချင်းအိန္ဒိယတွင်လည်း မဂိုမင်းဆက်တို့နန်းတက်နေသဖြင့် အကူအညီမရနိုင်တော့ပေ။ ထို့ကြောင့် ပင်လယ်တစ်ဖက်ခြားမှ ဘာသာတူနိုင်ငံတော်များဆီ အကူစေလွှတ်ရန်တောင်းဆိုရတော့သည်။ ညီလာခံတွင် ဘုရင်နှင့်မှူးကြီးမတ်ကြီးတို့တိုင်ပင်ကြရာ ထေရဝါဒဗုဒ္ဓဘာသာအယူရှိသော နိုင်ငံတို့တွင် ဟံသာဝတီနှင့် အယုဒ္ဓယသည် အင်အားအတောင့်တင်းဆုံးဖြစ်သည်။ သို့သော် အယုဒ္ဓယသည် ဟံသာဝတီလက်အောက်ကျဆင်းသွားသဖြင့် ဟံသာဝတီတစ်ခုတည်းသာ အားကိုးဖွယ်ဖြစ်သည်။ ဟံသာဝတီခေါ် ကေတုမတီနိုင်ငံတော်ကြီးတွင် ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးသည်ကား သာသနာတော်နှင့်သက်ဆိုင်လျှင် အလွန်တိမ်းညွတ်ကြောင်း

ပုဂံ စစ်ကိုင်း အင်းဝ ဟံသာဝတီနှင့် တောင်ငူတို့တွင် ဗုဒ္ဓစာပေကျွမ်းကျင်သော ဆရာတော်များပေါ်များကြောင်း စစ်အင်အားသည် ရှေးရှေးဘုရင်များထက်သာလွန်တောင့်တင့်သဖြင့် အရပ်ဆယ်မျက်နှာကို အောင်မြင်သူဟူသောဘွဲ့ပင်အခြားတိုင်းပြည်တို့က ပေးထားကြောင်း မှူးမတ်တို့စကားအရ သီဟိုဠ်ဘုရင် သိရတော့သည်။ ထို့ကြောင့် ဟံသာဝတီမှ သီဟိုဠ်သို့ အကူစေလွှတ်ဖို့ ပင့်မည်ဟု သဘောညီကျသည်။ သို့သော် ပင်လယ်တစ်ဖက်ခြားဆီမှ ချီပင့်ရမည်ဖြစ်သဖြင့် ထိုက်တန်သောလက်ဆောင်ဖြင့် ပင့်ဖိတ်ရန်လိုနေသည်။ ဘုရင်နှင့်မှူးမတ်တို့ ရွေးချယ်လိုက်သော လက်ဆောင်သည်ကား။

* * *

ပုသိမ်ဆိပ်ကမ်းစပ်ဆီသို့ သီဟိုဠ်မှသံတမန်သင်္ဘောကြီး နှစ်စီးကပ်လုကပ်ခင်အချိန်တွင် ကမ်းပေါ်မှရေထဲသို့ဆင်းသွားသော လူတစ်ဦးရှိသည်။ ထိုသူကား ဟံသာဝတီပြည့်ရှင် ကေတုမတီအင်ပါယာသခင် ဆင်ဖြူများရှင်ဘုရင့်နောင်မင်းတရားကြီးပင်ဖြစ်သည်။ သင်္ဘောဦးတွင် တင်ဆောင်လာသော ကြုတ်အတွင်းရှိ မွေတော်ဓာတ်တော်အား ကြည်ညိုမှုသဒ္ဓါသည် သူ့အား လွှမ်းခြုံသွားသည်ဖြစ်ရာ ရင်စို့မျှသောရေအနက်အထိဆင်းကာ ဓာတ်တော်ကြုတ်ကိုခေါင်းပေါ် ရွက်ကာသယ်တော့သည်။

သီဟိုဠ်ဘုရင် ဓမ္မပါလမင်းသည်ကား မြတ်လှစွာသော ဗုဒ္ဓမြတ်စွာဘုရား၏ စွယ်တော်ကို ဟံသာဝတီသို့ပို့ဆောင်လိုက်လေတော့သည်။ ဗုဒ္ဓဘာသာဝင်တို့၏ တန်ဖိုးအမြင့်ဆုံးဓာတ်တော်အား ပို့ဆောင်လိုက်ခြင်းသည် အချက်နှစ်ချက်ရှိသည်။ ပထမအချက်မှာ ပင်လယ်တစ်ဖက်ခြားမှကူညီမည့် မဟာမိတ်နိုင်ငံက မဖြစ်မနေကူညီနိုင်စေရန်ဖြစ်ပြီး ဒုတိယအချက်မှာ အကယ်၍ မကူညီနိုင်ခဲ့လျှင်သော် ဘာသာခြားတို့လက်ထဲတွင် ထိုဓာတ်တော်တို့မပျက်စီးစေရန် ဘေးရန်ကာကွယ်သည့်အနေဖြင့် ပို့လိုက်ခြင်းဖြစ်တော့သည်။ ကေတုမတီနိုင်ငံတော်သည် ထိုက်တန်သဖြင့်

ထိုက်တန်သော ဗုဒ္ဓ၏အမွေကို ရရှိလာခဲ့ပေသည်။ သာသနာတော်ကိုစောင့်ရှောက်နိုင်ရန်အတွက် ပိုမိုအင်အားစိုက်ထုတ်ရပေတော့မည်။ သီဟိုဠ်သို့ ချီရမည့်အစီအစဉ်တို့ စတင်တော့လေသည်။

* * *

"ကိုရင်မြတ်လှ ပဇာကြောင့် ကျုပ်တို့က တောင်ငူမပြန်ရသေးတာပ။ အခြားတပ်တော်သားတွေဆိုပြန်ကုန်သပ"

ဟံသာဝတီမြို့တော်တွင် တောင်ငူတပ်မှ သူရဲ ၁၂၀~၃၀ ခန့်ကျန်ခဲ့သဖြင့် သွေးသောက်နန္ဒနားမလည်နိုင်ဖြစ်နေတော့သည်။ အခြားတောင်ငူတပ်များပြန်သော်လည်း ထိုသူတို့ကို သူရဲစုသားဝန်းတွင် နေရမည်ဆိုသော အမိန့်တော်အရ အရှေ့ဘက်သူရဲစုဝန်းတွင် လာနေရခြင်းဖြစ်သည်။ နန္ဒစကားကိုကြားသဖြင့် မြတ်လှက အားရပါးရပြုံးကာ စကားဆိုလိုက်တော့သည်။

"အ ပါဘိသနဲ့ ကိုရင်ရယ် ကိုရင်ကသာ ညည်းညူနေတာ အခြားဘေးပတ်ဝန်းကျင်ကိုလည်းလှေ့လာကြည့်ပါဦး။ ဟိုးဘက်က အင်းဝတပ်တော်ကလူတွေမဟုတ်လား။ ဟောဒီဘက်မှာ ပြည်က ကျုပ်တို့နဲ့အဆောင် ကပ်ရက်မှာနေတာက ပုဂံသားတွေ အခုထိ ကိုရင်က သဘောမပေါက်သေး ဘူးထင်သပ"

"အဲ ဟုတ်သဟ ကိုရင်ပြောမှကျုပ်သတိထားမိတော့တယ်။ ဒါဆို ဘာများဖြစ်မလဲ"

"နိုင်ငံတော်တစ်ဝန်းက လက်ရွေးစစ်သူရဲတွေ စုထားတယ်ဆိုတော့ တစ်ခုပဲရှိသပ ကိုရင် အရေးတော်ပေါ်လာပြီ"

သွေးသောက်ကြီး မြတ်လှနှင့်နန္ဒတို့ သူရဲစုဝန်းတွင်ပြောဆိုနေခိုက် ဩရလောင်တစ်ယောက်မှာ အနောက်ဝင်းမှူးတန်းတွင် ထိပ်တုံးစာမိနေတော့သည်။ အပြစ်ကတော့ ထုံးစံအတိုင်း ဝင်းမှူးနှင့်ပတ်သက်၍ ရန်ဖြစ်ကြခြင်းဖြစ်သည်။ ဩရလောင်ကလည်း ဩရလောင်။ ဝင်းမှူး

ခိုင်းသမျှ မကျေမနပ်ဖြင့်လုပ်နေသည်မှာ ဝင်းမှူးမျက်လုံးထဲ ထောင့်မကျိုးပေ။ လူပေလူတေဩရလောင်ကလည်း ဖြစ်ချင်ရာဖြစ် လုပ်လေရာ ယခု တန်းထဲတွင်ထိပ်တုံးစာမိနေတော့သည်။

"ဟေ့ ဟိုငမိုက်သား ဝင်းမှူးခေါ် ခိုင်းလိုက်တယ် လာ လိုက်ခဲ့"

"ပဇာကြောင့်ခေါ် ခိုင်းသလဲ" ထိပ်တုံးလာဖြုတ်ပေးနေသော တန်းစောင့်အကြပ်အား ဘုကြည့်ကြည့်ကာ ဩရလောင်မေးလိုက်သည်။

"မသိသပ မောင်ရင် ဝင်းမှာတော့ အနောက်ဝင်းသူရဲတွေစုနေသပေါ့"

တစ်ခုခုတော့ အရေးတော်ပေါ်ပြီဟု ဩရလောင်တွေးမိတော့သည်။ အရေးတော်သာမရှိလျှင် တန်းထဲကထုတ်ရလောက်အောင် အပြစ်ကမပေါ့ပေ။

* * *

ထိုအဖြစ်အပျက်များမတိုင်မီ သုံးရက်ခန့်အလို ကမ္ဘောဇသာဒီနန်းတော် မှန်နန်းဆောင်တွင် ဘုရင့်နောင်မင်းတရားကြီးနှင့် သားတော်ညီတော် အမတ်ပညာရှိ စစ်သူကြီး အကုန်စုဝေးကာ တိုင်ပင်ခဲ့ကြသည်။ ထိုတိုင်ပင်ရသောအရေးမှာ သီဟိုဠ်ဘုရင် ဓမ္မပါလ၏ စွယ်တော်နှင့်အတူ ပို့ဆက်လိုက်သော စာချွန်လွှာကြောင့်ပင်ဖြစ်၏။

"သိန်းခိုဘုရင်ပို့လိုက်တယ့် စာချွန်ကို ဘယ်လိုမြင်သလဲ မင်းကြီးတို့"

"သိန်းခိုပြည်မှာ ကျေးကုလားရန်ကိုနှိမ်နင်းဖို့ စာချွန်တော်မှာ ပါပေမယ့် ကျွန်တော်မျိုးတို့ တပ်တော်တွေဟာ သိန်းခိုကျွန်းရဲ့ပထဝီတောတောင်ရေမြေကို မသိသေးသဖြင့် ပြန်လည်စဉ်းစားသင့်ပါသည် မင်းတရား"

လက်ဝဲစစ်ရေးအကြံပေးအမတ် သီရိဇေယျကျော်ထင်၏ အကြံပေးချက်သည် အခြားသော တပ်မှူးများအတွေးနှင့်ညီသဖြင့် ထောက်ခံသူ

များနေသော်လည်း ထိုစကားသံများထဲမှ ထွင်းဖောက်လာသော လျှောက်တင်သံတစ်ခုပေါ် လာခဲ့ချေသည်။

"မောင်မင့်တို့ ကေတုမတီသားမဟုတ်သလော တိုင်းပြည်ရပ်ခြားကနေ အတို့မင်းတရားဆီ အားကိုးကြီးစွာဖြင့် စစ်ကူချီပင့်သည်ကို ငြင်းပယ်လျှင် သမိုင်းတွင် ရာဇဝင်တွင်ချေလိမ့်မည်တကား"

ထိုအသံရှင်မှာ လက်ယာပညာရှိအမတ်ကြီး ဗညားဒလပင်ဖြစ်သည်။ မွန်ပညာရှိအမတ်ကြီးဖြစ်လင့်ကစား ဘုရင့်နောင်မင်းတရားကြီး၏ အထူးချီးမြှောက်မှုကို ရနေသလို နှလုံးရည်သာမက လက်ရုံးရည်တွင်လည်း ထူးချွန်သော အမတ်ကြီးတစ်ပါးဖြစ်သည်။ သခင့်မျက်နှာရိပ်ကဲနှင့် သဘောကို ပါးနပ်စွာနားလည်သူဖြစ်သဖြင့် ဤသို့ရဲဝံ့စွာ ပြောဆိုလိုက်ခြင်းဖြစ်သည်။

"လျှောက်တင်ပါသည် မင်းတရား ဤ ကျေးကုလားတို့သည်ကားရှေးရှေး ဟံသာဝတီမင်းဆက်များကတည်းက ပင်လယ်မှချီလာကာ နိုင်ငံတော်တို့ထိပါး စော်ကားခဲ့ကြပါသည်။ ကျွန်ုပ်တို့အားကြီး၍သာ ဒင်းတို့ဆုတ်ခဲ့ရသော်လည်း သိန်းခိုပြည်တွင်သာ ဒင်းတို့ အားကြီးပါက နောက်နောင်တွင် နိုင်ငံတော်အတွက် ရန်စွယ်တစ်ခုဖြစ်လာပါလိမ့်မည်။ သိန်းခိုပြည်အား စစ်ကူပို့ပါက ကျွန်ုပ်တို့ ကေတုမတီနိုင်ငံတော်တွင် အကျိုးနှစ်ခု ဖြစ်ထွန်းပါလိမ့်မည်။ ပထမတစ်ခုမှာ နိုင်ငံတော်အတွက် လာလတ္တံ့သော အန္တရာယ်ကို မကြီးမားစဉ်ကတည်းက ဦးနှိမ်ရာရောက်ပါသည်။ ဒုတိယတစ်ချက်မှာကား သာသနာတော်အတွက် သိန်းခိုပြည်သည် ကေတုမတီနှင့်မိတ်ဖက်အဖြစ် နောင်ကာလကြာရှည်စွာ တည်တံ့ပါမည်ဖြစ်ပြီး ဇမ္ဗူဒိပ်တွင် ကျွန်ုပ်တို့ ကေတုမတီနိုင်ငံတော်ကြီးနှင့် မင်းတရားတို့၏ နာမည်ဂုဏ်သတင်း အရှိန်အဝါ ပိုမိုကြီးမားလာပါလိမ့်မည်"

အမတ်ကြီး ဗညားဒလ၏ လျှောက်တင်ချက်တွင် စစ်ရေး နိုင်ငံရေး သာသနာရေးအမြင်များစုံလင်စွာ ပါဝင်သဖြင့် အများသဘောတူကြသည်။ တပ်ချီရာတွင် စစ်ရေးအမတ် သီရိဇေယျကျော်ထင်က အင်အားအလုံးအရင်းကြီးစွာဖြင့် ချီရန်ပြောပြီး လက်ယာပညာရှိအမတ်ကြီး ဗညားဒလက

အဝှန်းအဝါရှိစေရန် ချီသင့်ကြောင်း ပြောကြသည်။ ညီလာခံတက်လာသော အမတ်စစ်သူကြီးတို့က အဝှန်းအဝါရှိစေရန် ချီတက်သည်ဆိုသည်ကို နားမလည်သောအခါ ထပ်မံရှင်းပြရပေတော့သည်။

"လျှောက်တင်ပါသည် မင်းမြတ် ကျွန်ုပ်တို့ သိန်းခိုပြည်သို့ချီရာတွင် အင်အားကြီးမားစွာချီပါက ထိုတပ်တော်များအတွက် သယ်ပို့စရာရေယဉ် ရိက္ခာလက်နက်ခဲယမ်း အခက်အခဲများရှိပါသည်။ သို့ဖြစ်၍ လက်ရွေးစစ်သည်များစုဆောင်းကာ ရန်သူတို့ခန့်ညားစေရန် စေလွှတ်သင့်ပါသည်။ အရေးတော်မလှမှသာ တပ်တော်များချီသင့်ပါသည်"

အမတ်ကြီး၏ အစီအစဉ်အား ဘုရင့်နောင်မင်းတရားကြီး သဘောကျနှစ်ခြိုက်သဖြင့် တပ်တော်များအား အမိန့်စာထုတ်ပြန်လိုက်တော့သည်။ ကေတုမတီနိုင်ငံတော်အတွင်း ဗုဒ္ဓဘာသာကိုကိုးကွယ်သော လက်အောက်ခံနိုင်ငံများမှ လက်ရွေးစစ်သည်တို့ကို အောက်ပါအတိုင်း ရွေးနုတ်လိုက်တော့သည်. . .

ယိုးဒယား ၁၀၀
လင်ဇင်း ၁၀၀
ဇင်းမယ် ယွန်း ၁၀၀
ကျိုင်းရုံ(ရှမ်းတရုတ်) ၁၀၀
ကျိုင်းတုံသား ၁၀၀
မိုင်းမောသား ၁၀၀
ကသည်း ၁၀၀
စည်ခွင်တရုတ် ၁၀၀
ထားဝယ်သား ၁၀၀
ရှမ်း ၅၀၀
မွန် ၅၀၀
ဗမာ ၅၀၀
စုစုပေါင်း ၂၅၀၀ တည်းဟူသော လက်ရွေးစင်သူရဲတို့အား

သက်ဆိုင်ရာ တပ်တော်များအသီးသီးမှ ရွေးနုတ်ကာ သီဟိုဠ်စစ်ဆင်ရေး အတွက်ပြင်ဆင်တော့သည်။

(၃)

ပင်လယ်လှိုင်းလုံးများကိုမြင်နေရလျှင် တရိပ်ရိပ်ခေါင်းမူးလာသဖြင့် သွေးသောက်ကြီးမြတ်လှလည်း သင်္ဘောပေါ် ထိုင်ချလိုက်တော့သည်။ မနက်ကစားထားသမျှလည်း အကုန်ပြန်ထွက်ကုန်သည်ဖြစ်ရာ ရင်တွင်း၌ တလှပ်လှပ်တုန်လှသည်။ တပ်တော်ထဲစဝင်ချိန်မှ ယခုထိ ပင်လယ်ဆိုသည်ကို မမြင်ဖူးသော တောင်ငူသားအဖို့ အခံရခက်လှသည်။ သူ့ထက်ဆိုးသည်က လှေပင်မစီးဖူးသော သွေးသောက်နန္ဒပင်ဖြစ်သည်။ မြတ်လှလောက် ပင်ဟန်မဆောင်နိုင်ဘဲ သင်္ဘောဝမ်းတွင်းတွင် စန့်စန့်ကြီး ပက်လက်လန်နေတော့သည်။ လက်ရွေးစစ်သူရဲများဖြစ်သော်လည်း ပင်လယ်၏ ဆိုးကြိုးမှုသည် မချိမဆံ့ပေတကား။ ထိုပင်လယ်ဒဏ်ကိုခံနိုင်သည့် စစ်သည်များမှာ မွန်နှင့်ထားဝယ်သားတို့သာဖြစ်သည်။ အချို့သော ရဲမက်တို့သည်လည်း မြတ်လှတို့လောက်အခြေအနေမဆိုးပေ။ အမတ်ကြီးဗညားဒလ၏ ပညာဉာဏ်သည်ကြီးပေစွ။ စစ်ရေးအကြံပေးအမတ် ပြောသည့်အတိုင်းသာ တပ်အင်အားအလုံးအရင်းချီသော် ပင်လယ်တွင်းတွင် ဒုက္ခပေါင်းစုံတွေ့မည်ဟု အနောက်ဝင်းမှူးတွေးနေတော့သည်။

လှိုင်းဒဏ်များကြားထဲမှ ရဲမက်များကို လိုက်လံအားပေးပြုစုနေသော ရဲမက်တစ်ဦးသည်ကား ဩရလောင်ပင်ဖြစ်သည်။ ဇင်းမယ်သားဖြစ်သော်လည်း လှိုင်းဒဏ်ကိုမှုပုံမရ။ သင်္ဘောဦးမှပဲ့အထိ တလွှားလွှားသွားကာ လှိုင်းမူးနေသော ရောင်းရင်းတို့ကို ပြုစုနေတော့သည်။ ဩရလောင်ကိုကြည့်ကာ အနောက်ဝင်းမှူး သဘောကျနေတော့သည်။ ယခင်ကတည်းက တစောင်းစေးနှင့်မျက်ချေးသဖွယ်ဖြစ်နေသော်လည်း ဩရလောင်၏ အစွမ်းအစကိုမြင်သဖြင့် ယခုလိုသီဟိုဠ်ချီတပ်တော်တွင် အပါခေါ်လာခဲ့ခြင်းဖြစ်သည်။

* * *

သီဟိုဠ်ချိတပ်တော်သည် နဂါးရစ်အငူ(မော်တင်စွန်း)မှ ကျော်လွန်လာခဲ့သည်မှာ ရက်သတ္တပတ် တစ်တစ်ပင်ရှိတော့မည်။ ခရီးစဉ် အစက လှိုင်းဒဏ်ခံနေရသော တပ်တော်သားတို့ကား ယခု ပင်လယ်နှင့် အသားကျနေပြီဖြစ်ရာ စားကောင်းသောက်ကောင်းဖြစ်နေတော့သည်။ ရှေ့ပြေးဦးဆောင်သင်္ဘော်ပေါ်တွင်ကား သွေးသောက်ကြီး မြတ်လှတို့နှင့် ဩရလောင်တို့အဖွဲ့ကျနေတော့သည်။

“သွေးသောက်ကြီးတို့များ အခုတော့ ကျန်းမာနေလိုက်တာ လွန်ခဲ့တယ့် လေးငါးရက်က ပုံနဲ့မတူသပ”

“အဟဲ ရောင်းရင်းပြောလည်းခံရမှာပဲ။ ကျုပ်ရောနန္ဒပါ ပင်လယ်ဆိုတာ အခုမှမြင်ဖူးတာပ ဟောဒီက ကောက်ညှင်းလေး ယူလိုက်ဦးဗျ”

အိုးထဲမှ ကောက်ညှင်းပေါင်းအား ဆုပ်ယူကာ ဩရလောင်ကိုကမ်းပေးရင်း မြတ်လှပြုံးဖြီးဖြီးနှင့်ဆိုလိုက်တော့သည်။

“အနို့ ကျုပ်မသိလို့မေးတာပ ရောင်းရင်းက ဇင်းမယ်သားပေမင့် ပင်လယ်ဒဏ်ခံနိုင်ပါသကော”

“ကျုပ်လည်းထူးဆန်းတယ်ထင်သပ ဇင်းမယ်တုန်းကတော့ လှေတော်သားအဖြစ် အမှုထမ်းခဲ့တာပဲ ရေနဲ့နီးစပ်တယ်ထင်သပ သွေးသောက်နန္ဒရာ ဟဲဟဲ ”

“ကောင်းသဗျာ ရောင်းရင်းတိုက်တဲ့ဆေးရည်က တယ်ကောင်းပဲ ဘာဆေးများလဲ”

“အမ(အမေ)ပေးလိုက်တာပ ပင်လယ်ကြောင်းချီရင် အမူးအမော်သက်သာစေတယ်ဆိုပဲ။ ကျောက်သွေးနဲ့ရှောက်ချိုကို သုံးခွက်တစ်ခွက်တင်ကျိုရလာတာကို အရက်ဦးရည်နဲ့ဆတူရော စပ်ထားတာပ။ ကျုပ်တို့ဆီမှာတော့ မိန်းမသူတွေမီးဖွားတဲ့အခါ သွေးအားကောင်းပြီး အမူးအမော်ပြေအောင်တိုက်တယ်ဆိုသပ”

ဩရလောင်၏ ဆေးညွှန်းကြောင့် မြတ်လှတို့တစ်စု ပါးစပ်အပြဲသားဖြစ်ကုန်တော့သည်။ မီးဖွားစဉ်တိုက်သောဆေးကို ယောကျ်ားသူဖြစ်လျက်နဲ့ သောက်မိလေခြင်း။

"သွေးသောက်ကြီး ကျုပ်တစ်ခုမေးသာပ။ အခု ကျုပ်တို့တပ်တွေ သဘော်ငါးစီးတည်းဟုတ်စ ဟိုးက နောက်ထပ် သဘော်သုံးစီးက ပဇာတွေ တုန်း"

"ကျုပ်လည်း တပ်မင်းကြီးတို့ တိုင်ပင်နေတာကြားမိတာပ။ အခု သီဟိုဠ်ကိုချီရတဲ့အရေးဟာ ဘာသာ သာသနာတော်နဲ့သက်ဆိုင်ပါသကော ရောင်းရင်းတို့ကျုပ်တို့က လက်ရုံးရည်သာကောင်းပေမယ့် သာသနာရေးမှာ လစ်ဟာမှုတွေရှိလာလိမ့်မယ်။ ဒီတော့ ကျုပ်တို့ဘဝရှင်မင်းတြားကြီး အစီအရင်က ကျုပ်တို့ရဲမက်တွေအပြင် သီဟိုဠ်ကနေ ကေတုမတီနိုင်ငံတော်ဆီ ကူးလာပြီး စာသင်တဲ့ ဆရာတော်တွေ အင်း၀ စစ်ကိုင်းက စာတတ်ပေတတ်ကျမ်းပြုဆရာတွေနဲ့ ပိဋကတ်တော်တွေကို သဘော်သုံးစီးနဲ့ ပို့လိုက်တာပ"

သွေးသောက်ကြီးမြတ်လှစကားကြောင့် စကားဝိုင်းရှိ ရဲမက်တော်တို့ခေါင်းတညိတ်ညိတ်နှင့် သဘောပေါက်သွားကြတော့သည်။

* * *

"ရောင်းရင်း ဒီလေအဟုန်အရဆို ကျုပ်တို့သီဟိုဠ်ကို နက်ဖြန် သန်ဘက်ခါရောက်မယ်ထင်သပ"

လှေဦးထိပ်တွင် မားမားရပ်နေသော ဩရလောင်က ပြောလိုက်လေသည်။ ဩရလောင်စကားကို သဘော်ကုန်းပတ်ပေါ်တွင် ဓားသွေးနေသော သွေးသောက်ကြီးမြတ်လှက ခေါင်းညိတ်ကာထောက်ခံလေသည်။

"ထား၀ယ်သား ငကျော်မောင်တို့လည်း ဒီလိုဆိုသပ ကျုပ်တို့ သီဟိုဠ်ကိုရောက်ရင်ဖြင့် အမတ်ကြီး မှာသလို အဝှမ်းအဝါ ရှိစေဖို့အတွက် အထူးအစီအမံတွေလိုသဗျ"

သွေးထားသော ဓားသွားကိုဆရင်း မြတ်လှပြန်ပြောလိုက်သည်။ သံသားကျနစွာပြုလုပ်ထားသော ငှက်ကြီးတောင်ဓားသွား၏ အဆင်းမှာ နေရောင်အောက်တွင် ငှက်ခါးရောင်လဲ့လဲ့သန်းနေပေစွ။ သီဟိုဠ်ချီ

ကေတုမတီတပ်တော်၏ စစ်သဘော်ကြီး ငါးစင်းမှာလည်း အပြာခံတွင် ခံ့ညားသော ရွှေရောင် ကေသရာခြင်္သေ့ရုပ်ပါ ရွက်ကြီးများကို ဖောင်းကား အောင်လွှင့်ရင်း သီဟိုဠ်ဆီသို့ သူထက်ငါအလျင်ရောက်အံ့သဘောဖြင့် အပြင်းရွက် လွှင့်နေတော့သည်။ မိုးကုတ်စက်ဝိုင်း၏ ဟိုမှာဘက်ဆီတွင် လင်္ကာဒီပ သို့မဟုတ် သီဟိုဠ်၏ကမ်းရိုးတန်းကား မှုန်ပြပြရှိနေတော့သည်။

## (၄) ဇာတ်သိမ်း

သီဟိုဠ်ပြည်ကမ်းခြေသည် အုန်းပင်အုန်းရိပ်များဖြင့် အရိပ်အာဝါသ ကောင်းလွန်းလှသည်။ ထိုအုန်းပင်ခြေတို့တွင် အသားမည်းကျေးကုလားတို့ အုပ်စုလိုက် အုပ်စုလိုက် အရိပ်ခိုရင်း သောက်စားမြူးထူးနေကြလေသည်။ ကျေးကုလားတို့အသီးသီးတို့တွင် ပါလာသော ဝန်စည်စလွယ်တို့တွင် ရွှေဘုရားဆင်းတုများ ရွှေရေးချပရပိုက်များနှင့်အခြားသော သာသနိက ပစ္စည်းများအစုံအလင်ပါလေသည်။ တန်တော့ ဤဆိပ်ကမ်းဝန်းကျင်ရှိ ရွာများကို ပတ်လှည့်ကာ လုယက်လာပုံပေါ်သည်။

"ဟေး ရာမခေန်းဟိုးမှာ အိမ်ပြန်ဖို့သဘော်တွေလာပြီဟ ဒီတစ်နှစ်စာတော့ ဖူလုံပြီဟေ့ ရွှေချည်းပဲ ၆ဝသားလောက်ရလာတယ်"

"မင်းကတော်တာပေါ့ဟ ငါ့မှာ ကျွန်လုပ်ခိုင်းဖို့ ဒီကလေး နှစ်ကောင်ပဲရလာတာ"

မှန်ပေသည်။ ကျေးကုလားတို့ကား ပစ္စည်းရလျှင်ရ မရလျှင် မိန်းမ ကလေးတို့အားဖမ်းဆီးကာ ကျွန်ပြုလေ့ရှိသည်။ ရာမခေန်းတို့အရိပ်ခို နေရာ၏အလွန် နေပူကျဲကျဲသောင်ပြင်တွင် မိန်းမနှင့်ကလေးများကို ကြိုးတုပ်ကာ အစုလိုက်ထားထားတော့သည်။

"အခုလာတယ့် သဘော်တွေက တို့မြင်ဖူးတဲ့ သဘော်တွေထက် ကြီးတယ်ကွ ပေါ်တူဂီတွေဆီကနေ အသစ်ဝယ်ထားတာထင်တယ်"

သီဟိုဠ်ကမ်းခြေဆီသို့ ဦးတည်ကာ လော်ခတ်လာသော သဘော်များသည် ကမ်းခြေနှင့်မလှမ်းမကမ်းတွင်ကျောက်ချပြီး လှေငယ်များချကာ

လူများဆင်းလာတော့သည်။ ဤသူတို့ပုံစံကာ ကမ်းခြေသို့သူ့ထက်ငါ အလျင်ရောက်ချင်ပုံပေါ်သည်။ ကမ်းခြေနားရောက်မှ ကျေးကုလားတို့ မျက်စိမျက်နာပျက်ကုန်တော့သည်။ ထိုသူများသည်ကား ကျေးကုလား တို့မဟုတ်ပေ။ သံချပ်ဝတ်ဆင်ယင်ထားသော စစ်သည်များပင်ဖြစ်သည်။ သီဟိုဠ်ဘုရင့်တပ်သားများကဲ့သို့ ဝတ်ဆင်ထားခြင်းမရှိသော်ငြား ရန်သူ မှန်းထင်ရှားလှသည်။ ထို့ကြောင့် အရိပ်တွင်နားနေသော ကျေးကုလား တို့ဖြိုင်ဖြိုင်ထကာ ဓားကောက်ကိုယ်စီဖြင့် ကမ်းခြေသို့ပြေးဆင်းသွား ကြတော့သည်။ လှေပေါ်မှ ဆင်းလာသောစစ်သည်များသည်လည်း ကျေးကုလားတို့နားမလည်နိုင်သော ဘာသာစကားဖြင့် ကြွေးကြော်ကာ ပြေးဝင်တိုက်ခိုက်ကြတော့သည်။ သီဟိုဠ်၏ကမ်းခြေသဲသောင်ပေါ်တွင်ကား နေ့လယ်မွန်းတည့်နေအောက်တွင် ဓားရောင်ဝင်းဝင်း သွေးသံရဲရဲ။

* * *

ဓားပေါ်မှ သွေးစေးများကို သေဆုံးနေသော ကျေးကုလား အလောင်းမှ အဝတ်စနှင့်သုတ်သင်ရင်း ဩရလောင်တစ်ယောက် အုန်းပင် ကိုမှီရင်းအမောဖြေနေတော့သည်။ မလှမ်းမကမ်းတွင် ရွာသားများကို ကြိုးဖြေ ရေတိုက် ဆေးထည့်နေသော ရဲမက်တော်သားတို့ ဟိုမှသည်သို့ သွားနေကြသည်။ ကေတုမတီတပ်မတော်သားများနှင့်အတူပါလာသော သီဟိုဠ်ဘုရင့်အမှုတော်ထမ်းများက ဒုက္ခသည်များကို ဖြစ်ကြောင်းကုန်စင် မေးသူကမေး ကေတုမတီအရာရှိများထံ ဘာသာပြန်ကာ ပြောပြသူ ကပြောနှင့် သွေးသောက်ကြီးမြတ်လှတို့လည်း ဟိုမှသည်သို့ကူးလူး သွားလာနေရတော့သည်။ ကျေးကုလားတို့ဖမ်းလာသူတို့ စကားအရ ဤကမ်းခြေမှ နှစ်မိုင်ခန့်အကွာတွင် ကျေးကုလားတို့၏ စခန်းကြီးတစ်ခု ရှိမှန်းသိလိုက်ရသည်။ ထိုစခန်းကြီး၏ကံကြမ္မာသည်ကား. . . .

* * *

ကျေးကုလားမြို့စားများဖြစ်သော ကွပ်တည်မင်း ခန်တည်မင်း စီတာဝတ်မင်း (kotte Kandy Sitawaka မြို့များ) တို့သည် ဤရက်ပိုင်းတွင် စိုးရိမ်ပူပန်မှုများနေတော့သည်။ ၎င်းတို့အထောက်တော်များဆီမှ သတင်းအရ ကေတုမတီနိုင်ငံတော်ဆီမှ တပ်များသည် သီဟိုဠ်တောင်ပိုင်းတွင်ရောက်နေသည်ကို သတင်းရသည်။ ထို့ပြင် တောင်ပိုင်းရှိ ကျေးကုလားတပ်များ၏သတင်းပေးပို့မှုမရတော့သလို မည်သည့်အကြောင်းမှုမကြားရသည်မှာ သီတင်းသုံးပတ်ကျော်တော့မည်။ ကေတုမတီတပ်ဆီမှလည်းသတင်းမကြား သီဟိုဠ်ဘုရင်ကလည်း သံမစေ မိမိတို့တပ်များ၏ သတင်းပါပြတ်နေသဖြင့် မဖြစ်ချေဆိုကာ ထိုမင်းသုံးပါးသည် သီဟိုဠ်ဘုရင်ဓမ္မပါလဆီသို့ သံတမန်ခရီးထွက်လာရတော့သည်။

ထိုမင်းသုံးပါးတွင် ခန်တည်မင်းသည် အစိုးရိမ်ဆုံးဖြစ်သည်။ သူ့မြို့သည်ကား မြို့တော် အနုရုဒ္ဓါနှင့်အနီးဆုံးဖြစ်သလို တပ်သားအများစုလည်း ပျောက်ဆုံးနေခြင်းဖြစ်သည်။ သီဟိုဠ်တပ်တို့၏အစွမ်းသည် ၎င်းတို့ထက် နိမ့်ပါးမှန်းသိသဖြင့် ယခင်ကစိုးရိမ်မှုမများသော်လည်း ယခုလို ကေတုမတီ တပ်တော်ရောက်လာမှ တပ်များစုပ်စမြုပ်စဖြစ်ကုန်သည်ကို မတွေးတတ်ပေ။

"ဟိုးမှာ အနုရုဒ္ဓါကိုလှမ်းမြင်နေရပြီပေါ့ ကနေ့ညဒီမှာစခန်းချမယ်။ သံစေလွှတ်ပြီးနက်ဖြန် ငါတို့မြို့ထဲဝင်မယ်ဆိုတာကို ဓမ္မပါလဆီ အကြောင်းကြားလိုက်မယ်"

မင်းသုံးပါးထဲတွင်အသက်အကြီးဆုံးဖြစ်သော စီတာဝက်မင်း၏ စကားသံကြောင့် ခန်တည်မင်းလည်း သတိပြန်ဝင်လာတော့သည်။

* * *

သီဟိုဠ်ပြည် အနုရုဒ္ဓါမြို့တော်တံခါးဆီတွင် သီဟိုဠ်ဘုရင့်အမတ်ချုပ်နှင့် နန်းတော်စောင့်တပ်သားတို့သည် ကျေးကုလားမင်းသုံးပါးအား စောင့်ဆိုင်းနေလေသည်။ နေအတန်မြင့်သောအခါမှ ကျေးကုလားမင်းသုံးပါးနှင့် အခြွေအရံတို့ရောက်လာကြတော့သည်။ အစကတည်းက

သီဟိုဠ်သားတို့ကို မကြောက်သော ကျေးကုလားတို့သည် မြို့တံခါးဝရောက်သော်လည်း မြင်းပေါ်မှမဆင်းဘဲ မြို့ထဲဝင်လာပြန်သည်။ သို့သော် ၎င်းတို့၏ မြို့တွင်းသို့အရောက်တွင် ၎င်းတို့၏ မာနထောင်လွှားမှုသည် ခြေသုတ်ပုဆိုး အလားဖြစ်သွားတော့သည်။

မြို့တံခါးနောက်တွင်ကား ကေတုမတီသီဟိုဠ်ချီတပ်တော်၏ စခန်းကြီးသည် ဟီးထအောင်တည်ဆောက်ထားလေသည်။ မင်းလမ်းမတစ်ဖက်တစ်ချက်ဆီတွင် ရင်ကိုခွဲထားသော ကျေးကုလား စစ်သည်အလောင်းတို့တွင် ယင်မည်းရိုင်းများအုံခဲနေတော့သည်။ အရှင်လတ်လတ်ရင်ခွဲခံရပုံပေါ်သော မျက်လုံးပြူး မျက်ဆန်ပြူးဖြင့်သေနေသော ကျေးကုလားစစ်သည်တို့၏ အလောင်းကောင်များသည် ၎င်းတို့ဘုရင်များကို ချောက်ချားဖွယ်စောင့်ကြိုနေတော့သည်။ တပ်စခန်းကြီးတစ်ခုလုံးတွင်လည်း ကေတုမတီရဲမက်များအပြည့် သောက်စားအော်ဟစ်နေကြလေသည်။

"ဟိုမှာ ဟိုမှာ" မင်းသုံးပါးနားတွင်ပါလာသော ကျေးကုလားစစ်သည်တစ်ဦး၏ အလန့်တကြားအော်သံကြောင့် သံအဖွဲ့တစ်စုလုံးလှမ်းကြည့်လိုက်သောအခါ သွေးပျက်ဖွယ်မြင်ကွင်းကြီးသည် စောင့်ကြိုနေတော့သည်။ ကျေးကုလားတို့သည် ကျွဲနွား အထူးသဖြင့် နွားလားဥသဘဖြူတို့အား အထွတ်အမြတ်အဖြစ်ထားလေ့ရှိသည်။ စစ်ချီလျှင်ပင် ထိုသတ္တဝါတို့ကိုယူဆောင်သွားလေ့ရှိသည်။ ယခုကားထိုကျွဲဖြူ နွားဖြူ ကြီးများသည် ကေတုမတီတပ်သားတို့အလယ်တွင် သနားစဖွယ်အော်ဟစ်နေရတော့သည်။ ကေတုမတီတပ်သားတစ်ဦးက နွားတစ်ကောင်အားဆွဲထုတ်ကာ ပုဆိန်ဖြင့် လည်ကိုတစ်ချက်တည်းပြတ်အောင်ခုတ်ချပစ်လိုက်တော့သည်။ သေလေသောနွားကောင်ဘေးရှိ ကေတုမတီတပ်သားတို့သည် ချက်ချင်းအရေဆုတ်ကာ သွေးသံရဲရဲ အသားတို့အား လက်ဖြင့်ဆွဲဖွဲ့ကာ ပါးစပ်အပြည့်စားလိုက် သေခွက်ကိုမော့လိုက်ဖြင့် တဟေးဟေး အသံတို့ဆူညံနေတော့သည်။ သေဝဟန်ရှိသော ရဲမက်တို့က စစ်စည် စစ်မောင်းတို့ကို တီးသူကတီး အချို့ကား အချုပ်ထဲရှိ ကျေးကုလားစစ်သားများဆီသွားသွားကာ တစ်ယောက်ဆွဲထုတ်လိုက် ခေါင်းဖြတ်သူကဖြတ် ရင်ခွဲသူကခွဲဖြင့်

ပျော်နေဟန်ရှိသည်။ အချို့ရဲမက်တို့သည်ကား အချင်းချင်း ဓားလှံပုဆိန် တင်းပုတ်တို့ဖြင့် ထုရိုက်ထိုးခုတ်နေပြန်သည်။ သို့သော် ထိုးခုတ်နေသည် တို့ကား ထိသော်လည်း အရာမထင်သလိုဖြစ်သည်။ ထိုးခုတ်၍မောသော အခါ အသံနက်ကြီးများဖြင့် ရယ်ကာ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ အမောပြေ သေရည်စဥ့်အိုးကြီးထဲခေါင်းနှစ်ကာ သောက်သူက သောက် နွားသတ်သူကသတ် ကျေးကုလားသွားသတ်သူကသတ်ဖြင့် စခန်းကြီးတစ်ခု လုံး သွေးသံရဲရဲဖြင့် ရဲပဒေါင်းခတ်နေတော့သည်။

ထိုအဖြစ်အပျက်များကိုမြင်လိုက်ရသော ကျေးကုလားမင်းသုံးပါး တို့သည် နလုံးအူပြတ်လုမတတ် ချောက်ချားလာလေတော့သည်။ သူတို့ ကျေးကုလားတို့ရက်စက်သည်ထက် အဆပေါင်းများစွာ ရက်စက်လှသူတို့ကို မျက်ဝါးထင်ထင်မြင်ရသည့်အခိုက်အတန့်တွင် ခန်တည်မင်း၏နှုတ်မှ စကားသံအချို့ ထွက်ကျလာတော့သည်။

"နောင်တော်တို့ဒါတွေက လူတွေမဟုတ်ဘူး ဘီလူးကြီးတွေ ပါလား ကာလီမယ်တော်ကယ်ပါ ကေတုမတီတပ်သားတွေက လူဘီလူးကြီး တွေပါလား"

ထိုအခိုက် သီဟိုဠ်အမတ်ချုပ်ကြီး၏ အောင်မြင်သောအသံ ကြီးထွက်ပေါ်လာတော့သည်။

"ကျေးကုလားမင်းသုံးပါး ကြွချီလာပါသဖြင့် လမ်းရှင်းပေးပါ"

"ဘယ်ကကောင်တွေမို့လို့ လမ်းရှင်းပေးရမှာလဲ။ အမယ် ရောင်းရင်း တို့ဒီမှာ ဘယ်သူတွေလဲကြည့်စမ်း"

တံခါးနားတွင်စောင့်နေသော သွေးသောက်ကြီးမြတ်လှ၏ အော်သံကြောင့် နွားနှင့်ကျေးကုလားတို့ကို အမဲဖျက်နေသော ကေတုမတီ တပ်သားတို့၏ ခေါင်းတို့သည် ကျေးကုလားမင်းတို့ဘက်လှည့်လာ တော့သည်။ တခဏမကြာပင် မြင်းပေါ်မှ ကျေးကုလားမင်းသုံးပါးအား ဆွဲချသူကဆွဲချ နောက်ပါအခြွေအရံတို့ကို ထုထောင်းရိုက်နှက်သူတို့ဖြင့် ကေတုမတီတပ်သားတို့ပျော်ပွဲသဘင်ဆင်နေကြသည်။

ဓမ္မပါလမင်း၏ ရှေ့တော်သို့ ဖူးရောင်ညိုမည်းနေသော ဒဏ်ရာ

ကိုယ်စီ ကိုယ်ဝတ်ရုံတို့စုတ်ပြဲဖရိုဖရဲဖြစ်နေသော ကျေးကုလားမင်းတို့အား ကေတုမတီတပ်သားတို့ ခွေးသေကောင်ဆွဲသလိုဆွဲခေါ် လာခဲ့သော်လည်း အခြားသောအခြွေအရံတို့သည်ကား၊လေးပေါင်လေးလက်ကားကား မြင်းဖြင့်ဆွဲခံရသူ တံကျင်လျှိုခံရသူ တိုင်တွင်ချည်ကာ ရင်ခွဲခံသူတို့ဖြင့် အသက်ကုန်ကြတော့သည်။ နန်းရင်ပြင်သို့ရောက်လာသောကျေးကုလား မင်းသုံးပါးမှလည်း သီဟိုဠ်ဘုရင် အပါးတွင် မားမားရပ်နေသော ကေတုမတီ စစ်သူကြီးနှစ်ဦးအား မော်၍ပင်မကြည့်ရဲတော့ပေ။ ပျောက်သွားသော ကျေးကုလားတပ်တို့၏ကံကြမ္မာကိုကား ၎င်းတို့ကိုယ်တိုင် မျက်ဝါးထင် ထင်မြင်လိုက်ရသဖြင့်

ကွတ်တည်မင်းနှင့်ခန်တည်မင်းတို့ကား သွေးပျက်လုလုဖြစ်နေ တော့သည်။ ထိုသို့သူပုန်သူကန်တို့အား စိတ်ဓာတ်ပျက်ပြားစေအောင်ပြု ပြီးမှ ကေတုမတီစစ်သူကြီးအမတ်နှစ်ဦးသည် သီဟိုဠ်ဘုရင်ရှေ့တွင် ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီး၏ အမိန့်တော်အားထုတ်ပြန် လေတော့သည်။ အမိန့်တော်အရ ကျေးကုလားမင်းတို့သည် စားမြဲမြို့များ တွင်သာ အာဏာသက်ရောက်ရမည်။ သီဟိုဠ်ပြည်သားများနှင့် သာသနာ တော်အား နှောင့်ယှက်ဖျက်ဆီးမှုမပြုရ။ ဖမ်းဆီးထားသမျှကျေးကျွန်တို့ကို လွှတ်ရမည်။ ဖျက်ဆီးထားသမျှ ဘုရားကျောင်းကန်များ မြို့ရွာများ ပြန် လည်တည်ဆောက်ပြုပြင်ရန် ကျေးကုလားမင်းတို့က စရိတ်စိုက်ထုတ်ပေး ဆောင်ရမည်။ သီဟိုဠ်ဘုရင်ထံသစ္စာခံကာ နောင်တွင်ဤသို့ပုန်ကန် ထကြွမှုမပြုရ။ အညီအညွတ်မရှိသည်ကိုသိပါက ယခုချီလာသော တပ်ထက် အဆများစွာကြီးမားသော တပ်တော်ကြီးဖြင့် ကိုယ်တော်တိုင်ချီတက်ကာ သုတ်သင်မည်ဟုပါဝင်လေသည်။ ကျေးကုလားမင်းတို့လည်း ကြောက်ရွံ့ခြင်း ပြင်းစွာဖြစ်လျက် အမိန့်တော်ကိုနာခံရတော့သည်။

* * *

"သွေးသောက်ကြီးတို့ခိုင်းလို့သာလုပ်ရတယ် အဲဒီအချိန်တုန်းက

ဖျို့ဖျို့တက်လာသပ အသားစိမ်းတွေမျိုရတာ"

"ကိုရင်ကပေတာကိုး ဩရလောင်ရဲ့ အခြားရဲမက်တွေ ဘယ်လိုစားလဲ သေချာမှမကြည့်တာ ချင်းကြက်သွန်နုတ်နုတ်စဉ်းပြီး ရောစားကြတာပ။ ပြီးတော့ သေရည်ဆိုတာ အနံ့သာပါပြီး သျှိသျှားရည်တွေပ။ အစစ်မဟုတ်ဘူးလေ။ အော့သလိုဖျို့လာရင် တစ်ခွက်သွားသောက် အဆင်ကိုပြေရော"

"နို့ ကျုပ်မှမသိတာကလား သွေးသောက်ကြီးတို့ကလည်းမပြောဘူး ပြောရင်းနဲ့အဲဒီအနံ့တွေဝမ်းတွင်းက ပြန်တက်လာတာနဲ့ ဖျို့ပါသကော"

တံတွေးတပျစ်ပျစ် တအော့အော့ဖြစ်နေသော ဩရလောင်အား ကြည့်ကာ သွေးသောက်ကြီးမြတ်လှတို့လူသိုက်တဟားဟားဖြစ်နေကြသည်။

"ကိုင်း ဘယ့်နှယ်ရှိစ ပင်လယ်မှာတုန်းက လှိုင်းမူးပျောက်ဆေးဆိုပြီး ကျုပ်တို့ကို မိန်းမသူတွေမီးဖွားတဲ့အခါသောက်တဲ့ ဆေးကြီးကို လိမ်တိုက်တာကိုး"

သွေးသောက်နန္ဒ၏ ပြုံးဖြဲဖြဲဖြင့်ဆိုသောစကားကြောင့် ဩရလောင်တစ်ယောက် မချိပြုံးပြုံးနေရတော့သည်။ အနုရုဒ္ဓါမြို့တော်ပတ်လည်ရှိ ပျက်စီးနေသော ဘုရားကျောင်းကန်များကို ပြုပြင်နေသောကေတုမတီတပ်တော်သားတို့အစုထဲတွင် မြတ်လှတို့လည်းပါဝင်လေသည်။ မီးလောင်ထားသောကျောင်းဆောင်အား ဖြိုဖျက်ကာအသစ်ပြန်ဆောက်သူက ဆောက် ချုံနွယ်ပိတ်ပေါင်းရှင်းလင်းသူကရှင်းလင်းနှင့် မမောနိုင်မပန်းနိုင် ကေတုမတီတပ်တော်သားတို့လှုပ်ရှားနေကြသည်။ ယနေ့ အနုရုဒ္ဓါတွင် အလုပ်များနေသလို နောက်နေ့များတွင် ကန်ဒီတွင်စွယ်တော်တိုက်ပြန်ပြင်ရန်သွားရပေဦးမည်။ ကျေးကုလားတို့မဆိုထားနှင့် ဗုဒ္ဓဘာသာသီဟိုဠ်သားတို့ပင် ကေတုမတီတပ်သားတို့အား မျက်စိလည်ကုန်သည်။ လွန်ခဲ့သောရက်အနည်းငယ်က သွေးသံရဲရဲဖြင့် ဘီလူးသရဲများသဖွယ် သူပုန်တို့ကိုသတ်နေသော လူကြမ်းကြီးများသည် ယခုအခါ ဥပါသကာများသဖွယ် သာသနာတော်အကျိုးကိုဆောင်နေကြပါတကား။

သီဟိုဠ်တွင် ပျက်စီးသွားသော သာသနိကအဆောက်အအုံများကို

ပြင်ဆင်ခြင်း၊ ဆရာတော်များအတွက် စာပေပို့ချရာတွင် အထောက်အပံ့ပေးခြင်း ရပ်ရွာအေးချမ်းရေးဆောင်ရွက်ခြင်းနှင့် သီဟိုဠ်ဘုရင့်တပ်မတော်အား ပြန်လည်လေ့ကျင့်တည်ဆောက်ပေးခြင်းတို့ကို ရှစ်လကြာဆောင်ရွက်အပြီးတွင် သွေးသောက်ကြီးမြတ်လှတို့အိမ်ပြန်ချိန်တန်ခဲ့လေပြီ။ သင်္ဘောဆိပ်တွင် လာနှုတ်ဆက်သော သီဟိုဠ်ပြည်သားတို့၏ မျက်နှာပြင်တွင်ရောပြည်တော်ပြန်ရမည့် ကေတုမတီတပ်သားတို့မျက်နှာပါညှိုးလှသည်။ သီဟိုဠ်ပြည်တစ်ခွင် တစ်နှစ်နီးပါး အတူသွားအတူစားကာ သာသနာတော်ကိုပြန်လည်ထွန်းကားအောင် အတူဆောင်ရွက်ပေးခဲ့သော တစ်ပြည်သားတို့အား သီဟိုဠ်ပြည်သားတို့ တစ်ပြည်သားမမှတ်တော့ပေ။ မိမိတို့၏ တူသားနောင်မယ် ညီရင်းအစ်ကိုသဖွယ်ခံစားနေရသဖြင့် ယခုလိုပြန်ရတော့မည်ဆိုသည်ကို စိတ်မကောင်းပေ။ စိတ်ခိုင်လှသော ဩရလောင် တစ်ယောက်ပင် ၎င်းတည်းခိုသော အိမ်မှ ဘိုးဘွားတို့အား မိဘသဖွယ်ခင်မင်မိသဖြင့် ပြန်ရမည့်အချိန်တွင် မျက်နှာညှိုးနေလေပြီ။

နှုတ်ဆက်ရမည့်အခမ်းအနားတွင် ကေတုမတီစစ်သူကြီးတို့က သီဟိုဠ်ပြည်သားတို့အား ကတိကဝတ်ပြုခဲ့ကြသည်။ နောက်နောင်တွင် သီဟိုဠ်ပြည်တွင် သာသနာတော်ကွယ်မည့်အရေးတော်ပေါ်လာခဲ့ပါက မိမိတို့စစ်သည်များသည် နတ်ဘီလူးများသဖွယ် ခဏမကြာရောက်လာကာ ရန်သူတို့အား အစိမ်းစားမည်ဟူသော ကြောက်မက်ဖွယ်ကတိသည် ကျေးကုလားတို့အား ချောက်ချားစေသည်။ သီဟိုဠ်ဘုရင်ကလည်း ယခုချိန်မှစကာ သီဟိုဠ်နှင့်ကေတုမတီနိုင်ငံတော်တို့သည် ညီနောင်မဟာမိတ်နိုင်ငံများဖြစ်ကြောင်း ကြေညာကာ ကေတုမတီနိုင်ငံတော်မင်းမြတ်အတွက် စွယ်တော်တစ်ဆူနှင့် သမီးတော်အပါ လက်ဆောင်ပဏ္ဏာများစွာဖြင့် နှုတ်ဆက်လိုက်သည်။

သင်္ဘောများပေါ်မှ ငေးကြည့်နေသော ကေတုမတီတပ်သားတို့မျက်ဝန်းအောက်တွင် သီဟိုဠ်ကမ်းခြေသည် တဖြည်းဖြည်းမှုန်ပျပျောက်ကွယ်ခဲ့တော့သည်။

* * *

"ဒါဆို ဘိုးတို့က လက်ထက်တော်ကြီးလက်ထက်က သီဟိုဠ်ချီနတ်ဘီလူးတွေပဲပေါ့"

"ဟုတ်သမှ သိပ်ဟုတ်ပေါ့ မြေးရဲ့"

မြေးသာလှ၏ စကားအား ကွမ်းယာတစ်ယာယာဝါးရင်း ဘိုးမြတ်လှအားရပါးရဖြေလိုက်တော့သည်။

"နောက်ထပ်ရောဘာတွေဖြစ်ခဲ့လဲ ဘိုး"

"တို့မင်းတရားကြီးနတ်ရွာစံအပြီး ဒီမြို့တော်ကြီးလည်း မီးလောင်ပြာကျခဲ့သပေါ့မြေးရယ်။ ဘိုးတို့သွေးသောက်စုကတော့ သီဟိုဠ်ကရလာတဲ့ စွယ်တော်ကို ဌာပနာတည်ထားတဲ့ ဒီစေတီကြီးအပါးက တစ်ဖဝါးမကွာ စောင့်ရှောက်ခဲ့တယ်။ ကိုနန္ဒရော ဩရလောင်တို့လည်းပါသပေါ့။ တို့ပြည်ဒုက္ခရောက်နေစဉ်က သန်လျင်စား ငဇင်ကာတို့တစ်စခန်းထခဲ့သပေါ့။ ဒင်းတို့မိစ္ဆာဒိဋ္ဌိတွေက ဘုရားစေတီဆို ဌာပနာဖောက် ခေါင်းလောင်းတွေယူ အရည်ကျိုပြီး အမြောက်လုပ်တာလုပ်နဲ့ ခေတ်ပျက်ကြီးပေါ့မြေးရယ်။ တစ်နေ့ ပေါ်တူဂီတွေ ဒီစေတီတော်ကြီးဆီကို လာခဲ့ချိန် ဘိုးတို့ခုခံခဲ့သပေါ့။ ဘိုးလည်း ပေါင်ကိုကျည်မှန်လို့မတိုက်နိုင်ချိန် မဟာရံတံတိုင်းထဲဘိုးကို ဩရလောင်ထမ်းပြီး လာထားလိုက်တယ် ဒါပေမဲ့ ဒါပေမဲ့. . . "

ဘိုးမြတ်လှပြောရင်း စကားသံတို့တိမ်ဝင်သွားခဲ့သည်။ ဝေသီအရည်တွန့်နေသော မျက်ဝတ်တို့တွင် မျက်ရည်စို့လာခဲ့တော့သည်။

"အဲဒီ ဦးရိုးတို့ရောအခု ဘယ်မှာလဲ ဘိုး"

"ဟော ဟိုမှာပဲမြေး အဲဒီအချိန်ဟာ ဘိုးရဲ့ သီဟိုဠ်ချီ နတ်ဘီလူးညီနောင်တွေကိုတွေ့လိုက်ရတဲ့ နောက်ဆုံးနေရာပဲ။ တိုက်ပွဲမှာဘိုးတို့ရှုံးလုနီးနီးမှာ အနောက်ဘက်လွန်မင်းတရားကြီးရဲ့တပ်တွေ ရောက်လာခဲ့သပေါ့။ ဒါပေမဲ့ နတ်ဘီလူးစစ်သည်တွေအားလုံး စေတီတော် မဟာရံတံ

တိုင်းမုခ်ဝမှာ အသက်ကုန်နေခဲ့ပြီ။ ဘိုးရောက်သွားချိန်မှာ ဩရလောင် အသက်ငွေ့ငွေ့ကျန်သေးတယ်။ လက်ထဲမှာလည်း မိစ္ဆာတို့သွေးစေး တွေကပ်နေတဲ့။ ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း သူရဲ့နောက်ဆုံး ဆုတောင်းကိုဘိုးကြားခဲ့တယ်"

"ဦးရီးဩရလောင် ဘာကိုဆုတောင်းခဲ့လဲ ဘိုး"

"ဆုတောင်းတယ်ဆိုတာထက် ဆုပန်စကားလို့ဆိုရလိမ့်မယ်။ အဲသဟာက နိဗ္ဗာန်သို့မရောက်ခင် ဘဝစပ်ကြား အမျိုးဘာသာသာသနာ တော်ကို စောင့်ရှောက်နိုင်သော ယောကျ်ားကောင်းယောကျ်ားမြတ် ဖြစ် ရပါစေ၏။ မဟုတ်ခဲ့သော် ဤနေရာအား အစိမ်းသရဲနတ်ဘီလူးဘဝဖြင့် စောင့်ရှောက်ရပါလို၏ဆိုသဟာပဲ"

ထိုစကားသံသည် သာလှ၏ ရင်တွင်း၌ပဲ့တင် ရိုက်ခတ်သွား တော့သည်။

"အစိမ်းသရဲနတ်ဘီလူးဘဝဖြင့် စောင့်ရှောက်ရပါလို၏
အစိမ်းသရဲနတ်ဘီလူးဘဝဖြင့် စောင့်ရှောက်ရပါလို၏
အစိမ်းသရဲနတ်ဘီလူးဘဝဖြင့် စောင့်ရှောက်ရပါလို၏"

ဝိဇယစေတီတော်ဘုရားရင်ပြင်မှ ပူဇော်ထားသော ဆီမီး နံ့သာ တို့၏ တလူလူထွက်နေသောအငွေ့များနှင့် ညမြူမှုန်များကြားတွင် လူသဏ္ဍာန်အရိပ်များအား သာလှမြင်မိသလိုဖြစ်လာသည်။ ထိုသူတို့ သည်ကား. . . . . . . .

# တတိယမြောက်နိုးထလာခြင်း

# တတိယမြောက် နိုးထလာခြင်း





# တတိယမြောက်နိုးထလာခြင်း

(၁)

မြန်မာနိုင်ငံမှာ ပု ပင်း အင်း တောင် ညောင် ကုန်းဘောင်ဆိုတဲ့ ခေတ်တွေခွဲပြီး သတ်မှတ်ထားတာပဲ။ မြန်မာတို့ရဲ့နောက်ဆုံး မင်းဆက် ကုန်းဘောင်မင်းဆက်က ၁၁ ဆက်ရှိတယ်။ ထူးခြားတာက အရှေ့က အင်ပါယာခေတ်တွေမှာ စတင်ပြီးထူထောင်သူတွေက မင်းရိုး မင်းမျိုးတွေ ချည်းပဲ။ တတိယအင်ပါယာလက်ထက်ကျမှ သာမန်အသည် သားမျိုးကနေ ဘုရင်ဖြစ်လာတာ။ ဒါဘာ့ကြောင့်ပြောရသလဲဆိုတော့ မြန်မာနိုင်ငံမှာ အိန္ဒိယလို ဇာတ်အနိမ့်အမြင့်သာမခွဲတာပဲ အမျိုးတော့ ခွဲတယ်။ မင်းမျိုးဆို မြင့်မြတ်တယ်ဘာညာပေါ့။ ဒီနိုင်ငံထဲမှာတင်ပါဘူး။ အခြား အာရှရော ဥရောပပါ တူတူပဲ။

ညောင်ရမ်းမင်းဆက်ရဲ့နောက်ဆုံးကာလတွေမှာ အခြေအနေက တော်တော်ပျက်နေပြီ။ ကသည်းကတစ်မျိုး တရုတ်ကတစ်ဖုံ လုပ်နေတော့ ပြည်ပအရေးကလည်းမငြိမ်ဘူး။ ဒီကြားထဲ အောက်ပြည်အောက်ရွာက

ညီအစ်ကိုတွေနဲ့ရန်ဖြစ်လိုက်သေးတယ်။ ညောင်ရမ်းဆက်နောက်ဆုံးကာလမှာ တိုင်းပြည်ပျက်သလိုဖြစ်တာ မွန်တွေကြောင့်မဟုတ်ဘူးဗျ။ ဘုရင်အသုံးမကျလို့ အစက ဟံသာဝတီမှာ နယ်စားသဘောမျိုးထားတဲ့ လူကဘုရင်ကိုပုန်ကန်တယ်လေ။ ဒီလိုပုန်ကန်တော့ သစ္စာရှိမွန်အမှုထမ်းတွေက လုပ်ကြံသတ်ဖြတ်ပြီးမှ နောက်ထပ်နယ်စားတစ်ယောက်ပို့ပေးပါလို့ နေပြည်တော်ကို သတင်းပို့တယ်။ ဟံသာဝတီပါမင်းကလည်း ခပ်ညံ့ညံ့ဘုရင်ဆိုတော့ လက်သင့်ရာစားတော်ခေါ် ထုံးစံအရ အထက်ဖားအောက်ဖိတစ်ကောင် လွှတ်ပေးလိုက်ရော။ ဒီနယ်စားမရောက်ခင်မှာတင် သန်လျင်မြို့စားက တစ်ချီတစ်မောင်းထသောင်းကျန်းတော့ မွန်တွေက ထပ်တိုက်ရပြန်တာပဲ။ သန်လျင်စားကလူလည်ဗျ။ အရေးပါတဲ့ မွန်အကြီးအကဲတွေရဲ့မိသားစုတွေကို ဓားစာခံလုပ်ထားတော့၊ မွန်တွေဆက်တိုက်လို့မရတော့ဘူး။ အဲဒီအချိန်မှာ အင်းဝရောက်လာတဲ့ နယ်စားအသစ်တပ်တွေကတိုက်ရတော့တာပဲ။ နောက်ဆုံးဘုရင့်တပ်တွေနိုင်တယ်ဆိုပေမယ့် အထိအရှများတော့ နယ်စားသစ်က မွန်တွေကိုဘုရော။

အခြေအနေတွေငြိမ်တော့မှ အရင်သစ္စာဖောက်နယ်စား လက်ထက်က အကြီးအကဲလုပ်တဲ့ မွန်လူကြီးတွေ ၂၆၀ ဘာညာသာရကာတွေကိုဖမ်း၊ နောက်ထပ် သန်လျင်ကိုတိုက်နေတုန်း မတိုက်တဲ့ မွန်စစ်ဗိုလ်တွေကိုဖမ်း၊ ရုံးတော်ရှေ့မှာ တုံးဖိနေလှန်းတာကလှန်း သတ်ချင်တာကိုသတ်နဲ့ တကယ့် သောက်ရူးကောင် ဒီလိုလုပ်တော့ မွန်တွေလည်းဘယ်ခံနိုင်မလဲ။ အရင်က သစ္စာဖောက်က သူ့အာဏာရဖို့အတွက်ပဲလုပ်တာ။ တို့တွေကို ဘာမှလုပ်တာမဟုတ်ဘူး။ အခုဘုရင်က တိုက်ရိုက်ခန့်တဲ့အကောင်က ငါတို့ကလည်းကူညီရသေးတယ်၊ သတ်လည်းအသတ်ခံရမယ်ဆိုတော့ မဖြစ်ချေဘူးဟဆိုပြီး နယ်စားအသစ်ကိုသတ်ပြီး အောက်မြန်မာပြည်တစ်ခုလုံးထကြွပါလေရော။

ဒါကြောင့်ပြောတာ မင်းပင်ကောင်းလင့်ကစား မင်းမြှောင်ဖျက်ကပြည်ပျက်၏ဆိုတာလေ။ အခုတော့ မင်းကလည်း ညံ့ မင်းမြှောင်ကလည်း ငပဲ့ဆိုတော့ ညောင်ရမ်းဆက်ပျက်တာဆန်းသလား။ ညောင်ရမ်းဆက်

နောက်ဆုံးကာလတွေမှာ ဘယ်လောက်အခြေအနေဆိုးသလဲဆိုရင် ရပ်ထဲရွာထဲ ဓားပြတိုက်တာတောင် ဘုရင်ကမဖမ်းတဲ့အပြင် ဘွဲ့ပေးပြီး ရွှေထီးတွေ ဝေါတွေချီးမြှင့်တော့ ဓားပြဗိုလ်လည်း ဓားပြတိုက်တော့ ရွှေထီးဆောင်း ဝေါစီးတဲ့ အမိန့်တော်ရဓားပြဗိုလ်တွေဖြစ်ကုန်ရော။ ဘုန်းကြီးတွေထဲမှာလည်း တကယ့်တကယ် သာသနာအကျိုးဆောင် ကိုယ်တော်တွေက နောက်ကိုရောက်ပြီး ဘုန်းကြီးအလုပ်မဟုတ်တဲ့ ဗေဒင် ယတြာ လောကီပညာတွေလုပ် သေအနုသောက်သင့်ပါတယ်လို့ ပြောတဲ့ သူကပြော အခုခေတ်ဆို သေအနုက ဘီယာလိုပေါ့ဗျာ။ ဒီလို ဂျောင် ကိုယ်တော်တွေက နန်းတွင်းမှာခေတ်စားနေတာ ဒီကြားထဲ ကသည်းတွေက ရောဝတီမြစ်ရေနဲ့ခေါင်းဆေးမင်္ဂလာလုပ်မယ်ဟာဆိုပြီး စစ်ကိုင်းအထိရောက် လာလို့ မနည်းပြန်မောင်းထုတ်ရသေးတယ်။ စစ်တွေဖြစ်တော့ လယ်က မစိုက်နိုင် ကုန်သွယ်ရေးကမရှိ စီးပွားတွေကပျက် အခွန်ကတိုး ဒီကြားထဲ နန်းတွင်းသူတွေက နိုင်ငံတော်မှာ အငတ်ဘေးသင့်ရင် စားဖို့ချန်ထားတဲ့ ဘုရင့်ကျီတော်တွေကိုဖွင့် အသည်သားတွေကို ဈေးတင်ရောင်း ဗရမ်းပတာ နိုင်ငံတော်ကြီးပေါ့ဗျာ။

ဒီလိုဖြစ်လာမှတော့ နယ်အသီးသီးမှာ မင်းလောင်းဆိုတာတွေက ပေါ်လာတာပေါ့။ ဖိုသုံးဖို တစ်ဖိုတော့ မီးတောက်မယ်လို့တဘောင် ပေါ် လာတော့ စစ်ရဆေးရတော့တာပဲ။ စစ်တဲ့လူက ညောင်ရမ်းနောက်ဆုံး မင်းဆက်လက်ထက်မှာ ရှားရှားပါးပါး စစ်ဘက်နယ်ဘက်အရေး ထူးချွန် တဲ့ တောင်ငူရာဇာဆိုတာရှိပါတယ်။

(၂)

ညောင်ရမ်းခေတ်ပျက်ခါနီးမှာ မင်းလောင်းတဘောင်တွေ ပေါ်လာတော့ တောင်ငူရာဇာက စစ်ဆေးတာတွေ ဘာတွေလုပ်ရတော့ တာပေါ့။ တဘောင်ဆိုတာကလည်း အကြောင်းမရှိဘဲမပေါ်ဘူးလေ။ ပြည်သူတွေစိတ်ထဲ စွဲနေလို့ပေါ်လာတာမဟုတ်လား။ တဘောင်စကားက

ဖိုသုံးဖို တစ်ဖိုတော့မီးတောက်မယ်ဆိုတာပဲ။ ဖိုသုံးဖိုဆိုတာက မုဆိုးဖို၊ မုဆိုးချုံဖို၊ အုတ်ဖိုတွေပဲ။

မုဆိုးဖိုက ဦးအောင်ဇေယျ၊ မုဆိုးချုံက ဦးတွန် ၊အုတ်ဖိုက၊မတ္တရာ ကွေ့ဂုဏ္ဏအိမ် သုံးယောက်က တစ်ပြေးတာပေါ့။ နောက်ထပ်မင်းလောင်းတွေလည်းရှိပါသေးတယ်။ ခင်ဦးစားငချစ်ညိုတို့လို လူစွမ်းကောင်းတွေပေါ့။

တောင်ငူရာဇာစစ်တော့ တကယ်တမ်းဆို အုတ်ဖိုက ပုန်ကန်နေပြီ။ သူပုန်ဆိုပါတော့။ ကျန်တဲ့ နှစ်နယ်က သစ္စာခံနေတုန်းပဲ။ ဒါနဲ့ပဲ ကျန်တဲ့ လူကိုစစ်တာပေါ့။ စစ်တဲ့အထဲမှာ ဦးအောင်ဇေယျကို သဘောအကျဆုံးပဲ။ ဘာလို့လဲဆိုတော့ ဦးအောင်ဇေယျက သူ့နယ်မှာ ခေတ်ပျက်ကြီးကိုတောင် စည်းရုံးရေး တရားစီရင်ရေး အကုန်သေသေချာချာလုပ်ထားနိုင်တယ်။ ဦးတွန်က လက်ရုံးရည်ပဲကောင်းတာ။ အုပ်ချုပ်ရေးမမီဘူးလေ။ ခင်ဦးစားဆို ဦးအောင်ဇေယျနဲ့ မတိမ်းမယိမ်းပဲ ဘာကွာသွားလဲဆိုတော့ ရုပ်ရည် ဉပမိ ရုပ်နဲ့ အဟန့်ကွာတယ်။ တောင်ငူရာဇာတောင် ဘယ်လို ကောက်ချက်ချလဲဆိုရင် ငချစ်ညိုတော်ပေသည်။ သို့သော် ကျောမွဲကြီးနှင့် ဘုရင်မဖြစ်လောက်ပေလို့ သတ်မှတ်ထားတယ်။

ဦးအောင်ဇေယျက ထန်းလုံးခံတပ်ကို အင်းဝကျမှဆောက်ထားတာဟုတ်ဘူးဗျ။ အစောကြီးကတည်းက ဆောက်ပြီးသား ဘာလို့လဲဆိုတော့ မဏိပူရကသည်းတွေက အင်းဝကိုချီလာရင် ရွှေဘိုလွင်ပြင်က ဆင်းလာနေကျပဲ။

ရန်သူကိုကာကွယ်ဖို့ရော တောကြောင်ရန်ကာကွယ်ဖို့ပါ အစောကတည်းက ထန်းလုံးခံတပ်ဆောက်ထားတာ လူသူလက်နက်လည်း အတော်အသင့်ရှိနေပြီးသားကိုတောင် အခြားလူတွေလို တစ်စင်မထောင်ဘူး။ သူ့နယ်ကို သူထိန်းတယ်။ အင်းဝကို သစ္စာစောင့်တယ်။ ဒီလိုနဲ့တောင်ငူရာဇာလည်း လူကဲခတ်ပြီးတော့မှ သဘောကျပြီးပြန်သွားတယ်။

အဲဒီအချိန်မှာ ဟံသာဝတီမှာ ဘုရင့်ယောက်ခမက နန်းသိမ်းပြီး ဗညားဒလနာမည်နဲ့ဘုရင်ဖြစ်လာတယ်။ အင်းဝအားနည်းနေတော့ ဟံသာဝတီက စစ်ချီတာပေါ့။ တောင်ငူရာဇာလည်း အပြင်းအထန်ခုခံတာပဲ။

ဒါပေမဲ့ အားမမျှတော့ ကျောက်ဆည်ခံစစ်ကြောင်းကျိုးပြီး အင်းဝကို ဟံသာဝတီတပ်တွေ ရောက်လာတယ်။ တစ်လတောင်မကြာပါဘူး။ မြို့ကျပြီး အင်းဝမင်း ဟံသာဝတီကိုပါသွားတယ်။ ဟံသာဝတီတပ်တွေလည်း အင်းဝမှာ အကြာကြီးနေလို့မရပါဘူး။ ဘာလို့လဲဆိုတော့ ထုံးစံအတိုင်း အရှေ့ဘက်က ခွေးကဝင်ဆွဲနေပြီလေ။ ယိုးဒယားဆိုတာက မြန်မာဘယ်အချိန်အားနည်းမလဲချောင်းနေတာ။ အားနည်းတာနဲ့ လာပြီပဲ။ ဟံသာဝတီပိုင် ရေး မြိတ် ထားဝယ်ကို သိမ်းတော့ ဟံသာဝတီတပ်တွေလည်းချက်ချင်းပြန်ဆင်းရတော့တာပေါ့။ မြို့စောင့်တပ် ၂၅၀၀၀ကို စစ်သူကြီးတလပန်းနဲ့အပ်ပြီး အင်းဝမှာ အခြေပြု အထက်မြန်မာပြည်ကို ဆက်ပြီးတိုက်ပေါ့။ ကျန်တဲ့တပ်တွေကတော့ ပြန်ဆင်းသွားတယ်။

စစ်သူကြီးတလပန်းကလည်း ဟံသာဝတီရဲ့ နာမည်ကြီးဗိုလ်ချုပ်ဆိုတော့ အခြားနယ်တွေကိုဆက်ပြီး သိမ်းဖို့လုပ်တာပေါ့။ အလွယ်ဆုံးကတော့ သံအဖွဲ့စေလွှတ်ပြီး သစ္စာခံခိုင်းတာပဲ ဟုတ်တယ်လေ။ အင်းဝတောင်ကျနေမှတော့ အခြားနယ်တွေလည်း သစ္စာမခံဘဲနေရဲတာမဟုတ်ဘူးလေ။ အုတ်ဖိုက ကွေ့တွေကလည်းဒီလိုပဲ။ အင်းဝကကျပြီ ဟံသာဝတီကလည်း မြို့စောင့်တပ်ပဲရှိတာဆိုတော့ သူလည်းသံအဖွဲ့နဲ့လိုက်ပြီး သစ္စာရေတိုက်ရော။

ဒီနှစ်ဖက်အဖွဲ့တွေက နောက်ဆုံးမှာ ချင်းတွင်းနဲ့ရောဝတီမြစ်နှစ်သွယ်ကြား ဒေသမှာ တန်ခိုးထွားနေတဲ့ မုဆိုးဖိုကို ပြိုင်တူရောက်လာပါခဲ့တယ်။

(၃)

မုဆိုးဖိုက အင်အားစုနှစ်ခုကြားထဲညပ်နေပြီလေ။ မြောက်ဘက်က အုတ်ဖိုကွေ့အုပ်စုနဲ့ အရှေ့ဘက် ဟံသာဝတီအုပ်စုတွေကြားထဲမှာပေါ့။ ဦးအောင်ဇေယျက အင်းဝကျပြီဆိုတာ သိတာနဲ့ အရင်ကတည်းက ဆောက်နှင့်ပြီးသား ထန်းလုံးခံတပ်ကို ထပ်ချဲ့တယ်။ ဘေးနားရွာ ၄၆ ရွာကိုစုပြီး ခံတပ်ထဲသွင်းလိုက်တယ်။ စစ်ရေးလေ့ကျင့်ခန်းတွေလုပ် ရိက္ခာတွေစု

အကုန်ပြင်ဆင်ထားတယ်။ ဒါပေမဲ့ စစ်မျက်နှာက ဘယ်ကိုဖွင့်ရမှန်း မသိသေးဘူး။ ကွေ့ကိုတိုက်ရမလား မွန်ကိုတိုက်ရမလား။ မသဲကွဲသေးဘူး။ အဲဒီအချိန် သံအဖွဲ့ နှစ်ဖွဲ့လုံးရောက်လာတော့ နားကားပြီလေ။

လက်အောက်ငယ်သားတွေနဲ့ မိဘဆွေမျိုးတွေကို ပြောတာပေါ့။ ကွေ့တွေနဲ့ပေါင်း မွန်ကိုတိုက် ဒါဆိုအဆင်ပြေမယ်။ ယောက်ဖကလည်း ကွေ့တွေလက်ထဲရောက်နေတာမဟုတ်လား။ ဒီလိုလုပ်မှ ဖြစ်မှာလို့ပြောပေမယ့် သဘောမတူဘူး သစ္စာခံတယ်ဆိုတာ လက်အောက်ခံဖြစ်သွားပြီလေ။ နဂိုကတည်းက လူစွမ်းလူစရှိတဲ့ ဦးအောင်ဇေယျက လက်အောက်ခံ မဖြစ်ချင်ဘူး။ ကွေ့တွေကလည်း အရင်ကတည်းက သူပုန်တွေ။ သူပုန်လက်အောက်တော့ အရောက်မခံနိုင်ဘူး မွန်တွေကလည်း အင်းဝဘုရင်ကို ဖမ်းသွားတာဆိုတော့ သိပ်မကြည်ဘူး။ ဒီတော့ နားလှည့်ပါးရိုက် လုပ်လွှတ်လိုက်ရော။ စာထဲမှာတော့ ရာဇပရိယာယ် သုံးလိုက်တယ်ဆိုလားပဲ။

သံအဖွဲ့နှစ်ဖွဲ့လုံးကို မျက်နှာချင်းဆိုင်ခေါ်ပြီးပြောရော။ ဟုတ်တယ်လေ တစ်ဖွဲ့ချင်းတွေ့နေရင် ယုံမှာမှမဟုတ်တာ။ နှစ်ဖွဲ့ဆုံတော့မှ ဒီမယ် သစ္စာခံတယ်ဆိုတာလွယ်တယ်ဗျ။ ခက်တာက ဘယ်သူ့ဘက်ပါရမှာလဲ။ နှစ်ဖွဲ့လုံးသစ္စာခံဆိုရင်လည်း မဖြစ်ဘူး။ တစ်ဖွဲ့ကိုသစ္စာခံရင်လည်း အခြားတစ်ဖွဲ့က ကြည်မှာဟုတ်ဘူး။ ဒီတော့ ခင်ဗျားအချင်းချင်း ချနေဦးဗျာ။ နိုင်တဲ့ဘက်ကို သစ္စာခံမယ်ဆိုတော့ သံအဖွဲ့တွေကလည်း ဟုတ်သားပဲ။ ကျိုးကြောင်းဆီလျော်တယ်ဆိုပြီးလက်ခံလို့ပြန်သွားရော။ ကွေ့တွေကိုတော့ ယောက်ဖမျက်နှာကြောင့် အသာလွှတ်ပေးလိုက်တာ။ ဟံသာဝတီအဖွဲ့ကိုတော့ ဟန်လင်းနားမှာ ချုံခိုပြီးဆော်တာ။ တစ်ယောက်နှစ်ယောက်လားပဲလွတ်တယ်။

အင်းဝက စစ်သူကြီးတလပန်း တင်းပြီလေ။ သံအဖွဲ့ကို သတ်လို့ဆိုပြီး မြင်း ၁၀၀ လက်နက်ကိုင် ၁၀၀၀နဲ့ သစ္စာခံရင်ခံ မခံရင် မုဆိုးဖိုကို မြေလှန်ပစ်ဆိုပြီး လွှတ်လိုက်တယ်။ ဦးအောင်ဇေယျက ဒါတွေတွက်ပြီးသား။ အားလုံးပြင်ထားတာ ရွာမရောက်ခင်မှာ ကြိုဆိုရေးအဖွဲ့ကသွားကြိုမယ်၊ ရွာအဝင်မှာ မြင်း ၃၀ သေနတ်ကိုင် ၁၀၀ တင်ကျည်းစွဲ ၅၀၀ က ချုံခို

တိုက်မယ်လုပ်ထားတယ်။ တင်ကျည်းစွဲဆိုတာ မုဆိုးဖိုရဲ့ elite troop တွေဗျ။ လုံး skillmanတွေ ခပ်သုတ်သုတ်ပြောရရင် တိုက်ပွဲအောင်မြင်တယ်။ ဟံသာဝတီတပ်သား ၁၁၀၀ထဲက လေးယောက်လားပဲ အင်းဝကိုပြန်သတင်းပို့နိုင်တယ်။ မုဆိုးဖိုဘက်ကတော့ ကြိုဆိုရေးတာဝန်ခံ အရာရှိတစ်ယောက်ကျတယ်။

ဟံသာဝတီတပ်တွေကလည်း မုဆိုးဖိုကို အထင်မသေးရဲတော့ဘူး။ ဒီတော့ မြို့စောင့်တပ်ထဲ အင်အား ၁၅၀၀၀လောက်ထုတ်နုတ်ပြီး မုဆိုးဖိုကို လေးဖက်လေးတန်လာဝိုင်းလာပြီလေ အစောကတည်းက ဒါတွေမြင်လို့ပြင်ဆင်ထားတဲ့ အတွက် မုဆိုးဖိုကတော့ ဟန်မပျက်ဘူး။ ဟံသာဝတီသားတွေသာ ရွာပျက်ကုန်တာ။ ဟုတ်တယ်လေ ဦးအောင်ဇေယျက ခံတပ်အပြင် ၁၀မိုင်ပတ်လည်လောက်ကို ရေတွင်းတွေဖျက် ဇရပ်တွေဖျက် တောတွေရှင်းလုပ်ထားတာ။ ဘယ်မလဲ သောက်စရာရေ နားစရာနေရာ အောက်ပြည်အောက်ရွာသားတွေ အညာနေပူကျဲကျဲ ကွင်းခေါင်ခေါင်မှာ ဘယ်လောက်ပူလိုက်မလဲဗျာ။ ရေတစ်ခါသောက်ဖို့ ၁၀မိုင်လောက်တစ်ကြောင်းဆွဲမှ ရေသောက်ရတာမဟုတ်လား။ ကြာတော့ စိတ်ဓာတ်ကပျက်လာတယ်။ ဟုတ်တယ်ဗျ စစ်တိုက်တယ်ဆိုတာ လက်နက်လူသူကောင်းတိုင်းလည်းရဘူး။ ရိက္ခာအုပ်ချုပ်ထောက်ပံ့မှုနဲ့ ရာသီဥတုကလည်း စကားပြောတယ်လေ။

ဟံသာဝတီသားတွေလည်း တိုက်တာတော့ အမှန်အကန်တိုက်တာပဲ။ ဒါပေမဲ့ မုဆိုးဖိုက လက်နက်နဲ့လူအင်အားကလွဲရင် အကုန်သာနေတော့ စိတ်ပျက်ပြီး ဝိုင်းပဲဝိုင်းထားလိုက်တယ်။ ဒီကြားထဲ တပ်မှူးလုပ်တယ့် သန်လျင်ဝန်ကညာဘက်ကြီး လှည်းကတုတ်တွေလုပ်ပြီးတိုက်တာ "မုဆိုးဖိုဘက်က မွန်စပိုင်က လှည်းတွေကို မီးရှို့လိုက်တော့ ခံတပ်ပေါ်က သေနတ်သမားတွေလက်ချက်နဲ့ တပ်မှူးအပါအဝင် တစ်ဝက်လောက်ကျသွားတော့ စိတ်ဓာတ်တွေကျလာရော။ ဒီလိုနဲ့ အဆုံးအဖြတ်တိုက်ပွဲနေ့ကို ရောက်လာတယ်။ အဲဒီနေ့မှာ မုဆိုးဖိုရဲ့ အရပ်လေးမျက်နှာ တံခါးတွေ အကုန်ဖွင့်ပြီး ခံတပ်ပတ်လည်ကို မုဆိုးဖိုတပ်တွေ ထွက်လာတယ်။ မနက်

အစောပိုင်းကတည်းက ထွက်လာတာ နေ့လယ်လောက်အထိပဲ။ ဟံသာဝတီ တပ်တွေလည်းမတိုက်ရဲတော့ တပ်ချင်းဆိုင်ထားရုံလေးပဲလုပ်ထား နိုင်တာပေါ့။

(၄)

အပိုင်း သုံးမှာ ဟံသာဝတီတပ်တွေနဲ့ မုဆိုးဖိုတပ်တွေ ဆိုင်နေတဲ့ အချိန်ထိရေးပြီးပြီလေ။ ဒီလိုတပ်တွေဆိုင်သာထားတာ။ ဘယ်ဘက်ကမှမ တိုက်သေးဘူး။ တကယ်တမ်းဆို ဟံသာဝတီတပ်က အင်အား လေးဆ လောက်ပိုသာပေမယ့် အရင်က ခံထားရတာရော စစ်ပန်းနေတာရော ပေါင်း ပြီး မုဆိုးဖိုတပ်ကိုရှိန်နေတာ။ မုဆိုးဖိုတပ်တွေကတော့ အေးဆေးပဲ ထန်း လုံးခံတပ်ခြေရင်းမှာ တပ်စဉ်မပျက် တပ်စွဲပြီး နားနားနေနေပဲ။ အခုခေတ် စက်နာရီအရဆို မနက် ကိုးနာရီလောက်ကစပြီး တပ်တွေဆိုင်ထားတာပေါ့။ ဦးအောင်ဇေယျတပ်ကတော့ ခံတပ်ထဲကထွက်မလာသေးဘူး။ ဒီလိုနဲ့ နေ့လယ်တစ်နာရီလောက်ကျတော့မှ သားတော်နှစ်ပါးခြံရံပြီး တိုက်စည် တိုက်မောင်းတွေနဲ့ထွက်လာတယ်။ ခံတပ်တစ်ပတ်တပ်တွေ လိုက်စစ်ပြီး ပထမဆုံးအနေနဲ့ အနောက်ဘက်မှာရံထားတဲ့ ဟံသာဝတီတပ်ကို စတိုက်တယ်။ လေးမျက်နှာလုံးတစ်ပြိုင်နက်တိုက်တာ ဖြစ်ပေမယ့် ဦးအောင်ဇေယျက အနောက်ဘက်စစ်မျက်နှာကို ကိုယ်တိုင်ကွပ်ပြီး တိုက် တယ် ဘာလို့အနောက်ဘက်ကို တိုက်ရသလဲဆိုရင် အချက်သုံးချက်ရှိတယ်။ အနောက်ဘက်မှာရှိတာက သန်လျင်ဝန်ရဲ့တပ်လာသမျှ ဟံသာဝတီ တပ်တွေထဲမှာ အမာဆုံးဆိုပေမယ့် အပိုင်း သုံးမှာကျွန်တော်ရေးခဲ့သလို သန်လျင်ဝန်နဲ့ အမာခံစစ်သည်တော်တော်များများဟာ မအောင်မြင်တဲ့ အထူးစစ်ဆင်ရေးကြောင့် ကျဆုံးသွားခဲ့ရလို့ moral shork အကြီး ဆုံးရနေတာ။ ဒုတိယအချက်က မုဆိုးဖိုတပ်က အင်အားနည်းပေမယ့် စိတ်ဓာတ်ပြင်းလို့သာ လေးမျက်နှာကို တစ်ပြိုင်နက်တိုက်ရဲတာ အင်အား ကအလွန်ကွာတယ်။ စစ်မျက်နှာတစ်ခုခုကို အရင်ဖြိုနိုင်မှ အရန်တပ်ရပြီး

အခြေအနေမကောင်းတဲ့ စစ်မျက်နှာကို ကူပြီးတိုက်ပေးလို့ရမယ်။ တတိယ အချက်ကတော့ မနက်တည်းက သိပ်ပူတဲ့နေပူရှိန်ကို ဟံသာဝတီတပ်တွေ ထဲက အနောက်ဘက်ရံတပ်က ပိုခံရတယ်။ ဘာလို့လဲဆိုတော့ နေကိုတစ် ချိန်လုံး မျက်နှာမူပြီး တန်းစီနေရတာကိုး မုဆိုးဖိုတပ်ကတော့ ခံတပ်တံတိုင်း အရိပ်ထဲမှာ နားနေတာဖြစ်လို့ မပင်ပန်းသေးဘူး။ ဒီအချက်သုံးချက်အရ အနောက်ဘက်ရံတပ်ကို ခေါင်းဆောင်ကိုယ်တိုင်က ဖိတိုက်တော့ လူပဲလေ နတ်မှမဟုတ်တာ တပ်ပျက်တာမှ အလဲအကွဲပဲ။ ဒီလိုပျက်တာနဲ့ အနောက် ဘက်က မုဆိုးဖိုတပ်တွေကို တစ်ဝက်စီခွဲပြီး သားတော် နှစ်ပါးက တစ်တပ် ဦးအောင်ဇေယျက တစ်တပ်စီနဲ့ တောင် မြောက်စစ်မျက်နှာတွေကို အားဖြည့် တယ်။ စစ်စကားနဲ့ပြောရရင် ဝိုင်းပတ်ပြီးချေမှုန်းတယ် နောက်ပိုးသိပ်တယ် ဆိုပါတော့ဗျာ။ ဒီလိုနဲ့ပဲ ဟံသာဝတီတပ်တွေအကုန်ပျက်ပြီး ကိုယ်လွတ်ပြေးရ တာ အင်းဝကို တပ်သား ၃၀၀၀ကျော်ပဲ ပြန်ရောက်လာတယ်။ ဟံသာဝတီ တပ်က အင်အားတစ်သောင်းကျော်နဲ့ချီတက်လာတာဆိုတော့ ကျဆုံး ပျောက်ဆုံး ဒဏ်ရာရတာ ၆၀၀၀ ကျော်တာပေါ့ တော်တော်အထိနာ တယ့်တိုက်ပွဲပါပဲ။

ဒီတိုက်ပွဲကနေ မုဆိုးဖိုအမြတ်ထွက်တာကတော့ ပထမဆုံးက လက်နက်ခဲယမ်းတွေ အများကြီးရလိုက်တာပါပဲ။ အရင်က မုဆိုးဖိုဘက်မှာ သေနတ် second hand လောက်ကိုတောင် ၁၀၀-၂၀၀ လောက်ပဲရှိ တယ်။ အခုတော့ ဟံသာဝတီတပ်တွေကိုင်တဲ့ အသစ်စက်စက် သေနတ်တွေ ထောင်ချီပြီးရလိုက်တယ် အခြားလက်နက်တွေလည်းပါတာပေါ့။ နဂို ကတည်းက လက်နက်ချို့တဲ့တာတောင် တိုက်စွမ်းရည်ကောင်းတဲ့ မုဆိုးဖို တပ်ကို မြင်းကို တောင်ပံတင်မဟုတ်ဘူး ချိုရော အစွယ်ရော တပ်ပေး လိုက်သလိုပဲ။ ဒုတိယက ဂုဏ်သတင်းအရှိန်အဝါပေါ့ဗျာ။ အဲဒီအချိန်က အင်းဝပျက်ပြီး အထက်မြန်မာပြည်မှာ သူတစ်လူငါတမင်းလုပ်ကောင်း နေဆဲကာလ အင်အားကြီးတဲ့ ဟံသာဝတီနဲ့ ကွေ့တပ်ကို မျက်နှာချီသွေး ပြီး နေနေရတာ အခုဆို တကယ့်ခေါင်ကိုမှ ပိုးစိုးပက်စက်ဖြစ်အောင် လုပ်ပြလိုက်တော့ ရှိန်ပြီလေ။ မုဆိုးဖိုရဲ့ဩဇာအာဏာလွှမ်းမိုးတဲ့ စက်ဝန်း

ပိုကျယ်လာတာပေါ့။ အစက ဧရာဝတီ ချင်းတွင်း မြစ်နှစ်မြွာဒေသမှာသာ ဩဇာသက်ရောက်ရာကနေ အထက်ချင်းတွင်းနယ် အောက်ချင်းတွင်းနယ် အထိ ဩဇာလွှမ်းလာခဲ့တာပဲ။

ဒီလို အင်အားတောင့်တင်းလာတော့ မုဆိုးဖိုကနေ နေပြည်တော် သမုတ်ပြီး ရွှေဘိုဖြစ်လာတယ် အခြားနယ်တွေကို လိုက်ပြီးသိမ်းသွင်းတာ မလုပ်သေးခင် ရွှေဘိုတပ်ကို ပြန်ဖွဲ့စည်းတယ်။ မြင်းရည်တက် ၆၈ ယောက်ကို ရာထူးတိုးပေးတယ်။ အလွန်ထူးချွန်တဲ့ လူတွေကို တပ်မှူး ခန့်တယ်။ မုဆိုးချုံဗိုလ် ဦးတွန်ဆို မင်းခေါင်နော်ရထာ ဦးကောင်းဆို သေနတ်ဝန်သီရိပျံချီ အစရှိသည်ဖြင့်ပေါ့။

တပ်တွေကိုလည်း ဆင်တပ် မြင်းတပ် ခြေလျင်တပ် သေနတ် ကိုင်တပ် တင်ကျည်းတပ်ဆိုပြီး ပြန်ဖွဲ့တယ်။ ဒီလို အားလုံးပြန်စုစည်းပြီးမှ တိုက်စစ်မျက်နှာဖွင့်တယ်။ ဖွင့်လိုက်တာက ခင်ဦးမှာပဲလေ။ ဟံသာဝတီ တပ်တွေက ရွှေဘိုကို အလွယ်မနိုင်တော့မှန်းသိတော့ ရွှေဘိုရဲ့ဩဇာအာဏာ ဒီထက်ပိုမကျယ်အောင် ချုပ်ထိန်းဖို့အတွက် သုံးနေရာမှာတပ်စွဲလိုက်တယ်။ ပထမက ရေတပ်က ကျောက်မြောင်း၊ ကြည်းက ခင်ဦးမှာ ခံတပ်လာဆောက် တယ်။ ရွာသာကြီးမှာထောက်ပို့နဲ့အရန်တပ်တွေတပ်စွဲတယ်။ ဒီစစ်မျက်နှာ သုံးခုရဲ့ ဌာနချုပ်ကတော့ ခင်ဦးပဲ။

ဦးအောင်ဇေယျက စစ်ရေးအမြင်အလွန်ကောင်းတယ်။ ဖြန့်ထား တဲ့ ရေဘဝဲလက်တံတွေကို လိုက်ဖြတ်နေရင် စစ်ပန်းမယ်။ အင်အားလျော့ မယ်။ ဒါကြောင့် ခေါင်ကိုထိအောင်တိုက်ဆိုပြီး ခင်ဦးခံတပ်ဆီကို စစ်ချီ လာပါတော့တယ်။

(၅)

ဦးအောင်ဇေယျက ရန်သူ့ဌာနချုပ်ဆီ မတိုက်သေးခင် ပထမဆုံး ကြုံရတာကတော့ ရွှေဘိုရဲ့အရှေ့မြောက်ဘက် မြောင်းဝန်းမှာ စစ်သူကြီး တလပန်းက frontal defence လို့ခေါ်တဲ့ ကာတပ်ကိုထုတ်ထား

လို့ပါပဲ။ ရှောင်ပြီးတော့ ခင်ဦးကိုတိုက်ရင်တော့ရတယ်။ ဒါပေမဲ့ ရှေ့နောက်ညှပ်တိုက်ခံရတာတွေ ရွှေဘိုကိုတိုက်နိုင်တာတွေကြောင့် စစ်ဦးကို မြောင်းဝန်းကိုရွှေ့ပြီးတိုက်ပါတယ်။ စစ်သူကြီးတလပန်းကလည်း ခေသူတော့ ဟုတ်ဘူးလေ။ ပြန်တိုက်တာပေါ့။ ဒါပေမဲ့ အရင်တိုက်ပွဲတွေအရ ရွှေဘိုတပ်ကို လန့်နေတာရယ်။ ရွှေဘိုတပ်က စနစ်တကျဖွဲ့စည်းထားတာရော၊ အောင်စိတ်ပြင်းထန်နေတာပါပေါင်းလိုက်တော့ မြောင်းဝန်းတပ်ပျက်တယ်။ ဟံသာဝတီတပ်တွေလည်း ခင်ဦးကနေ ခွာရမလိုလို ဆက်နေရ မလိုလို ချီတုံချတုံဖြစ်နေတာပေါ့။

ရွှေဘိုတပ်ကတော့ တိုက်စစ်အရှိန်မလျော့ဘဲ အဟုန်ပြင်းပြင်းနဲ့ဆက်တိုက်တယ်။ ခင်ဦးမှာက ခင်ဦးစား ဦးချစ်ညိုက ခံတပ်တစ်ခု ဟံသာဝတီက ဖိုခနောက်ဆိုင် ခံတပ်သုံးခုတည်ထားတာ ရွှေဘိုတပ်တွေက တိုက်တော့ ခင်ဦးခံတပ်ကိုမဟုတ်ဘဲ ဖိုခနောက်ဆိုင် ခံတပ်သုံးခုကို အပီကိုင်တာပေါ့။ အဲဒီတိုက်ပွဲမှာ ဦးအောင်ဇေယျရဲ့ စိတ်ဓာတ်စစ်ဆင်ရေး ပထမပိုင်းကိုတွေ့ရပါတယ်။ ဟံသာဝတီခံတပ်သုံးခုပေါက်သွားတဲ့အခါ အမိန့်တစ်ခုထုတ်လိုက်တယ်လေ။ ဓားသွားတစ်ကမ်း လက်နက်ချတဲ့ ဘယ်လူမျိုးဖြစ်ဖြစ်မသတ်ရ၊ အထူးသဖြင့် ဗမာ ကဒူး ရှမ်း တွေကိုမထိရဆိုပြီး အမိန့်ထုတ်လိုက်တော့၊ သုံ့ပန်းတွေက သစ္စာခံပြီး ရွှေဘိုတပ်ထဲဝင်သွားရော။ ဒီတိုက်ပွဲမှာထူးဆန်းတာက ခင်ဦးစားပဲ။ တကယ်ဆို ခင်ဦးစားက ဟံသာဝတီနဲ့ မဟာမိတ်လုပ်ထားတာ။ ဘာလို့မဟာမိတ် လုပ်လဲဆိုတော့ အရင်က ဦးအောင်ဇေယျက ဦးချစ်ညိုကို သစ္စာခံပါ။ ခင်ဗျားက လုပ်ရည်ကိုင်ရည်လည်းရှိတယ်။ အစွမ်းလည်းရှိတယ်။ ဆွေမျိုးအင်အားလည်း ကျပ်နဲ့မတိမ်းမယိမ်းပဲ။ စစ်ရေးစစ်ရာလည်းကျွမ်းတယ်။ လက်အောက်ခိုဝင်တာမဟုတ်ဘဲ မဟာမိတ်အနေနဲ့ပေါင်းပါလို့ခေါ်တာကို ဗမာချင်းတော့ မရှိခိုးနိုင်ဘူးဆိုပြီး ငြင်းလွှတ်ထားတာ အခုဟံသာဝတီတပ်အတိုက်ခံရတော့လည်း မကူဘူးဗျ။ ထိုင်ကြည့်နေတာ။ အဲဒါကြောင့် ဦးချစ်ညိုဆိုတာ ဘယ်လိုလူမှန်းကိုမသိတော့ဘူး။

ကဲ တိုက်ပွဲအကြောင်းဆက်ပြောရရင် ဟံသာဝတီတပ်တွေ

ခင်ဦးကခွာပြီး ရွာသာကြီးကိုပြောင်းတယ်။ ခင်ဦးစားတပ်တွေကတော့ ခင်ဦးမှာပဲကျန်ခဲ့တယ်။ ဦးအောင်ဇေယျလည်းထပ်ပြီး စစ်သံစေလွှတ်ပြီး ခေါ်ပါသေးတယ်။ ခင်ဦးက မပူးပေါင်းသေးဘူး။ ဒီတော့တိုက်ရတော့တာပေါ့။ ခင်ဦးကိုတိုက်ဖို့ သေနတ်ဝန် သီရိပျံချီကို အရင်လွှတ်လိုက်တယ်။ ခင်ဦးနဲ့ရွှေဘိုက သိပ်မှမဝေးတာ မနက်သွားနေ့လယ်ရောက်ပဲဟာ။ သေနတ်ဝန်က ရောက်တာနဲ့တိုက်ရော။ မနိုင်ဘူးဗျာ။ မနိုင်ရုံတင်မဟုတ်ဘူး။ ဟိုက ထွက်တိုက်လို့ ပြေးရတာ အလဲအကွဲပဲ။ ဒါကိုတောင် ခင်ဦးအပြင်က လယ်တဲတွေ အိမ်ယောင်းတွေကို မီးအရင်တိုက်ထားတော့၊ မီးခိုးလုံးတွေ အများကြီးတက်လာတာပေါ့။ ဦးအောင်ဇေယျက ရွှေဘိုက ကြည့်နေတာ မီးခိုးတွေတက်လာတာလည်းတွေ့ရော နိုင်ပြီဟဆိုပြီး အတီးအမှုတ်လေးတွေနဲ့ အသာထွက်လာတာ။ လမ်းမှာထွက်ပြေးလာတဲ့ တပ်ရော၊ နောက်က လိုက်လာတဲ့ ခင်ဦးတပ်ပါတွေ့လိုက်တော့၊ မနည်းကွပ်ပြီး တပ်ပြန်ထိန်းရတယ်။ ခင်ဦးတပ်ကလည်း ဦးအောင်ဇေယျကိုမြင်တော့ တပ်ပြန်ရုပ်ပြီး ဆုတ်သွားတယ်။ ဒီလိုအရှုက်တကွဲလည်းဖြစ်ရော ဦးအောင်ဇေယျ ဒေါသူပုန်ထပြီး ဘာပြောကောင်းလိုက်မလဲ၊ သူငယ်ချင်းသော ဘာသော ညာသော မသိဘူး သေနတ်ဝန်နဲ့အတူ ခင်ဦးကိုသွားတိုက်တဲ့ တပ်က အရာရှိအကုန် တုံးဖိနေလှန်းပြီး ကြိမ်ဒဏ်တွေပေးတော့တာပဲ။

နောက်ကျတော့ ခင်ဦးကနည်းနည်းဇရှိလာတာပေါ့။ ရွှေဘိုနားကို မြင်းတပ်နဲ့လာပြီး နွားတွေသံ့ပန်းတွေဖမ်းပြီး ပြန်ရော။ နဂိုကမှ ဘုနေတဲ့ ဦးအောင်ဇေယျကိုအသာပြောပြီး သေနတ်ဝန်က မင်းကျော်ပျံချီ မုဆိုးချုံဖိုလ် မင်းခေါင်နော်ရထာ ဟန်လင်းက နေမျိုးရွှေတောင်တို့လို heroတပ်မှူးတွေ ခေါ်ပြီး မြင်း ၃၀ သေနတ် ၁၀၀နဲ့ ခင်ဦးနားမှာရှိတဲ့ နွားတွေလိုက် သိမ်းခိုင်းပါလေရော။ အဲဒီလိုလိုက်သိမ်းတာ ကိုယ့်ဘက်က ပါသွားတဲ့ ဟာတွေအပြင် အမြတ်တောင်ရလာသေးတယ်။ နောက်တစ်ခါ တုံးဖိနေလှန်းခံရမှာစိုးလို့ထင်ပါရဲ့။ ဒီလိုလာသိမ်းတော့ ခင်ဦးစား ဦးချစ်ညိုလည်း ထွက်တိုက်တာပေါ့ သေနတ်ဝန် နဲ့ duel လေးဆွဲပြီး သရေကျလို့ပြန် ဆုတ်သွားတယ်။

ဒီတစ်ခါတော့ ရွှေဘိုက ခင်ဦးကိုတိုက်ဖို့ပြန်လုပ်တယ်။ အရင်တစ်ခါလို အေးအေးဆေးဆေးမလုပ်ဘဲ စနစ်တကျတပ်တွေပြင် ဦးအောင်ဇေယျကိုယ်တိုင် ကွပ်ကဲပြီးတိုက်တော့တာပဲ။ ဒီတော့ ခင်ဦးစားဘယ်လောက်ကွပ်ကွပ် တပ်ပျက်ပြီး ဦးချစ်ညိုတို့မိသားစု ဟံသာဝတီကိုပြေးရတော့တာပဲ။ အင်းဝမှာက မြို့စောင့်က စစ်သူကြီးတလပန်းမဟုတ်တော့ဘူး။ တိုက်ပွဲကြီး နှစ်ပွဲဆက်တိုက် အလဲအကွဲရှုံးလို့ ရာထူးချခံရပြီး ဟံသာဝတီပြန်သွားရတယ်၊ မြို့ဝန်အသစ်က ဘုရင့်လူယုံတော် ငွေခွန်ဝန်ဖြစ်နေပြီ။ သူလည်း ခေသူတော့ဟုတ်ဘူး။ စစ်ပရိယာယ်ကြွယ်တယ်။

(၆)

ခင်ဦးခံတပ်ကျပြီးနောက်ပိုင်း ရွှေဘိုရဲ့အင်အားက ပိုကောင်းလာတယ်။ နောက်ပိုင်းကျတော့ ဟံသာဝတီရဲ့ ထောက်ပို့ဌာနဖြစ်တဲ့ ရွာသာကြီးတပ်ကိုတိုက်တယ်။ရေတပ်စခန်းဖြစ်တဲ့ ကျောက်မြောင်းကိုသိမ်းတယ်။ အရင်က ရွှေဘိုတပ်က ကြည်းတပ်ပဲရှိတာ။ အခုတော့ ရေတပ်ရှိလာပြီ။ ရှိလာတဲ့ရေတပ်က အင်အားသိပ်မကောင်းသေးဘူး။ ဟံသာဝတီတပ်တွေဆီက ဖမ်းမိတဲ့ တိုက်လှေနည်းနည်းရယ် အရင် အင်းဝရေတပ်သားတွေက ဟံသာဝတီကိုအပ်ရမှာစိုးလို့ မြေထဲမြှုပ်ဖွက်ထားတယ့် တိုက်လှေအသေးတွေရယ်ပဲရှိတယ်။

ဟံသာဝတီတပ်က ငွေခွန်ဝန်က စစ်သူကြီးတလပန်းထက်ဉာဏ်ပိုများတယ်။ ဟံသာဝတီတပ်အင်အားက တစ်နေ့ထက်တစ်နေ့ လျော့လာတော့၊ အထက်မြန်မာပြည်မှာရှိတဲ့ လက်အောက်ခံနယ်တွေဆီမှာ စစ်သားသစ်စုခဲ့တယ်။ စုဆောင်းရလာတဲ့ တပ်သားတွေနဲ့ ချင်းတွင်းမြစ်ရိုးတစ်လျှောက် ရွှေဘိုကို ထိန်းချုပ်ဖို့အစီအစဉ်ချခဲ့တဲ့ အရင် အင်းဝရေတပ်စခန်းတွေဖြစ်တဲ့ ကမ်းနီတို့ အမြင့်တို့မှာ ခံတပ်တွေဆောက်ပြီး ရေကြောင်းအသာစီးရမှုကို တည်ဆောက်ထားတယ်။ ကြည်းကြောင်းကတော့

ရောဝတီမြစ်ရိုးမှာ တပ်တွေချပြီး ရွှေဘိုကို ကဏန်းလက်မပုံစံ နှစ်ဖက်ညှပ်တိုက်ဖို့ပြင်ထားတယ်။

ဒီလိုပြင်ဆင်လာတော့ ရွှေဘိုကလည်း စစ်ကြောင်းသုံးကြောင်းခွဲပြီး တန်ပြန်တိုက်စစ်စတယ်။ ရောဝတီမြစ်ညာက တကောင်းဆီကို သားတော်ကြီး( နောင်တွင် နောင်တော်ကြီးမင်း)နဲ့ တစ်တပ် အင်းဝတစ်ဖက်ကမ်း စစ်ကိုင်းဆီကို သားတော်လတ် (နောင်တွင် ဆင်ဖြူ ရှင်မင်း)နဲ့ တစ်တပ် ရေကြောင်းကနေ ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက် ရောဝတီ ချင်းတွင်းမြစ်ဆုံဒေသဆီကို သေနတ်ဝန် သီရိပျံချီ (နောင်တွင် မဟာသေနာပတိသေနတ်ဝန် အဂ္ဂမဟာသီရိပျံချီ)နဲ့ရေတပ်ဆိုပြီး စစ်ကြောင်းသုံးကြောင်းစေလွှတ်တိုက်ခိုက်ပါတယ်။

စစ်ကြောင်းသုံးခုမှာ ရည်မှန်းချက်ကို ပထမဆုံး ရောက်တာက သေနတ်ဝန်ရဲ့ရေတပ်ပါ။ အရင်ရောက်လာရတာကတော့ ဟံသာဝတီတပ်ကိုတိုက်မယ်ဆိုရင် အဟုန်ပြင်းပြင်းနဲ့တိုက်ပွဲစသလို နှစ်ဖက်တပ်ဆိုင်ခါနီးဆို ဗမာတွေ အကုန်ထွက်ရှောင်နေလို့အော်ပြီး တိုက်တတ်တယ်။ ဒီတော့ ဟံသာဝတီတပ်ရဲ့စည်းလုံးမှုက ပြေလုမတတ်ဖြစ်လာတယ်။ အဆိုးဆုံးကတော့ မြစ်နှစ်သွယ် ဆုံရာနေရာက ရေကြောင်းခံတပ်မှာ ဗမာကဒူးတွေက ဟံသာဝတီတပ်သားတွေကို သတ်ပြီးအလွယ်တကူ တံခါးဖွင့်ပေးလိုက်တာပါပဲ။ စစ်ကြောင်းသုံးကြောင်းလုံး ရည်မှန်းချက်ရောက်သွားတဲ့အခါ အင်းဝက စစ်သုံးဖက်ညှပ်မိသွားပါပြီ။ ငွေခွန်ဝန်နဲ့ ခင်ဦးစားဦးချစ်ညီတို့လည်း ဟံသာဝတီကို စစ်ကူခေါ်ပါတယ်။ စစ်ကူကရောက်မလာခဲ့သလို အင်းဝထဲက ဟံသာဝတီတပ်မှာလည်း ဗမာ မွန်တွေကရောနေတော့ သူ့ငါမယုံ ငါ့သူမယုံဖြစ်နေပါတယ်။

ဦးအောင်ဇေယျက တပ်အားလုံး ရည်မှန်းချက်ရောက်ပြီလို့ သိရတော့မှ ကျောက်မြောင်းကို အသစ်စုဆောင်းထားတဲ့ အရန်တပ်ဖွဲ့တွေနဲ့ ချီတက်ပြီး ရေကြောင်းကတစ်ဆင့် အင်းဝမြို့အရှေ့ဘက် ခုခေတ်ဆို အမရပူရမှာ တပ်ချထားပါတယ်။ ပထမအင်းဝတိုက်ပွဲက သိပ်မကြာလိုက်

ပါဘူး အရင် ဟံသာဝတီတွေ အင်းဝကို တိုက်သလိုပါပဲ။ တစ်လအတွင်း အင်းဝကျဆုံးသွားပါတယ်။ ငွေခွန်ဝန်ကတော့ ဟံသာဝတီအထိပြေးရပြီး ခင်ဦးစား ဦးချစ်ညိုကတော့ မကွေးနယ်ထဲက သစ်ခေါက်ခံတပ်မှာ ခိုလှုံခဲ့ပါတယ်။ ရွှေဘိုတပ်တွေကတော့ မြစ်ဆုံရေကြောင်းခံတပ်မှာ သေနတ်ဝန်က အခိုင်အမာခံတပ်ဆောက်ပြီးတပ်စွဲသလို အင်းဝမှာ သားတော်လတ်က အင်အား ၁၀၀၀၀နဲ့ အခိုင်အလုံနေပါတယ်။

ဟံသာဝတီမှာတော့ အင်းဝကျဆုံးသွားလို့ ကျိတ်မနိုင်ခဲမရတွေဖြစ်ပြီး အင်းဝကို နောက်တစ်ကြိမ်စစ်ချီဖို့ ပြင်ဆင်နေပါတယ်။ အလုံးအရင်း အင်အားက အရင်တစ်ခေါက်ထက် ပိုကြီးပါတယ်။ ကြည်းကြောင်းမှာ အင်းဝအိမ်ရှေ့မင်းသားဦးစီးပြီး အင်အား ၁၅၀၀၀၀ ရေတပ်မှာ သမက်တော်ဦးစီးပြီး တိုက်လှေကြီး ၅၀၀ ရဲလှေ လှော်ကားကျွှပ် (တိုက်လှေငယ်များဖြစ်ပါသည်) ၁၂၀၀ ဝန်တင်လှေ ၄၀၀နဲ့ အင်အား ၁၈၀၀၀၀ စုစုပေါင်းအင်အား၃၂၀၀၀၀နဲ့ ရွှေဘိုနဲ့ အင်းဝမှာရှိတဲ့ ဗမာမှန်သမျှ ယောကျ်ားဆို ပုခက်တွင်းပါမကျန် သတ်အမိန့်နဲ့ မိုးရာသီအကုန်တန်ဆောင်မုန်းမှာ ချီတက်လာခဲ့ပါတယ်။ ရည်မှန်းချက်နေရာကတော့ အင်းဝဖြစ်ပါတယ်။ စိတ်မကောင်းစရာတစ်ခုကတော့ မကွေးသစ်ခေါက်တပ်မှာခိုနေတဲ့ ခင်ဦးစား ဦးချစ်ညိုကို ဟံသာဝတီအိမ်ရှေ့စံက ဒီလူကို မယုံကြည်ရဘူးဆိုပြီး တစ်မိသားစုလုံးကိုခေါ် ကွပ်မျက်ပစ်လိုက်ပါတယ်။ အိမ်ရှေ့စံစိတ်ထဲမှာက ခင်ဦးစားကြောင့် စစ်သူကြီးတလပန်းတို့ စစ်ရှုံးတယ်ပဲထင်နေတာပါ။ လူစွမ်းလူစရှိပါလျက်နဲ့ ဦးချစ်ညိုတစ်ယောက် ရေတိမ်နစ်ခဲ့ရပြီပေါ့။

သုံးသပ်ချက်ဆိုရင် မြန်မာမင်းတွေထဲမှာ ဦးအောင်ဇေယျက စိတ်ဓာတ်စစ်ဆင်ရေးကို ပါးပါးလေးပုတ်ပြီးသုံးတတ်တာတွေ့ရလိမ့်မယ်။ မုဆိုးဖိုစပြီးထောင်ကတည်းက ဘေးက ၄၆ရွာကို အရင်သိမ်းသွင်းတယ်။ နောက်ပိုင်း အင်အားသိပ်မကွာတဲ့ အခြားဗိုလ်တွေကိုလည်း မဟာမိတ်ပြုတန်ပြု သိမ်းသွင်းတန်သိမ်းသွင်းနဲ့ အင်အားစုခဲ့တာပဲ။ တိုက်ပြီးသိမ်းရတာဆိုလို့ ခင်ဦးပဲရှိတယ်။ ပြီးတော့ သတင်းလွှင့်ထားတာရှိတယ်။ ဟံသာဝတီကို

ပါသွားတဲ့ သူ့ရဲ့သခင် ဘုရင်ကိုရရင် ဘုရားတစ်ဆူဂူတစ်လုံးလို ကိုးကွယ်ပါမယ်လို့။ အဲဒီအချိန်မှာက အင်းဝသစ္စာခံတွေက ဘုရင်ပါသွားလို့ရော ဟံသာဝတီအင်အားကို မယှဉ်နိုင်လို့ပါ အသာငြိမ်နေရတာ ခုလို ဦးစီးဦးဆောင်ကောင်းပေါ်လာတော့ တဖွဲဖွဲသစ္စာခံတာ သိပ်မဆန်းပါဘူး။

နောက်ထပ်တစ်ခုက စစ်တိုက်တိုင်း သုံ့ပန်းကို ညှာတာတယ်။ အထူးသဖြင့် အထက်မြန်မာပြည်သားတွေဆို လွှတ်ပေးတတ်တယ်။ မင်းတို့ကနီးရာစားကြောက်ရလို့သာ ဟံသာဝတီဘက်ကနေ ငါ့ကိုတိုက်ရတာပါ ခွင့်ပြုတယ်။ ခွင့်လွှတ်တယ်ဆိုပြီး လွှတ်ပေးလိုက်တော့ ဟိုလူတွေက ကိုယ့်ဒေသလည်းရောက်ရော ဒီဘုရင်က သဘောကောင်းတယ်။ သနားလည်း သနားတတ်တယ်ဆိုပြီးပြောလည်းပြော ကိုယ့်မိသားစုဆွေမျိုးသားချင်းတွေပါခေါ်ပြီး ရွှေဘိုကိုပြန်လာတယ်။ ဒီတော့ ရွှေဘိုက တစ်နေ့တခြား အင်အားကြီးလာတာပေါ့။ ပြီးတော့ ရွှေဘိုမှာလည်းခိုဝင်လာတဲ့လူတွေကို လုပ်ငန်းလုပ်ကွက်နေရာတွေချပေး လယ်ယာမြေအသစ်တွေဖော် ကုန်သွယ်ရေးတွေလုပ်ဆိုတော့ ရိက္ခာနဲ့ ဘဏ္ဍာရေးတောင့်တင်းလာတယ်။ စစ်တိုက်ရင်လည်း ဟံသာဝတီတပ်ထဲက အထက်မြန်မာပြည်သားတွေ တွေဝေသွားအောင် ဗမာမှန်သမျှအကုန်ထွက် ရွှေဘိုသား ရွှေဘိုသားဆိုပြီး စစ်ကြွေးကြော်သံနဲ့တိုက်တာဆိုတော့။ ရန်သူတပ်ထဲမှာ သွေးကွဲကုန်ပြီလေ။ ဟံသာဝတီသားတွေက နီးရာ ဗမာဆို ခုတ်ကုန်တော့ ဟိုဘက်ကလည်း ပြန်ခုတ်နဲ့ သိပ်တောင်ပင်ပင်ပန်းပန်းတိုက်စရာမလိုဘူး။ ခဏလေးနဲ့ တိုက်ပွဲတွေနိုင်လာတာ အချိန်အားဖြင့် အင်းဝကျပြီး တစ်နှစ်ခွဲကျော်ကျော် နှစ်နှစ်နီးပါးလောက်မှာ ရွှေဘိုက အင်းဝကိုပြန်သိမ်းမိတော့တယ်။

(၃)

အခုရေးမှာက မြန်မာပြည်မှာဖြစ်ခဲ့ဖူးတဲ့ တိုက်ပွဲတွေထဲမှာ top 10စာရင်းဝင် ဒုတိယ အင်းဝတိုက်ပွဲပါ။ အပိုင်း ၆မှာရေးခဲ့သလို ဟံသာဝတီ

က ကြည်းရေနှစ်ခုပေါင်း အင်အား သုံးသိန်းခွဲနီးပါးနဲ့ ချီတက်လာပါပြီ။ ပထမဆုံးထိတွေ့မှုဖြစ်တာက ရေကြောင်းတိုက်ပွဲပါ။ ရွှေဘို ကင်းထောက်ရေတပ်နဲ့ ဟံသာဝတီပင်မရေတပ်စပြီး ထိတွေ့မှုဖြစ်ပါတယ်။ တိုက်ပွဲစတာနဲ့ ရွှေဘိုရေတပ် တပ်ပျက်သွားပါတယ်။ အင်အားကလည်း အဆ ၂၀ကျော်ကွာသလို လှေဆိုရင်လည်း အရွယ်အစားကွာပါတယ်။ ကင်းထောက်ရေတပ်ရှုံးပြီးထွက်ပြေးလာကတည်းက မြစ်ဆုံမှာ ခံစစ်ဆင်တပ်စွဲထားတဲ့ ရွှေဘိုရေတပ်က လာမယ့်ဘေးပြေးတွေ့ဆိုသလို ခံစစ်နေရာကနေ စွန့်ခွာပြီး ထိုးစစ်စတင်ပါတယ်။ ဒီတစ်ခေါက်လည်းထပ်ရှုံးပါတယ်။ သေနတ်ဝန်ရဲ့ လှေအပါအဝင် စုစုပေါင်း ၃၅စီးပဲလွတ်ပြီး အခြားတိုက်လှေ ၈၀နီးပါးနဲ့ ကျွမ်းကျင်ရေတပ်သားတွေကျဆုံးပါတယ်။ သေနတ်ဝန်လည်း စုမိသမျှလှေတွေ ရေတပ်သားတွေကိုစုပြီး ကျောက်မြောင်းကိုဆုတ်ခွာပါတယ်။ မဆုတ်ခွာခင်မှာ မြစ်ဆုံရေကြောင်းခံတပ်ကိုရော၊ လက်နက်ခဲယမ်းရိက္ခာတွေကိုပါ မြေလှန်စနစ်နဲ့ဖျက်ဆီးပြီးမှ ဆုတ်ခွာလာတာပါ။

မြစ်ဆုံခံတပ်နဲ့ရေတပ် ပျက်စီးပြီဆိုတာကို ကြားတာနဲ့ အင်းဝမှာရှိတဲ့ သားတော်လတ်က မြို့ပတ်လည်က လူသူလက်နက် ရိက္ခာတွေကိုသွင်းပြီး အခိုင်အလုံနေပါတယ်။ သားတော်လတ်နဲ့အတူ မုဆိုးချေဗိုလ်ဦးတွန်ခေါ် မင်းခေါင်နော်ရထာနဲ့ တိုက်ပွဲအတွေ့အကြုံရင့်တဲ့ မြင်းရည်တက်သူရဲကောင်း ၂၀က အင်းဝကို ခံစစ်အခိုင်အမာဆင်ဖို့လုပ်နေပါတယ်။

ဟံသာဝတီတပ်က မြစ်ဆုံခံတပ်သိမ်းမိတာနဲ့ အိမ်ရှေ့စံရဲ့ကြည်းကြောင်းက အင်းဝရဲ့မြောက်ဘက် အရှေ့ဘက်နဲ့ တောင်ဘက်ကို ပိတ်ဆို့လိုက်ပါတယ်။ ရေတပ်ကတော့ မြစ်ဆုံခံတပ်မှာ အခြေပြုပြီး အင်းဝအနောက်ဘက်စစ်မျက်နှာကို စစ်ကိုင်းဘက်ကနေ ပိတ်ဆို့ပါတယ်။

တိုက်ပွဲပထမပိုင်းမှာ ရွှေဘိုဘက်က အရေးနိမ့်နေတာပေါ့။ အင်အား လက်နက်ချင်းကလည်းကွာတာကိုး။ ဒါပေမဲ့ ဦးအောင်ဇေယျက ခံစစ်ထက် တိုက်စစ်ကို ပိုအလေးသာပါတယ်။ ရွှေဘိုမှာ တပ်တွေကိုပြင်ဆင်ပြီး တိုက်စစ်ဖွင့်ပါတယ်။ သားတော်ကြီးကို အင်အား ၂၀၀၀၀နဲ့ စစ်ကိုင်းကိုချီတက်တိုက်ခိုက်ခိုင်းပါတယ်။ ပြီးတော့ ချင်းတွင်းမြစ်ရိုးတစ်

လျှောက်က အရင်အင်းဝရေတပ်သားတွေကိုစုပြီး ကျောက်မြောင်းရေတပ်စခန်းကို စေလွှတ်ပါတယ်။ ကိုယ်တိုင်လည်း အင်အား ၂၀၀၀၀နဲ့ ရောဝတီမြစ်ကို တကောင်းမြို့နားက ကူးပြီး အရှေ့ဘက်ကမ်းကို ချီတက်လာပါတယ်။

ရှေ့မြန်မာစစ်ပွဲတွေမှာ ရေကြည်းပူးပေါင်းစစ်ဆင်ရေး လုပ်ရပြီဆို ရေတပ်က အသက်ပါပဲ။ ဘာလို့လဲဆိုတော့ လက်နက် ရိက္ခာ supply တွေက ရေတပ်ကပဲသယ်လာရတာ များပါတယ်။ ရေတပ်နဲ့ကြည်းတပ်က တစ်နေရာမှာ link ချိတ်ပြီး တိုက်ပွဲဆင်နွှဲတတ်ပါတယ်။ ဒါကြောင့် အလောင်းဘုရားဦးအောင်ဇေယျဟာ တိုက်စစ်မျက်နှာကို ရေကြောင်းက စဖွင့်ဖို့သတ်မှတ်ပါတယ်။ ကျောက်မြောင်းရေတပ်စခန်းမှာ သေနတ်ဝန်နဲ့ အတူ လွှတ်လာတဲ့ တိုက်လှေ၃၅စီးရယ် မကြာသေးခင်က ဆောက်ထားတဲ့ မှိုင်းသဲသဲ ဘုရင့်တိုက်လှေကြီးရယ်ပဲရှိပါတယ်။ ဒါပေမဲ့ ရေတပ်သားတွေက အများကြီးရှိနေတော့ လူသာရှိပြီး လှေမရှိတဲ့ ရေတပ်ဖြစ်နေတာပါ။

သေနတ်ဝန်ကတော့ အရင်တိုက်ပွဲရှုံးထားပေမယ့် စိတ်ဓာတ်မကျသေးပါဘူး။ ရှိသမျှတိုက်လှေတွေမှာ လက်ရွေးစင်ရေတပ်သားတွေတင်ပြီး အမြောက်တစ်လက်စီပါ ထပ်ပြီးတပ်ဆင်လိုက်ပါတယ်။ အရင်က ရွှေဘိုရေတပ်က အမြောက်တပ်ဆင်အသုံးပြုခြင်းမရှိပေမယ့် ဒီတစ်ခါတော့ တပ်ဆင်လိုက်ပါပြီ။ အလောင်းမင်းတရားကြီး သတ်မှတ်ထားတဲ့ နေ့မှာပဲ ရွှေဘိုရေတပ်ရဲ့ flag ship မှိုင်းသဲသဲတိုက်လှေကြီးနဲ့ တိုက်လှေ၃၅စီးဟာ စစ်ကိုင်းမြို့မြောက်ဘက်မှာတပ်စွဲထားတဲ့ စစ်သူကြီးတလပန်းရဲ့ရေတပ်ကို စတိုက်ပါတယ်။ အရင်ကလို တိုက်လှေတွေကို ထုနဲ့စစ်ဆင်တာမဟုတ်ဘဲ မြစ်လုံးပြည့် ရင်ပေါင်တန်းချီတက်လာပါတယ်။ ရွှေဘိုရေတပ်ကို အထောက်အကူပြုတာက အနောက်ဘက်ကမ်းမှာ သားတော်ကြီးနဲ့ အရှေ့ဘက်ကမ်းက အလောင်းမင်းတရားကြီးပါ မြစ်နှစ်ဖက်ကညှပ်ပြီး အမြောက်စိန်ပြောင်းမြတပူတွေ ပစ်သလို ရွှေဘိုရေတပ်ကလည်း အမြောက်တွေ ဆက်တိုက်ပစ်ပြီး သုံးဖက်ညှပ်တိုက်ပါတယ်။ ထူးထူးခြားခြား ဒီတိုက်ပွဲမှာ အလောင်းမင်းတရားကြီးက ညွှန်ကြားတာက ဟံသာဝတီတိုက်လှေတွေကို

အကောင်းအတိုင်းရသလောက်ယူရမယ်ဆိုတာပါပဲ။ ဒါကြောင့် အမြောက်တွေမှာ အရင်လို အမြောက်ကျည်လုံးတွေနဲ့မဟုတ်ဘဲ သေနတ်ကျည်စေ့တွေကို ၂၀၀ ထုပ် ၃၀၀ထုပ် ထုပ်ပြီး ထည့်ပစ်ပါတယ်။ ဒီနည်းလမ်းက ထိရောက်ပါတယ် အမြောက်တစ်ချက်ပစ်တိုင်း ဟံသာဝတီ တိုက်လှေတစ်စီးပေါ်က ရေတပ်သားတွေ ထွေးခနဲလုံးခနဲကျပြီး လှေကတော့ အကောင်းအတိုင်းကျန်ခဲ့ပါတယ်။ ဟံသာဝတီစစ်သူကြီး တလပန်းလည်း ပြင်းပြင်းထန်ထန်ကြုပ်မတ်ပြီး ပြန်တိုက်တာပါပဲ။ ဒါပေမဲ့ ဟိုဘက်က ဘုရင်ကိုယ်တိုင်ဦးစီးပြီး သူရဲမင်းရဲစီးသလို တိုက်နေတော့ တပ်ပျက်ပြီး စုန်ပြေးရပါတယ်။ သိမ်းလို့ရသမျှလှေတွေပေါ်ကို ကြည်းကြောင်းက လိုက်လာတဲ့ ရေတပ်သားတွေ ထပ်တင်ပြီး မရပ်မနား တိုက်စစ်ဆင်တာ အင်းဝကိုတောင်ကျော်ပြီး တရုတ်မော်အထိ အစဉ်လိုက်ချထားတဲ့ ဟံသာဝတီရေတပ်အကုန်ပျက်ပြီး မြစ်ဆုံက သမက်တော်ဆီသွားပေါင်းရပါတယ်။

ကြည်းကြောင်းမှာတော့ အင်းဝကို သုံးဖက်ညှပ်ပြီးတိုက်နေဆဲပါပဲ။ သားတော်လတ်နဲ့ မင်းခေါင်နော်ရထာတို့ ပြင်းပြင်းထန်ထန်ကွပ်ပြီးမှ အင်းဝမကျအောင် ထိန်းထားတာပါ။ အခွင့်ရရင်ရသလိုပဲ မြို့ပြင်ထွက်ပြီး တိုက်ပါသေးတယ်။ ဟံသာဝတီတပ်က အလုံးအရင်းကြီးလွန်းလို့ မတတ်နိုင်ဘဲ ပြန်ပြန်ဆုတ်လာရတာပါ။ နောက်ကျတော့ စစ်ဆင်ရေးပုံစံသစ်ပြောင်းလိုက်တယ်။ မြင်းရည်တက်သူရဲကောင်းတွေက ညဆို အလှည့်ကျနဲ့ ထွက်ပြီး ဟံသာဝတီတပ်ထဲအတင်းဝင် မီးရှို့ရင်ရှို့ မရှို့နိုင်ရင် တစ်ယောက်လောက်ဖမ်းပြီး မြို့ထဲပြန်ဝင်နဲ့ တစ်ကိုယ်တော်တွေချတော့တာပဲ၊ ပြောက်ကျားစစ်ဆင်တယ်ဆိုပါတော့။ ကြာလာတော့ ဟံသာဝတီတပ်မှာ အိပ်ကောင်းခြင်းမအိပ်ရ စားကောင်းခြင်းမစားရတွေဖြစ်ကုန်ရော။ စားမယ်အိပ်မယ်ကြံခါစပဲရှိသေးတယ် ဟေး ဟေးဆိုပြီး အသံနက်ကြီးနဲ့အော်မြင်းနဲ့အတင်းဝင်လာပြီး တဲတွေမီးရှို့လားရှို့ရဲ့။ ပြန်သွားတော့ တပ်က လန့်ပြီးဖရိုဖရဲဖြစ်တာကို ပြန်ငြိမ်အောင်လုပ်ပြီးလို့ နားမယ်ကြံလိုက် ဟိုကပြန်ဝင်လာလိုက် ကင်းသမားတစ်ယောက်လာဖမ်းလိုက်နဲ့ ကြာတော့ သွေးပျက်လာတယ်။ သားတော်လတ်ကလည်း ဖမ်းလို့ရသမျှ သုံ့ပန်းတွေကို

ဒိုင်ခံစစ်နေရင်းနဲ့ ဟံသာဝတီတပ်ရဲ့ ပျော့ကွက်တွေကို တစ်ခုချင်းလိုက်ဖော်ရင်းနဲ့ အရေးကြီးတာ တစ်ခု သိလိုက်ရတယ် အဲဒါက. . . . . . . .

(၈)

သားတော်လတ်နဲ့ မြင်းရည်တက်သူရဲကောင်းတွေ ညတိုင်းထွက်ပြီး လူဖမ်းသတင်းစုရင်းနဲ့ ဟံသာဝတီတပ်ရဲ့ ပျော့ကွက်ဟာကွက်တွေကို ဖော်နေရင်းသိလိုက်တာက အင်းဝရဲ့အရှေ့တောင်ဘက်က ဗညားစေင

အင်းတောင်ဘက်က ဗညားကျော်

အနောက်တောင်ဘက်က ဗညားရက္ခိုက်တို့ တပ်သုံးတပ်က ရွေးလူတွေနဲ့ချည်းဖွဲ့စည်းထားတဲ့ အမာခံတပ်တွေချည်းပဲ။ အခြားတပ်တွေဘယ်လောက်ပျက်ပျက် ဒီသုံးတပ်မပျက်သရွေ့အရန်တပ်တွေ မပျက်ဘူးဆိုတာ သိလိုက်ရတယ်။ ဒီတော့ အလောင်းမင်းတရားကြီးဆီ သတင်းပို့ပြီး တိုက်စစ်စီမံချက်ရေးတယ်။ အင်းဝမှာရှိတဲ့ တပ်တွေက သားတော်လတ်တစ်တပ် မုဆိုးချုံဗိုလ်တစ်တပ် တောင်တွင်းဗိုလ်တစ်တပ် စုစုပေါင်းသုံးတပ်က ဟံသာဝတီအမာခံတပ်သုံးတပ်ကိုတိုက်မယ်။ အလောင်းမင်းတရားကြီးက မြောက်ဘက်ရဲတပ်ကိုတိုက်မယ်။ သေနတ်ဝန်က နွားချေးကျွန်းမှာတပ်စွဲထားတဲ့ ဟံသာဝတီရေတပ်ကိုတိုက်မယ်။ သားတော်ကြီးက စစ်ကိုင်းဘက်က အရန်အဖြစ်နဲ့ထောက်ပေးမယ်ဆိုပြီး စီမံချက်ချပြီးတိုက်တော့တာပဲ။

အရင်က ဟံသာဝတီဘုရင့်သမက်တော်ရဲ့ ရေတပ် တပ်ပျက်ပြီး ဆုတ်လာရကတည်းက ဟံသာဝတီတပ်ရဲ့ moral ကကျနေတာ ဒီလိုသုံးဖက်ညှပ်တိုက်ခံရတော့ ဟံသာဝတီဗိုလ်မင်းတွေ အပြင်းအထန် ကွပ်ကဲတာတောင် ဝါးလုံးစည်းပြေသလို တပ်တွေကွဲပြီး ဆုတ်ရတော့တယ်၊ ဘယ်မှာမှ သွားဆုံလဲဆိုရင် ပြည်မြို့ကျမှ တပ်အားလုံးပြန်ဆုံမိတယ်၊ ပြန်ဆုံလို့တပ်တွေစစ်ကြည့်တော့ ပါလာသမျှ လက်နက်တစ်ဝက်လောက်ပဲရှိတော့တယ်။ လူအင်အားကလည်း ကျဆုံး သေဆုံး ပျောက်ဆုံး ဖျားနာဒဏ်ရာရတာတွေနဲ့ဆို တော်တော်ချည့်နဲ့သွားလို့ ဟံသာဝတီအိမ်ရှေ့

ဥပရာဇာက နောက်တစ်နှစ်တန် နှစ်နှစ်တန်မှ အားမွေးပြီးထပ်တိုက်မယ်လို့ပြောပြီး ဟံသာဝတီအထိ တပ်ဆုတ်သွားတော့တယ်။

ရွှေဘိုတပ်တွေက ပုဂံ ကျောက်ပန်းတောင်း ပင်းမဲထီးအထိ အောင်မြေချဲ့ပြီး ပြန်သွားခဲ့တယ်။ သေနတ်ဝန်တပ်ကိုတော့ လူသူလက်နက်ထပ်ဖြည့်ပြီး မောကိုးပြည်ထောင်စော်ဘွားတွေဆီကို သိမ်းသွင်းဖို့စေလွှတ်လိုက်ပါတယ်။ ဟံသာဝတီတပ်တွေ အထက်မြန်မာပြည်ကို ထိုးစစ်ဆင်တာဒါနောက်ဆုံးအကြိမ်ပါပဲ။ အဲဒီအချိန်ကစပြီး အထက်မြန်မာပြည်ကို အောက်အကြေက တိုက်နိုင်တာမရှိတော့ပါဘူး။

အရင် အင်းဝဘုရင်ဟောင်းဖြစ်တဲ့ ဟံသာဝတီရောက်မင်းလည်းသနားဖို့ကောင်းပါတယ်။ ဟံသာဝတီတပ်တွေရှုံးလို့ပြန်လာရချိန် ထန်းတစ်ပင်အရပ်မှာ ငါးကြီးတစ်ကောင်ပေါ်ပါတယ်။ ထူးဆန်းတာက အဲဒီငါးကြီးကခေါင်းပိုင်းကသေပြီးပုပ်နေပေမဲ့ ကိုယ်နဲ့အမြီးကအသက်ရှိပြီးလှုပ်နေတာပါပဲ (ဟုတ်လား မဟုတ်လားတော့ ကျွန်တော်လည်းမသိ သမိုင်းထဲမှာတော့အဲလိုပဲရေးထားတယ်) အဲဒါကို ဟံသာဝတီရောက် မင်းကကြားတော့ငါတို့မြန်မာတွေသည် ဦးခေါင်းပိုင်းဖြစ်တဲ့ ငါ့လိုပုပ်နေပေမဲ့ ကျန်တဲ့အပိုင်းတွေအသက်ရှင်နေသလိုပင် ဖြစ်သည်လို့လည်း ပြောမိရော အရင်ကတည်းက စစ်ရှုံးလို့ဘုနေတဲ့ ဟံသာဝတီနန်းတွင်းမှာ ဂယက်တွေရိုက်ပြီးဟံသာဝတီရောက် မင်း မိဖုရားနဲ့ တစ်သိုက်ကို နန်းလုရန်ကြံစည်သည်လို့လုပ်နေကျ နည်းတွေနဲ့ ရမယ်ရှာပြီး ရေချသုတ်သင်ပစ်လိုက်တယ်။ အောက်ပြည်တစ်လွှားက အင်းဝဘုရင့်အမှုထမ်းဟောင်းတွေ ဗမာတွေကိုမုတ္တမဘက်မှာ ဆားချက်ရန် အကြောင်းပြပြီး ၅၀၀စု ၁၀၀၀စု ခေါ်ခေါ်ပြီးသတ်တော့တာပဲ။ လူတွေဒီလောက်သတ်နေမှတော့ သတင်းကပေါက်ပြီလေ။ ဟိုဘက်ကလည်း အင်းဝဘုရင့်အမှုထမ်းဟောင်းတွေဆိုတော့ချက်ဆိုနားခွက်ကမီးတောက်တယ်။ ဘာဆက်လုပ်ရမလဲ သိပြီလေ။ ဒီတော့ပြည်တစ်ဝိုက် မြေလတ်တစ်ခွင်က ဗမာခေါင်းဆောင်တွေက စုဝေးပြီးပြည်မြို့ကိုဝင်စီးမယ်။ ပြီးရင် ရွှေဘိုမင်းကို ခေါ်ပင့်မယ်ဆိုပြီး စစ်သူကြီးတလပန်းရဲ့ ပြည်မြို့စောင့်တပ်ကို အလစ်ဝင်စီးလိုက်ပါတယ် . . . . .

(၉)

ပြည်မြို့မှာ မြို့စောင့်တပ်ကို မြေလတ်တစ်ခွင်က အင်းဝအမှုထမ်းဟောင်းတွေနဲ့နောက်လိုက်တွေ အလစ်ဝင်စီးလိုက်တော့ မွန်စစ်သူကြီးတလပန်း ထွက်ပြေးရတယ်။ ပြည်မှာရှိတဲ့အကြီးအကဲတွေက ရွှေဘိုကအလောင်းမင်းတရားကြီးဆီကို ဆက်သားနဲ့ သတင်းပို့လိုက်တယ်။ ကျွန်တော်မျိုးတို့ ဟံသာဝတီရောက် မင်းတရားကြီး ရေချသုတ်သင်ခံရပြီး ဗမာတွေ အသတ်ခံနေရလို့ အခု ပြည်ကိုသိမ်းပြီး အရှင့်ဖဝါးတော်အောက်ခိုလှုံပါရစေ။ စစ်ကူပို့ပေးပါဆိုတော့ မိုးတွင်းကာလဖြစ်လို့ လယ်ယာလုပ်ကိုင်ဆောင်ရွက်အပြီး မိုးလေလွတ်ရင် ကိုယ်တော်တိုင်ကြွခဲ့မယ်။ မြို့ကိုမကျအောင် မိုးတွင်းအတွင်း ကြံ့ကြံ့ခံပါလေဆိုပြီး လူသူရိက္ခာမှအပလိုအပ်တဲ့ လက်နက်ခဲယမ်းတွေပြန်ထည့်ပေးလိုက်တယ်။

ပြည်မြို့ကျတယ်လည်းဆိုရော ဟံသာဝတီဘက်က အိမ်ရှေ့ဥပရာဇာနဲ့ သမက်တော်တို့က ရေအားကြည်းအားနဲ့ လာဝိုင်းတော့တာပဲ။ ပြည်မြို့က ဗမာခေါင်းဆောင်တွေထဲမှာ နာမည်ကြီးတာက အာကာရွှေတောင် ဒီဗိုလ်မင်းက တုတ်ပြီးခါးပြီး သေနတ်ကျည်မီးမကူး အဟန့်ကောင်းတယ်ပြောကြတယ်။ အမြောက်သေနတ်ပစ်လည်း လက်ဖြောင့်တစ်ယောက်လို့ဆိုတာပဲ။ ပထမပြည်တိုက်ပွဲမှာ နာမည်ကျော်တာကအာကာရွှေတောင်နဲ့အတူ ရန်ပုံခွင်းဆိုတဲ့အမြောက်တပ်ဖွဲ့ပါ။ ရန်ပုံခွင်းအမြောက်က ကျည်ဝ နှစ်ထွာ အရှည် လေးတောင် ကျည်စေ့ နှစ်ပိဿာဝင် အမြောက်လို့သမိုင်းထဲမှာပါတာပဲဗျ။ အာရပ်သဘော်ဆီကဝယ်ယူထားတဲ့ ပေါ်တူဂီကြေးသွန်း အမြောက်အမျိုးအစားပေါ့။ ဒီအမြောက်နာမည်ကြီးတာက ပစ်ချက်တိုင်း ထိတာပဲ။ ချိန်သားကိုက်တယ်ဆိုပါစို့။ ဒီလိုနာမည် ကျော်တွေ ခံစစ်ဆင်တဲ့ မြို့ကို မွန်တွေ အဆက်မပြတ်ထိုးစစ်ဆင်ပေမဲ့မအောင်မြင်ပါဘူး။ အထိ အခိုက်အကျအဆုံးများလာပါတယ်။ ပိုဆိုးတာကအာကာရွှေတောင်က မြို့ကိုလာတိုက်တယ်ဆိုရင်ပဲ တံခါးဖွင့် မြင်းတစ်စီးနဲ့

ရန်သူထူထူအုပ်ထဲ ဝင်ခုတ်လိုက်၊ ပတ်ခြောက်လိုက်နဲ့ဆိုတော့ စိတ်ဓာတ်တွေပါ ပျက်လာတယ်။

ဒီလိုနဲ့ တစ်လနှစ်လလောက်ကြာလာတော့ မွန်တွေကတစ်မျိုး ကြံလာတယ်။ အမြောက်ကိုဖျက်မလား လူကိုရအောင်သတ်မလားဆိုပြီး တိုင်ပင်တော့ အမြောက်ကတော့ဖျက်ဖို့မလွယ်ဘူး။ အာကာရွှေတောင်က အကြောက်အလန့်မရှိ တစ်ကိုယ်တော်ထွက်ထွက်ပြီးတိုက်တတ်တာဆိုတော့ လူကိုရအောင်ဖမ်းပြီး သတ်မယ်လုပ်တာပေါ့။ တစ်ရက်တော့ အာကာရွှေတောင် မြို့ပြင်ထွက်ပြီးမြင်းရေးကစားနေရင် အနောက်တောင်ထောင့်လည်းရောက်ရော အမြောက် စိန်ပြောင်းတွေ ထုနဲ့ချပြီးဆိုင်လွှတ်တော့ ကျည်စေ့မှန်ပြီး မြင်းပေါ်က ကျွမ်းပစ်ကျပါလေရော။ ကျတော့မှ ပိုက်ကွန်တွေအုပ်ကြီးတွေတုတ်ပြီး လူအုပ်နဲ့ ဝိုင်းဖမ်းတယ်။ နောက်တစ်နေ့ ပြည်ကိုတိုက်ခါနီး အာကာရွှေတောင်ကို လှည်းပေါ်တင်ပြီး တပ်ထိပ်ကခေါ်လာတယ်။ မြို့သားတွေရှေ့မှာ သတ်ပြမယ်ပေါ့ အကြံက။

တကယ်တမ်း သတ်ပြရော အာကာရွှေတောင်ဆိုတဲ့ တပ်မှူးက ဓားနဲ့ထိုးပါလို့ ဓားကျိုးလို့ လှံခွေ ပြောင်နာဂဆင်မင်းတောင် နင်းလို့မှ မသေ ကုန်းတစ်ထွေရေမှာတခြား ပဒုမ္မာရွှေကြာပန်းလိုပဲ လန်းတဲ့ ယောကျ်ားဖြစ်နေတော့ ဘယ်လိုမှသတ်မရဘူး။ မြို့ခံစစ်သည်တွေက စိတ်ဓာတ်ပိုတက်ကြွလာပြီး ထွက်တိုက်လို့ မွန်တွေဆုတ်ရပြန်ရော။ ဒီသူရဲကောင်းကြီးဇာတ်သိမ်းတော့မလှပါဘူး။ ဒီလောက်ပြီးစီးနေလှတဲ့အကောင်မသေခံနိုင်ရိုးလားဆိုပြီး အရှင်လတ်လတ် မြေမြှုပ်သတ်ပစ်လိုက်တယ်။ ဟံသာဝတီတပ်တွေလည်း စဉ်းစားရတော့တာပဲ။ မိုးတွင်းကလည်း ကုန်တော့မယ်။ မိုးကုန်ပြီဆိုတာနဲ့ အထက်အညာက ဗမာဘုရင့်တပ်တွေဆင်းလာမယ် ပြည်မြို့ကိုလည်းပြန်သိမ်းနိုင်မှဖြစ်မှာဆိုပြီး ပြည်ရွှေဆံတော်ကုန်းမှာ ခံတပ်ကြီးဆောက် ရေတပ်ကို အထက်ဘက်ကပိတ်ခိုင်းပြီး ပြည်မြို့ကို ရိက္ခာဖြတ်ထားတယ်။

အဲဒီအချိန်မှာ အလောင်းမင်းတရားက သွေးသောက် ရဲဘက်တော်တွေထဲက မင်းကျော်ပျံ့ချီကို တိုက်လှေ ၁၀၀နဲ့အတူ ရှေ့ပြေးစေလွှတ်

လိုက်ပါတယ်။ နောက်တပ်မကတော့ ကျောက်မြောင်းနဲ့ အင်းဝမှာစုဖွဲ့ပြီး ဖြည်းဖြည်းချင်းလိုက်လာပါတယ်။ ရှေ့ပြေးတပ်ဦး(vanguard) က မင်းကျော်ပျံချီဆိုတာ နောင်တစ်ချိန် တရုတ်မြန်မာစစ်ပွဲတွေမှာ နာမည်ကြီးလာမယ့်ဝန်ကြီးမဟာသီဟသူရပါ။ သူရဲ့ရှေ့ပြေးရေတပ်နဲ့ ဟံသာဝတီဘုရင့်သမက်တော်ဦးစီးတဲ့ ပိတ်ဆို့ရေးရေတပ်တို့ဟာ ပြည်မြို့အထက် မြေထဲမြို့နားမှာရင်ဆိုင်မိပါတော့တယ်။

(၁၀)

ဟံသာဝတီနဲ့ ရွှေဘိုရှေ့ဖျားရေတပ်တို့ ပြည်အထက်မှာ ရင်ဆိုင်မိတော့ ရွှေဘိုရေတပ်ကအရင် ဒုတိယအင်းဝတိုက်ပွဲတုန်းကလိုပဲ ရင်ပေါင်တန်းဖြန့် မြစ်လုံးပြည့်လှေတွေယှဉ်ပြီး ဝက်ခေါင်းထိုးဝင်ဆောင့်တယ်။ ဒီတစ်ချီလည်း မွန်တွေထပ်ရှုံးတာပဲ။ သမက်တော်ရဲ့ရေတပ်က ရသမျှပြန်စုပြီး လွန်ဆေးအထိပြန်ဆုတ်ရတယ်။ ပြည်မြို့ မြောက်ဘက်စစ်မျက်နှာပွင့်တော့မှ ရွှေဘိုတပ်တွေက ပြည်မြို့နားကပ်လို့ရတယ်။ မြို့နားရောက်တော့ မွန်လား ဗမာလား ကွဲပြားအောင် ခေါင်းဆောင်းတွေချွတ် ခေါင်းပေါင်းဖြေပြီး ဆံပြရတယ်လို့ပြောတယ်။ ဒီတစ်ချက်နဲ့တင် ကျဆုံးသွားတဲ့ တပ်မှူးအာကာရွှေတောင်ကို လေးစားသွားပြီ။ အခုခေတ်ဆို ဟော့သယ်ရင်းရေယောက်ဖရေ ငါတို့က စစ်ကူလာတာဟ တံခါးဖွင့်ဦးဆိုတာနဲ့ ဖွင့်မပေးဘဲ ရပ် ရှေ့တစ်လှမ်းတိုး စကားဝှက်ပြောဆိုတဲ့ လုံခြုံရေးသတိဝင်နေအောင် လေ့ကျင့်ပေးနိုင်ခဲ့လို့ မွန်နဲ့ ဗမာက စစ်ဝတ်တန်ဆာ ထိုးကွင်းမင်ကြောင်အတူတူဆိုပေမယ့် ဗမာတွေ သျှောင်ထားသလို မွန်တွေထားမယ့်ပုံမပေါ်ဘူးထင်တယ်။

ရွှေဘိုတပ်နဲ့ ပြည်တပ်ပေါင်းတော့ မြို့ကို မွန်တွေထပ်မတိုက်တော့ဘူး။ ရွှေဆံတော်ကုန်းက အခိုင်အမာခံစစ်ဆောက်ပြီး ကြည်းအားရေအား နှစ်ရပ်ပေါင်းခံနေတယ်။ မိုးလေလွတ်တာနဲ့တစ်ပြိုင်နက် ရွှေဘိုပင်မတပ်ကြီးက ပြည်မြို့ကို ဆိုက်ရောက်လာပါတယ်။ စစ်ပန်းနေတဲ့ ပြည်တပ်တွေနေရာမှာ ရွှေဘိုတပ်တွေအစားဝင်ပြီး ရွှေဆံတော်ကုန်းကို

တက်တိုက်ဖို့ စုဖွဲ့မှုတွေလုပ်ပါတယ်။ ပထမအကြိမ်စတိုက်တော့ အဲဒီခေတ်က တိုက်စစ်ပုံစံအတိုင်း ဆင် မြင်း ခြေလျင်တွေနဲ့ ကျားတက်ထိုးပါတယ်။ ဒါပေမဲ့ မွန်တွေကလည်း ခပ်မာမာပဲဆိုတော့ ထိုးလိုက်တိုင်း လန်ကျတယ်။ အမြောက်စိန်ပြောင်း မြတပူလည်းများတာကြောင့် အထိအခိုက်အရှုအနာများတာပေါ့။ တက်မရတော့ တပ်တွေနောက်တစ်ကြိမ်စုဖွဲ့ပြီး ဒုတိယအကြိမ် ထပ်ထိုးတယ်။ ဒီတစ်ခါတော့ အလောင်းမင်းတရားကြီးက တပ်တိုင်းကိုလှည့်ပြီး ဓားပြတယ်။ ဓားပြတယ်ဆိုတာက ဆုတ်ဝံ့သူ ထွက်ပြေးသူ မတက်ရဲသူဆိုရင် ဒီဓားနဲ့ စီရင်မယ်ပေါ့။ ရှေးမြန်မာဘုရင်တွေလက်ထက်က ဒီလိုပါပဲ။ ပေးဆပ်မှုနည်းနည်းများမယ်ထင်ရတဲ့ တိုက်ပွဲဆိုရင် ဒီလိုလုပ်တတ်တယ်။ ရွေးချယ်စရာ နှစ်ခုပေးတာပေါ့ဗျာ။ သေမလား သတ်မလားပဲ။ တိုက်စရာရှိတာကို မဆုတ်မနစ်တိုက်ရင် ရန်သူ့လက်နက်နဲ့ထိပြီး ဂုဏ်ရှိရှိ သူရဲကောင်းလိုသေမယ်။ နိုင်ခဲ့ရင်လည်း ဆုလာဘ်တွေပိုရမယ်။ အဲဒါပေမဲ့ ဆုတ်ရင်တော့ နာမည်ပျက်နဲ့ သေမယ် ဆွေစဉ်မျိုးဆက် သူရဲဘောကြောင်သသူ အမျိုးဆိုပြီး ဂုဏ်သိက္ခာကျဆင်းမယ်။ မိတ်ဆွေတို့ဆိုရင်ရော ဘာရွေးမလဲ။

အဖြေက တူတူပါပဲ။ ဒုတိယအကြိမ်မှာ ပထမအကြိမ်ထက် အားမာန်တက်တက် ရှုပ်ရှုပ်ချုံချုံ တိုက်တာပဲ။ ဒါပေမဲ့ ပထမအကြိမ်ကထက် ပိုပြီး အထိအခိုက်များတယ်။ ခံတပ်မပေါက်ဘူး စစ်မြေပြင်ကို ကိုယ်တိုင်ကြည့်နေတဲ့ အလောင်းမင်းတရားကြီးက ထိုးမရရင် ဆုတ်မိန့်ပေးလိုက်လို့သာ ဆုတ်လာရတယ်။ တပ်တွေစိတ်ဓာတ်ပျက်မသွားသေးဘူး။ ဒီလိုစစ်ပျိုးနေတယ့်အချိန် အလောင်းမင်းတရားကြီးက တပ်တွေကို အနားပေးအစားကျွေးရင်း ပွဲလမ်းသဘင်တွေလုပ်ပြီး စိတ်ဓာတ်ပိုတက်အောင် လုပ်နေတယ်။ အဲဒီအချိန် မွန်တွေဘက်ကလည်း ဗျူဟာအသစ်တစ်ခုလုပ်ဖို့ ကြံစည်နေတယ်။ အသစ်ဆိုပေမယ့် နည်းကအဟောင်းပါ။ ဟံသာဝတီ အင်းဝ နှစ်လေးဆယ် စစ်ပွဲတုန်းက ဟံသာဝတီတွေအောင်ပွဲခံတဲ့ ဗျူဟာပေါ့။ အထက်အညာကတပ်တွေက ချီတက်လာရင် မြန်ပေမယ့် ထောက်ပို့ပြဿနာ အမြဲတက်တယ်။ ဒါကြောင့် ဧရာဝတီကို အခြေပြုပြီး

supply line ဆွဲရတယ်လေ။ လက်နက်ခဲယမ်း စစ်ကူနဲ့ အဓိက ရိက္ခာကို ရေကြောင်းက ပို့ရတယ်။ ရာဇမိရာဇ်တို့ခေတ်က မွန်တွေက ကွန်မန်ဒိုလှေတပ်တွေနဲ့ ဒီထောက်ပို့လမ်းကို ပိတ်တတ်တယ်။ အင်းဝတပ်တွေ ရိက္ခာပြတ်ပြီးဆုတ်ရတာချည်းပဲ။ အခုလည်းမွန်တွေက ပော်ာင်းပေမယ့် ကောင်း နေဆဲ နည်းဗျူဟာကြီးကို ပြန်သုံးတယ်။

သမိန်စက္ကဝတ် ဗညားမွန် ဦးစီးလက်ရွေးတိုက်လှေ ၂၀၀နဲ့ ရောဝတီကို ဆန်ပြီးတက်သွားတယ်။ အကြံအစည်က ထောက်ပို့လိုင်းကိုလည်းဖြတ် နောက်ကနေပြီးလည်းပတ်ဝိုင်းမယ်ပေါ့။ ဒါပေမဲ့ သူတို့တစ်ခုလိုသွားတယ်။ ကျွန်တော့်စာဖတ်နေကျ မိတ်ဆွေတွေကို သတိပြုမိလိမ့်မယ်၊ အလောင်းမင်းတရားကြီး ကိုယ်တော်တိုင် စစ်ချီလာရင် သားတော်ကြီး သားတော်လတ်တို့ နှစ်ယောက်က စစ်ကြောင်းတစ်ကြောင်းစီ ဦးစီးပြီး တစ်ပြိုင်နက် သုံးကြောင်းခွဲချီတက်လေ့ရှိတယ်။ မွန်အထူးရေတပ်က ပြည်မြို့အထက်က ဗမာရေတပ်ကိုဖောက်ပြီး အထက်ကို ဆန်နိုင်ပြီဆိုပြီး ပီတိဖြစ်လို့တောင်မဆုံးသေးဘူး။ မြင်းခြံနားမှာ သားတော်တွေရဲ့ စစ်ကြောင်းနှစ်ကြောင်းက ဧရာဝတီ အရှေ့အနောက်ညှပ်တိုက်တာ ပြုတ်ပြုတ်ပြုန်းကုန်ပါလေရော။ ဆုတ်သမျှလှေတွေလည်း ပြည်မှာ အဖမ်းခံရတာပဲ။ ဒီလိုမျိုး ဟံသာဝတီရေတပ်ကို ထောင်ချောက်ဆင်တိုက်ပြီး ထောက်ပို့လိုင်း လုံခြုံတော့မှ စစ်ကြောင်းအားလုံး ပြည်မှာလာစုပြီး မဟာထိုးစစ်ကြီး တစ်ခုစဖို့ စုဖွဲ့မှုတွေလုပ်ပါတော့တယ်။

(၁၁)

ပြည်တိုက်ပွဲပထမပိုင်းမှာ ဦးအောင်ဇေယျတပ်တွေ အထိနာပေမဲ့ စိတ်ဓာတ်မပျက်တဲ့အပြင် ဟံသာဝတီအထူးရေတပ်ကို ချေမှုန်းပြီးတာကြောင့် ထိုးစစ်ကြီးတစ်ခုစတင်ဖို့ စုဖွဲ့လာပါတယ်။ တိုက်စစ်ရည်မှန်းချက်ကတော့ ရွှေဆံတော်ခံတပ်။

ရွှေဆံတော်ခံတပ်မှာ ဟံသာဝတီဥပရာဇာ စစ်သူကြီးတလပန်း

ဗညားယက္ခ ဗညားကျော် ဗညားအိန်လို လက်ရွေးတပ်တွေချည်း ခံစစ်ဆင်နေသလို အမြောက်စိန်ပြောင်း မြတပူ မီးပေါက် ထူလို့တိုက်ရခက်နေပါတယ်။ ဦးအောင်ဇေယျက အရင်ထိုးစစ် ၂ခုလို အလုံးအရင်းနဲ့ ဖိတိုက်တာမဟုတ်တော့ဘဲ၊ နည်းဗျူ ဟာသစ်တစ်ခု စပြီးသုံးပါတယ်။ အဝလေးတောင် အရှည်ဆယ်လံရှိတဲ့ ဆလင်ဒါပုံစံခြင်းကျားကြီးတွေရက်ပြီး အတွင်းမှာ ကောက်ရိုးတွေကို ရေဆွတ်ပြီးသိပ်ထည့်ပါတယ်။ ဒါ့အပြင် အရှည်ရှစ်တောင်ရှိတဲ့ ဝါးလုံးရှည်တွေကို ထိပ်ဝတစ်တောင်ကိုအဆစ်ထွင်း အတွင်းမှာ ကတ္တရာ ငရုတ် ယမ်းစိမ်းတွေသိပ်ပြီးမီးစာကြိုးတပ်ထားပါတယ်။ အဝဘေးမှာလည်း အရှည်တစ်တောင်လောက်ရှိတဲ့ ဝါးဆစ်လေးလုံးပူးချည်ပြီး အတွင်းမှာ ချော် ငရုတ် ယမ်းမှုန့်တွေအပြည့်ဖြည့်ထားတဲ့ ရှူ့မီးဆိုတဲ့ လက်နက်သစ်တစ်မျိုးကို လူစေ့ကိုင်ခိုင်းပါတယ်။ တက်တိုက်ရမယ့်တပ်ကတော့ နာမည်ကျော် တင်ကျည်းစွဲသူရဲတပ်ပါ။

ထိုးစစ်စတာနဲ့ ခြင်းကျားကြီးကို လှိမ့်ပြီး အနောက်မှာ တပ်တွေကပ်လိုက်သွားတာပါ ခံတပ်ပေါ် ကပစ်နေတဲ့ လက်နက်တွေက ခြင်းကတုတ်တွေကို မဖောက်နိုင်လို့ ခံတပ်ခြေရင်းနားအထိ အထိအရှုနည်းနည်းနဲ့ရောက်လာပါတယ်။ ခံတပ်အခြေကိုကပ်တာနဲ့ ရှူ့မီးတွေကို မီးရှို့လိုက်တာနဲ့ ယမ်းငရုတ်ညော်တွေက ခံတပ်ပေါ် ကို သိပ်သည်းအောင်ရောက်သွားပါရော။ ဘယ်လောက်စိတ်ဓာတ်ခိုင်ပါတယ်ပြောပါစေ ဒီနေ့ခေတ်မျက်ရည်ယိုဗုံးလို အနံ့ဆိုးကြီးကို ဘယ်ခံနိုင်မလဲ။ ဆင်းပြေးရတော့တာပဲ။ ဆင်းမပြေးတဲ့လူတွေလည်း မွန်ထူနေတာနဲ့ ဘာမှမလုပ်နိုင်တော့ပါဘူး။ အဲဒီအချိန်ကျမှာ လက်ရွေးစင်မြို့သိမ်းတပ်တွေဖြစ်တဲ့ တင်ကျည်းစွဲသူရဲတွေက တံတိုင်းပေါ် တက်သူကတက်၊ ခံတပ်အခြေကိုတူးဖြိုသူက ဖြိုနဲ့ ခံတပ်ပေါက်တာပဲ။ ခံတပ်ပေါက်ပြီဆိုတာနဲ့ အသင့်စောင့်နေတဲ့ ဆင်မြင်းခြေလျင်တပ်တွေက တဟုန်ထိုးတိုက်တာ ရွှေဆံတော်ခံတပ်ပျက်သလို မွန်တွေလည်း တစ်စစီကွဲပြီး အောက်ကိုစုန်ပြေးရတော့တယ်။

ဦးအောင်ဇေယျတပ်တွေက ထွက်ပြေးတဲ့ မွန်တွေနောက်ကို အောင်မြေချဲ့ပြီးလိုက်တိုက်တာ ပြည်ပတ်လည် မြေလတ်တစ်ခွင် သိမ်းမိ

ပါတယ်။ အလောင်းမင်းတရာကြီးက ပြည်မြို့အောက်က လွန်ဆေးမြို့ကို လျှင်မြန်စွာအောင်မြင်တော်မူကြောင်းနိမိတ်အဖြစ် မြန်အောင်သမုတ် ဗိုလ်ဝင်ခံပြီး မြေလတ်ဒေသတစ်ခွင် သိမ်းယူပါတယ်။ အရှေ့ဘက်က တောင်ငူဆီကို ညီတော်ကို စစ်ကြောင်းတစ်ကြောင်းနဲ့စေလွှတ်ပြီး သိမ်းခိုင်း လိုက်ပါတယ်။ ကျန်တဲ့တပ်တွေကတော့ အင်အားအားလုံးစုစည်းပြီး မြန်အောင် ဟင်္သာတ ဓနုဖြူ ဒလ ဒဂုန်အထိ ဆင်းလာပါတယ်။ ဒဂုန်မြို့ ဟောင်းကို တိုးချဲ့ပြီး ရှေ့ပြေး outpostအဖြစ် အခိုင်အမာခံစစ်ပြင်စေပြီး သေနတ်ဝန်မင်းကျော်ပျံချီ မုဆိုးချို မင်းခေါင်နော်ရထာစတဲ့ ဘယ်ညာ လက်ရုံးစစ်သူကြီးနှစ်ယောက်ကို လူတစ်သောင်းနဲ့ ရိက္ခာအပြည့်ဖြည့်ပြီး မိုးကျတော့မှာဖြစ်လို့ အညာကိုပြန်တက်သွားပါတယ်။ ဒဂုန်ရဲ့တစ်ဖက်ကမ်း မှာက ဟံသာဝတီရဲ့ကုန်သွယ်ရေးဆိပ်ကမ်းရော ရေတပ်ဌာနချုပ်ရော ဖြစ်နေတဲ့ သန်လျင်ခံတပ်ကြီးရှိနေပါတယ်။

မွန်တွေကတော့ ဒဂုန်မှာ ဗမာတပ်တွေ အခိုင်အမာပြုတပ်စွဲနေ တာဟာ အသည်းကြားမှာ ဆူးတစ်ချောင်းစူးဝင်နေသလိုပါပဲ။ ပဲခူးနဲ့ သန်လျင်ကို ဒဂုန်ကနေ ခွချက်ချက်ထားသလိုဖြစ်နေတော့ မိုးမကုန်ခင် ဒဂုန်ကို သိမ်းမှဖြစ်ပါမယ်။ ဘာဖြစ်လို့လဲဆိုရင် မိုးကုန်တာနဲ့ ဦးအောင်ဇေယျ ဟာ အထက်အညာကနေ စစ်ကူတပ်အလုံးအရင်းနဲ့ ဆင်းလာတော့မှာပါ။

(၁၂)

ဒဂုန်မှာ မင်းခေါင်နော်ရထာတို့ အခိုင်အမာပြုနေကြတော့ ဟံသာဝတီက မိုးရာသီစစ်ဆင်ရေးနဲ့ အခြေကြွအောင်လုပ်တော့တာပဲ။ အင်္ဂလိပ်နဲ့ပြင်သစ်ကလည်းမွှေသည်ပေ့ါ။ အထူးသဖြင့် အင်္ဂလိပ်ကပိုဆိုးတယ်။ အလောင်းမင်းတရား မြန်အောင်မှာ ဗိုလ်ဝင်ခံတုန်းက ဟိုင်းကြီးကျွန်းမှာ ကုန်သွယ်စခန်းနဲ့ ကုန်သွယ်ခွင့်ရဖို့ ပုသိမ်မှာကုန်တိုက်ဆောက်ဖို့ အမြောက် သေနတ်လေးမဖြစ်စလောက်နဲ့ လာပြီးခွင့်တောင်းတယ်။ အလောင်းမင်း တရားကတော့ ရှင်းရှင်းပဲပြောလိုက်တာ။ မွန်တွေကို လက်နက်မထောက်ပံ့နဲ့

မကူညီနဲ့ လိုချင်တာအကုန်ဖြည့်ဆည်းပေးမယ်။ ပြောတော့ အမိန့်တော်အတိုင်းပါ ဘုရားဆိုပြီး ခေါင်းညိတ်ခဲ့တာ။ အခုကျတော့ ဟံသာဝတီဘက်ကနေကူပြီး ရန်ကုန်ကိုတိုက်ပေးတာပေ့ါ။ ပြင်သစ်ကတော့ အစကတည်းက သန်လျင်မှာ ကုန်တိုက်ဆောက်ခွင့်ရထားတာဆိုတော့ ဟံသာဝတီကို ပေါ်တင်ကူညီတယ်။ လိုသမျှ အမြောက်သေနတ်ရောင်းပေးတယ်။ မြစ်ထဲကနေပစ်ကူပေးတယ်။

ဒဂုန်ကို ဟံသာဝတီက မိုးတွင်းလေးလလုံး အစွမ်းကုန် ထိုးစစ်ဆင်တာပဲ။ ဒါပေမဲ့ ဒါတွေကို ကြိုမြင်တဲ့ ဦးအောင်ဇေယျက မင်းခေါင်နော်ရထာလို ထိတ်ထိတ်ကြဲဗိုလ်ချုပ်ကိုထားခဲ့တာ မင်းခေါင်နော်ရထာကလည်း ၂၀ရာစုမှာ ခေတ်စားခဲ့တယ်။ ထိုးစစ်အသွင်ရှိသောခံစစ်(ရန်သူလာတိုက်သမျှပေခံနေတာမဟုတ်ဘဲ တန်ပြန်တိုက်စစ်တွေနဲ့ခုခံတာ)ကို ၁၇ရာစု တပ်မှူးတစ်ယောက်အနေနဲ့ စွမ်းရည်ပြခဲ့တော့ ဟံသာဝတီတပ်တွေ မြို့ကိုတောင် မဝိုင်းနိုင်ပါဘူး။ အလဲလဲအကွဲကွဲပြေးရတော့တာပါပဲ။ မိုးလေကင်းလွတ်တာနဲ့တစ်ပြိုင်နက် ချင်းတွင်းမြစ်ညာနဲ့ အင်းဝပတ်လည်က အင်အားတွေစုပြီး အလောင်းမင်းတရားကြီး စုန်ဆင်းလာပါတော့တယ်။ သေနတ်ဝန် သေနာပတိမင်းကျော်ပျံချီက ရှမ်းပြည်က အင်အားတွေကိုစုပြီး နောက်ရံ အနေနဲ့လာပါတယ်။ အရန်တပ်ဖွဲ့ကတော့ မြေလတ်ဒေသ အင်အားစုတွေကို တောင်ငူစားညီတော်ဦးစီးပြီး။ စစ်တောင်းမြစ်ဝှမ်းတစ်လျှောက် ဆင်းလာခိုင်းလိုက်ပါတယ်။

သမိုင်းဝင်သန်လျင်တိုက်ပွဲကြီးတော့စပြီပေ့ါ။ မွန်တွေအတွက်က ဒဂုန်က အရေးကြီးမြို့မဟုတ်ပေမဲ့ သန်လျင်ကတော့ ပင်လယ်ဆိပ်ကမ်းဖြစ်နေတာရယ် မဟာမိတ်ပြင်သစ်တွေရဲ့ ကုန်တိုက် သင်္ဘောကျင်းတွေရှိတာရယ်ကြောင့် မဟာဗျူ ဟာကျတဲ့မြို့ကြီးဖြစ်နေပါတယ်။ ဒါကြောင့်အိမ်ရှေ့ဥပရာဇာကိုယ်တိုင်ဦးစီးပြီး ပုသိမ်မြောင်းမြဘက်က အင်အားတွေအကုန်စုပြီး ခံစစ်ပြင်ထားပါတယ်။ ဟံသာဝတီရေတပ်ကရှိသမျှ အင်အားအကုန်လုံးကိုလည်း သန်လျင်ကိုပို့ထားလိုက်ပါတယ်။ ပြင်သစ်တွေဘက်ကလည်း လိုအပ်သမျှ စစ်လက်နက်တွေအပြင် စစ်ရေယဉ်သုံးစီးပါ အင်အားဖြည့်ပြီး

ဗမာဘုရင့်တပ်မတော်ကိုဟန့်တားနိုင်ဖို့ စရတော့တာပဲ။ ဟံသာဝတီဘက်က နေ စစ်သူကြီးတလပန်း ဒေါယဇ္ဇယ်စက်တို့ဦးစီးတဲ့ ကြည်းတပ်တွေက တာမွေ ကြည်မြင့်တိုင် ဒေါပုံလိုနေရာတွေမှာ ခံတပ်ကြီးတွေဆောက်ပြီး အဆုံးအဖြတ်စစ်ပွဲတစ်ခုအတွက် ပြင်ဆင်လာပါတော့တယ်။

နှစ်ဖက်အင်အားတွေကတော့ မွန်တွေဘက်က

-သန်လျင်မြို့စောင့်တပ် အင်အား၁၅၀၀၀

-ပုသိမ် မြောင်းမြဒေသက အင်အား၂၅၀၀၀

-ဟံသာဝတီရေတပ် လှော်ကား ကတ္တူ ဇလာကပင်း တိုက်လှေ ရဲလှေ ၈၀၀ တိုက်သင်္ဘော၄စီး အင်အား ၄၀၀၀၀~၅၅၀၀၀

-ပြင်သစ်ကြေးစားစစ်ဗားရီတပ်ရင်း နှစ်ရင်း အမြောက်တပ်ဖွဲ့ အင်အား ၃၀၀၀ခန့်

-ပြင်သစ်တိုက်သင်္ဘော သုံးစီး (တိုက်ပွဲအပြီးတွင် ပွန်ဒီချယ်ရီမှ သင်္ဘောသုံးစီးထပ်မံရောက်ရှိ)

-တာမွေ ဒေါပုံ ကြည်မြင့်တိုင်ခံတပ်များမှ ကြည်းတပ်အင်အား ၅၀၀၀၀

-ဒဂုန်မြို့အားဝန်းရံနေသော တပ်အင်အား ၂၀၀၀၀

စုစုပေါင်း ကြည်းရေနှစ်ရပ် ၁၅၀၀၀၀ကျော်

ဗမာဘုရင့်တပ်မတော်ဘက်မှ

-ဒဂုန်မြို့စောင့်တပ် အင်အား၂၀၀၀၀ခန့်

-ရွှေဘိုနှင့် အင်းဝအပါအဝင် အထက်မြစ်စဉ်မှတပ်များ (ဘုရင့်တပ်မ) အင်အား ၈၅၀၀၀

-သေနတ်ဝန်သေနာပတိဦးစီး ရှမ်းစော်ဘွားများ အင်အား ၆၅၀၀၀

-ဗမာ့ဘုရင့်ရေတပ်မတော် တိုက်သင်္ဘော ၁စီး တိုက်လှေရဲလှေ လှော်ကား ၁၂၀၀ အင်အား ၈၀၀၀၀

-မြေလတ်ဒေသပြည်ဝန်းကျင်မှ တပ်များ အင်အား ၂၀၀၀၀

-စစ်တောင်းမြစ်ဝှမ်းဒေသ တောင်ငူတပ်များ (အရန်တပ်ဖွဲ့) အင်အား ၂၅၀၀၀

စုစုပေါင်း ကြည်းရေနှစ်ရပ်အင်အား ၂၉၀၀၀၀ ဝန်းကျင်တို့ ပဲဖြစ်ပါတယ်။ နောက်အပိုင်းကျတော့မှ သန်လျင်တိုက်ပွဲ အစအဆုံး ရေးပေးပါ့မယ်။

(၁၃)

ဦးအောင်ဇေယျတိုက်ပွဲစဉ်တွေထဲက ဒုတိယ climax ဖြစ်တဲ့ သန်လျင်တိုက်ပွဲကို အပိုင်းနှစ်ပိုင်းခွဲပြီးရေးပါ့မယ်။ အင်းဝတိုက်ပွဲလိုပဲ ဒီတိုက်ပွဲကြီးက အင်အားသိန်းချီပြီးတိုက်ခိုက်တဲ့ မဟာတိုက်ပွဲတွေထဲက တစ်ခုပါ။ အင်အားချိန်ခွင်လျှာကတော့ ပြောင်းပြန်ဖြစ်သွားပြီပေါ့။ အရင်က မွန်တွေဘက်က အင်အားသုံးသိန်းကျော်နဲ့ဗမာဘက်က အင်အားတစ်သိန်း ဝန်းကျင်တိုက်ပွဲဖြစ်တယ်။ အခု သန်လျင်မှာတော့ မွန်က တစ်သိန်းခွဲ ဗမာက သုံးသိန်း။

အလောင်းမင်းတရားရဲ့ ဘုရင့်တပ်မနဲ့ ရေတပ်အင်အားစုတွေ ဒဂုန်ကိုရောက်ရှိလာချိန်မှာတော့ အင်အားချင်းဆတူဖြစ်သွားပါတယ်။ ဒုတိယစစ်ကြောင်းဖြစ်တဲ့ ရှမ်းတပ်တွေမရောက်လာသေးခင် ပြည်စစ်ကြောင်းကို ပုသိမ် ၃၂ မြို့ဘက်ကို ထိုးစစ်ဆင်ခြင်းနဲ့ တိုက်ပွဲကို စတင်လိုက်ပါတယ်။ သန်လျင်ခံစစ်ကိုမတိုက်ခင် ပထမဆုံးအနေနဲ့ ရှေ့ကာစခန်းဖြစ်တဲ့ ဒေါပုံခံတပ်ကို မင်းခေါင်နော်ရထာဦးစီးတပ်တွေနဲ့ ထိုးစစ်ဆင်ပါတယ်။ အရင် ပြည်ရွှေဆံတော်တိုက်ပွဲတုန်းကလိုပါပဲ ခြင်းကြားကတုတ်တွေ အကာအကွယ်ယူပြီး တိုက်တာ နှစ်ရက်အတွင်းဒေါပုံခံတပ်ကျပါတယ်။ ဟံသာဝတီနဲ့ သန်လျင်ကြားက ဆက်သွယ်ရေးစခန်းတွေဖြစ်တဲ့ တာမွေနဲ့ ကြည့်မြင့်တိုင်ခံတပ်တွေကို ပိတ်ဆို့ပြီး သန်လျင်ကို ကြည်းတပ်က ကမ်းတက်စစ်ဆင်ရေးစပါတယ်။ သန်လျင်မြို့က သစ်တပ်ခံတပ်မဟုတ်ဘဲ အုတ်ကျောက်နဲ့ဆောက်ထားတဲ့ အခိုင်အမာခံတပ်မြို့ပါ။ မြို့တောင်ဘက်

တစ်မိုင်အကွာမှာလည်း ပြင်သစ်ကုန်တိုက်နဲ့ ခံတပ်ကို အပြန်အလှန် အထောက်အကူပြုနိုင်တဲ့ အကွာအဝေးမှာ တည်ဆောက်ထားတာဖြစ်လို့ ကမ်းတက်စစ်ဆင်ရေးပြုလုပ်တဲ့ ဗမာ့ဘုရင့်တပ်မတော် အလဲအကွဲခံလိုက်ရပါတယ်။ ပိုဆိုးတာက လှိုင်မြစ်နဲ့ သန်လျင်နားမှာအခြေချထားတဲ့ ဟံသာဝတီပြင်သစ် ပူးပေါင်းရေတပ်ရဲ့ ပစ်ကူအောက်မှာ ဗမာဘုရင့်တပ်မတော် အထိအခိုက် အကျအဆုံးများပါတယ်။ ဒါကြောင့် အလောင်းမင်းတရားက ကြည်းတပ် စစ်ဆင်ရေးတွေကို ခေတ္တရပ်ဆိုင်းပြီး ဟံသာဝတီရေတပ်ကို ထိုးစစ်မြားဦး လှည့်လိုက်ပါတယ်။

ဗမာဘုရင့်ရေတပ်က ရှေ့ပြေးကင်းထောက်ရေတပ်နဲ့ ဟံသာဝတီကင်းလှည့်ရေတပ်က ဒေါပုံအောက်ဘက်မှာ စပြီးထိတွေ့မှုဖြစ်ပါတယ်။ တိုက်ပွဲအစမှာ ဗမာဘုရင့်ရေတပ်က အသာရပေမယ့် နိုင်လိုစိတ်ကြီးပြီး ဖိလိုက်မိတယ့်အချိန်မှာ ရေထဲက တိုင်ငုတ်တွေကြားမှာ ပိတ်မိပြီး တိုက်လှေငါးဆယ်လုံးကျပါတယ်။ ဦးစီးအရာရှိနှစ်ဦးနဲ့အနည်းငယ်သာ ရေကူးလွတ်မြောက်ခဲ့လို့ အထိနာခဲ့တယ်ဆိုပါစို့။ ရေတပ်စွမ်းရည်ချင်းယှဉ်ရင် အညာသားတွေအောက်သားတွေထက်ညံ့ပါတယ်။ (အမှန်ပြောတာပါ skillကွာပါတယ်။ ရေနဲ့ထိတွေ့မှုမှာ မွန်က ဗမာထက်သာပါတယ်) ပိုဆိုးတာက ပြင်သစ်ရေတပ်သင်္ဘောတွေနဲ့ ကျွမ်းကျင်ရေတပ်သားတွေပါ အင်အားဖြည့်ပေးထားတော့ ဗမာရေတပ်အထိနာပါတယ်။

အဲဒီတိုက်ပွဲအပြီးမှာတော့ ဗမာဘုရင့်ရေတပ်ရဲ့ဂုဏ်ဆောင်မှိုင်းသဲသဲတိုက်လှေကြီး(အင်းဝတိုက်ပွဲ) နဲ့ အသစ်တည်ဆောက်ထားတဲ့ အလံတင်စစ်သင်္ဘောရေနန်းစကြာဦးစီးတဲ့ main fleetကြီးဟာ ရန်ကုန်မြစ်ထဲမှာ full attack ပြုလုပ်ပါတယ်။ နှစ်ဖက်ရေတပ်တွေ တိုက်ပွဲအပြီးမှာတော့ ဗမာဘုရင့်ရေတပ်က ဒဂုန်ဆိပ်ကမ်းကိုဆုတ်ခွာခဲ့ရပြီး ရေနန်းစကြာအပါအဝင် တိုက်သင်္ဘောတိုက်လှေ ၃၀၀ကျော်ဆုံးရှုံးခဲ့ပါတယ်။ မွန်ပြင်သစ်ဘက်က တိုက်သင်္ဘောတစ်စီး တိုက်လှေ ၆၉စီး နှစ်မြုပ်ပျက်စီးပါတယ်။ ဒါကြောင့် ရေတပ်စစ်ဆင်ရေးကို အထောက်အကူပြုဖို့ ကြည်းတပ်က ကြည်မြင့်တိုင်ခံတပ်ကို ထိုးစစ်ဆင်ပြီးသိမ်းပိုက်ခဲ့ပါတယ်။

ကြည်မြင့်တိုင်ခံတပ်ဟာ ယခင်ကတည်းကနေ အင်္ဂလိပ်မြန်မာစစ်ပွဲကာလအထိ key point ဖြစ်ခဲ့ပါတယ်။ ကြည်မြင့်တိုင်ခံတပ်နဲ့ဆိပ်ကမ်းကို သိမ်းပိုက်အပြီးမှာ ဗမာဘုရင့်ရေတပ်ဟာ မီးဖောင်များကို အမြန်ဆုံးပြုလုပ်နေပါတယ်။ မီးဖောင်ဆိုတာ အလျား ငါးလံ အနံ သုံးလံရှိတယ့် ဝါးဖောင်ပေါ်မှာ ရေနံဆီ ကောက်ရိုး ထင်းခြောက် ယမ်းအစရှိတဲ့ မီးလောင်ပေါက်ကွဲလွယ်တဲ့ ပစ္စည်းတွေအပြည့်တင်ထားတာပါ။ ဖောင်တစ်ခုနဲ့တစ်ခုကို ကြိုးတွေနဲ့ချိတ်ဆက်ထားပြီး ရန်သူသင်္ဘောတိုက်လှေတွေကို ဝိုင်းပတ်မိအောင်တည်ဆောက်ထားပါတယ်။

မီးဖောင်တွေကို တည်ဆောက်ပြီးချိန်မှာတော့ ဒီရေကျချိန်ကို တွက်ပြီး ကြည်မြင့်တိုင်ဆိပ်ကမ်းကနေ မျှောချလိုက်ပါတယ်။ မီးဖောင်တွေနောက်မှာတော့ အလောင်းမင်းတရားရဲ့ ယုံကြည်အရဆုံး မင်းခေါင်နော်ရထာ မင်းကျော်ပျံချီ တို့ဦးစီးတဲ့ အထူးတိုက်ခိုက်ရေး ရေတပ်။ အဲဒီနောက်ကနေ main fleetတစ်ခုလုံး စုန်ဆင်းလာပါတယ်။ ဟံသာဝတီပြင်သစ်ရေတပ်နဲ့တိုက်ပွဲစတင်တာနဲ့ မီးဖောင်တွေကိုမီးရှို့ပြီး တရကြမ်းစီးနင်းတိုက်ခိုက်ပါတယ် ကျည်ဆန်အမြောက်ဆန်တွေကြားထဲကနေ မင်းခေါင်နော်ရထာနဲ့လက်ရွေးတပ်သားတွေက သင်္ဘောကျောက်ဆူးကြိုးတွေကနေ တွယ်တက်သူကတက် ရန်သူ့လှေကိုချိတ်နဲ့ချိတ်ဆွဲကပ်ပြီး အတင်းတိုက်ပါတယ်။ (မှန်နန်းတို့ဘာတို့ထဲကစကားအတိုင်းဆို အသားစားရအံ့ လို့ပဲဆိုပါတော့) ပြင်းထန်လွန်းတဲ့ ထိုးစစ်အောက်မှာ ရန်ကုန်မြစ်ရေဟာ သွေးလွှမ်းသွားပါတယ်။ မွန် ဗမာ ပြင်သစ်တပ်သားတွေအများအပြားကျဆုံးခဲ့ပါတယ်

ဟံသာဝတီပြင်သစ်ရေတပ်အုပ်စုဟာ လုံးဝရှုံးနိမ့်ပြီး ကြွင်းကျန်သမျှအင်အားစုတွေဟာ သန်လျင်ခံတပ်ထဲဝင်ပါသွားပါတယ်။ ဗမာဘုရင့်ရေတပ်ဟာ ပြင်သစ်တိုက်သင်္ဘောနှစ်စီး ဟံသာဝတီသင်္ဘော နှစ်စီးတိုက်လှေ ၄၅၀ကျော် လက်ရသိမ်းပိုက်နိုင်ပြီး လက်နက်ခဲယမ်းနဲ့ရိက္ခာတွေမရေ မတွက်နိုင်အောင်သိမ်းမိပါတယ်။ အသုံးအဝင်ဆုံးကတော့ ခေတ်မီအမြောက်တွေအများအပြားရရှိလိုက်တာပါပဲ။

ရေတပ်တိုက်ပွဲများကို အပြတ်အသတ်အနိုင်ရရှိပြီးချိန်မှာတော့ နောက်ရံတပ်မဖြစ်တဲ့ သေနာပတိသေနတ်ဝန်ဦးစိုး ရှမ်းစော်ဘွားတပ်တွေဟာ အင်အား ၄၅၀၀၀နဲ့စစ်ကူရောက်ရှိလာပါတယ်။ ရှေ့တန်းကွပ်ကဲရေး ဌာနချုပ်ကို သန်လျက်စွန်းမှာထားရှိပြီး သန်လျင်ခံတပ်ကို ရေအားကြည်းအားနဲ့ ပိတ်ဆို့ထားလိုက်ပါတယ်။ အမြောက်စိန်ပြောင်းတွေနဲ့ သန်လျင်ခံတပ်ထဲကို နေ့ညမပြတ်ပစ်သွင်းပြီး ရန်သူ့စိတ်ဓာတ်ပျက်အောင် ပြုလုပ်နေပါတယ်။ သေနာပတိ သေနတ်ဝန်သီရိပျံချီဦးကောင်းက မြို့သိမ်းတိုက်ပွဲဆင်နွှဲဖို့ တပ်တွေနဲ့အတူ သန်လျင်ဘက်ကမ်းမှာ ရောက်ရှိနေပါပြီ။

(၁၄)

သေနတ်ဝန်သေနာပတိသီရိပျံချီဦးကောင်းက သန်လျင်ခံတပ်ကို ချေမှုန်းဖို့ တပ်တွေကို line uppထိုးနေပါပြီ။ ပထမထိုးစစ်ကို ပြင်သစ်ကုန်တိုက်ရှိရာ ခံတပ်ကိုထိုးပြီး ယောင်ပြစစ်ကြောင်းက သန်လျင်ခံတပ်ကို တိုက်ဖို့ပြင်ပါတယ်။ ပြင်သစ်ခံတပ်က ကြေးစားစစ်ဗာရီတပ်ရင်း နှစ်ရင်းနဲ့ အမြောက်တပ်ဖွဲ့ရှိတဲ့အပြင် သန်လျင်ခံတပ်ကိုစိုးမိုးထားတဲ့နေရာဖြစ်လို့ မရအရ စစ်ထိုးရမှာပါ။ ထိုးစစ်မစခင် တပ်တွေကိုပြန်လည်ဖွဲ့စည်းတာတွေ ပွဲလမ်းသဘင်တွေပြုလုပ်တာတွေနဲ့ စိတ်ဓာတ်တက်ကြွအောင် ပြင်ဆင်နေပါတယ်။ ထုံးစံအတိုင်း တိုက်ရခက်မယ့် ထိုးစစ်ဆိုရင် နောက်ဆုတ်သူ သေဒဏ်ဆိုပြီးတပ်စဉ်ကို ဓားပြအမိန့်လှည့်ရပါတယ်။

ကဆုန်လဆန်း ၆ရက်နေ့မှာ သန်လျင်အထွေထွေထိုးစစ်ကြီး စတင်ပါတယ်။ ရန်ကုန်မြစ်ထဲက ဗမာဘုရင့်ရေတပ်နဲ့ သန်လျင်ဘက်ကမ်းက အမြောက်တပ်တို့ရဲ့ ပစ်ကူအောက်ကနေ စစ်ကြောင်းနှစ်ကြောင်းလုံး ဟန်ချက်ညီညီ ချီတက်ပြီးထိုးစစ်စပါတယ်။ မွန်တွေဘက်က သန်လျင်ခံတပ်မှာပဲ အခိုင်အမာခံစစ်ဆင်ထားလို့ ပြင်သစ်ခံတပ်အလွယ်တကူ ကျဆုံးသွားပါတယ်။ ပြင်သစ်ခံတပ်ကျပြီဆိုတာနဲ့ ပင်မစစ်ကြောင်းထိုးစစ်မြားဦးကို

သန်လျင်ခံတပ် တောင်ဘက်ကိုလှည့်ပြီးဝင်ဆောင့်ပါတယ်။ ဒါပေမဲ့ သန်လျင်ခံတပ်က ကျုံးကျယ်ပြီးနက်သလို တော်တော်မြင့်တဲ့ တံတိုင်းရှိနေလို့ ထိုးစစ်အဟုန်ကျပါတယ်။ စစ်ဦးမကျိုးရအောင် သေနာပတိကိုယ်တိုင် တပ်ဦးကနေတိုက်နေပေမဲ့ ထိုးစစ်မအောင်မြင်လို့ တပ်တွေဆုတ်ရပါတယ်။ နောက်ဆုံးစစ်ကြောင်းနှစ်ခုလုံးကို ထိုးစစ်မဆင်တော့ဘဲ သန်လျင်ခံတပ်နဲ့ အမြောက်တစ်ကမ်းအကွာအထိဆုတ်ပြီး ဝန်းရံရပါတယ်။

နောက်တစ်ကြိမ်ထိုးစစ်စဖို့အတွက် သေနာပတိ သေနတ်ဝန်ကိုယ်တိုင် တပ်တွေလိုက်စစ်နေရင်းနဲ့ သန်လျင်ခံတပ်တောင်ဘက်တံခါးမှ အမြောက်ကျည်သင့်ပြီး သေနာပတိဦးကောင်း ဒဏ်ရာအပြင်းအထန် ရသွားတယ်။ လက်အောက်ငယ်သားတွေသိရင် စိတ်အားငယ်မှာစိုးလို့ လူယုံတွေနဲ့တွဲပြီး လှေထဲဆင်း သန်လျက်စွန်းဆီကို ပြန်ပါတယ်။ အလောင်းမင်းတရားကသေနာပတိဦးကောင်း ဒဏ်ရာရပြီး ပြန်လာတာသိတာနဲ့ ဆုံးဖြတ်ချက်ချပြီဆိုပြီး ပြောလည်းပြော ကိုယ်တိုင်လှေဆိပ်မှာဆင်းကြိုပါတယ်။ အလောင်းမင်းတရားဦးအောင်ဇေယျရဲ့ ငယ်သူငယ်ချင်း လက်ရင်းတိုင်ဖော် တိုက်ဖက် သေနာပတိဦးကောင်းဟာ သူ့အရှင် လက်ပေါ်မှာတင် ဆုံးပါးသွားပါတော့တယ်။ သေနာပတိကျဆုံးတာနဲ့ တစ်ပြိုင်နက် သန်လျင်ကိုရံထားတဲ့ တပ်မတွေကို ဆုတ်ခွာခွင့်ပေးပြီး အကြီးဆုံး ဂုဏ်ပြုအခမ်းအနားနဲ့ သင်္ဂြိုဟ်လိုက်ပါတယ်။

မွန်တွေကတော့ ဗမာတွေကြောက်ပြီး နောက်ဆုတ်ပြီထင်နေပါတယ်။ အလောင်းမင်းတရားကြီးကတော့ စစ်နည်းဗျူဟာသစ်တစ်ခုကို ကြံစည်နေပါတယ်။ ပထမဆုံးကတော့ မာပေ့ကောင်းပေ့ဆိုတဲ့ တပ်ဖွဲ့တွေကနေ လက်ရွေးဒေါင်ဒေါင်မြည်သူရဲတွေကို စုစည်းလိုက်ပါတယ်။ စုစုပေါင်း လက်ရွေးစင် ကိုးကျိပ်သုံးယောက်ရလာချိန်မှာတော့ အားလုံးကိုစုစည်းပြီး အမိန့်ထုတ်ပါတယ်။ ဒီ သူရဲ ၉၃ယောက်ဟာ သန်လျင်ခံတပ်ကို ကွန်မန်ဒိုနည်းနဲ့ အသေခံထိုးဖောက်တိုက်ခိုက်ရမှာဖြစ်ပါတယ်။ အမိန့်ထုတ်ပြီးတာနဲ့ လက်ရွေးသူရဲတွေကို နေ့တိုင်းရွှေတော်ခေါ်ပြီး မနက်ညစာတွေကို ဘုရင့်ပွဲတော်အုပ်နဲ့ကျွေးမွေး ရွှေငွေပုံပြီး နိုင်သလောက်ကျုံးခိုင်းပါတယ်။ အရင့်

အရင်နည်းတွေနဲ့တော့ကွာတာပေါ့။ အရင်က မြို့ထဲ အသေခံဝင်ရမယ့်သူတွေဆိုတာ မြို့သိမ်းတိုက်ပွဲပြီးမှ ဆုလာဘ်ရတာဆိုတော့ အခုနည်းက တိုက်ပွဲမစခင်စိတ်ဓာတ်ကို အမြင့်ဆုံးတင်ပေးလိုက်တာပါပဲ။ အဲဒီလို သူရဲကောင်းတွေကို ပြုစုချီးမြှင့်ပြီး ယရက်ဖြစ်တဲ့ ဝါခေါင်လဆုတ် ၈ရက်နေ့မှာ သန်လျင်ခံတပ်ပေါ်ကို အသေခံလက်ရွေးသူရဲ ကိုးကျိပ်သုံးယောက်ဟာ ညအမှောင်ကို အကာအကွယ်ယူပြီ စတက်ပါတော့တယ်။ သူရဲကောင်းတွေရဲ့ခေါင်းပေါ်မှာ အလောင်းမင်းတရားကြီးကိုယ်တိုင် စီမံပေးလိုက်တဲ့ သားရေခေါင်းဆောင်းတစ်ခုစီပါပါတယ်။ သစ်မာသားနဲ့အခံပြုလုပ်ပြီး ကောက်ရိုးခံပြီးအပေါ်က သစ်စေးလိမ်းထားတဲ့ သားရေအုပ်ထားပါတယ်။ မြို့ရိုးပေါ်က ရေနွေးပွဲလျှက်ရည်ပူ လက်နက်ကျောက်ခဲဒဏ် ခံနိုင်အောင်လုပ်ပေးထားတာပါ။

ဗမာတွေဆုတ်ပြီဆိုပြီးပေါ့လျော့နေတဲ့ သန်လျင်ခံတပ်စောင့်တွေ အလစ်အငိုက်မိကုန်ကြပါတယ်။ လက်ရွေးသူရဲတွေခံတပ်ပေါ်ရောက်တာနဲ့ နီးစပ်ရာမီးတင်ရှို့ ခံတပ်တံခါးတွေဖွင့်သူဖွင့်ဆိုတော့ ခံတပ်ထဲကတပ်တွေ ကွပ်ကဲမရဖြစ်နေချိန် အလောင်းမင်းတရားကိုယ်တိုင်ဦးစီးတဲ့ တပ်မကြီးဟာ အလုံးအရင်းနဲ့ထိုးစစ်ဆင်ပါတော့တယ်။ တစ်ညလုံးတိုက်ခိုက်အပြီးမှာတော့ မွန်နဲ့ပြင်သစ်တွေဟာ လက်နက်ချသူချ ထွက်ပြေးသူပြေးနဲ့ သန်လျင်ခံတပ်ကြီး ကျဆုံးသွားပါတော့တယ်။

## (၁၅)ဇာတ်သိမ်း

သန်လျင်ကျဆုံးပြီးချိန်မှာတော့ ဟံသာဝတီဟာ အခြေယိုင်သွားခဲ့ပါပြီ။ အားကိုးရတဲ့ ရေတပ်ကြီးလည်းမရှိတော့သလို မဟာမိတ်ပြင်သစ်တွေနဲ့လည်း အဆက်ပြတ်သွားပါပြီ။ ဒါကြောင့် ဟံသာဝတီကို အပြင်ခံတပ် ၂၅ ခု၊ အတွင်းခံတပ်ကြီးနဲ့ နှစ်ထပ်တည်ဆောက်ပြီး လူသူလက်နက်ရိက္ခာဖြည့်တင်းပြီး အခိုင်အမာခံစစ်ဆင်ရပါတော့တယ်။ အဲဒီလိုခံစစ်တည်ဆောက်နေချိန်မှာ အလောင်းမင်းတရားကြီးက ဒဂုန်ကို

ရန်အပေါင်းကို ကုန်စင်အောင်ချေမှုန်းအံ့ဟု နိမိတ်ဖြင့် ရန်ကုန်သမုတ်ပြီး ဗိုလ်ဝင်ခံပါတယ်။ မြို့ကိုလည်းတိုးချဲ့ပြီး သန်လျင်အစား ဆိပ်ကမ်းမြို့ အဖြစ်တည်ဆောက်နေပါတယ်။ ဒါ့အပြင် ပုသိမ် ၃၂ မြို့ကိုလည်း ငြိမ်ဝပ်ပိပြားရေးနဲ့ စည်ပင်ရေးလုပ်ဆောင်ရင်း တစ်မိုးခိုနေလိုက်ပါတယ်။ တပ်မတော်သားတွေကတော့ လယ်စိုက်ကိုင်းလုပ်ပေါ့။ မိုးကုန်တဲ့ အချိန်ကျမှ ဟံသာဝတီကိုစစ်ချီဖို့ စတင်ဆောင်ရွက်ပါတယ်။ သန်လျင်တိုက်ပွဲမှာ ရွှေဘိုတပ်တွေလည်းအထိအခိုက်များခဲ့တော့ အားပြန်မွေးတဲ့ သဘောဖြစ်မှာပါ။ အထက်အညာက စစ်ကူတွေလည်းစောင့်ရင်းနဲ့ပေါ့။ တစ်မိုးခိုနေရင်းနှင့် သစ္စာဖောက်ခဲ့တဲ့ အင်္ဂလိပ်တို့ကို မှတ်လောက်အောင်ဆုံးမရန် လုပ်ပါတယ်။ မြန်မာဘုရင့်သစ္စာတော်ခံ အာမေးနီးယန်းတပ်မှူးနှင့် လက်ရွေးတင်ကျည်းသူရဲ ၁၀၀သည် ဟိုင်းကြီးကျွန်းတွင် ခံတပ်ဆောက်နေတဲ့ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီစခန်းကို ကုန်သည်များ အယောင်ဆောင်ကာ စိမ့်ဝင်ပြီး စီးနင်းတိုက်ခိုက်ဖယ်ရှားပါတယ်။ ပုသိမ်ကုန်တိုက်ရှိ အင်္ဂလိပ်ကုန်သည်ခေါင်းဆောင်များကိုလည်း ဆင့်ခေါ်ကာ နောက်နောင်တွင် သစ္စာဖောက်ပါက ဤသို့ပြုမည်ကို သတိပေးလေသည်။

ဟံသာဝတီကိုမတိုက်သေးခင် စိတ်ဓာတ်စစ်ဆင်ရေးလုပ်တဲ့ အနေနဲ့ မြို့တံခါးနားမှာ စာသွားဆွဲခိုင်းပါတယ်။ လက်ရွေးမြင်းရည်တက်ဗိုလ်တွေက ဟံသာဝတီမြို့တံခါးတွေနားထိရောက်အောင်သွားပြီး စာချိတ်ပါတယ်။ လက်နက်ချရင်ချ မချရင် ချမယ်ဆိုတာတွေပေါ့ ဟံသာဝတီမှာလည်း စစ်တပ်ထဲမှာတစ်မျိုး နန်းတွင်းမှာတစ်မျိုးနဲ့ အဖွဲ့တွေကွဲနေပါပြီ။ ဘုရင်ကတော့ လက်နက်ချချင်တယ်။ စစ်သူကြီးတလပန်းနဲ့ အိမ်ရှေ့ဉပရာဇာက လက်နက်မချချင်ဘူးဆိုပြီး အဓိက အဖွဲ့နှစ်ဖွဲ့ကွဲပါတယ်။ အိမ်ရှေ့ဉပရာဇာဘက်မှာက စစ်သူကြီးတွေများတော့ လက်နက်မချတဲ့ဘက်က အလေးသာပြီး တိုက်ပွဲအတွက်ပြင်ဆင်ပါတော့တယ်။

စစ်သူကြီးတလပန်းကတော့ အရည်အချင်းရှိတဲ့ စစ်သူကြီးဆိုတော့ ရွှေဘိုတပ်တွေ ဟံသာဝတီကိုမဝိုင်းခင် ဦးအောင်ထွက်တိုက်ချင်တယ်။ ဒါပေမဲ့ အများစုက ခံစစ်ကိုပဲအလေးသာနေတော့ မခံချိမခံသာဖြစ်ပြီး

သူ့တပ်နဲ့အတူ ဟံသာဝတီကနေစစ်တောင်းမြို့ဆီထွက်သွားပါတော့တယ်။

ရွှေဘိုတပ်တွေကတော့ စစ်ရေးပြင်ဆင်မှုအားလုံးပြီးချိန်မှပဲ ဟံသာဝတီကို အေးအေးဆေးဆေးလာဝိုင်းပါတယ်။ ကုန်းလမ်းရေလမ်း အဆက်ဖြတ်ပြီး တင်းတင်းကျပ်ကျပ်ပိတ်ဆို့လိုက်ပါတယ်။ ပြီးမှ မြို့ဆီကို ချီတက်တိုက်ပါတော့တယ်။

မြန်မာလူမျိုးတို့သည် သတ္တိအရာ ဉာဏ်ပညာအရာတွင် မခေသောသူများပင်ဖြစ်သည်။

ယနေ့ခေတ်တွင် နိုင်ငံခြားတိုင်းတစ်ပါးသားများအား အထင်ကြီးလွန်းလှသည်။ မိမိသမိုင်းကို သိရန်ပင်မဆိုထား လှန်၍ပင်မကြည့်ချေ။ မြန်မာတို့၏စစ်ရေးစွမ်းရည်တွင် ရှေးမြန်မာစစ်အင်ဂျင်နီယာများ၏ စွမ်းဆောင်မှုများပါဝင်သည်။

ဟံသာဝတီပဲခူးကို လုပ်ကြံသောအခါ ပဲခူးမြို့သည် နှစ်ထပ် ခံစစ်ဆင်ထားသော မြို့ဖြစ်သည့်အပြင် ခံတပ် ၂၅ခုအား မြို့ပတ်လည်တွင်ထားကာ တစ်ခုနှင့်တစ်ခု မြေတံတိုင်း သစ်တပ်စည်းရိုးဖြင့် ဆက်စပ်ထားသည်။ အတွင်းခံစစ်သည် မူလ မြို့ရိုးနှင့်ကျုံးပင်ဖြစ်သည်။ ရွှေဘိုတပ်များ ဟံသာဝတီကို လုပ်ကြံသောအခါ အတွင်းမြို့ရိုးမြင့်ပေါ်မှ အမြောက်များပစ်လွှတ်ခြင်း အပြင်ခံတပ်တံတိုင်းမှ လေးမြား မီးပေါက်သေနတ်စိန်ပြောင်းမြတပူ ထူထပ်သဖြင့် အထိအပါးအရှုအနာထူလေသည်။ ထို့ပြင် ဆင်ခလုတ် မြင်းခလုတ် ညှောင့်ကျင်း ထူသဖြင့် ထိုခေတ်တွင် မြို့သိမ်းတိုက်ပွဲများတွင်အသုံးပြုသော ဆင်နှင့်ခြေလျင်ပူးပေါင်းစစ်ဆင်ရေးသည် အကြိမ်ကြိမ်လန်ကျခဲ့သည်။ ထို့အပြင် ယခင် ပြည်ရွှေဆံတော်ကုန်းတိုက်ပွဲနှင့် ဒေါပုံခံတပ်တိုက်ပွဲများတွင် အသုံးပြုခဲ့သော ခြင်းကျားကတုတ်ကြီးများကို အသုံးပြု၍မရတော့ချေ။ အဘယ်ကြောင့်ဆိုသော် ဟံသာဝတီပဲခူးသည် ချောင်းငယ်မြောင်းငယ်များထူထပ်ပေါများသလို မြေပြင်ညီညာမှုနည်းပါးသောကြောင့် ခြင်းကတုတ်များ အသုံးမဝင်တော့ချေ။ တိုက်ခိုက်လာသည်မှာလည်း လအတန်ငယ်ကြာခဲ့ပြီဖြစ်ချေသည်။

မိုးရာသီမတိုင်မီ ဟံသာဝတီပဲခူးကို သိမ်းပိုက်ရန်လိုသဖြင့်

မြန်မာတို့သည် ယနေ့ခေတ် တင့် နှင့်အလားတူသော လက်နက်ကိုတည်ဆောက်ကာ တိုက်ခိုက်ခဲ့သည်။ ထိုလက်နက်ကိုပြင်ဆင်ပုံမှာ နွားလှည်းမြင်းလှည်းကဲ့သို့ လှည်းအိမ်ကို အရင်တည်ဆောက်လေသည်။ ထို့နောက် ဘီးလေးဘီးတပ်ဆင်ထားသည့် လှည်းအိမ်ကို အလုံပိတ်အမြင့် တည်ဆောက်သည်။ တည်ဆောက်ပုံမှာ ပတ်လည်ကို သစ်မာသားများဖြင့် အရင်တည်ဆောက်ကာ အပေါ်မှ သံပြားအုပ်ထားသည်။ လှည်းအိမ်ရှေ့တွင် ငါးပိဿာဝင်အမြောက်နှစ်လက် (ခြောက်ပေါင်ဒါအမြောက်ဟု ယူဆရသည်)

သေနတ်ပစ်ပေါက် ဆယ်ခု musket သေနတ် ၁၀လက် ရှမီးအချောင်း၂၀ တပ်ဆင်ထားပြီး လှည်းအိမ်အပေါ်ဆင့်ကို ဆုံလည်ပုံစံတည်ဆောက်ကာ ရှစ်ပိဿာဝင်အမြောက်တစ်လက် စိန် နှစ်လက် ရှမီးဆယ်ချောင်းတပ်ဆင်ထားသည်။

ဘေးနှစ်ဖက်တွင် သေနတ်ပစ်ပေါက် နှစ်ဆယ် မီးပေါက်သေနတ်နှစ်ဆယ် စိန်တစ်လက်စီတပ်ဆင်ထားသည်။ အဆိုပါလက်နက်အားထိုခေတ်က လှည်းကတုတ်ဟုခေါ်သည်။ လှည်းကတုတ်တစ်ခုစီတွင် ရဲမက်ငါးဆယ်မှ တစ်ရာအထိ လိုက်ပါနိုင်သည်။ ထိုသို့လေးလံလှသော လှည်းကတုတ်မောင်းနှင်ရန် တိုက်ဆင်နှစ်စီးဖြင့် အသုံးပြုရသည်။ လှည်းကတုတ်များ တည်ဆောက်အသုံးပြုသောအချိန်မှစကာ အပြင်ခံတပ်များ တစ်ခုပြီးတစ်ခု ကျဆုံးကာ နောက်ဆုံးတွင်အတွင်းခံမြို့မှဟံသာဝတီဘုရင်လက်နက်ချလေသည်။ လက်နက်ချရုံတင်မကဘဲ သမီးပါဆက်ကာ အညွှံခံရလေတော့သည်။

ထိုအဖြစ်အပျက်ကို မခံမရပ်ဖြစ်နေသည်က ဟံသာဝတီအိမ်ရှေ့ဥပရာဇာတို့အဖွဲ့ဖြစ်သည်။ ထို့ကြောင့် . . . . . . ဘုရင်ကိုနန်းချကာ မြို့တံခါးကိုပိတ်လိုက်လေသည်။ ရွှေဘိုတပ်သည်လည်း နှစ်ပိုင်းကွဲသွားသည်။ မြို့တွင်းသို့ရောက်နေသောတပ်ဖွဲ့နှင့် မြို့ပြင်မှဝန်းရံသောတပ်ဖွဲ့ကွဲလေရာ အလောင်းမင်းတရားသည်လည်း စစ်ကြာရှည်လျှင်မြို့တွင်းရှိတပ်ဖွဲ့ချေမှုန်းခံရမည်ကို သိသဖြင့် သန်လျင်တိုက်ပွဲကကဲ့သို့

လက်ရွေးသူရဲများရွေးပြီး မြို့ရိုးကိုသိမ်းရန်ကြိုးစားလေတော့သည်။ ဒီတစ်ကြိမ်တွင်မူထိုတပ်ဖွဲ့မှာ အင်အား ၆၅၀ဖြစ်သည်။ တိုက်စစ်ဖွင့်သည်နှင့် သူပုန်တပ်များအလဲလဲအကွဲကွဲဖြင့်ပြေးရပြီး ဗမာတို့အောင်ပွဲဆင်လေသည်။ ထို့နောက် နောက်နောင်တွင် ဟံသာဝတီသားတို့မထကြွစေရန် နန်းတော်မှန်ကင်းအားဖြုတ်ချစေကာ မြို့ကို ပြန်လည်ပြု ပြင်လေသည်။ ထို့ကြောင့် ဟံသာဝတီ ပဲခူးသည် မင်းနေပြည်တော်ဘဝမှ သာမန်မြို့ကြီးတစ်ခု အဖြစ်အဆင့်ချခံရလေသည်။

ထိုကာလမှစတင်ကာ သာမန်အသည်သားဖြစ်သော ရွာသူကြီးဘဝမှ တတိယမြန်မာနိုင်ငံကိုထူထောင်ခဲ့သော အလောင်းမင်းတရားဦးအောင်ဇေယျ၏ ကုန်းဘောင်မင်းဆက် စတင်ခဲ့ပါတော့သည်။ ၁၈၂၄ အင်္ဂလိပ်ကျူးကျော်စစ်မတိုင်မီအထိ မြန်မာတို့သည် အရှေ့တောင်အာရှတစ်ခွင်တွင် စစ်အင်အားအတောင့်တင်းဆုံး အကြွယ်ဝဆုံးနှင့် အကျယ်ဆုံးသော နိုင်ငံတော်အဖြစ် တတိယမြောက်နိုးထလာခဲ့လေတော့သည်။



# အားမတန်သော်လည်း



# အားမတန်သော်လည်း

(၁)

တွင်စက်မှထွက်လာသော မောင်းတံအုံကို မျက်စိနားကပ်ကာ ကြည့်ရင်း စိတ်တိုင်းမကျသဖြင့် အနီးမှ တံစဉ်းကောက်ယူပြီး သေနတ်ဆရာဦးမြတစ်ယောက် ပိုထွက်နေသောအစွန်းများကို တိုက်ချနေတော့သည်။ အမရပူရလက်နက်စက်ရုံတော်တွင်ကား သေနတ်ဆရာ ဦးမြတို့လို သေနတ်လက်နက်ပညာရှင်များ နေရာအနှံ့တွင် အလုပ်ကိုယ်စီနှင့်ရှုပ်ပွေနေလေသည်။ စိတ်တိုင်းကျ ပြုပြင်အပြီးတွင် ဘေးနားတွင်ချထားသော ဟင်နရီမာတီနီရိုင်ဖယ်အား ကောက်ယူကာ ထိုမောင်းတံအုံကို အသားကျတပ်ဆင်ရင်း မောင်းဆွဲကြည့်လိုက် ခလုတ်ဆွဲကြည့်လိုက်ပြုလုပ်ကာ သေနတ်အလုပ် လုပ်မလုပ်ကို စမ်းသပ်ပြီး ကြိုက်မှသာ သေနတ်စင်တွင် ပြန်ထားလိုက်သည်။

"ကိုင်း မောင်ဖိုးရေ ဒီကနေ့အတွက် ဒို့ဆရာတပည့်တွေလုပ်ရမယ့် အရေအတွက်တော့ ပြီးတာပ။ သေနတ်တွေအကုန်စစ်ပြီး စက်ရုံဝန်ဆီ မောင်တို့ပဲသွားအပ်လိုက်သာပ"

"ဟုတ်ကဲ့ ဆရာခင်ဗျ"

တပည့်လေး ငဖိုးက သေနတ်များကိုစနစ်တကျ ထုပ်ပိုးရင်း ပြင်ဆင်နေသည်ကို ခေတ္တစောင့်ကြည့်ပြီး ဦးမြစက်ရုံတော်ထဲမှ ထွက်လာခဲ့တော့သည်။ စက်ရုံဝဆီသို့လျှောက်လာရင်း မိမိတို့စက်ရုံတော်၏ အထွက်အားကို ကျေနပ်နေမိသည်။ ယခု လက်ထက်တော်လေးလက်ထက်တွင် အမရပူရနှင့် စစ်ကိုင်းလက်နက်စက်ရုံများမှ စုစုပေါင်းတစ်လလျှင် ခေတ်မီရိုင်ဖယ် ၁၅၀ ဗထက်ခြိုက်သေနတ် အလက်ရေ ၂၀၀၀ နှင့် အမြောက် ၁၈လက် ထုတ်လုပ်နိုင်လေသည်။ မန္တလေး သံချက်ဖိုကြီးဆီမှ မီးခိုးတလူလူဖြင့် သံရည်ကျိုနေသလို ထိုသံချက်ဖိုကြီးဆီမှရလာသော သံတို့အား မိမိတို့လက်နက်ရုံတော်များဆီပို့ကာ ဘုရင့်တပ်မတော်အတွက် လိုအပ်သော လက်နက်ကိရိယာများထုတ်လုပ်နေကြသည်မှာ လက်ထက်တော်ကြီးနှင့် အိမ်ရှေ့မင်းတို့လက်ထက်ကပင်ဖြစ်တော့သည်။ လက်နက်ရုံတော်မှ အိမ်သို့ပြန်အလာတွင် အိမ်ရှေ့တွင် ကကြိုးတန်ဆာအစုံအလင်နှင့် မြင်းတစ်စီးချည်ထားသည်ကို တွေ့လိုက်ရသဖြင့် ခုနက ကြည်နူးသော စိတ်တို့လျော့ပါးသွားတော့သည်။ ဟိုသကောင့်သား အိမ်ပြန်လာပြန်ပြီထင်ပ။

ခြံဝန်းအတွင်းတွင် ဆော့ကစားနေသော သမီးငယ်အား ကောက်ယူချီပွေ့ရင်း အိမ်ပေါ်တက်လာစဉ် မကြားလိုသောအသံကို ကြားရတော့သည်။

"ဟိုမှာလာပါသကော အဘရဲ့သား လူရိုးကြီး"

အိမ်ဦးရှိ အဘတို့နားတွင်ထိုင်နေသော ငရွှေ၏ စကားသံသည် ဦးမြ၏ ဒေါသကိုလှုပ်ခတ်စေသော်လည်း သမီးငယ်နှင့်အဘတို့ရှိသဖြင့် စိတ်ပြန်ထိန်းရင်း စကားဆိုလိုက်တော့သည်။

"ရိုးသာပဲ ကောင်းသပ ငါ့ညီ ရာထူးအတွက်နဲ့တော့ လူအောက်တော့ မကျို့ရသာပ"

ဦးမြစကားကြောင့် ငရွှေမျက်နှာ ရဲခနဲဖြစ်သွားသည်။ နာလိုခံရခက်သောစကားဖြစ်သဖြင့် ပြန်ခွန်းတုံ့ပြန်လိုသော်လည်း အာစေးမိသလိုပင်ဖြစ်၏။

လက်ဖက်ရည်ဝိုင်းသို့ ဦးမြဲဝင်ထိုင်တော့မှ လေသံလျော့ကာ ပြောလိုက်တော့သည်။

"လူရိုးဆိုတာ အစ်ကိုက ကြီးပွားတိုးတက်ရာလမ်းမြင်လျက်နဲ့ မလိုက်ဘဲ ဒုံရင်းအတိုင်းနေလို့ပြောသပ"

"ကျုပ်အလုပ်က ဘာဖြစ်နေသတုံးဟ"

"တကယ်ဆို အစ်ကိုက ကျောက်မြောင်းအတွင်းဝန် ဖန်ချက်ဝန်ထောက်မင်းရဲ့ တပည့်ရင်းကြီးမဟုတ်သလိုပ။ အခု အစ်ကို့ဆရာ အထွတ်အထိပ်ရောက်နေသာတောင် ယခုလိုနေစိမ့်တာ အံ့ဩပ"

"ဟ ငါ့ဆရာ အထွတ်အထိပ်ရောက်သာ ငါနဲ့ဘာဆိုင်သပ"

"ဘာပဲဖြစ်ဖြစ်ပါလေ ဆရာ့အရိပ်ကခိုကောင်းပါရဲ့"

"တန်တော့ ငချွဲ မင်းလည်း ရွှေမြို့တော်က အကောင်တွေလို စိတ်နဲ့ ဒီစကားမဆိုနဲ့ အခု ငါ့လုပ်အားခ လစာရိက္ခာတော်က ငါ့အိမ်ထောင် အပြင် အဘတို့အမတို့ကိုပါ ကျွေးနိုင်ပ"

"ထားပါတော့လေ အလုပ်စကားပဲပြောတာပ"

စကားအကျယ်ကျယ်ဖြစ်မည်စိုးသဖြင့် ငချွဲစကားလမ်းလွှဲလိုက်သည်။

"ကိုင်း ဆိုစမ်း"

"အတွင်းဝန်မင်းဘုရား အမိန့်တော်ပါးလိုက်တာကတော့ အစ်ကို့အနေနဲ့ နောက်တစ်ပတ်ကစပြီး တုလွတ်ယဉ်ကျော် တိုက်သင်္ဘောတော်မှာ လက်နက်တပ်ဆင်ဖို့ အီတာလျံတွေနဲ့တိုင်ပင်ဖို့ ဖိတ်ခိုင်းလိုက်တာပ"

"အိမ်း ကောင်းပြီ ငါလာခဲ့မယ်လို့ အတွင်းဝန်မင်းကို ပြန်လျှောက်လိုက် ကိုမိုဒိုတို့နဲ့ပေါင်းပြီးလက်နက်တပ်ဆင်ဖို့ပဲမဟုတ်လား"

"အခြားတစ်ခုကျန်သေးသယ် အစ်ကို ကျွန်တော့်ဖို့ သေနတ်ကောင်းတစ်လက်လောက် ပြင်ပေးပါလို့"

"မင့် သေနတ်က ဘာဖြစ်နေလို့လဲ"

ကွမ်းရွက်ထဲ ဆေးထည့်ယာနေရင်း အစ်ကိုဖြစ်သူ၏ စူးစူး

အကြည့်ကြောင့် ငွေ့ ရွှေ တွန့်သွားတော့သည်။

"မိုးကောင်းဘက်ကို ကျွန်တော်စစ်ချီသွားရမှာမို့ သေနတ် အဟောင်းနဲ့ဆို မကိုက်လို့ သေနတ်သစ်လာလဲတာပ။ အခြားသူတွေ လက်ရာထက်စာရင် အကို့လက်ရာဆို စိတ်ချရလို့ပါ"

ငွေ့ရွှေ၏ အဖြေစကားကြောင့် သဘောကျသွားဟန်ရှိသော ဦးမြသည် ကွမ်းကို အားရပါးရဝါးရင်း ငွေ့ရွှေအား ပခုံးလှမ်းပုတ်ကာ ပြော လိုက်တော့သည်။

"လုပ်ပေးရသာပ ငွေ့ရွှေ၊ ငွေ့ရွှေ မင့်က ငါ့အလုပ်သာ အပြစ်ဆိုသပ ငါ့လက်ရာကျတော့ သဘောကျတယ် ကောင်းကွာ။ သန်ဘက်ခါ စက်ရုံကို မင့်တပည့်တစ်ယောက်လွှတ် ယူခိုင်းလိုက် ငါလုပ်ပေးထားမယ်။ သေနတ် လဲလှယ်တဲ့အမိန့်စာပါ ပါပါစေဟေ့"

အစ်ကိုဖြစ်သူက ပြုံးပြုံးဖြင့်ပြောလိုက်သဖြင့် ငွေ့ရွှေလည်း တဟဲဟဲဖြင့် ရယ်မိတော့သည်။

"အစ်ကို့ကို တစ်ခုလေးတောင်းဆိုချင်သပ။ သေနတ်မှာ ရွှေဇဝါနဲ့ ကျုပ်ဘွဲ့အမည်လေးထိုးပေးပ။ စရိတ်ကို ကျုပ်ခံပါ့မယ်"

"အမယ် ရွှေမြို့တော်က ရဲမက်တွေကတော့ ဒီလို ဂုဏ်တု ဂုဏ်ပြိုင်က လုပ်ချင်သာပ ဟေ့။ ရွှေဇဝါတော့မရဘူး ဒါပေမဲ့ စာလုံး တော့ထွင်းပေးလိုက်မယ် ဒါနဲ့မင့်ဘွဲ့အမည်က"

"မင်းကျော်သီရိပါ အစ်ကို"

ထိုအချိန်သည်ကား အေဒီ ၁၈၆၈ ရတနာပုံ ဒုတိယနန်းစံ မင်းတရားကြီးလက်ထက်တော်တွင်ဖြစ်လေသည်။

* * *

"မယ်မြ သာက ပဇာတွေတုံး"

"ထီလေ မောင်ကြီးရဲ့ အောင်ဘာလေ ထီ မြတ်နိဗ္ဗာန်ဆုကိုရည်စူး အလှူကြီးပေးလတ္တံ နိမိတ်နဲ့ နှစ်စောင်ထိုးလာခဲ့ပါသကော"

အောင်ဘာလထီစာရွက်များကို ကိုင်လျက်ပြန်ဖြေသော အိမ်သူ အားသနားရခက်စိတ်ဆိုးရခက်ဖြင့် ဦးမြ သက်ပြင်းချမိတော့သည်။ ရတနာ

ပုံနေပြည်တော်တွင် ထီရှုးတို့တစ်ခေတ်ထနေသည်မှာ ကြာလှပေသည်။ လက်မှတ်တစ်စောင်လျှင် နှစ်ကျပ်နှုန်းဖြင့်ဝယ်ရပြီး ပေါက်မဲသည် တစ်သောင်းဖြစ်သဖြင့် အသည်သားတို့ အိပ်မက်မက်လို့ကောင်းနေဆဲပင်ဖြစ်သည်။ ပါးရည်နပ်ရည်ရှိသော လူတချို့က အပျော်အနေဖြင့် တစ်စောင်တလေ ထီထိုးသော်လည်း အခြားသော အသည်သားအများစုကား အိပ်မက်နောက်ကောက်ကောက်ပါအောင်လိုက် နေကြမြဲပင်ဖြစ်သည်။ ထီတော်ကားတစ်လ နှစ်ကြိမ်ဖွင့်သည်ဖြစ်ရာ ထီကိုအရှူးအမူးထိုးနေကြတော့သည်။ ဘုရင့်ထီရုံတော်ကြီး လေးခု လက်ခွဲထီရုံများပါ အပါ တစ်လလျှင် ကျပ်ငွေ ခြောက်သောင်းဖိုးခန့်ရောင်းချရစမြဲပင်ဖြစ်သည်။ လူတစ်ဦး၏ တစ်လလုပ်အားခ ဒေါင်းဒင်္ဂါး တစ်ကျပ်ခွဲ နှစ်ကျပ်သာသာမျှပင်ရသော အချိန်တွင် ထီထိုးရန်အတွက် ရှိသမျှပေါင်နှံရောင်းချကာ ထိုးသူကထိုး ငွေချေးကာထိုးသူကထိုးဖြင့် မိုက်လုံးကြီးနေဆဲပင်ဖြစ်သည်။

ထိုထီရုံတော်များဖွင့်ရန်အကြံပေးသူကား မင်းတရား၏ ငယ်ပေါင်းရောင်းရင်း တောင်ထားဝယ်ဗိုလ် ရနောင်မောင်မောင်တုတ်။ မင်းတရားကြီးနန်းတက်ပြီး မကြာခင်မှာပင်၊ မတည်မငြိမ်မှုများကြောင့်ဘုရင့် ဘဏ္ဍာတော်တိုက်တွင် လျော့နည်းလာသောအခါ ဖြည့်တင်းရန်လိုအပ်လာခဲ့တော့သည်။ သဒမေအခွန်တော်ကို တိုးကောက်ပါက အသည်သားတို့ဆူပူမည်ကိုစိုးသဖြင့် အသည်သားတို့လည်းသဘောကျ ဘုရင့်အတွက်လည်း အဆင်ပြေမည့် နည်းကိုရှာရတော့သည်။ လစဉ် ထီရောင်းရငွေထဲမှ ၂၀၀၀၀ကို ဆုအဖြစ်ပြန်ထုတ်ပေးပြီး ကျန်ငွေတို့သည်ကား ဘုရင့်ဘဏ္ဍာတော်တိုက်တွင်းသို့တစ်ဝက်၊ ရနောင်စားဆီသို့တစ်ဝက်ရောက်တော့သည်။ ထီရုံတော်များမဖွင့်ခင် ယောအတွင်းဝန်နှင့်ကျောက်မြောင်းအတွင်းဝန်ကဲ့သို့ ခေတ်ပညာတတ် ပညာရှိအမတ်များက မလုပ်သင့်ကြောင်းပြောသော်လည်း ငယ်ရွယ်သော မင်းမိဖုရားတို့နားတွင် တာမစားလှပေ။ ပိုဆိုးသည်က ဘုရင့်ဘဏ္ဍာတော်နှင့်ပတ်သက်၍ မည်သို့သုံးရမည် မင်းအနေဖြင့် တိုင်းပြည်အား မည်သို့အုပ်ချုပ်ရမည် အစစသော အုပ်ချုပ်ရေးနည်းလမ်းများကို စုစည်းပြုစုရေးသားသော ရာဇသင်္ဂဟကျမ်းနှင့်ပတ်သက်၍

ယောအတွင်းဝန်မင်းကို မျက်နှာသာမပေးချေ။

ရောက်တတ်ရာရာစဉ်းစားနေရင်း ဦးမြတစ်ယောက် လေပူကြီး သာမှုတ်ထုတ်လိုက်တော့သည်။ နိုင်ငံတော်တွင်ကား အရာရှိဆိုးများ လူရာဝင်နေသလို စီးပွားရေးကျပ်တည်းစပြုလာတော့သည်။ သူ့ပုန်သူကန် သတင်းမှာလည်း ဟိုတစ်စဒီတစ်စထွက်ထွက်လာတတ်သလို မိမိတို့ စက်ရုံတော်များသည်လည်း ကျပ်တည်းလာတော့လေသည်။ ယခင်အင်ပြည့် အားပြည့် လုပ်နေရသော်လည်း ယခုအခါ စရိတ်စကချွတာသည့်အနေဖြင့် လုပ်တစ်ရက် မလုပ်တစ်ရက်ဖြင့် မီးခိုးတိတ်နေတော့သည်။ လက်ထက် တော်ကြီးရှိစဉ်က ရတနာပုံနေပြည်တော်ပတ်လည်တွင် မီးခိုးတလူလူ စက်သံတည်ညံဖြင့် လုပ်ဆောင်နေသော စက်ရုံတော်တို့ ယခုအခါ တိတ် ဆိတ်နေတော့သည်။ စရိတ်စကချွတာနေရသည့်အပြင် အချို့သော စက်ရုံတော်များအတွက် လိုအပ်သော စက်အပိုပစ္စည်းများအချိန်မီ ရောက် လာလေ့မရှိပေ။ မြန်မာတို့က လက်ငင်းငွေချေဝယ်ယူသဖြင့် သက်ဆိုင်ရာ နိုင်ငံများက ချက်ချင်းပို့ဆောင်ပေးသော်လည်း ရန်ကုန်နှင့် သရက် အကောက်ဂိတ်တို့တွင် မျောက်ဖြူတို့က ပိတ်ဆို့ပြီး ကြန့်ကြာအောင် လုပ်နေစမြဲပင်ဖြစ်သည်။

"ဆရာရေ ဆရာ"

"ဟေလက္ခာ ဒီမှာရှိတယ် တပည့်ရ ပဇာတွေအရေးကြီးလာ သာလဲ"

အတွေးနယ်လွန်နေစဉ် ခြံဝမှဝင်လာသော မောင်ဖိုး၏ ခေါ်သံ ကြောင့် ဦးမြပြန်ထူးလိုက်လေသည်။

ပြေးလာဟန်ရှိသော မောင်ဖိုးက ချွေးတို့ကို ပုဆိုးစွန်းဖြင့်သုတ်ရင်း "ဂေါဝိန်က ဆရာရှမ်းက ဆရာ့ကိုအရေးတကြီးခေါ် လိုက်တာခင်ဗျ"

(၂)

"တိုးဟ ခုတ်ဟ"

"သေနတ်စွဲသူရဲတွေသေချာအောင်ချိန်ပြီးပစ်"

တပ်မှူးလေး မင်းကျော်သီရိခေါ် ဦးရွှဲတို့၏ ကင်းတပ်ငယ်သည် ဗန်းမော်မှအရှေ့ဘက်သို့ကင်းတိုးစမ်း ချီတက်လာစဉ် တရုတ်ဓားပြဂိုဏ်းနှင့် ရုတ်ခြည်းတိုးမိခြင်းဖြစ်သည်။ မိုးကောင်းသူပုန်အရေးကိုနှိမ်နေရစဉ် အရှေ့ဘက်ဗန်းမော်ဆီသို့ တရုတ်ဓားပြများဝင်စီးမည်ကြားသဖြင့် တပ်များစေလွှတ်လိုက်ခြင်းလဲဖြစ်သည်။

နှင်းမှုန်ဝေဝေကြားတွင် ဘုရင့်တပ်မတော်သားတို့နှင့် ဓားပြတို့၏ ဓားချင်းယှဉ်သံ တစ်ချက်တစ်ချက်ထွက်လာသော သေနတ်သံ နာကျင်ညည်းညူသံတို့က မနက်ခင်းအရုဏ်ဦးကို ဖွင့်လှစ်လိုက်တော့သည်။ တရုတ်ဓားပြတို့က လူအားသာသော်လည်း မြန်မာဘုရင့်တပ်မတော်သားတို့ကား ဇွဲမလျော့ပေ။ တပ်မှူးလေး မင်းကျော်သီရိကိုယ်တိုင် ပစ္စတိုတစ်ဖက် ဓားတစ်ဖက်ဖြင့် ရဲမက်များကြားတွင် လူးလာခေါက်တုံ့ သွားလာထိုးခုတ်နေရင်း ထိုးလဟာ တိုက်လဟာ ဟူ၍ အားပေးနေသည်။ ဘုရင့်တပ်သားတို့တွင် သေနတ်ကိုယ်စီပါသော်လည်း မြူမသဲမကွဲအချိန်တွင် လူလုံးမကွဲသဖြင့် ပစ်ခတ်ရန်မလွယ်ပေ။

"ကိုင်းဟာ သေစမ်း"

ရှုပ်ထွေးနေသော စစ်မြေပြင်တွင် မင်းကျော်သီရိလည်း ဓားချင်းယှဉ် ခုတ်နေသော တရုတ်ဓားပြကောင်၏ဇက်ကို ဓားဖြင့်ကျကျနန ပိုင်းချလိုက်ပြီး အခြားတစ်ယောက်အား ပစ္စတိုဖြင့် ပစ်ချလိုက်တော့သည်။ ဘေးဘီသို့လှည့်လည်အကြည့်တွင် နှင်းကွဲစပြုလာလေပြီဖြစ်သဖြင့် မင်းကျော်သီရိက နံဘေးမှ သွေးသောက်ကြီးအား အမိန့်ပေးလိုက်သည်။

"သွေးသောက်ကြီး ဟော ဟိုဘက်က သစ်ပင်စုတွေကိုမြင်လား အဲဒီဘက်ကို မောင်မင့်လူ သုံးကျိပ်ကိုခေါ် သစ်ပင်ပေါ်တက်နေပ။ အပင်ပေါ်ကနေ တရုတ်ကောင်တွေကို သေနတ်နဲ့ကျကျနန ချိန်ပစ်နေ"

"မှန်ပ ဗိုလ်မင်း ဟေ့ ငကျော် ငဖဲ သောလှ မင့်တို့လူတစ်ကျိပ်စီက ကျုပ်နောက်လိုက်ခဲ့သာပ"

စစ်မြေပြင်တွင် သူ့လူကိုယ့်လူမကွဲလျှင် လက်နက်စွမ်းရည်ထိထိ ရောက်ရောက်မသုံးနိုင်သဖြင့် လူစုခွဲကာ တိုက်ခိုက်ရေးအဖွဲ့နှင့် ပစ်ကူ

အဖွဲ့ခွဲထုတ်လိုက်ခြင်းပင်ဖြစ်သည်။ မကြာမီမှာပင် နေလုံးပွင့်လာသည်ဖြစ်ရာ ကွင်းပြောင်ထဲရှိ တရုတ်တို့သည်သစ်ပင်ပေါ်မှ ရဲမက်တို့၏ ပစ်ကွင်းကောင်းများဖြစ်ကုန်တော့သည်။ တဖောင်းဖောင်းဖြင့်ပစ်ခတ်လိုက်သော သေနတ်သံများနောက်တွင် တရုတ်ဓားပြတို့ တဖြုတ်ဖြုတ်သေကုန်တော့သည်။ အစကတည်းက လူအားအသာဖြင့် မိုက်နေသောဓားပြတို့မှာ အခြေမလှသဖြင့်တစ်စတစ်စဖြင့် တစ်ဖွဲ့လုံးပြေးတော့သည်။ သို့သော် တရုတ်တို့ ပြေးသည့်ဘက်မှားချေပြီ။

မည်သည့်အချိန်က ရောက်နေမှန်းမသိသော တောင်ပေါ်ကချင်တို့သည် တရုတ်ဓားပြတို့နောက်မှ မောင်းသံတဒူဒူဖြင့်ပေါ်လာကာ သဲကြီးမဲကြီးဝင်ခုတ်တော့သည်။ ကချင်စစ်သည်တို့ တိုက်နေပုံက စစ်တိုက်နေသည်နှင့်မတူဘဲ ရန်ငြိုးကြောင့် သတ်နေသည့်ပုံနှင့်ပင် ပိုမိုတူဟန်ရှိသည်။တိုက်ပွဲအပြီးတွင် ကချင်တို့ဘက်မှ အကြီးအကဲဖြစ်ဟန်တူသူတစ်ဦးက မင်းကျော်သီရိဆီသို့ရောက်လာတော့သည်။

"သွေးသောက်က မင်းကျော်သီရိ ဟုတ်လေစ"

"အဟုတ်ပေါ့ ဒူဝါ ဒါပေသိ ဒူဝါတို့က ဘယ်သူတွေများလဲ"

"ငါက ဖုန်ကန်ဒူဝါပါ သွေးသောက် ဟောသာက ငါတို့ရွာက ညီနောင်တွေပ"

ဖုန်ကန်ဒူဝါဟူသော နာမည်ကြောင့် မင်းကျော်သီရိနှင့် ရဲမက်တော်တို့ ချက်ချင်းနောက်ဆုတ်ကာ အလန့်တကြားဖြစ်သွားသည်။ အဘယ့်ကြောင့်ဆိုသော် မိုးကောင်းသူပုန်များထဲတွင် တောင်ပေါ်ကချင်များဘက်မှ ဖုန်ကန်ဒူဝါသည် ခေါင်းဆောင်တစ်ဦးဖြစ်မှန်း ဘုရင့်တပ်မတော်သားတို့ သိထားသောကြောင့်ဖြစ်သည်။ ရဲမက်တော်တို့ရှုတ်ရှုတ်သဲသဲဖြစ်သွားသည်ကို မြင်လိုက်သော ဖုန်ကန်ဒူဝါက ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီး ခါးတွင်ချိတ်ထားသော စာလိပ်ဘူးအား ဖြုတ်ကာ ပစ်ပေးလိုက်တော့သည်။

"ငါရို့က အခု သူပုန်မဟုတ်ကြပါသကော မင်းကြီးရွှေလှံဗိုလ်ရဲ့ အမိန့်အရ ဗန်းမော်ကိုစစ်ကူချီလာသပ"

စာလိပ်ဘူးထဲမှ အမိန့်စာကိုဖတ်ပြီး အဖြစ်အပျက်အလုံးစုံကိုသိလိုက်ရသော ဦးရွှေသည်လည်း အားတုံ့အားနာဖြစ်ကာ ဖုန်ကန်ဒူဝါအား တောင်းပန်ရတော့သည်။

* * *

လက်ထက်တော်ကြီးနတ်ရွာစံကံကုန်ပြီး ရတနာပုံ နေပြည်တော်တွင် မင်းပြောင်းမင်းလွှဲကိစ္စ နန်းတွင်းအရေးတို့ရှုပ်ထွေးနေချိန်တွင် အဝေးမြို့ဝန်တို့ထံ အာဏာဖြန့်ကြက်မှုအားနည်းခဲ့သည်။ ထိုအားနည်းမှုကို အခွင့်ကောင်းယူကာ မတရားအခွန်ကောက်ခံခြင်း၊ နယ်သူနယ်သားတို့အားဖိနှိပ်ခြင်းတို့ ဆောင်ရွက်ကြတော့သည်။ မိုးကောင်းတွင်လည်းမြို့ဝန်က စစ်ကဲတော်မင်းအား မကွာရာမင်းသား၏လူဆိုကာ ဖမ်းဆီးသတ်ဖြတ်ပြီး ဘုရင်တစ်ဆူသဖွယ်နေလေသည်။

(မြန်မာမင်းတို့အုပ်ချုပ်ရေးစနစ်တွင် အဝေးမြို့များအား စစ်ဘက်နယ်ဘက်အာဏာခွဲဝေကာ ကိုင်တွယ်ခိုင်းလေ့ရှိသည်။ အရပ်ဘက်အာဏာတွင် မြို့ဝန်မင်းအား ပြန်လည်ထိန်းရန် စစ်ကဲတော်မင်းများအား စစ်ဘက်အာဏာပေးကာ ထားလေ့ရှိသည်။ စစ်ကဲတို့အာဏာတစ်ဖက်စွန်းမရောက်စေရန်လည်း မြို့ဝန်တို့က ပြန်လည်ထိန်းညှိပေးရသည်။ ယခုလို စစ်ကဲတော်မင်းအား သတ်ဖြတ်ခြင်းသည် မိုးကောင်းမြို့ဝန်အား မိုးကောင်းနယ်တွင် အာဏာအကန့်အသတ်မရှိ ပေးလိုက်သည့် သဘောပင်ဖြစ်သည်)

ထိုမြို့ဝန်၏ မတရားဖိနှိပ်ညှဉ်းပန်းမှုကို မခံစားနိုင်သော မိုးကောင်းနယ်ရှိ ဗမာ ကဒူးကနန်း ရှမ်း ကချင်တို့သည် လူအင်အားစုကာ ပုန်ကန်တော့လေသည်။ ပထမပိုင်းတွင် မိုးကောင်းဝန်က မိုးကောင်းတပ်များနှင့် နှိမ်နင်းသော်လည်း ရန်သူအင်အားကြီးသဖြင့် နေပြည်တော်သို့လိမ်လည်ကာ ၎င်း၏ အပြစ်ကိုဖုံးပြီး မိုးကောင်းတွင် သူပုန်ထနေသဖြင့် ဘုရင့်တပ်များစေလွှတ်ရန် ကြေးနန်းပို့လိုက်တော့သည်။ အဝေးမြို့ဝန်စကားကိုယုံသော ရွှေနန်းတော်မှ မိုးကောင်းသို့ ဘုရင့်တပ်များ စေလွှတ်တော့သည်။ ရှေ့ဝင်းမှူးဦးစီး ရဲမက် ၂၀၀၀ မြင်း ၁၅၀ အမြောက် ၂၀ဖြင့်

မိုးကောင်းသို့စစ်ကူလွှတ်သော်လည်း တစ်ဖက်နှင့်တစ်ဖက် အားတူနေသဖြင့် မတိုးမဆုတ်နိုင်ဖြစ်နေတော့သည်။ ဘုရင့်တပ်ကလည်း သူပုန်တို့ကို မချေမှုန်းနိုင် သူပုန်တို့ကလည်း မြို့ကိုမသိမ်းနိုင်ဘဲ စစ်အိုးနေတော့သည်။ မိုးကောင်းအရေးအခင်း မပြီးသေးခင်မှာပင် ဗန်းမော်ဘက်သို့ တရုတ်နယ်စပ်တွင် ခိုးဆိုးလုယက်သောင်းကျန်းနေသော ဓားပြဂိုဏ်းတို့ နေ့ဝင်လိမ့်နိုးနိုး ညဝင်လိမ့်နိုးနိုးဖြင့် တစ်မြို့လုံးကျိုးလန့်စာစားဘဝ ရောက်နေတော့သည်။

နန်းတက်ကိစ္စများဆောင်ရွက်အပြီးနိုင်ငံတစ်ဝန်း ပြန်လည်ငြိမ်သက်အောင်ပြုလုပ်ရန် တာဝန်မှာ ဘုရင့်အစိုးရတာဝန်ပင်ဖြစ်၏။ ထိုကြောင့် အထက်မြစ်စဉ်အား ငြိမ်ဝပ်အောင်ပြုရန် ကောလင်းမြို့စားရွှေလုံ့ဗိုလ်မင်းကြီးမဟာမင်းခေါင်နော်ရထာအား အကြီးအမှူးခန့်ကာ နေပြည်တော်ရှိ ဘုရင့်တပ်မတော်မှ ဖောင်ဝန် သူရဲစုဝန် ယွန်းဝန်တို့တပ်များပါအပါအဝင် အင်အား ၁၆၅၀ လေးလက်မမော်တာကြီး ငါးလက် အမြောက် ၁၈လက်ဖြင့် ချီလာခဲ့တော့သည်။ မိုးကောင်းနယ်အရောက် စစ်မှုရေးရာကိုစုံစမ်းရင်း အသည်သားတို့ထံမှ သတင်းရရှိမှုပင် မိုးကောင်းဝန်၏ ယုတ်မာမှုကို မင်းကြီးရွှေလုံ့ဗိုလ်အပါအဝင် နေပြည်တော်မှအရာရှိကြီးများ သိရတော့သည်။ သိသိချင်းပင် ချက်ချင်း မိုးကောင်းဝန်ကိုဖမ်းဆီးပြီး နေပြည်တော်သို့သံကြိုးရိုက်ကာ မိုးကောင်းနယ် အရေးအခင်းအား မိမိကိုအာဏာကုန်လွှဲအပ်ရန် မင်းကြီးရွှေလုံ့ဗိုလ်က အမိန့်တောင်းခံလေသည်။ နေပြည်တော်မှ အာဏာကုန်လွှဲအပ်အပြီးတွင် မင်းကြီးရွှေလုံ့ဗိုလ်တို့အရာရှိကြီးများ အလုပ်များကုန်တော့သည်။ သူပုန်များအား စေ့စပ်ညှိနှိုင်းရမည့်အလုပ် နယ်ခြားဒေသတရုတ်ရန်ကို ကာကွယ်ရန် ဗန်းမော်အား တရုတ်ဓားပြတို့ရန်မှကာကွယ်ရန်အတွက် တပ်များရွှေ့ခြင်း ဆွေးနွေးခြင်းတို့အပြင် မြို့တွင်းရှိလူကြီးများထံမှ နယ်သူနယ်သားတို့ ယုံမှတ်သော အမှုထမ်းအရာထမ်းတို့အား ရာထူးပေးခြင်း သူပုန်တို့အားနားလည်အောင် ရှင်းပြစေခြင်းတို့ပြုလုပ်ရတော့သည်။

မိုးကောင်းနယ်သူပုန်ခေါင်းဆောင်တို့နှင့် မင်းကြီးရွှေလုံ့ဗိုလ်တို့

တွေ့ဆုံမှုအပြီးတွင် မိုးကောင်းနယ်တွင် စစ်မက်ငြိမ်သက်သွားတော့သည်။ မြို့ဝန်ဟောင်း ငရွှေသာ၏ ယုတ်မာမှုကြောင့် နစ်နာသွားရသော အသည်သားတို့အား လျော်ကြေးပေးခြင်း မြို့ဝန်ဟောင်းနှင့်အပေါင်းအပါတို့အား မိုးကောင်းမြို့လယ်တွင် ခေါင်းဖြတ်ကွပ်မျက်ပြခြင်း မိုးကောင်းနယ်သားတို့အကြိုက်ညီသူတစ်ဦးအား မိုးကောင်းဝန်အသစ်ခန့်အပ်ခြင်းတို့ ပြုလုပ်ပေးသည့်အပြင် ဆွေးနွေးမှုအရ သူပုန်ထသောသူတို့အား အပြစ်မယူဘဲ လွတ်ငြိမ်းချမ်းသာစေခြင်းအခွင့်အရေးများထပ်မံပေးအပ်လိုက်တော့သည်။ ထို့ပြင် ထိုသူများအား နယ်စပ်အရေးအခင်းတွင် ကူညီရန်အတွက်စေလွှတ်လိုက်လေသည်။ ထိုအဖြစ်အပျက်တို့သည်ကား တပ်မှူးလေး မင်းကျော်သီရိနှင့် ဖုန်ကန်ဒူဝါတို့မတွေ့ဆုံမီ လေးရက်အလိုမှအဖြစ်အပျက်များပင်ဖြစ်၏။

* * *

စခန်းအလယ်ရှိ မီးပုံကြီးပတ်လည်တွင်အောင်ပွဲအက ကနေသော ဘုရင့်ရဲမက်များနှင့် တောင်ပေါ်ကချင်တို့ကို ကြည့်ရင်း ဖုန်ကန်ဒူဝါနှင့် မင်းကျော်သီရိတို့စကားလက်ဆုံကြနေတော့သည်။ ခေါင်ရည်အိုးတစ်လုံး အလယ်တွင်ချကာ သူတစ်လှည့်ကိုယ်တစ်လှည့် စုပ်သောက်နေရင်း မင်းကျော်သီရိက မေးလိုက်လေသည်။

"ဒူဝါတို့မနက်က တိုက်တာတွေ့ပါသကော စစ်တိုက်သာထက် စာရင် အငြိုးရှိတယ်ထင်ပ"

"ဟုတ်သပ သွေးသောက်ရဲ့ ငါရိုကချင်တွေကိုဒင်းတို့နှိပ်စက်တာများပေါ့။ တောင်ပေါ်ကချင်ရွာတွေထဲဝင် ယောကျ်ားဆိုသတ် ပစ္စည်းလုမိန်းမဆို ပျိုအိုမရှောင် ကိုယ်ဝန်ဆောင်မချန် ဗလက္ကာရပြုလားပြုရဲ့။ အားမတန်လို့သာ တစ်ယောက်စနှစ်ယောက်စ ထချသပ။ အခုလို ပွဲကောင်းကြုံမှဖြင့် မြိန်မြိန်ကြီး အားရလောက်လုပ်သာပ"

ခေါင်ရည်တစ်ကျိုက်စုပ်ရင်း ဖုန်ကန်ဒူဝါ၏ အားရပါးရဖြေလိုက်ပုံကို သဘောကျစွာဖြင့် မင်းကျော်သီရိ ရယ်လိုက်သည်။

"အနို့ ကျုပ်မသိလို့မေးပါဦးမယ် မိုးကောင်းဝန်ရွှေသာက

အတော်ဆိုးသာလား သာလောက်ဆိုးနေသာကို ဘောက်မဲ့ကြောင့် နေပြည်တော်ကိုသတင်းမပေါက်သတုံး။ ကျုပ်တို့သာအသိမမြန်ရင် ဒူဝါတို့ ကျုပ်တို့အခုချိန်ဆိုတိုက်နေရရော ဟုတ်စ"

"မပေါက်ဆို ငါတို့က တောင်ယာခုတ် အမဲလိုက် နှစ်စဉ်အခွန်ပေး ရသာလောက်နဲ့တင်းတိမ်နေတော့၊ အမြင်အကြားမထိရောက်ပေစွ။ မိုးကောင်းဝန်က သာကိုအခွင့်ကောင်းယူပြီး နှိပ်စက်သာပဲ သွေးသောက် ပဲစဉ်းစားကြည့် ငါတို့နယ်သားတွေက သဒမေဓအခွန်တော်လည်းဆောင်ပ ရွှေခွန် ပွဲခွန်နဲ့ တောင်ခွန်ဆောင်နေတာ ထုံးစံပ ဒါပေသိ မိုးကောင်းဝန် ထပ်တိုးတဲ့အခွန်တွေကို စဉ်းစားကြစမ်း ဆား ငါးပိ စပါး ကူးတို့ နယ်ကူး မြင်မြင်သမျှအကုန်အခွန်ကောက်သပေါ့။ မရှိမသေ့စကား မစင်ခွန်ပါ ကောက်လို့ရရင်ကောက်မယ်ထင်ပ။ အခွန်လောက်ကောက်သာနဲ့သူပုန် တော့မထပါဘူး။ ဒင်းတို့က ရွာစေ့လိုက်ပြီး ဓားပြသာသာလုယက်နေတော့ သူပုန်ထရသပ"

"ဒူဝါတို့မပြောနဲ့ ကျုပ်ဆိုလည်း သူပုန်ထချင်စိတ်ပေါက်လာသဗျ။ မိုးကောင်းနယ်သားတွေလည်း ကျုပ်တို့ရွှေဘိုသားတွေလို မဟုတ်မခံ ပါပဲလား။ အခု တရုတ်ဓားပြတွေအားကကြီးတော့ ကျုပ်တို့တပ်တွေရော ဒူဝါတို့ပါ ပေါင်းတိုက်တောင် လွယ်မယ်မထင်ဘူး"

"ဒါ့အတွက် ပူမနေနဲ့သွေးသောက် နောက်မှ ငါတို့ကချင်တွေအပြင် မြေပြန့်ညီနောင် ဗမာ ကဒူး ရှမ်းတွေစစ်ကူလာနေပြီ ဝန်းသိုစော်ဘွား ကလေး မောင်အောင်မြတ်တို့လည်း မင်းကြီးရွှေလှံဗိုလ် ဖိတ်တာမို့ စစ်ကူ ဆင်းလာသယ်လို့ ငါ ထွက်မလာခင်ကကြားသပ။ ကန်စီးဒူဝါ ဆမားဒူဝါ တို့လည်း ကနေ့နက်ဖြန်ဆိုရောက်မယ်ထင်သား"

"သာလောက်စိတ်အားတက်နေသတော့ ဒူဝါတို့နဲ့ပေါင်းပြီး ပွဲအလီလီနွှဲရသာပ ကိုင်း ရဲမက်တို့ ညီစေနော်ဟေ့"

"ညီစေ ညီစေ"

မင်းကျော်သီရိ၏ လက်သီးလက်ရုံးဆန့်တန်းကာ ကြုံးဝါးလိုက်သံ နောက်တွင် ဘုရင့်ရဲမက်တို့နှင့်တောင်ပေါ်ကချင်စစ်သည်တို့၏ ကြွေးကြော်

သံကား မိုးကောင်းတောင်တန်းများဆီသို့ ပဲ့တင်ထပ်သွားတော့သည်။

* * *

ထိုကြုံးဝါးသံနှင့်အညီ ဘုရင့်တပ်မတော်နှင့် မိုးကောင်းတပ်များ ဝန်းသိုတပ်များ ပွဲအလီလီလက်တွဲကာနွှဲရတော့သည်။ မင်းကျော်သီရိနှင့် ဖုန်ကန်ဒူဝါတို့လည်း လက်တွဲကာ အပွဲပွဲနွှဲရင်း တစ်ဦးပေါ်တစ်ဦး ညီရင်းအစ်ကိုပမာဖြစ်လာသည်။ ခေါင်းဆောင်များတင်မဟုတ်ဘဲ အောက်လက်ငယ်သားများပါ စိတ်တူကိုယ်တူဖြစ်လာကြတော့သည်။ စစ်မြေပြင်တွင် ကချင်ရဲမက်တစ်ဦးထိပါက ဘုရင့်တပ်သားတစ်ဦးမဟုတ်တစ်ဦးက အတင်းတွဲထုတ်သွားသူကသွား ရေမြေသဘာဝအရ ဘုရင့်ရဲမက်တစ်ဦးဖျားနာပါက ကချင်ရဲမက်တို့က ဝိုင်းပြုစုသူကပြုစု စစ်နားချိန်တွင် အနီးအပါးရွာတို့ထံ အတူတစ်ကွသွားကာ လူပျိုလှည့်တန်လှည့် ပွဲလမ်းသဘင်ပျော်ရွှင်တန်ပျော်ရွှင်ဖြင့် နေအတူ သေအတူ စားအတူသွားအတူ ချစ်ခင်ကုန်ကြတော့သည်။ ညီနောင်များလက်တွဲညီညီဖြင့် တရုတ်ဓားပြစက်ကျင်တို့ ဂိုဏ်းကြီးအား နှိမ်နင်းကြရာ မုတ်သုံရာသီအပြီး ဆောင်းဦးဝင်စတွင် မြန်မာပြည်မြောက်ဖျား၌ အခြေအနေအားလုံးငြိမ်သက်သွားကြတော့သည်။

ဘုရင့်ရဲမက်တော်တို့ တာဝန်ထမ်းဆောင်အပြီး နေပြည်တော်သို့ပြန်မည့်ရက်မတိုင်ခင်ညတွင် နှုတ်ဆက်ပွဲသဘင်ပြုလုပ်သော်လည်း လေးလငါးလခန့်အတူတူ စစ်မြေပြင်တွင်အသက်ပေးစောင့်ရှောက်ကြသော ရောင်းရင်းတို့ မျက်နှာမကောင်းလှပေ။ ခွဲခွာခါနီးအပြန်အလှန်လက်ဆောင်လဲလှယ်ရာတွင် ဖုန်ကန်ဒူဝါက ၎င်းအမြတ်တနိုးဖြင့်ဆောင်သော ဝက်စွယ်ဂင်းပိတ်ကို မင်းကျော်သီရိကိုလက်ဆောင်ပေးသလို မင်းကျော်သီရိကလည်း အစ်ကိုဖြစ်သူလုပ်ပေးလိုက်သည့်အသစ်စက်စက် ပစ္စတိုသေနတ်အား ဒူဝါကိုပေးကာ လဲလှယ်ကြသည်။

* * *

မင်းကြီးရွှေလုံ့ဗိုလ်နှင့် မိုးကောင်းချီတပ်များသည် မြန်မာသက္ကရာဇ် ၁၂၃၄ ဝါဆိုလဆန်း ၂ရက်နေ့မှစစ်ထွက်ခဲ့ရာ နတ်တော်လဆုတ် ၉ရက်တွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိလာခဲ့ကြတော့သည်။ ပွဲလမ်းရသသော

အမှုထမ်း အရာထမ်းတို့အား ချီးမြှင့်မြှောက်စားပြီး အောင်ပွဲသဘင် ဆင်ယင်ရန်အတွက် အရှေ့ပြင် သူရဲစုဝင်းတွင် ပွဲခံကြလေတော့သည်။ အောင်ပွဲခံသည့်တပ်များမှာ မိုးကောင်းချီတပ်များချည်းသာမဟုတ်ပေ။ အောက်မြစ်စဉ်ကြောင်းချီသော လှေသင်းအတွင်းဝန်၏ တပ်များပါ ပါဝင်လေသည်။

ရဲမက်များ အခြားအရာရှိငယ်များနှင့်အတူ အောင်ပွဲသဘင်နွှဲနေသော မင်းကျော်သီရိတစ်ယောက် ပွဲတွင်လှည့်လည်နေရင်းတစ်နေရာ အရောက်တွင် အောက်မြစ်စဉ်ကြောင်းချီ အရာရှိငယ်များ၏ ဝိုင်းဖွဲ့ ပြောဆိုနေသောစကားသံကိုကြားမိသောအခါ စက်ဆုပ်စွာဖြင့် ဆိုလိုက်တော့သည်။

"ထွီ သာလား မင်းယောကျ်ားတို့ရဲ့ကတိစကားဆိုတာ"

(၃)

ယောကျ်ားစင်စစ် မင်းယောကျ်ားများသာဖြစ်သော ရဲမက်များ ကြားတွင် မင်းကျော်သီရိ၏ ထွီသံရှည်သည် တာစားသွားသည်။ စကားဝိုင်းဖွဲ့နေသော ရေတပ်အရာရှိများ၏ ဒေါသအကြည့်တို့သည် မင်းကျော်သီရိထံရောက်လာတော့သည်။ မင်းကျော်သီရိ၏ ထွီသံသည် ၎င်းတို့ကို ရည်ညွှန်းမှန်းသိသည်။ သို့ရာတွင် ကောလင်းမင်းကြီး ရွှေလှံဗိုလ်၏ လက်ရင်းဗိုလ်ဖြစ်သည်ကတစ်ကြောင်း လှေသင်း၏ ပညာရှင်ဦးမြ၏ ညီဖြစ်မှန်းသိသည်က တစ်ကြောင်း မပြောသင့်သော စကားကို မပြောသင့်သောနေရာတွင် ပြောနေမိသည့် ကိုယ့်အဖြစ်ကြောင့် ဒေါသကိုထိန်းကာ ထွက်သွားကြသည်။ သို့သော်ငြား လှေသင်းအမှုထမ်းတို့၏ စိတ်ထဲတွင်ကား အခဲမကြေ။

ပြောချင်တာကိုပြောလိုက်ရသဖြင့် စိတ်ကျေနပ်သွားသော မင်းကျော်သီရိလည်း ကျေနပ်သွားသည်။ ကျေနပ်သည့်အကြောင်းရင်းမှာ အောက်မြစ်စဉ်တွင် ထကြွသောသူပုန်တို့ကို သွားရောက်နှိမ်နင်းသော

လေ့သင်းအမှုထမ်းတို့၏ လုပ်ပုံကြောင့်ဖြစ်သည်။ အောက်မြစ်စဉ်ကြောင်းဖြစ်သော မကွေး မင်းဘူး အရာတော် ပခုက္ကူ မြင်းခြံနယ်တို့တွင်ဖြစ်ပျက်သော အကြောင်းအရာတို့မှာ မိုးကောင်းနယ်အရေးအခင်းနှင့်ဆင်ဆင်တူသည်။ နေပြည်တော်၏ အာဏာတော်စက်မဖြန့်နိုင်သေးခင်တွင် ကိုယ်ကျိုးရှာသူတို့၏ နှိပ်စက်မှု အခွန်အတုတ်ဖိစီးမှုတို့ကြောင့် ဆူပူနေတော့သည်။ အောက်မြစ်စဉ်အတွက် ထိန်းသိမ်းရမည့်သူကား ဘုရင့်ရေတပ်မတော်မှ လေ့သင်းအတွင်ဝန်မင်းပင်ဖြစ်သည်။

မိုးကောင်းနယ်တွင်ပြုလုပ်သည့်အတိုင်းပင် ဖိနှိပ်သောအရာရှိဆိုးများကို ဖမ်းဆီးအရေးယူကာ သူပုန်တို့နှင့် ဆွေးနွေးမှုပြုလေသည်။ ထိုသူပုန်သို့မဟုတ် မဟုတ်မခံများအားကိုယူကာ အမှန်တကယ် လုယက်ဆိုးသွမ်းနေသော ဓားပြများကို နှိမ်နင်းအပြီးတွင် မိမိစကားကို မိမိမတည်တော့ပေ။ ဖြုတ်ချခံရသော အရာရှိဆိုးများနေရာတွင် မိမိလူများသွင်းခြင်း ဓားပြတို့ကို အတူနှိမ်နင်းပေးသော သူပုန်ခေါင်းဆောင်များနှင့် နောက်လိုက်များကို ဖမ်းဆီးအကျဉ်းချခြင်း အမည်ပျက်စာရင်းသွင်းခြင်းတို့ပြုလုပ်တော့သည်။ အမည်ပျက်စာရင်းဆိုသည်မှာ ထိုသူ၏ နဖူးတွင် သူပုန်ခိုးသူ သူရဲဘောကြောင်သသူ အစရှိသော ထိုသူ၏ အပြစ်ကိုစုတ်ထိုးကာ ဘယ်လက်ဖျံတွင် "သတိထား" ညာလက်ဖျံတွင် "နောက်မမိုက်နဲ့" စာလုံးများကို စုတ်ထိုးထားခြင်းပင်ဖြစ်သည်။ ထိုသို့သောသူများသည် ရပ်ရွာတွင်မေးထူးခေါ် ပြောဆက်ဆံခြင်းမပြုဘဲ ကြဉ်ထားတတ်လေရာ အမည်ပျက်စာရင်းဝင်သည်။ အမှုတစ်ခုခုဖြစ်သည်နှင့် သက်ဆိုင်ရာ ရွာသူကြီး ရွာအုပ်မြို့အုပ် မြို့ဝန်တို့က ထိုသူတို့အား အရင်စစ်ကြောလေ့ရှိသည်။ အောက်မြစ်စဉ် သူပုန်အမည်ခံ ဖိနှိပ်ခံလူတန်းစားသည် မိအေးသုံးခါနာတော့သည်။ သူပုန်ထသဖြင့် ဘုရင့်တပ်နှင့်တိုက်ရသည်ကတစ်ခု အရာရှိဆိုးများနှိပ်စက်ခံရသည်ကတစ်ခု အမည်ပျက်စာရင်းဝင်သည်ကတစ်ခုဖြင့် နစ်နာတော့လေသည်။

ထိုအဖြစ်အပျက်များကို ဘုရင့်တပ်မတော်သားအချင်းချင်း အခြားအဆင့်မြင့်အရာရှိကြီးများကလည်းမနှစ်မြို့ပေ။ မှူးမတ်ပညာရှိတို့

ကလည်း မနှစ်သက်ပေ။ မင်းယောကျ်ားဟူသည် မိမိတို့ပြောသော စကားကတိကို တည်ရသည်ဟူသော စံအရ ဤသို့အလိမ်အညာပြုခြင်းသည် ယောကျ်ားပေါ့ ယောကျ်ားသွမ်း ယောကျ်ားမပီသသူတို့၏ လုပ်ရပ်ဟုသာ မြင်ကြသည်။ သို့သော်ငြား ထိုအုပ်စုတွင် ဓားထက်သော ရနောင်မောင်မောင်တုတ် ပါနေသဖြင့် လူသိရှင်ကြား ဖွင့်ပြောရန် မဝံ့ကြချေ။ ထို့ကြောင့် ပွဲသဘင်တွင် လေ့သင်းအမှုထမ်းတို့ ထိုအကြောင်းများကို ဝါကြွားပြောနေသည်ကို တားဆီးဝံ့သူမရှိပေ။

ဦးမြကတော့ဤသို့မဟုတ်ပေ။ ညီတော်မောင်၏ ပွင့်ပွင့်လင်းလင်းပြောမှုအား သဘောခွေ့သည်။ ညီအစ်ကိုချင်းမတည့်သည်သာရှိမည် ရင်းညီသည် ရွှေဘိုသားပီပီ မဟုတ်မခံဇာတိသွေးပါသည်။ ရဲရင့်ပါသည်ဟုတွေးမိသည်။

"ကိုမြ ဘာတွေပြုံးနေသလဲဗျ"

ဗျစ်ရည်ခွက်ကိုင်ရင်းရောက်လာသော ဦးရှမ်း၏ မေးသံကြောင့် ဦးမြတစ်ယောက် အတွေးစပြတ်သွားသည်။

"ငရွှေလုပ်သွားတာကို သဘောကျသဗျ"

"ကိုရင့်ညီက ရွှေလုံ့ဗိုလ့်တပည့်လို့မပြောရဘူး မှန်မယ်ထင်အတင်းကာရောလုပ်သာကဆိုးသယ် ငတုတ်တို့ဓားထက်ပါဘိသနဲ့"

"သာကိုမပူပါနဲ့ တုလွတ်ယဉ်ကျော်အတွက် ဘယ်လိုဆက်လုပ်ကြမလဲသာ စဉ်းစားရသာပ"

"ဟုတ်ပဗျာ မျောက်ဖြူ တွေကြောင့်ခက်ပါပေ့လား နက်ဖြန်ကုလားဖြူ ကိုယ်စားလှယ်ဆီ ကျုပ်သွားပါဦးမယ်"

"သွားသာလည်း ထူးမယ်တယ်မထင်ပါဘူး ဒင်းတို့က အကျင့်တန်လွန်းသဗျာ"

ဦးမြ၏ စကားကို ဦးရှမ်း သဘောတူလေသည်။ အဘယ်ကြောင့်ဆိုသော် တုလွတ်ယဉ်ကျော် တိုက်သင်္ဘောကို တည်ဆောက်ရာတွင် အရေးကြီးဆုံးဖြစ်သော သင်္ဘောအင်ဂျင်ကို အီတလီမှ ဝယ်ယူထားသော်လည်း ရန်ကုန်တွင် ကြန့်ကြာနေလေသည်။ ရန်ကုန်ဆိပ်ကမ်းတွင် ဗြိတိသျှ

တို့က အကြောင်းအမျိုးမျိုးပြကာ တင်သွင်းခွင့်မပေးသဖြင့် အီတလီမှပို့သော သင်္ဘောအင်ဂျင်သည် ရတနာပုံနေပြည်တော်ဆီသို့ရောက်မလာသေးချေ။

"ကိုင်း သာဆိုလည်း ကျုပ် လှေသင်းအတွင်းဝန်မင်းဆီလျှောက်ကြည့်သာပ ဒီအခြေအတိုင်းဆို ရတနာယဉ်မွန် ရတနာယာဉ်ပျံ တိုက်ရေယာဉ် တွေဆက်ဆောက်ဖို့ အခက်ကြုံနေပါသကောလား"

(ဦးရှမ်းဟူသည်ကား အခြားသူမဟုတ်ပေ။ လက်ထက်တော်ကြီးရှိစဉ်က နိုင်ငံခြားသို့ပညာတော်သင်စေလွှတ်သည့် လူငယ်များထဲမှ အီတလီတွင် ရေယာဉ်တည်ဆောက်မှု အင်ဂျင်နီယာပညာသွားရောက်သင်ကြားခဲ့သော လူငယ်တစ်ဦးဖြစ်သည်။ မြန်မာဘုရင့်ရေတပ်မတော်ရှိ ပထမဆုံးခေတ်မီတိုက်ရေယာဉ်သုံးစီးဖြစ်သော ရတနာယာဉ်မွန် ရတနာယာဉ်ပျံနှင့် တုလွတ်ယာဉ်ကျော်တို့အား တည်ဆောက်ခဲ့သော ပညာရှင်ဖြစ်သည်။ ဦးရှမ်းအား ဂုဏ်ပြုသည့်အနေဖြင့်

ခေတ်သစ် မြန်မာ့ရေတပ်မတော်တွင် ပထမဆုံးသော ရေပေါ်လွန်းတင်ကျင်းသင်္ဘောကို ဆရာရှမ်း ဟူ၍ အမည်ပေးခဲ့သည်။ ဤကား စကားချပ်)

* * *

အထက်မြစ်စဉ် အောက်မြစ်စဉ် ပုန်ကန်ထကြွမှုများကို ရှင်းလင်းအပြီးတွင် ပြည်တွင်းရေးအခြေအနေတို့ငြိမ်သက် သွားသယောင်ရှိသည်။ သူပုန်များမရှိတော့သော်လည်း ဓားပြတို့ရှိနေဆဲဖြစ်သည်။ သို့သော် အကွပ်အညှပ်နာသော မြို့အုပ် ရွာအုပ်တို့ ကွပ်ညှပ်မှုကြောင့် နေပြည်တော်သို့သတင်းမပေါက်ပေ။ ရတနာပုံနေပြည်တော်တွင်ကား ဘုရင့်နားတွင် မင်းလိုလိုက် မင်းကြိုက်ဆောင်တို့ ဝိုင်းရံနေသော မင်း မိဖုရားတို့သည် အခြေအနေ အမှန်ကိုမသိသေးချေ။ ထိုအချိန် အောက်မြန်မာပြည် အင်္ဂလိပ်အစိုးရ၏ ရိုက်ချက်သည် ပြင်းထန်လွန်းလှသည်။ ထိုရိုက်ချက်သည်ကား အလုပ်အကိုင်ပါးရှား၍ စိုက်ပျိုးရန်ခက်ခဲလှသော အထက်အညာမှ ကျေးတော်မျိုးကျွန်တော်မျိုးတို့အား အင်္ဂလိပ်မင်းက အထူးသနားတော်မူသဖြင့် ဤသို့စီရင်ခဲ့သည်ဟု အစချီကာ အောက်မြန်မာပြည်သို့ ကူး

ပြောင်းရန်ဆွယ်လေသည်။ အကယ်၍အောက်မြန်မာပြည်သို့ရောက်ပါက ရေမိုးပြည့်စုံသောပဲခူးနယ်တွင် လုပ်စားကိုင်စားရန် လယ်ငါးဧက အခွန်တော် သုံးနှစ်ကင်းလွတ်ခွင့်နှင့် အမတော်ကြေးတို့ပေးမည်ဆိုကာ အမိန့်ထုတ်လေသည်။

ထိုအမိန့်သည် အထက်မြန်မာပြည်တွင် လွန်စွာ အခက်တွေ့လှသည်။ အသည်သားတို့မှာလည်း ကျပ်တည်းလှသော စီးပွားရေးအခြေအနေတို့ကြောင့် အောက်သို့စုန်ဆင်းအံ့ဟု အတွေးအမြင်ရှိကြသည်။ ပထမဦးစွာ မင်းလှ မြင်းခြံ သရောက်နယ်တို့မှ အသည်သားတို့စတင်ရွှေ့ပြောင်းချိန်မှ နေပြည်တော်ရှိ ဘုရင့်အစိုးရခေါင်းနားပန်းကြီးလာသည်။ ထိုအရေးနှင့်ပတ်သက်၍ ဘုရင့်အနားရှိ ရနောင်အုပ်စုမည်သို့မျှ အကြံမပေးနိုင်ပေ။ ထို့ကြောင့် မင်းတရားကြီးက ယခင် ချောင်ထိုးထားသော ပညာတတ်အမတ်များအားကို ပြန်ယူရတော့သည်။ ယောအတွင်းဝန် ကင်းဝန်မင်းကြီးတို့အား ဝန်ရှင်တော်မင်းကြီးများအဖြစ် ရာထူးပြန်အပ်ပြီး နေပြည်တော် အုပ်ချုပ်ရေးစနစ်တို့အား ပြုပြင်ပြောင်းလဲခြင်းဆောင်ရွက်တော့သည်။ ယခင်ရှိပြီးသား လွှတ်တော်ကို အခြေပြုကာ ဆယ့်လေးဌာန အုပ်ချုပ်ရေးအား စတင်အသက်သွင်းတော့သည်။ ထို ဆယ့်လေးဌာနတို့မှာ-

၁. ကြည်းတပ်
၂. ရေတပ်
၃. နိုင်ငံခြားရေး
၄ . စက်မှု
၅ . လယ်ယာစိုက်ပျိုးရေး
၆ . အကောက်ခွန် ဘဏ္ဍာတော်
၇ . နယ်ခြား
၈ . မဟာဒါန်(သာသနာရေး)
၉ . ပညာရေး
၁၀ . အသည်သားရေးရာ(ကျန်းမာရေး ပြည်ထဲရေး)

၁၁ . ဥပဒေ ပြန်တမ်း(တရားစီရင်ရေး)
၁၂ . ကုန်သွယ်ရေး
၁၃ . ဆောက်လုပ်ရေး
၁၄ . နန်းတွင်း

အစရှိသည့် ဌာနကြီး ၁၄ ခုခွဲကာ ပါလီမန်စနစ် ကနဦး အနေအထားသို့ အစပျိုးလာတော့လေသည်။ ဘုရင့်အာဏာကို အမတ်များ ထံခွဲဝေကာ သက်ဆိုင်ရာ ဝန်ကြီးများ ခန့်အပ်ထားပြီး အထက်မြန်မာပြည် ဘုရင့်အစိုးရ၏ စွမ်းဆောင်ရည်ကိုစတင်မြှင့်တင်တော့သည်။

၁၈၇၅ ဝန်းကျင်ကာလများတွင် အထက်မြန်မာပြည်တွင် ထိုက်သင့်သော တိုးတက်မှုများသည် စဉ်ဆက်မပြတ်ဖြစ်ပေါ်လာတော့သည်။ ထိုကာလအတွင်း နေပြည်တော်ရှိ ဗြိတိသျှ ကောင်စစ်ဝန်သည် ရွှေနန်းတော်နှင့် ဆက်ဆံရေးမပြေလည်မှုကြောင့် ထွက်ခွာသွားကာ သံတမန်ဆက်သွယ်ရေးပြတ်တောက်သွားတော့သည်။ သို့သော် ပြင်သစ် အီတလီတို့ထံမှ သံအမတ်များရောက်ရှိကာ သံတမန်ဆက်သွယ်ရေးစတင်နေသလို မြန်မာဘုရင့်တပ်မတော်အတွက် ခေတ်မီတပ်မတော်အဖြစ် စတင်ပြောင်းလဲရန် ပြင်သစ်နှင့်အီတလီစစ်အကြံပေးများ စတင်ကာရောက်ရှိလာတော့သည်။

* * *

"မင်းကြီးက စံအိမ်တော်မှာပဲလား ငကောင်း"

"မှန်ပ ဗိုလ်မင်းကိုသခင်ကြီးစောင့်နေကြောင်းပါ"

"အိမ်း"

မြင်းဇက်ကြိုးအား အိမ်တော်စောင့်ရဲမက် ငကောင်းလက်ထဲထည့်ကာ အိမ်တော်ပေါ်သို့ မင်းကျော်သီရိ တက်လာခဲ့တော့သည်။ မင်းကြီးရွှေလှံဗိုလ်သည်ကား ကြည်းတပ်ဌာန၏ အတွင်းဝန်ဖြစ်သလို ခေတ်စကားအရ ကြည်းတပ်စစ်ဦးစီးအရာရှိချုပ်လည်းဖြစ်သည်။

"မင်းကြီး ကျွန်တော်မျိုးရောက်ရှိကြောင်းပါဘုရား"

"မင်းကျော်သီရိလာလကွဲ့ မောင်မင်းနဲ့ ဆိုင်တဲ့အလုပ်ပေါ်လာပါ

သကော"

"မှန်ပဘုရား"

မင်းကြီးရွှေလှုံ့ပိုလ်ညွှန်ပြသော ထိုင်ဖုံပေါ်တွင်ထိုင်ရင်း မင်းကြီး၏ ဧည့်သည်နှစ်ဦးကို မင်းကျော်သီရိအကဲခတ်လိုက်သည်။ တစ်ဦးကား မြန်မာဘုရင့်တပ်မတော်အရာရှိဝတ်စုံဖြင့် လူရွယ်တစ်ဦးဖြစ်သည်။ ကိုင်ဆောင်ထားသောဓား၏ လက်ကိုင်နှင့် ဓားအိမ်အရ နန်းတွင်းအစုအသင်းတစ်ခုခုမှဖြစ်ဟန်တူသည်။ နောက်တစ်ယောက်သည်ကား ဆံပင်နီကျင်ကျင်ဖြင့် ဗမာလိုဝတ်ထားသော လူဖြူ တစ်ဦးဖြစ်၏။

"ဒီဘက်က တပ်မှူးက မြောက်မာရဘင်ဆောင်က တပ်မှူးလေး နေမျိုးရဲခေါင်ကွဲ့။ ဟိုဘက်ကတော့ ဖရန်စစ် လက်ဖတင်နင် ဟင်နရီပဲ။ အခု မောင်မင့်ကိုခေါ်ရတဲ့ အရေးကတော့ ဒီလိုကွဲ့။ တို့ဘုရင့်တပ်မတော်မှာ လက်ထက်တော်ကြီးလက်ထက်ကတည်းက နိုင်ငံခြားသားစစ်ရေးအကြံပေးတွေခေါ်ပြီး လေ့ကျင့်ဖို့ကြံစည်ခဲ့တာပ။ သို့ပေမင့် မြင်ကွန်းမြင်းခုံတိုင်အရေး ပန်းတိမ်းမင်းသားအရေးတွေကြောင့် တို့အရေးပျက်ခဲ့တာပ။ လေ့ကျင့်ရေးလုပ်တဲ့ တပ်တွေကလည်း သူပုန်ဖြစ်သူဖြစ် ကွဲသူကွဲနဲ့ အားမဖြစ်သကွဲ့."

စကားရှည်ရှည်ပြောရာတွင် မောသွားဟန်ရှိသော မင်းကြီးက အဖန်ရည်တစ်ကျိုက်သောက်ရင်း ခေတ္တနားလိုက်သည်။

"အိမ်း အခုတော့ ဖရန်စစ်နဲ့အီတာလျံတွေအကူအညီရော စစ်ပညာတော်သင်တွေပြန်လာတာရောနဲ့ဆို မင်းတရားကလည်း လက်ထက်တော်ကြီးနဲ့အိမ်ရှေ့ကိုယ်တော်ကြီးရှိစဉ်က အစီအရင်ကိုဆက်လုပ်စေချင်သကွဲ့။ မနက် ညီလာခံမှာ အမိန့်ချလိုက်သယ်။ မောင့်မင်နဲ့ ရဲခေါင်ငယ်တို့က ဖရန်စစ်စကားရေလည်အောင် ပြောတတ်သာဆိုတော့ ဟောဒီ ဖရန်စစ်ဗိုလ်လေးနဲ့ပေါင်းပြီး ရဲမက်တွေကိုစစ်ပညာသင်ကွဲ့."

"မှန်ပ မင်းကြီးဖျာ့"

(၄)

"သွေးသောက်တို့ အစောကြီးရောက်နေပါသကော"

"ရောက်ဆို မနက်လေးချက်တီးကတည်းက မာရဘင်ဆောင်တွေမှာ လှုပ်လှုပ်ရွရွဖြစ်နေပါရောလား သွေးသောက်ရဲ့"

မန္တလေးရတနာပုံရွှေမြို့တော် မြောက်ပြင် ရန်ကင်းတောင်ခြေရှိ ဘုရင့်တပ်မတော် လေ့ကျင့်ရေးစခန်းဆီသို့ မင်းကျော်သီရိနှင့် ရွှေပြည်ရန်အောင်မြင်းတပ် ရောက်လာစဉ် ကွင်းထဲ၌ မာရဘင်ဆောင်တပ်များ ရောက်ရှိပြီးဖြစ်နေကြသည်။ မြောက်မာရဘင်တပ်မှူးလေး နေမျိုးရဲခေါင်ဆီသို့ မင်းကျော်သီရိရောက်သွားကာ စကားစမြည်ဆိုနေလေသည်။

"ရွှေနန်းတော်မှာ ဖရန်စစ်စကားပြောတတ်တဲ့ အရာရှိတွေရှိပါလျက် ဘောက်မဲ့ကြောင့် ဒီဖရန်စစ်တွေနဲ့တွဲလုပ်သာကို ရှောင်နေပါလိမ့်"

"ရှောင်ဆို အရာရှိကြီးတွေဆိုတော့ အသေးအဖွဲ့လေးတွေ မလုပ်ချင်ဘူးထင်သာပ"

နေမျိုးရဲခေါင်စကားကြောင့် မင်းကျော်သီရိ ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ဟုတ်တော့လည်းဟုတ်ပေသည်။ ရွှေနန်းတော်ရှိ ပြင်သစ်စကားတတ်ပုဂ္ဂိုလ်များသည် အနိမ့်ဆုံး ဝန်ထောက်မင်းအဆင့်ဆိုတော့ ဤသို့အောက်ခြေနှင့်လုံးထွေးနေမည့် အလုပ်မျိုးမလုပ်ချင်သည်မှာ မဆန်းပေ။

"သွေးသောက်ဟိုနေ့က ဖရန်စစ်အရာရှိနဲ့ပြောနေတာ ရေရေလည်လည်ပ ဘယ်ကနေများသင်လာသတုံး။ ကျုပ်က ရွှေဘိုသားဆိုတော့ ရွှေဘိုနယ်ဘက်မှာ ဗရင်ဂျီခင်ကြီးတွေရှိတော့ အဲဒီကသင်တာပ"

"ကျုပ်ကတော့ သံချက်ဝန်မင်းအိမ်တော်က လာသာပ ဝန်မင်းက ကျုပ်တို့ကို ဖရန်စစ်စကား အီတာလျံစကား သင်ပေးတာပ"

နေမျိုးရဲခေါင်သည်ကား တကယ့်အကျော်အမော်၏ တပည့်ပါတကား။ နေပြည်တော်ရှိ ပညာတော်သင်ဝန်မင်းများကြားတွင် ကျောက်မြောင်းအတွင်းဝန် ဖန်ချက်ဝန်ထောက်မင်းနှင့် လောင်းရှည်မြို့စား သံချက်ဝန်ထောက်မင်းတို့သည် အချွန်ဆုံး အတော်ဆုံးများဖြစ်ကြသည်။ ပြင်သစ်နှင့် အီတာလျံတို့တွင် ခြောက်နှစ်တာမျှ ပညာသင်ကြားခဲ့သူများ

ဖြစ်ရာ ဥရောပသားတို့၏ အမူအကျင့် ဘာသာစကားတို့တွင် ရေလည်အောင်ကျွမ်းကျင်ကြသည်။ တပ်မှူးနှစ်ယောက်စကားကောင်းနေစဉ်မှာပင် ကွင်းထဲသို့ ဖရန်စစ်အရာရှိနှင့် သူ့လူတစ်စုဝင်လာတော့သည်။ ဗိုလ်ဟင်နရီနှင့်ပါလာသူတို့ကား ပြင်သစ်တပ်မတော်မှ အငြိမ်းစားယူထားသော တပ်ကြပ်ကြီးများ တပ်သားများဖြစ်ကြသည်။ မြန်မာဘုရင့်အစိုးရက လေ့ကျင့်ရေးအတွက် လစာကောင်းကောင်းဖြင့်ငှားရမ်းထားသဖြင့် မြန်မာပြည်သို့ ဝမ်းသာအားရဖြင့်လိုက်လာခြင်းလည်းဖြစ်သည်။

လေ့ကျင့်ရေးဆရာများ ရောက်ပြီဖြစ်သဖြင့် ကွင်းထဲတွင် တပ်များအစုအဖွဲ့အလိုက် စုစည်းလိုက်တော့သည်။ ကွင်းထိပ်စင်မြင့်ပေါ်သို့ ဗိုလ်ဟင်နရီတက်လာပြီး လေ့ကျင့်ရေးမစခင် လုပ်ဆောင်ဖွယ်ရာတို့ကို မြန်မာအရာရှိများမှတစ်ဆင့်မှာကြားတော့သည်။

Mon nom est Henry. Je suis des officiers de l'armée française impériale

(ကျွန်ုပ်ကတော့ ပြင်သစ်တပ်မတော်မှာ တာဝန်ထမ်းဆောင်နေတဲ့ ဗိုလ်ဟင်နရီပါ)

Aujourd'hui, je suis ici pour faire une base militaire

(ဒီကနေ့ ရဲမက်တို့ကို အခြေခံစစ်ရေးပြ ဘာသာရပ်ကိုသင်ကြားပေးမှာလည်းဖြစ်ပါတယ်)

et maintenant, je fais un simple défilé avec cet homme

(အခု ကျွန်ုပ်နဲ့ပါလာတယ့် သရုပ်ပြတပ်ခွဲက ရဲမက်တို့ရှေ့မှာ အစမ်းသရုပ်ပြလေ့ကျင့်ပြမှာဖြစ်ပါတယ်)

ပြင်သစ်စစ်အကြံပေးအရာရှိက မိန့်ခွန်းခဏရပ်ကာ နောက်တွင်ရပ်နေသော တပ်ကြပ်ကြီးအား အမိန့်ပေးလိုက်တော့သည်။

"ဆာဂျင် ကွန်ပန်နီဒွန်ဗေသွန်" (တပ်ကြပ်ကြီး တပ်ခွဲတန်းစီ)

ပြင်သစ်တပ်သားတို့ သရုပ်ပြတပ်ခွဲအနေဖြင့် တပ်ခွဲပုံစံဖြင့်

စနစ်တကျတန်းစီကာ စစ်ရေးပြရန် အဆင့်သင့်ပြင်လေသည်။

"ဘဟာ ပရေဇွန်" (သေနတ်ထမ်း)

"ကွန်ပန်နီ မားစ်" (တပ်ခွဲချီတက်)

"ကွန်ပန်နီ တူနေရာဂုစ့်" (တပ်ခွဲ ဘယ်လှည့်)

"အားရက်စ်. . . . " (တပ်ခွဲ. . . . ရပ်)

"ပွန်ညက်ဆက်ရွှင် ပွန် အေဗွန်" (ပထမတပ်စု ရှေ့တက်)

ဗိုလ်ဟင်နရီ၏ အမိန့်သံဖြင့် သရုပ်ပြတပ်ခွဲသည် တပ်ခွဲလိုက်စစ်ရေးပြ တပ်စုလိုက်စစ်ရေးပြတို့ကို စနစ်တကျ သရုပ်ပြချီတက်ပြလေသည်။ ပြင်သစ်တို့စစ်ရေးပြနေသည်ကို ကြည့်နေသော အရာရှိနှစ်ဦးနှင့် ကွင်းထဲရှိရဲမက်တို့စိတ်ထဲတွင် ရယ်ချင်နေသော်လည်း ဧည့်သည်ကို ရိုင်းရာကျမည်စိုးသဖြင့် မျက်နှာပိုးသတ်ထားသော်လည်း ပြုံးစိစိဖြစ်နေကြတော့သည်။ အများစု၏ စိတ်ထဲတွင်ကာ ဤမျောက်ဖြူများသည်လည်း ဘာမှထူးခြားသည်မဟုတ်။ ငါရို့ကို တုံးအသည်များမှတ်သလော ဟူသော အတွေးဝင်နေကြသည်။

ထိုအဖြစ်ကို ပြင်သစ်ဗိုလ်လေးကလည်းသိသည်။ သို့သော် နမူနာပြမှသာ ရှင်းပြ၍ရမှန်း သဘောပေါက်လေသည်။ ပြင်သစ် သရုပ်ပြတပ်ခွဲ၏ စစ်ရေးပြအပြီးတွင် နေမျိုးရဲခေါင်အား မာရဘင်တပ်များထဲမှ တပ်တစ်တပ်ကို ဤသို့စစ်ရေးပြပေးရန် ပြောလိုက်သည်။

"ကိုင်း မြောက်မာရဘင်ဆောင် အမှုထမ်းတွေ တန်းစီ"

ကွင်းထဲတွင်ရပ်ကြည့်နေသော ရဲမက်များထဲမှ မြောက်မာရဘင် အမှုထမ်းများ ထွက်လာကာတန်းစီတော့သည်။ နံဘေးမှကြည့်တော့သာ စစ်ရေးပြလွယ်ကူသည်ထင်ရပေမင့် တကယ်တမ်းစစ်ရေးပြချိန်မှ ပြဿနာစတော့သည်။ ချီတက်ရာတွင်လည်း ခြေလှမ်းမညီ ဘယ်လှည့်ညာလှည့်ရာတွင်လည်း ယောင်ချာချာကျန်ခဲ့သူ မှားလှည့်သူတို့ဖြင့် မြန်မာရဲမက်များရော ပြင်သစ်ဆရာများပါ တဝါးဝါးတဟားဟားဖြင့် ပွဲကျကုန်တော့သည်။ နေမျိုးရဲခေါင်၏ မျက်နှာမှာလည်း ရှက်ဒေါသဖြင့် နီရဲနေတော့သည်။ အခြားသော တပ်ဖွဲ့များ နိုင်ငံခြားသားများသာမရှိလျှင် မာရဘင်အမှုထမ်းတို့အား

ထုထောင်းရိုက်ပုတ်ချင်လှသည်။ တပ်မှူးဒေါသထွက်နေသည်ကိုသိသော မာရဘင်ဆောင်အမှုထမ်းတို့ ဂရုစိုက်လုပ်လေ အယောင်ယောင်အမှားမှားဖြစ်လေပင်ဖြစ်သည်။

မာရဘင်တပ်များ အလွဲလွဲဖြစ်နေသည်ကို မြင်မှ အခြားသောရဲမက်များနှင့် မင်းကျော်သီရိကိုယ်တိုင် စစ်ရေးပြဟူသည် လွယ်မယောင်နှင့်ခက် တိမ်မယောင်နှင့် နက်မှန်း သဘောပေါက်မိတော့သည်။

"capitaine, ça suffit. C'est la première fois de vos hommes et si difficile d'obéir à l'ordre"

(ဗိုလ်မင်း ဒီလောက်ဆိုရပြီ ဒါဟာ ကျွန်ုပ်ပြောချင်တယ့်အချက်ပဲ ပထမဆုံးအကြိမ်ဖြစ်တော့ ဗိုလ်မင်းတို့လူတွေအတွက် ခက်မည်ပ)

ပြင်သစ်စစ်အကြံပေးအရာရှိက နေမျိုးရဲခေါင်ဆီ လှမ်းပြောသဖြင့် မြောက်မာရဘင်တပ်၏ စစ်ရေးပြကို ရပ်လိုက်တော့သည်။ ရှက်ရှက်နှင့်ပင် နေမျိုးရဲခေါင်နှင့် မင်းကျော်သီရိတို့သည် သူတို့တပ်များသည် ခေတ်မီတပ်မတော်အဖြစ် ဖွဲ့စည်းရန် လိုအပ်သော စည်းကမ်းနှင့်အမိန့်နာခံမှု လိုအပ်နေကြောင်း လက်ခံရတော့သည်။

နေ့တစ်ဝက်ကျော်မျှ အချိန်ကြာပြီးသောအခါ ရန်ကင်းတောင်ခြေ စစ်ရေးပြကွင်းထဲ နွေခေါင်ခေါင်နေပူပူဖြင့် ဘုရင့်တပ်သားများ ဖုန်တထောင်ထောင်းထအောင် စစ်ရေးပြအမောင်းခံရတော့သည်။ သွေးသောက်ကြီးများချည်းရွေးခေါ်ကာ ပြင်သစ်စစ်မိန့်သံကို နှုတ်တက်သင်ကြားပေးပြီး စစ်ရေးပြအခြေခံနည်းစနစ်များကို သင်တော့လေသည်။ အခြားသော တပ်များကား နေမျိုးရဲခေါင်နှင့် မင်းကျော်သီရိတို့ကိုယ်တိုင် အမိန့်ပေးကာ ကွင်းထဲတွင်မောင်းနေတော့သည်။

* * *

အချိန်အားဖြင့် ခြောက်လတာမျှ ကြာမြင့်ခဲ့လေသည်။ ၁၈၇၂ခုနှစ် နိုဝင်ဘာလအတွင်း၌ ရန်ကင်းတောင်ခြေစခန်းရှိ လေ့ကျင့်ရေးစခန်းတွင် လွန်ခဲ့သောခြောက်လက ဝင်ရောက်ခဲ့သော မြန်မာဘုရင့်တပ်မတော်သားများအား အမြင်သစ် အသွင်သစ်ဖြင့် တွေ့ရတော့သည်။ ရှေးယခင်ကကဲ့သို့

မျဉ်းတို မောက်တို ပုဆိုးခါးတောင်းကျိုက် ကတ္တီပါ ဒူးကျဘောင်းဘီများဖြင့် တွေ့ရတော့သည်မဟုတ်တော့ပေ။ အနက်ရောင်ရင်စေ့အကျီ ရှမ်းဘောင်းဘီသဖွယ်ဘောင်းဘီ(ရှမ်းဘောင်းဘီကဲ့သို့မပွပေ) ကျည်ခါးပတ် ကျည်စလွယ်တို့ဖြင့် အမြင်ပြောင်းနေတော့သည်။ မြန်မာအရာရှိများ၏ အမိန့်သံနှင့်အတူ စစ်ရေးပြချီတက်ခြင်း ပစ်မှတ်များကို ပစ်ခတ်ခြင်း စစ်ထိုးခြင်းစသော လေ့ကျင့်ခန်းများကို စနစ်တကျလုပ်ဆောင်နေကြတော့သည်။ အခြားတစ်ဖက်တွင်လည်း ရွှေပြည်ရန်အောင်မြင်းတပ်သည် အနောက်တိုင်းမှ Dragoon များကဲ့သို့ ရင်ဘတ်ကာသံချပ်ဝတ် မြင်းစီးဘောင်းဘီရှည် လည်ရှည်ဖိနပ်တို့ဝတ်ဆင်ကာ မြင်းတပ်ဖွဲ့၏ စစ်ရေးပြအစီအစဉ်အတိုင်း စစ်ရေးပြခြင်း မြင်းစီးရင်း မြင်းပေါ်မှ သေနတ်ပစ်စွမ်းရည်ပြခြင်းတို့ပြုလုပ်နေကြသည်။

ထိုထိုသော တပ်ဖွဲ့များကို ပွဲကြည့်စင်မြင့်ထက်မှ မြိန့်မြိန့်ကြီးကြည့်နေသူကား မင်းကြီးရွှေလှံ့ဗိုလ်ပင်ဖြစ်သည်။ မရှင်းသောအရာများကိုနောက်တော်ပါးတွင်ရပ်နေသော နေမျိုးရဲခေါင်နှင့် မင်းကျော်သီရိကိုမေးလိုက် ပြန်ကြည့်လိုက်နှင့် မြန်မာဘုရင့်တပ်မတော်၏ ပထမဆုံးသောခေတ်မီတပ်ဖွဲ့များကို အားကျကျေနပ်စွာရှုစားနေတော့သည်။

"ဘုန်းတော်ကြီးဘုရားကို ကျုပ်ပြန်လျှောက်လိုက်မယ်ပ။ လာမယ့်မြင်းခင်းသဘင်မှာ မောင်မင်းတို့တပ်တွေ အစွမ်းပြရစေ့မဟေ့။ သာနဲ့ဟိုးကသူတွေက ဘယ်သူတွေလဲကွဲ့"

ပြာသိုမြင်းခင်းသဘင်တွင် မိမိတို့တပ်များ ပါခွင့်ရမည်ကို ဝမ်းသာနေသော တပ်မှူးနှစ်ဦးသည် မင်းကြီးလက်ညွှန်ပြရာဆီသို့ လှမ်းကြည့်လိုက်တော့သည်။ ဟုတ်ပေသည်။ တောင်ကုန်းပေါ်မှ ကွင်းပြင်ဆီသို့လှမ်းကြည့်နေဟန်တူသော လူတစ်စုပင်ဖြစ်၏။ ဤလေ့ကျင့်ရေးစခန်းသည်အသည်သားတို့နှင့်ဝေးရာတွင် တည်ဆောက်ထားရုံသာမက အသည်သားတို့ လာခွင့်မရှိသည်ဖြစ်ရာ ထိုသူတို့ကား မည်သူဖြစ်သနည်းဆိုသောအတွေးဖြင့် မင်းကျော်သီရိ ထိတ်သွားသည်။ စားပွဲပေါ်တွင် တင်ထားသောအဝေးကြည့်မှန်ပြောင်းကိုယူကာ ထိုလူစုဆီ လှမ်းအကြည့်တွင်

အံ့ဩစွာဖြင့် ပြောလိုက်တော့သည်။

"ရနောင်မင်းသားပါလား မင်းကြီး" "ဟော မှန်း ပေးစမ်း ဒီသဘောက်မသားက ဒီကိုဘာလာလုပ် သတုံး"

စိတ်မြန်လက်မြန်ရှိသော မင်းကြီးရွှေလုံ့ဗိုလ်က မင်းကျော်သီရိ လက်ထဲကမှ မှန်ပြောင်းကိုဆွဲကာ ကြည့်လိုက်တော့သည်။ မှန်ပေသည်။ ထိုလူစု၏ရှေ့တွင် ငှက်ခါးရောင်ခေါင်းပေါင်းစတလူလူ သိုရင်းအဖြူ ဥဒေါင်း တောင်တောင်ရှည်ပုဆိုး ဝတ်ဆင်ထားသောလူရွယ်တစ်ဦးအား တွေ့လိုက် ရသည်။ နှုတ်ခမ်းမွှေးစစဖြင့် လူပုံချောဖြစ်သော်လည်း မျက်နှာထားနှင့် မျက်လုံးတို့က တင်းမာခက်ထန်လှသည်။ ထိုသူသည်ကား ရတနာပုံဒုတိယ နန်းစံ သီပေါမင်းတရား၏ ငယ်ပေါင်းရောင်းရင်းလည်းဖြစ် လက်ရှိ ဘုရင့် လူယုံတော်လည်းဖြစ် နန်းတွင်းဘုရင့်ကိုယ်ရံတော်တပ်များဖြစ်သော ထားဝယ်ဆောင်၏ အကြီးအကဲ တောင်ထားဝယ်ဗိုလ် ရနောင်မောင်မောင် တုတ်ပင်ဖြစ်သည်။ ယခုလည်း မပြောမဆိုဖြင့်ပေါက်ချလာကာ တပ်များလေ့ ကျင့် စစ်ရေးပြနေသည်ကို လာကြည့်ဟန်ရှိသည်။ ရနောင်မင်းသားနှင့် မင်းကြီးရွှေလုံ့ဗိုလ်ကား တစောင်းစေးနှင့်မျက်ချေးသဖွယ် မတည့်သူများ ဖြစ်သည်။ ရွှေမြို့တော်တွင် တံခါးမရှိ ဓားမရှိ မိုက်ရဲဆိုးသွမ်းရဲသော ရနောင်မောင်မောင်တုတ်အား မကြောက်သော ဘုရင့်တပ်မတော်အရာရှိ ကြီးများထဲတွင် မင်းကြီးရွှေလုံ့ဗိုလ်လည်းပါဝင်သည်။ ထို့ကြောင့် တစ်ဦးနှင့် တစ်ဦး အပြစ်လုပ်ပါက ဦးသူစားစတမ်းသဘောဖြင့် စောင့်ကြည့်တတ်ပေ သည်။ ယခုလည်း ရနောင်မင်းသားကမည်သည့်အကြံဖြင့် လာခဲ့သည်ကို မသိပေ။ ရနောင်မင်းသားမှန်းသိသွားသော မင်းကြီးရွှေလုံ့ဗိုလ်က စိုးရိမ်စိတ်မရှိတော့ပေ ။ မျောက်ဖြူ သူလျှိုတို့မဟုတ်သော် ကိစ္စမရှိဟုသာ တွေးလိုက်သည်။

"ကိုင်း သာဆိုလည်း ကျုပ်ပြန်မယ်ဗျ။ မင်းကျော်သီရိ နက်ဖြန် ကျရင် အိမ်တော်ကိုလာခဲ့ အောက်ဘက်က မျောက်ဖြူတွေက သံတမန်အဖွဲ့ စေလွှတ်သယ် ဆိုတာပ အဲဒီသံတွေကို သွားကြိုသဲ့အဖွဲ့မှာ မောင်မင်းပါ သဗျ မင်းလှကိုကျုပ်လျှို့ဝှက်စာတစ်စောင်ပို့ဖို့ရှိသယ်"

"မှန်ပ ဖျာ့"

* * *

ဧရာဝတီမြစ်ရေပြင်သည်ကား နေဝင်ဆည်းဆာအောက်တွင် တစ်လက်လက်ဖြင့် တောက်ပနေတော့သည်။ ရတနာယာဉ်မွန်သင်္ဘော၏ ဘေးနှစ်ဖက်ရှိ ဘီးတို့မှ ယက်ထုတ်လိုက်သော လှိုင်းဖြူတို့သည် ထိုတလက်လက်ထနေသော မြစ်ရေပြင်ပေါ်တွင် တဖြည်းဖြည်းပျောက်သွားတော့သည်။ ရတနာပုံ ရွှေမြို့တော်၏ ဂေါဝိန်ဆိပ်မှ သင်္ဘောခွာလေပြီဖြစ်သည်။ သင်္ဘောပေါ်တွင်ကား အင်္ဂလိပ်သံအဖွဲ့အား သရက်တွင်သွားကြိုမည့် အဖွဲ့သားများလိုက်ပါလာလေသည်။ ထိုအဖွဲ့သားများထဲတွင်ကား မင်းကျော်သီရိလည်း တစ်ဦးအပါအဝင်ဖြစ်သည်။

ဂေါဝိန်မှ ကမ်းခွာအပြီး သင်္ဘောကိုမြစ်ကြောင်းအလယ်သို့ မောင်းနှင်ကာ အောက်ဘက်သို့စုန်ဆင်းတော့လေသည်။ သင်္ဘောဦးတွင် ရပ်နေသော မင်းကျော်သီရိသည် ဧရာဝတီ၏ ဆည်းဆာအလှကိုခံစားရင်း အတွေးပေါင်းစုံနှင့်ပင်ဖြစ်သည်။ တဖြည်းဖြည်းဖြင့် သင်္ဘောသည် သန်လျက်စွန်းနားသို့ရောက်လာချိန်တွင် ရှုခင်းတို့ကား ပို၍လှလာပေသည်။ ညာဘက်ဟိုးမှာဘက်ဆီတွင် စစ်ကိုင်းတောင်ရိုးရှိ စေတီပုထိုးများကို တင့်တယ်သပ္ပာယ်စွာ မြင်နေရပြီး ဆောက်လက်စ စစ်ကိုင်းအစေခံရေကြောင်း ခံတပ်ကြီးကိုလည်းတွေ့ရသည်။ သန်လျက်စွန်းထိပ်ရှိ အင်းဝတွင်ကား ဆင်ကျုံးခံတပ်ကြီးသည် ပြီးစီးခဲ့ပြီဖြစ်ရာ ဘုရင့်တပ်မတော်သားတို့တပ်စွဲထားသဖြင့် တံခွန်အလံတလူလူဖြင့် ခံ့ညားနေတော့သည်။ အနောက်ဘက်ယွန်းယွန်း အမရပူရဘက်ဆီတွင် သပြေတန်းရေကြောင်းခံတပ်ကို မှုန်ပျပျမြင်နေရသည်။ ဤရေကြောင်းခံတပ်ကြီးသုံးခုကို ဖိုခနောက်ဆိုင် တည်ဆောက်နေရခြင်းမှာ အင်္ဂလန် ပြင်သစ်ဆီသို့ မြန်မာသံအဖွဲ့များ သွားအပြီးရေးသားလာသော မှတ်တမ်းများကြောင့်ပင်ဖြစ်သည်။ ပြင်သစ်ပြည် စိန်မြစ်တွင်လည်းကောင်း အင်္ဂလန်ပြည်၏ ဆိပ်ကမ်းဖြစ်သော ပို့စ်မောက်ဆိပ်ကမ်းတို့တွင်လည်းကောင်း ရေကြောင်းခံတပ်ကြီးများကို ဆောက်လုပ်ထားသည်ဟု လက်ထက်တော်ကြီးရှိစဉ်က သံအဖွဲ့

မှတ်တမ်းများတွင် ပါဝင်ခဲ့ရာ ထိုအချက်အလက်များကို ဥပမာယူပြီး ရေကြောင်းကို အားပြုချီတက်သော အင်္ဂလိပ်တို့ရန်မှ တားဆီးရန် မြစ်ကြောင်းတစ်လျှောက် လက်ထက်တော်ကြီးနှင့် အိမ်ရှေ့ကိုယ်တော်ကြီးတို့ရှိစဉ်ကတည်းကပင် ခံတပ်ကြီးများတည်ဆောက်နေသည်ဖြစ်ရာ ဤခံတပ်ကြီးသုံးခုသည် နောက်ဆုံးခံစစ်လည်းဖြစ် အကြီးဆုံးခံတပ်များလည်းဖြစ်၏။

သို့သော် ထိုခံ့ညားလှသောရှုခင်းတို့ကို မင်းကျော်သီရိမခံစားနိုင်ပေ။ မင်းကြီး၏ အမှာစကားသည် ယခုချိန်ထိ နားထဲတွင်စွဲနေလေသည်။

"ယခု လာမယ့်ဗြိတိသျှသံအဖွဲ့မှာ သံအမတ်တွေတင်မဟုတ်ဘဲ စစ်ဘက်အရာရှိတွေပါ ပါမယ်လို့သိထားတယ် မောင်မင်း။ သံအဖွဲ့ ဒုတိယခေါင်းဆောင်နာမည်က ကာနယ် ပရင်ဒါဂတ် အိန္ဒိယ ဗြိတိသျှတပ်က အရာရှိကြီးတစ်ယောက်ပဲ။ မောင်မင်းတာဝန်က အဲဒီ ဗြိတိသျှအရာရှိတွေကို အနီးကပ်စောင့်ကြည့်ထား"

(၅)

"ဟောသာကတော့ နတ်ရွာစံကနောင်မင်းရဲ့ အစီအမံဖြစ်တဲ့ မင်းလှခံတပ် ဟောဟိုမှာဘက်က အလံတလူလူနဲ့က ပန်းတော်ပြင်ကတုတ် ဗျ ရောင်းရင်းရဲ့"

"ကိုဩဘာတို့ လေ့သင်းကလူတွေက နှုတ်ဖွာသဗျာ"

"ပဇာဆိုလိုက်သလဲရောင်းရင်း"

"ဟော ဟိုမှာကြည့်"

ရန်ကုန်မှဆန်တက်လာသော မြန်မာဘုရင့်တိုက်ရေယာဉ် ရတနာယာဉ်မွန်၏ ပွဲခန်းထဲတွင် မာလိန်မှူး ဩဘာနှင့် စကားစမြည်ပြောနေသော မင်းကျော်သီရိက ကုန်းပတ်ပေါ်ရှိ အင်္ဂလိပ်သံအဖွဲ့ကို အာပေါင်အာရင်းသန်သန် ပြောနေသော ရေတပ်အရာရှိတစ်ဦးကို မေးငေါ့ပြလိုက်သည်။ ထို ရေတပ်အရာရှိက အင်္ဂလိပ်စစ်ဘက်အရာရှိများကို ရေကြောင်းခံတပ်များ

အကြောင်း ဝါကြွားဆိုနေလေတော့သည်။ မည်သည့်နေရာတွင် မည်သို့ တည်ဆောက်ထားသည် မည်သည့်လက်နက်များတပ်ဆင်ထားသည်ကို ပြောနေသဖြင့် မင်းကျော်သီရိနားကြားပြင်းကတ်လှသည်။ စစ်မှုရေးရာ ဟူသည် မသက်ဆိုင်သူတို့အား မသိစေသင့်သောသဘောရှိသည်ကို ယခုလို မျောက်ဖြူများကို ဂယနဏ ပြောပြနေခြင်းသည် သူခိုးဓားရိုးကမ်း နေသည်နှင့် မတူပါသလော။

အင်္ဂလိပ်စစ်ဘက်အရာရှိများကလည်း ထိုအရာရှိကို မြှောက်ပင့် ပေးနေသလို မှန်ပြောင်းကိုယ်စီနှင့် ကြည့်သူကကြည့် ပုံကြမ်းဆွဲသူက ဆွဲနေတော့သည်။ ထိုအင်္ဂလိပ်စစ်ဘက်အရာရှိများထဲမှ မင်းကျော်သီရိ ဂရုတစိုက်စောင့်ကြည့်နေသူမှာ ဗိုလ်မှူးကြီးပရင်ဒါဂတ်ပင်ဖြစ်သည်။ ရန်ကုန်ဆိပ်ကမ်းမှာကတည်းကပင် ထိုသူအား စောင့်ကြည့်နေခဲ့သည်ဖြစ်ရာ ဗိုလ်မှူးကြီးပရင်ဒါဂတ်၏ အပြုအမူ အသွားအလာသည် အခြားသော စစ်ဘက်အရာရှိများနှင့်ခြားနားလှသည်။ အမြဲတမ်းလိုလိုပင် ဓာတ်ပုံသမား တစ်ဦး ပုံကြမ်းပန်းချီဆရာတစ်ဦးကိုခေါ်ကာ တွေ့သမျှမြင်သမျှကို မှတ်တမ်းယူနေတော့သည်။

"ကိုရင်ဩဘာ ဒီစစ်ရေယာဉ်အကြောင်းမျောက်ဖြူတွေလာ မေးရင် ဝေ့လည်ကြောင်ပတ်လုပ်ပြီးဖြေ"

"ရောင်းရင်းစကားဆန်းသပ"

"မျောက်ဖြူ တွေက ပရိယာယ်ဝေ့စ်များပါဘိသနဲ့ ကိုယ့်လက်နက် တွေအကြောင်း ဒင်းတို့မသိလေကောင်းလေပ"

မင်းကျော်သီရိစကားကို နားမလည်သော မာလိန်မှူး ဩဘာ တစ်ယောက် အူလည်လည်ဖြင့် ပဲ့ခန်းအတွင်းတွင်ကျန်ခဲ့တော့သည်။

* * *

"တိုင်းပြည်ရေးကတော့ စိတ်မအေးစရာပဲ သွေးသောက်"

"ပဇာအရေးများပါလိမ့်"

"ကျုပ်တို့ သွားရောက်ခဲ့တဲ့ မိုးကောင်းအရေးအခင်းနဲ့ ဆက်စပ် နေသပေါ့ဗျ"

"စော်ဘွားအရေးအခင်းများလား သွေးသောက်"

အဖန်ရည်ခွက်ကို အသာချရင်း မင်းကျော်သီရိ ခေါင်းညိတ်ပြလိုက်သည်။ မှန်ပေသည် ရှမ်းစော်ဘွားတို့အရေးသည် နေပြည်တော်တွင် တအုံနွေးနွေးဖြစ်နေသည်မှာ ကာလအတန်ကြာနေခဲ့ပြီဖြစ်သည်။ ညောင်အုပ် ညောင်ရမ်း မင်းသားတို့ကို နန်းတင်ချင်သော လင်းပင်အုပ်စုသည် ပုန်ကန်ရန်သတင်းသဲ့သဲ့ထွက်နေခဲ့သည်။ သို့သော် ရနောင်မောင်မောင်တုတ်၏ ခြေသွက်လက်သွက်ရှိမှုက ပုန်ကန်မှုကို အတန်အသင့်တားဆီးနိုင်ခဲ့သည်။ သံသယရှိသူ စော်ဘွားအချို့အား ဖမ်းဆီးကာအကျဉ်းချလိုက်သဖြင့် ပုန်ကန်မည့်သူတို့ အခိုက်အတန့်အားဖြင့် ငြိမ်သက်နေလေသည်။ ယခုတစ်ဖန်ပြန်လည်ထကြွလာသည်က မိုးကောင်းအရေးအခင်းကအများကိုမလွန်ဆန်နိုင်၍ ငြိမ်နေခဲ့ရသော ကောသမ္ဘီအုပ်စုပင်ဖြစ်သည်။ ထိုအုပ်စုက လင်းပင်အုပ်စုနှင့် အဆက်အသွယ်ရကာ ပြန်လည်ထကြွလာတော့သည်။

"ခက်ပ သွေးသောက်ရာ ကုလားဖြူ ရန်ရှိနေတုန်းမှာ အားလုံးညီညွတ်ဖို့လိုပါသယ်ဆိုပ"

သက်ပြင်းတွေတွေချ ခေါင်းသွင်သွင်ခါပြီး စိတ်ရှုပ်နေပုံပေါ်သော နေမျိုးရဲခေါင်တစ်ယောက် ညည်းညူ လိုက်တော့သည်။ အင်္ဂလိပ်သံအဖွဲ့ကိုလိုက်လံစောင့်ကြည့်သော တာဝန်အပြီးတွင် ရန်ကင်းတောင်ခြေ တပ်စခန်းဆီသို့ ပြန်ရောက်လာသော မင်းကျော်သီရိအဖို့ စိတ်ညစ်ညူးစရာများလှသည်။

* * *

ဂေါဝိန်သင်္ဘောကျင်းတွင်ကား တူသံပေသံ တညံညံဖြင့် အလုပ်များနေတော့သည်။ သင်္ဘောကျင်းတွင် ဟိုမှသည်ဘက်သို့ ကူးလာခေါက်တုံသွားနေသူကား ဆရာရှမ်းပင်ဖြစ်သည်။ ကွမ်းကိုမြုံ့ကာ အထက်ဗလာခါးတွင် ခါးတောင်းမြှောင်နေအောင်ကျိုက်ထားသော ဆရာရှမ်း၏အသံသည်ကား တူသံပေသံများကြားမှ တစ်ခါတစ်ခါဖောက်ထွက်လာတတ်သည်။

"ဟော့ ဟိုမောင်ရင်တို့ စက်ကြိုးကို ဖြည်းဖြည်းချပါဟ"

"သင်္ဘောရောကို သေချာလုပ် မောင်ရင်တို့ ဘုန်းတော်ကြီးဘုရားက အလွန်ဂရုပြုသဗျ"

ရွှေးသံရွှဲရွှဲဖြင့် ညွှန်ကြားနေသော ဆရာရှမ်းနားသို့ ရောက်လာသော ဦးမြသည်ကား သင်္ဘောကျင်းတွင် လွှန်းတင်ထားသော သင်္ဘောကြီးနှစ်စီးကိုကြည့်ကာ အားရနေတော့သည်။

"ကုလားဖြူတွေ ဘယ်လောက်နှောင့်ယှက်ပါစေ ဒင်းတို့နောက်ဆုံးတော့ လက်လျှော့ရတာပဲမဟုတ်လား ကိုရှမ်းရဲ့"

"ဟုတ်သာပ ရောင်းရင်းရာ ဒင်းတို့အကြံလောက်နဲ့မျှား"

ဦးရှမ်းနှင့်ဦးမြတို့ ဝမ်းမြောက်ဝမ်းသာဖြစ်နေရခြင်းမှာ ရန်ကုန်တွင် လေးနှစ်တာကာလမျှ ပိတ်ဆို့ထားသော သင်္ဘောအင်ဂျင်စက်များ ရောက်ရှိလာကာ ရေယာဉ်များတွင်တပ်ဆင်နေရခြင်းပင်ဖြစ်သည်။ ထိုသင်္ဘောများထဲတွင် ယခုတည်ဆောက်ပြီးသော ရတနာယာဉ်မွန် ရတနာယာဉ်ပျံ တိုက်ရေယာဉ်များအပြင် ဗမာဘုရင့်တပ်မတော်၏ ပထမဆုံးမြစ်တွင်းသွားသံချပ်ကာတိုက်ရေယာဉ် ဗန္ဓုလလည်းပါဝင်လေသည်။ ရတနာယာဉ်မွန်နှင့် ရတနာယာဉ်ပျံ တိုက်ရေယာဉ်များသည် သစ်သားကိုယ်ထည်ဖြင့် တည်ဆောက်ကာ အမြောက် ၁၂လက်စီတပ်ဆင်ထားသော စစ်ရေယာဉ်များဖြစ်သော်လည်း ဗန္ဓုလ တိုက်ရေယာဉ်သည်ကား သံချပ်ကာကိုယ်ထည်ဖြင့် တည်ဆောက်ကာ တန်ချိန် ၆၀၀ရှိပြီး အမြောက် ၂၂လက်တပ်ဆင်ထားသော ခေတ်မီ စံချိန်မီမြစ်တွင်းသွား တိုက်ရေယာဉ်ကြီးပင်ဖြစ်သည်။ ထိုတိုက်ရေယာဉ်များကို ယခုလို အဆောတလျင်ပြင်ဆင် စီမံနေရသည့်အချက်မှာ မကြာမီပြုလုပ်တော့မည့် သပြေတန်းခံတပ်ကြီး ဆောက်လုပ်ပြီးစီးခြင်းအတွက် ပြုလုပ်မည့် ခံတပ်သိမ်းပွဲကြီးအတွက်ပင်ဖြစ်သည်။

(၁၈၈၁ခုနှစ် ဖေဖော်ဝါရီ ၈ရက်နေ့တွင်ကား သပြေတန်းခံတပ်ကြီးအား အပြီးသတ်တည်ဆောက်ပြီးစီးကာ ထိုနေ့တွင်ပင် တိုက်ရေယာဉ်သုံးစီးကို တပ်တော်ဝင်ခဲ့တော့သည်။)

* * *

၁၈၈၀ ဝန်းကျင်ကာလများတွင်ကာ ဘုရင့်နန်းတွင်းရေးပြဿနာများသည် အတော်အတန်ရှုပ်ထွေးစပြုလာခဲ့တော့သည်။ ယခင်ကဖော်ထုတ်လှပါသည်ဆိုသော တောင်ထားဝယ်ဗိုလ် မင်းသားရနောင်မောင်မောင်တုတ်သည်ကား ဒိုင်းခင်ခင်အရေးတွင် သုတ်သင်ခံရတော့လေသည်။ ရနောင်မောင်မောင်တုတ် သုတ်သင်ခံရအပြီးတွင် နန်းတွင်းရှိ ရနောင်အုပ်စုသည် တစ်ယောက်ပြီးတစ်ယောက် ကွပ်မျက်ခံရသူ နယ်နှင်ခံရသူတို့ဖြင့် ပျက်စီးခြင်းငါးပါးဆိုက်သွားတော့သည်။ ထိုအချိန်တွင် ရနောင်အုပ်စုအစား တန်ခိုးတက်လာသည်က လေ့သင်းအုပ်စုနှင့် တိုင်တားအုပ်စုပင်ဖြစ်သည်။ အထူးသဖြင့် တိုင်တားမင်းကြီးသည်ကား နန်းမတော်ကြီး၏ချီးမြှောက်မှုဖြင့် နန်းတွင်းတွင် တန်ခိုးအာဏာထက်လာတော့သည်။ တိုင်တားအုပ်စုနှင့်ပြိုင်ဘက်သည်ကား ကင်းဝန်မင်းကြီးအုပ်စုဖြစ်သော်လည်း နိုင်ငံအရေးအရာတို့တွင် ကင်းဝန်အုပ်စုသည် အာဏာညိုးနွမ်းလာသည်။ ထို့အပြင် နိုင်ငံရေးတန်ခိုးအာဏာရှိသော ရေနံချောင်းမင်းကြီးသည် တိုင်တားအုပ်စုကို အထောက်အပံ့ပြုနေသဖြင့် ထိုစဉ်က "တိုင်ကိုရေနံသုတ်သဖြင့် ကင်းတက်မရချေ" ဟူသော တဘောင်စကားပင်ပေါ်လာခဲ့သည်။ နိုင်ငံရေးတွင်သာ အုပ်စုကွဲသည်မဟုတ်ဘဲ စစ်ဘက်တွင်လည်း ကြည်းကြောင်းတွင် မိုးနဲဗိုလ်မှူး ရွှေလှံဗိုလ်နှင့် ရေကြောင်းမှ လေ့သင်းအတွင်းဝန်မင်းတို့၏ အားပြိုင်မှုသည်လည်း ပြင်းထန်လာတော့သည်။ မည်မျှအထိအားပြိုင်မှုများသည်ဆိုပါက ရတနာပုံရွှေမြို့တော်ကြီး၏ ညများသည်ကြည်းကြောင်းအရာရှိများနှင့် ရေကြောင်းအရာရှိများ၏ စိန်ခေါ်ပွဲများညစဉ်ရက်ဆက်ဖြစ်ပွားနေသဖြင့် အမိန့်တော်ပြန်ကာ တားယူရသည်အထိဖြစ်လာတော့သည်။

(၆)

ရတနာပုံနေပြည်တော်၏ညသည်ကား တစ်ချက်တစ်ချက်အော်မြည်လိုက်သော ညဥ့်ငှက်သံမှအပ တိတ်ဆိတ်လွန်းလှပေသည်။ ထိုတိတ်

ဆိတ်သောညထဲတွင် ခေါင်စီးတန်းမှာက ပို၍တိတ်ဆိတ်နေသည်ဟု ထင်ရပေသည်။ ခေါင်စီးတန်းတွင်းသို့ ဝတ်ရုံညို ကြီးခြုံထားသော နှုတ်ခမ်းမွေးကားကားနှင့် လူကြီးတစ်ဦးသည် နောက်ပါနှစ်ဦးနှင့်အတူ သုတ်သုတ်ဝင်လာတော့သည်။ ထိုလူကြီးအားမြင်သော တန်းစီးတန်းခေါင်းများသည် မြေတွင်တုတ်တုတ်ဝပ်ကာ မော်ကြည့်ရန်ပင်မဝံ့တော့ချေ။ အနှီလူကြီးသည်ကား မင်းကြီးရွှေလှံ့ဗိုလ်ပင်ဖြစ်သည်။

"ဘယ်မလဲ ဟိုငမိုက်သား" ဒေါသထွက်နေဟန်ရှိသော မင်းကြီးရွှေလှံ့ဗိုလ်၏ အမေးစကားသံကြောင့် တန်းခေါင်းသည် ဝပ်နေရာမှထကာ မီးတိုင်ကိုကိုင်ပြီး တန်းအတွင်းသို့ဝင်သွားလေတော့သည်။ မကြာမီတွင်ပင် သွေးသံအလူးလူးဖြင့်လူငယ်တစ်ဦးအား တန်းအမှုထမ်းနှစ်ဦး တွဲကာထုတ်လာသည်ကိုတွေ့ရတော့သည်။ ထိုသူကား ရွှေပြည်ရန်အောင်မြင်းတပ်တပ်မှူး မင်းကျော်သီရိပင်ဖြစ်တော့သည်။

"မောင်ရွှေကို ဘယ်သူနှိပ်စက်ကလူပြုသတုံး" တပည့်ရင်းဖြစ်သောမင်းကျော်သီရိအား ဤသို့မြင်လိုက်ရသည်နှင့် မင်းကြီးရွှေလှံ့ဗိုလ်ယမ်းပုံမီးကျပေါက်ကွဲတော့သည်။ မင်းကြီး၏ဒေါသကိုသိသော တန်းအမှုထမ်းများ တုတ်တုတ်ပင်မလှုပ်ရဲတော့ချေ။ သို့သော် မလှမ်းမကမ်းတွင်ဝပ်နေသော တန်းအမှုထမ်းတစ်ဦးက မင်းကြီးအားလျှောက်တင်လေတော့သည်။

"တင်ပါသည် မင်းကြီး ဗိုလ်မင်းမင်းကျော်သီရိကို လှော်ကားသုံးထောင်မှူးတို့ လာပို့ကတည်းက သည်ပုံပါပဲ"

ထိုစကားကြောင့် မင်းကြီးရွှေလှံ့ဗိုလ်လည်းတောက်တစ်ချက်ပြင်းပြင်းခေါက်ကာ မင်းကျော်သီရိအား ခေါ်လာရန် နောက်ပါအဆောင်ကိုင်လုလင်နှစ်ဦးအားပြောလိုက်တော့သည်။ မကြာခင်မှာပင် ခေါင်စီးတန်းအတွင်းမှ လှည်းယာဉ်တစ်စီးဖြင့်ထွက်လာတော့သည်။

"ငမိုက်သား ငမိုက်သား မောင်မင့်ကိုကျုပ်အတန်တန် မှာသယ်မဟုတ်လား လှေသင်းနဲ့ကင်းအောင်နေပါလို့ အခုတော့ဖြစ်ရလေခြင်း"

လှည်းယာဉ်ပေါ်တွင် သွေးအလူးလူးနှင့်ပါလာသော မင်းကျော်သီရိအား ပွေ့လာရင်း၊ မင်းကြီးရွှေလှံ့ဗိုလ်တဖျစ်တောက်တောက်ဆူ

တော့သည်။ နေ့လယ်ခင်းက မင်းကျော်သီရိသည် ကျော်ရွှေတံခါးတွင် လှေသင်းအမှုထမ်းများနှင့် ခိုက်ရန်ဖြစ်ပွားသည့်သတင်းကို ကြားသိရသော်လည်း အိမ်တော်သို့ညနေစောင်းသော်အထိ ရောက်မလာသဖြင့် မင်းကြီးကိုယ်တိုင်လိုက်ရှာမှ ခေါင်စီးတန်းတွင်အချုပ်ခံနေရသည့် သတင်းကြားသဖြင့် လာရွေးရခြင်းဖြစ်သည်။ လက်ရင်းတပည့်လည်းဖြစ် အရည်အသွေးကောင်းသော တပ်မှူးလည်းဖြစ် တူလိုသားလိုချစ်ရသောသူလည်းဖြစ်သဖြင့် မင်းကျော်သီရိ၌သို့မရှုမလှဖြစ်လာရခြင်းအား မချိတင်ကဲဖြစ်နေတော့သည်။

"ဟဲ့ ငမိုက်သား နင်ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်ပြုစားပါဘိ အနာကင်းတာနဲ့ နင့်တပ်နဲ့အတူ လင်းပင်အုပ်စုပုန်ကန်တဲ့ နေရာဆီသွားကြားသယ်မလား"

"မှန်ပါ့ မင်းကြီးဘုရား"

မင်းကျော်သီရိထံမှ တိုးညှင်းသောအသံသဲ့သဲ့သာ ထွက်လာတော့သည်။

* * *

၁၈၈၂ ဇန်နဝါရီလအတွင်းတွင် ပြင်သစ်ပြည်သို့ထွက်ခွာသွားသော မြန်မာဘုရင့်သံတမန်အဖွဲ့သည် ၁၈၈၃ မေလခန့်တွင်မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာတော့လေသည်။ ထိုသံအဖွဲ့ခေါင်းဆောင်အတွင်းဝန် မြို့သစ်မြို့စားမင်းကြီးဗေဒါသကြိုန်နှင့်အတူ မြန်မာ ပြင်သစ်မဟာမိတ်စာချုပ် မူကြမ်းတစ်စောင်ပါလာခဲ့တော့သည်။ သီပေါမင်းတရားလက်ထက်တွင် ပြန်လည်အရှိန်ရလာသော မြန်မာ့စက်မှုတော်လှန်ရေးအားအင်္ဂလိပ်တို့ မျက်ခုံးလှုပ်စပြုလာချေပြီ။ မြန်မာတို့လက်ထဲတွင် ခေတ်မီရိုင်ဖယ် အမြောက်များစတင်ရောက်ရှိလာသလို စက်ရုံ အလုပ်ရုံများအတွက်လည်း အီတာလျံ ပြင်သစ် ဂျာမနီ တို့ဆီမှာ စက်ပစ္စည်းများစတင်ရောက်ရှိလာတော့လေသည်။ အထက်မြန်မာပြည်အား တိုးတက်မှုမရှိ

စေရန် နည်းအမျိုးမျိုးဖြင့် အင်္ဂလိပ်တို့ပိတ်ဆို့ထားသော်လည်း အထက်မြန်မာပြည်သည် တစ်စတစ်စနှင့်တိုးတက်လာခဲ့တော့သည်။ သရက်မြို့မှ ပိတ်ဆို့ထားသော အင်္ဂလိပ်တို့၏ အကြံအစည်ကို မြန်မာတို့သည် အရှေ့ဘက်နယ်ခြားဆီမှဖောက်ထွက်ကာ ပြင်ပကမ္ဘာနှင့် စတင်ဆက်ဆံလာတော့သည်။ ကိုချင်ချိုင်းနား(လာအို ဗီယက်နမ် ကမ္ဘောဒီးယား)တွင် ခိုင်ခိုင်မာမာအခြေစိုက်ပြီးဖြစ်သော ပြင်သစ်တို့နှင့် ဘုရင့်ရွှေနန်းတော်တို့သည် သံတမန်ရေးရာ ရွှေလမ်း ငွေလမ်းပေါက်လာခဲ့တော့သည်။

၁၈၈၄ နှစ်ဦးတွင်ကား ရတနာပုံနေပြည်တော်ဆီသို့ ပြင်သစ်သံအမတ်ကြီးစတင်ရောက်ရှိလာကာ ပြင်သစ် မြန်မာ မဟာမိတ်စာချုပ်အား ကနဦးသဘောတူ လက်မှတ်ရေးထိုးတော့လေသည်။ ထိုစာချုပ်ထဲမှ အချက်အလက်များအရ-

၁။ တံ့ကင်းနှင့်မန္တလေးရတနာပုံနေပြည်တော်အား ရထားလမ်းဖောက်လုပ်ရန်

၂။ မိုးကုတ်ပတ္တမြားမြေတွင် ပြင်သစ်တို့တရားဝင် ပတ္တမြားတူးဖော်ခွင့်

၃။ ဘုရင့်အစိုးရနှင့်ပြင်သစ်ကုမ္ပဏီတို့ အကျိုးတူ သစ် ရေနံကျောက်စိမ်းထုတ်လုပ်ခွင့်

၄။ ရတနာပုံနေပြည်တော်တွင် French National Bank ဖွင့်ခွင့်

၅။ မြန်မာဘုရင့်ကြည်းတပ်နှင့်ရေတပ်အား ပြင်သစ်တပ်မတော်ကဲ့သို့ လက်နက်ကိရိယာတပ်ဆင်ခြင်း

၆။ မြန်မာဘုရင့်အစိုးရအလိုရှိနေသော နည်းပညာများ စက်ကိရိယာများကို ပြင်သစ်အစိုးရမှ ကူညီခြင်း

အစရှိသော အချက်အလက်များအပြင် အခြားစစ်ရေးအကူအညီ စီးပွားရေးအကူအညီ များစွာပါဝင်လေသည်။ ထို့ကြောင့် မြန်မာဘုရင့်အစိုးရနှင့်ပြင်သစ်သံရုံးတို့သည် ထိုစာချုပ်အား အင်္ဂလိပ်တို့မသိအောင် အထူးလျှို့ဝှက်ချက်အဖြစ် ထိန်းသိမ်းထားခဲ့သည်။ သို့သော်ငြား . . . . .

* * *

ရတနာပုံနေပြည်တော် အနောက်တံခါးအနီးရှိ မာရဘင်ဆောင်၏ စစ်ကြောရေးအခန်းထဲမှ မိန်းမတစ်ယောက်၏ ငယ်သံပါအောင် အော်သံသည် တစ်စွန်းတစ်စထွက်ထွက်လာလေသည်။ (တောင်မာရဘင်ဆောင်သည် နန်းတွင်းထောက်လှမ်းရေးတာဝန်ယူရပြီး မြောက်မာရဘင်ဆောင်သည် နိုင်ငံခြားသံတမန်များ ပြည်ပနိုင်ငံများအား ထောက်လှမ်းရသည်။ ထို့ကြောင့် မာရဘင်ဆောင်ဟူသည် ရှေးမြန်မာဘုရင့်အစိုးရ၏ ထောက်လှမ်းရေးတပ်ဖွဲ့သာဖြစ်သည်။)

မီးရဲနေအောင်ကင်ထားသော သံပူပြားကို လက်တွင်ဆကာကိုင်ရင်း နေမျိုးရဲခေါင်သည် အသံနက်ကြီးဖြင့် ထိုင်ခုံတွင်တုပ်နှောင်ထားသော မျက်နှာဖြူ မိန်းမပျိုအားမေးလိုက်တော့သည်။

"ဟဲ့ ကုလားဖြူမ နင်ခိုးသွားတဲ့ စာလိပ်တွေဘယ်မှာလဲ"

"ဘာအကြံအစည်ရှိလို့ယူတာလဲ"

တစ်ခွန်းမေးလိုက် သံပူကပ်လိုက်နှင့် နေမျိုးရဲခေါင်အပါအဝင် အခြားသော မာရဘင်ဆောင်အရာရှိတို့သည် ထိုမျက်နှာဖြူမအား စစ်ကြောနေတော့လေသည်။ အနှီမျက်နှာဖြူမသည်ကား နန်းမတော်ကြီး၏ ရံရွေတော်များထဲမှ တစ်ဦးဖြစ်ပြီး နန်းမတော်ကြီး၏ အထူးချစ်ခင်မှုကို ရထားသူဖြစ်သည်။ သို့သော်ဒင်းသည်ကား ကုလားဖြူ ပီပီ အကျင့်တန်လေစွ။ နန်းမတော်ကြီး၏နန်းဆောင်တွင် သိမ်းဆည်းထားသော ပြင်သစ်မြန်မာ မဟာမိတ်စာချုပ် မိတ္တူတစ်စုံအား ခိုးယူသွားလေသည်။ ထိုသို့ခိုးယူပြီး နှစ်ရက်အကြာမှ မာရဘင်အမှုထမ်းတို့ ဖမ်းမိသဖြင့်ယခုလို စစ်ကြောနေခြင်းပင်ဖြစ်တော့သည်။ ထိုကုလားဖြူမအား စစ်ကြောရင်းသိရှိလာရသော အချက်များသည် မာရဘင်ဆောင်အမှုထမ်းများသာမက လာရောက်ကြည့်ရှုနေသော အခြားအရာရှိကြီးများကို ခေါင်းနားပန်းကြီးလာစေတော့သည်။ ထိုအပျိုတော်ပြောပုံအရ ၎င်းသည် ၎င်းနှင့်ချစ်ကျွမ်းဝင်နေသော အီတာလျံ သံအရာရှိအသွင်ယူထားသည့် အင်္ဂလိပ်လူ အင်ဒရီနို၏ သိမ်းသွင်းစကားကြောင့် စာချုပ်မိတ္တူအား ခိုးယူပေးခဲ့သည်။ ထိုစာချုပ်အား အင်ဒရီနိုမှတစ်ဆင့် အင်္ဂလိပ်သူလျှို ဆာချားဘားနပ်ဆီ သို့ပို့လိုက်

ကြောင်းသိလိုက်ရတော့သည်။

* * *

ဆာချားဘားနပ်ဆီမှရသော စာချုပ်အား အိန္ဒိယဘုရင်ခံချုပ်လော့ဒပ်ဖရင်မှတစ်ဆင့် အင်္ဂလန်အစိုးရဆီသို့ ရောက်သွားသာအခါ နယ်ချဲ့တို့လှုပ်လှုပ်ရှားရှားဖြစ်ကုန်တော့သည်။ ထိုစာချုပ်ကိုသာပြင်သစ်ပါလီမန်က အတည်ပြုလိုက်ပါက အင်္ဂလိပ်တို့ဒုက္ခများတော့ပေမည်။ မြန်မာတို့၏ သယံဇာတများကို အရသာတွေ့နေသော အင်္ဂလိပ်တို့သည်ကား အောက်မြန်မာပြည်မှနှိုက်ယူရုံတင်မကဘဲ အထက်မြန်မာပြည်မှလည်း ခိုးယူနေလေသည်။ ဒင်းတို့က ခိုးယူနေရသော်လည်း ယခုလို ပြိုင်ဘက်ပြင်သစ်တို့က တရားဝင် ပေါ်တင်ထုတ်ယူခွင့်ရသည်ကို အင်္ဂလိပ်ကုန်သည်ကြီးတို့ အသည်းနာလှသည်။ နဂိုကပင်မြန်မာတို့၏ဗီဇအရ ရဲရင့်သောလူမျိုးဇာတိမာန်ပြင်းထန်သောလူမျိုးများလက်တွင်းသို့ ကန်တုံမှ ခေတ်မီပြင်သစ်စစ်လက်နက်များရောက်ရှိလာပါက အင်္ဂလိပ်တို့ပဲခူး တနင်္သာရီ ရခိုင်တို့ဆီမှ ကျောကော့ကာပြေးရတော့မည်ဖြစ်သည်။ ဤသို့မဖြစ်စေရန်အလို့ငှာ အိန္ဒိယဘုရင်ခံချုပ်ထံ မြန်မာပြည်အလုံးကို သိမ်းပိုက်ရန် အမိန့်ပေးလိုက်တော့လေသည်။ထို့ပြင် အင်္ဂလန်အစိုးရက ပြင်သစ် အီတလီ အစိုးရတို့အား နိုင်ငံရေးဖိအားပေးတော့လေသည်။

အိန္ဒိယမှ တပ်များသည်ကား ၁၈၈၄ခုနှစ် ဧပြီ ၁၉ရက်နေ့မှစကာ အောက်မြန်မာပြည်သို့ တစ်ဖွဲ့ဖွဲ့စတင်ရောက်ရှိလာတော့လေသည်။ ထိုတပ်ပေါင်းစု၏ ခေါင်းဆောင်မှာယခင်က မြန်မာပြည်သို့စစ်သံအရာရှိအနေဖြင့် ခေတ္တလာရောက်ဖူးသော ဗိုလ်ချုပ်ကြီး ပရင်ဒါဂတ်ပင်ဖြစ်သည်။ သရက်မြို့သို့ စစ်သင်္ဘောများတပ်များ စုစည်းပို့ဆောင်နေသလို စစ်ပွဲစတင်ရန်အတွက် အကြောင်းရမယ်များစတင်ရှာတော့သည်။ ရမယ်ရှာပင် ရှာသည်ဆိုသော်လည်း အမှန်တကယ်ရှာမည်ဆိုပါက ရှာစရာများလှပေသည်။ သို့သော် အင်္ဂလိပ်တို့အတွက် အချိုရှာသကာတွေ့စေသည့်အဖြစ်သည်ကား ဘုံဘေဘားမားသစ် ကုမ္ပဏီ၏ သစ်ခိုးမှုပင်ဖြစ်သည်။

တောင်ငူနင်းကြမ်းနယ်မှ သစ်များအား ဘုံဘေဘာမားကုမ္ပဏီမှ ထုတ်လုပ်လျက်ရှိရာ မြန်မာအစိုးရအရာရှိများစစ်ဆေးသောအခါ သစ်လုံးရေ ၈၄၀၀၀ ကို တရားမဝင် ခိုးထုတ်ခြင်းကိုတွေ့ရှိသဖြင့် ဒဏ်ငွေ ၂၃သိန်းရိုက်လေတော့သည်။ သို့သော် သူခိုးကလူပြန်ဟစ်လေတော့သည်။ ဘုံဘေဘာမားကုမ္ပဏီအား သစ်ခိုးမှုဖြင့် မြန်မာဘုရင့်အစိုးရက မတရားနှိပ်စက်ကလူပြုသည်ဟု အိန္ဒိယဘုရင်ခံချုပ်ထံ တိုင်စာပို့တော့လေသည်။ နဂိုကပင်ရမယ်ရှာနေသော အင်္ဂလိပ်တို့အတွက် ပြေးရင်းလွှားရင်း ချေးပုံဟပ်မိတော့သည်။ အင်္ဂလိပ်တို့က မြန်မာဘုရင့်အစိုးရထံ အောက်ပါရာဇသံကိုပို့လိုက်တော့သည်။

၁။ ဘုံဘေဘားမားကုမ္ပဏီနှင့်မြန်မာဘုရင့်အစိုးရ အမှုအတွက် အင်္ဂလိပ်အစိုးရကိုယ်စားလှယ်များ လာရောက်ဆုံးဖြတ်ခွင့်ပေးရမည်။ ထိုကိုယ်စားလှယ်များမလာသရွေ့ အမှုမစစ်ရ။ (ရိုင်းစိုင်းသောမြန်မာတို့သည် နေမဝင်အင်ပါယာသခင် အင်္ဂလိပ်တို့အား တရားစီရင်ခွင့်မရှိ စီရင်ခြင်းစီရင်ရလျှင် အင်္ဂလိပ်တို့ကသာ နိမ့်ကျသောမြန်မာတို့ကိုစီရင်ရမည်)

၂။ အင်္ဂလိပ်သံအမတ်အား မြန်မာဘုရင့်အစိုးရ ပြန်လည်လက်ခံရမည်။ ရတနာပုံနေပြည်တော်တွင် ထိုသံအမတ်နှင့်အတူ အစောင့်အရှောက် တပ်ရင်းတစ်ရင်းအား နေခွင့်ပြုရမည်။(မြန်မာ့ရေမြေပေါ်တွင် နိုင်ငံခြားသားများဝင်ရောက်တပ်စွဲခွင့် ပေးရမည့်သဘောဖြစ်သည်။)

၃။ ယခုကိစ္စရပ်များကို ဧစ္စပ်ညှိနှိုင်းရန် မြန်မာသံအဖွဲ့လာခွင့်မရှိ။(ငါပြောတာပဲလုပ် ငါ့ကိုပြန်မပြောနဲ့ပုံစံဖြစ်သည်)

၄။ အင်္ဂလိပ်သံအဖွဲ့များ နန်းတွင်းသို့ဝင်သောအခါ ဓားကိုင်ခွင့် ဖိနပ်စီးခွင့်နှင့် ဘုရင့်ရှေ့တွင် ဒူးတုပ်မထိုင်ခွင့်ပေးရမည်။(ယခင်နတ်ရွာစံမင်းတုန်းမင်းတရားကြီးလက်ထက်တွင်လည်း ဤသို့တောင်းဆိုဖူးသည်)

၅။ မြန်မာဘုရင့်အစိုးရ၏ နိုင်ငံခြားဆက်ဆံရေးတွင် အင်္ဂလိပ်အိန္ဒိယဘုရင်ခံချုပ်၏ အမိန့်အတိုင်းသာလုပ်ဆောင်ရမည်။(အချုပ်အခြာအာဏာပိုင်သော နိုင်ငံတစ်ခုအတွက် အကြီးဆုံးစော်ကားခြင်းပင်ဖြစ်သည်။)

ထိုရာဇသံငါးချက်သည်ကား သီပေါမင်းနှင့်ဘုရင့်အစိုးရအတွက် အထိခိုက်ဆုံး စော်ကားမှုများပင်ဖြစ်သည်။ သို့သော် သီပေါမင်းတရားသည် လှေသင်း တိုင်တားအုပ်စု၏ အကြံထက် ကင်းဝန်အုပ်စု၏ "ဤတစ်ကြိမ် သည်းခံ၍ နိုင်ငံတော်ပြန်လည်အင်အား တောင့်တင်းလာမှသာ စစ်ရေး ကိစ္စများဆောင်ရွက်ပါ" ဟူသောအကြံဉာဏ်အရ အကောင်းဆုံး ဖြေရှင်း ချက်တစ်ခုအား အင်္ဂလိပ်တို့ထံပို့လိုက်တော့သည်။ ထိုဖြေရှင်းချက်မှာ ယခုဘုံဘေဘားမားကုမ္ပဏီသစ်ခိုးမှုအား ဘုရင့်အစိုးရမှ ပလပ်လိုက်ပြီဖြစ် သဖြင့် အထက်ပါ ရာဇသံငါးချက်သည် ပြုလုပ်ရန်မလိုတော့ကြောင်း အကယ်၍ အင်္ဂလိပ်သံအမတ်သာ ရတနာပုံနေပြည်တော်တွင်သံရုံးဖွင့်ပါ က နောက်ပါ စစ်အင်အားတပ်ခွဲနှစ်ခွဲထက်မပိုသော အင်အားဖြင့် လာ ရောက်နိုင်သလို မြန်မာဘုရင့်အစိုးရ၏ အပြည့်အဝအကာအကွယ်ပေးမှုကို ရရှိပါမည်ဟူသော ကတိအားအင်္ဂလိပ်တို့ထံပို့လိုက်လေသည်။

သို့သော် အင်္ဂလိပ်တို့သည် မြန်မာဘုရင့်အစိုးရ၏ ပြန်ကြားစာမည် သို့ပြန်လာသည်ဖြစ်စေ ရာဇသံငါးချက်လုံးကို လိုက်နာပါမည်ဟု လိုက်လျော သည်ဖြစ်စေ အထက်မြန်မာပြည်အလုံးအားသိမ်းယူရန် အမိန့်စာထုတ်ပြန် ပြီးဖြစ်သည်။ ဤမျှအင်္ဂလိပ်တို့၏ ရန်စကျူးကျော်မှုသည် သီပေါမင်း တရား၏ ရာဇမာနသည် သည်းခံနိုင်မှုကုန်လွန်သွားတော့လေသည်။ ၁၈၈၅ နိုဝင်ဘာ ၈ရက်နေ့တွင် ပြုလုပ်သော စစ်ညီလာခံတွင် "မှူးကြီးမတ်ရာ တပ်မှူးတပ်မင်းအပေါင်းတို့ ဤသို့အင်္ဂလိပ်ကုလားဖြူတို့၏ ကျူးကျော်ရန်စ လာမှုတို့ကို ဘုရင်တစ်ပါး၏ သိက္ခာဖြင့် ပြန်လည်ပြသရန်အလို့ငှာ စစ်ပြု ခြင်းမှတစ်ပါး အခြားမရှိတော့ချေ။ ဆောင်ရွက်သင့်သည်တို့ကိုဆောင်ရွက်စီမံ ပါလေ" ဟု မိန့်တော်မူကာ စစ်ကိုပြင်ဆင်တော့လေသည်။

ထို့ကြောင့် ၁၈၈၅ နိုဝင်ဘာ ၉ရက်နေ့တွင် အင်္ဂလိပ်တို့ စစ်ကြေညာသဖြင့် တတိယ အင်္ဂလိပ်မြန်မာစစ်ပွဲကြီးစတင်လာတော့လေ သည်။

(၇)

အဝေးတောင်မင်းတို့တွင် ဝေ့သီမှိုင်းညို့နေသော တောင်ခိုးတို့သည် ရှမ်းသေလာတောင်မင်းတို့အားခြုံလွှမ်းထားလေသည်။ ထိုသို့ အေးချမ်းသောရာသီဥတုတွင် လက်ဖက်ရည်ကြမ်းတစ်ခွက်ကျိုက်ရင်း ရွှေပြည်ရန်အောင်မြင်းတပ်,တပ်မှူး မင်းကျော်သီရိနှင့် မြန်မာဘုရင့်တပ်မတော်အရာရှိတို့သည် စစ်မှုရေးရာ တိုင်ပင်ဆွေးနွေးနေတော့သည်။

"ဗိုလ်သူရကျော်ခေါင် ကိုရင့်တပ်တွေကို မိုင်းကိုင်ကနေ အတွင်းဘက်လမ်းအတိုင်းပြန်ဆုတ်လာသင့်သပ။ သူပုန်တွေလည်း ဒီနယ်မှာ အတော်ကင်းနေမှတော့ ဗန်းမော် မိုးကောင်းမှာ ကျုပ်တို့ပြန်အခြေပြုသင့်နေပြီ"

"တုရင်ကျော်သူတို့ကတော့ တရုတ်နယ်ခြားကိုကျပ်ကျပ်တင်းတင်းပိတ်ဆို့ထား ဒင်းတို့က ယခင်မိုးကောင်းအရေးတုန်းက ဓားပြတွေကို ကျုပ်တို့နယ်ထဲသွင်းလေ့ရှိသာမို့ သတိထားမှတန်ရာကျမယ်. . . အလို ဆက်သားမြင်းသည်တစ်ယောက်ပါလား"

မင်းကျော်သီရိနှင့်အခြားအရာရှိတို့သည် အပြင်းဒုန်းစိုင်းလာသောမြင်းစီးဆက်သားကို လှမ်းမြင်လိုက်ရသဖြင့် ဆွေးနွေးပွဲ ခေတ္တဆိုင်းကာ မည်သည့်သတင်းပို့လိုက်သည်ကို စောင့်နေကြလေသည်။ ထိုမြင်းသည်တော်သည်လည်း တပ်မှူးများအနား ရောက်လာသည်နှင့် ခဏမဆိုင်းဘဲ ခါးပိတ်အိတ်တွင်းမှ ကြေးနန်းစာအိတ်ကို မင်းကျော်သီရိထံသို့ ဆက်သလိုက်လေသည်။ ထိုကြေးနန်းစာကို ဖတ်နေရင်း စာကိုကိုင်ထားသော မင်းကျော်သီရိ၏လက်အစုံသည် တဆတ်ဆတ်တုန်လာပြီး စာဖတ်ပြီးသည်နှင့် အောင်မြင်ထည်ဝါသော အမိန့်သံကြီးသည် တပ်စခန်းအတွင်းပျံ့လွင့်သွားတော့သည်။

"ဘုန်းတော်ကြီးဘုရားအမိန့်တော် အရှေ့မြောက်နယ်ခြားတွင် တပ်စွဲထားသော ဘုရင့်တပ်အပေါင်းတို့သည် တန်ဆောင်မုန်းလဆုတ် ၁၂ နေ့တွင် နေပြည်တော်သို့အရောက်ချီရမည် နယ်ချဲ့ကုလားဖြူတို့သည် ကျူးကျော်စစ်ဆင်နွှဲလာပြီ"

* * *

၁၈၈၅ခုနှစ် နိုဝင်ဘာ ၉ရက်နေ့တွင်ကား အင်္ဂလိပ်တို့၏ တတိယ ကျူးကျော်စစ်ကြီးစတင်တော့လေသည်။ ထိုနေ့တွင် အောင်လံ သရက် နယ်ခြားဒေသဆီမှ အင်္ဂလိပ်တပ်များ စတင်ချီတက်လာသလို ရတနာပုံ နေပြည်တော်ဆီမှ မြန်မာဘုရင့်တပ်မတော်သည် စစ်ကြောင်းသုံးခုခွဲကာ တောင်ဘက်ကို ဆင်းလာခဲ့တော့သည်။ ထိုစစ်ကြောင်းသုံးခုသည်ကား

၁။ အောက်မြစ်စဉ်ရေကြောင်းဌာန-----လှေသင်းအတွင်း ဝန်ဦးစီးသော မြန်မာဘုရင့်ရေတပ်မတော် ရတနာယာဉ်မွန် ရတနာယာဉ်ပျံ တုလွတ်ယာဉ်ကျော် တိုက်ရေယာဉ် ၃စီး ပြည်လုံးအံ့လှေတော်သား ၁၀၀၀ အောက်မြစ်စဉ်အမှုထမ်း၁၅၀၀ ဘုန်းတော်ပြည့်ရွှေတော်ယူအမှုထမ်း ၁၀၀၀ စုစုပေါင်း အင်အား ၄၅၀၀ ဌာနချုပ် မြင်းခြံမြို့

၂။ တောင်တွင်းကြီးကြည်းကြောင်းဌာန------လက်ဝဲဝင်းမှူးကြီး သီရိဇေယျကျော်ထင် ဦးစီး မာရဘင်ဆောင်အမှုထမ်း ၁၀၀၀ နတ်ရှင်ရွှေ အမှုထမ်း ၅၈၆

ဘုန်းတော်ပြည့်ရွှေတော်ယူအမှုထမ်း ၁၅၀၀ အမြောက် ၂၀ စုစုပေါင်းအင်အား ၃၄၈၆ဦး ဌာနချုပ် တောင်တွင်းကြီး

၃။ တောင်ငူကြည်းကြောင်းဌာန----- မိုးနဲဗိုလ်မှူးအတွင်းဝန် ရွှေလှံဗိုလ်ဦးစီး ရွှေပြည်ရန်အောင်မြင်းအမှုထမ်း ၈၀၀

ဝင်းအမှုထမ်း ၁၂၀၀(နန်းစောင့်တပ်)

အခြားသူရဲစုအမှုထမ်း ၂၀၀၀ အမြောက် ၁၀ စိန် ၁၀ စုစုပေါင်း အင်အား ၅၀၀၀ ဌာနချုပ် တောင်ငူ

စသည်ဖြင့် စစ်ကြောင်းကြီးသုံးကြောင်းခွဲကာ ကြည်းကြောင်းရေကြောင်းတို့မှ ပိတ်ဆို့တိုက်ခိုက်ရန်ဆင်းလာလေသည်။ အကယ်စင်စစ် စာရင်းများထဲတွင်သာ ထိုသို့အမှုထမ်း များအင်အားပါသော်လည်း အမှန်တကယ်တွင် အောက်မြစ်စဉ်ကြောင်းမှလွဲကာ ကြည်းကြောင်း စစ်ကြောင်း နှစ်ခုတွင် တပ်အင်အားအပြည့်မပါချေ။ စနစ်တကျ ဖွဲ့စည်း

ထားသော တောင့်တင်းသည့်မြန်မာဘုရင့်ကြည်းတပ် အင်အားများသည်ကား တရုတ်နယ်ခြားတွင်သူပုန်သူကန်များကို သွားရောက်နှိမ်နင်းနေရသဖြင့် ခရီးလွန်နေလေပြီ။ နေပြည်တော်တွင်စုမိသမျှ အင်အားများအပြင် ယခင်က သူပုန်ဟုအရိုးခံရသော အကျဉ်းသားများကို ဘုန်းတော်ပြည့်ရွှေတော်ယူအမှုထမ်းများအဖြစ် ကသုတ်ကရုတ်ဖွဲ့စည်းကာ လွှတ်လိုက်ရတော့သည်။ သို့သော် အင်္ဂလိပ်တို့သည်ကား ဇွန်လကတည်းကပင် တဖွဲဖွဲရောက်လာသော အိန္ဒိယတပ်များ မျက်နှာဖြူတပ်များဖြင့် စနစ်တကျဖွဲ့စည်းကာ ရောဝတီကို ဆန်တက်လာတော့လေသည်။

အင်္ဂလိပ်တို့ချီတက်လာသည့်အင်အားသည်ကား မျက်နှာဖြူတပ်အင်အား ၃၀၂၉ဦး အိန္ဒိယစစ်ဗာရီ ၆၀၀၉ ဦး အမြောက် ၆၇လက် စက်သေနတ် ၂၄ လက် ဧရာဝတီဖလုပ်တီယာကုမ္ပဏီပိုင် သင်္ဘောနှင့် စစ်ရေယာဉ်များအပါ စုစုပေါင်း ၅၅စီး ဖြင့် သရက်မှချီတက်လာခဲ့တော့သည်။ ရန်ကုန်သို့လည်း စစ်ကူတပ်များတဖွဲဖွဲရောက်လာနေဆဲ။

* * *

အင်္ဂလိပ်တို့နှင့်မြန်မာတို့ စတင် ထိတွေ့တိုက်ပွဲဖြစ်ရသည့်တပ်သည်ကား အောက်မြစ်စဉ်ခံစပ်ကြောင်း၏ ပထမစည်းဖြစ်သော ထူးပေါက်ကတုတ် ဆင်ပေါင်ဝဲ စစ်အောင်ခန်းခံတပ်နှင့် တုလွတ်ယာဉ်ကျော်တိုက်ရေယာဉ်တို့ပင်ဖြစ်သည်။ တုလွတ်ယာဉ်ကျော် တိုက်ရေယာဉ်သည် ဆင်ပေါင်ဝဲခံတပ်နားရှိ ဧရာဝတီမြစ်ကျဉ်းတွင် သစ်ဖောင်ကြီးများ လှေကြီးများကိုနှစ်မြှုပ်ကာ မြစ်ကြောင်းပိတ်ဆို့ရန်ဖြစ်သည်။ ထိုမြစ်ကျဉ်းနားတွင် နေရာရှာနေကာတဝဲလည်လည်ဖြစ်နေစဉ်မှာပင် မြစ်ကွေ့တစ်ဖက်မှ အင်္ဂလိပ်စစ်ရေယာဉ် ဧရာဝတီနှင့် ကတ်တလင်းတို့ဘွားခနဲပေါ်လာတော့လေသည်။ နောက်တွင်ချိတ်တွဲထားသော ဖောင်များလှေများကြောင့် တုလွတ်ယာဉ်ကျော်ပြေးဖို့အချိန်မရတော့ပေ။ အင်္ဂလိပ်စစ်သင်္ဘောနှစ်စီး နှစ်ဖက်ညှပ်ပစ်ခတ်မှုကိုပေခံရင်း အနီးဆုံးသောင်တိမ်သို့ကပ်ကာ သင်္ဘောအမှုထမ်းတို့ ကမ်းပေါ်တက်ပြေးရတော့သည်။ မကြာမီအချိန်အတွင်း တုလွတ်ယာဉ်ကျော်ပေါ်တွင် ကျက်သရေကင်းမဲ့သော

မျက်နှာဖြူတို့၏ အလံတလူလူဖြင့် မြစ်အောက်သို့ နှစ်စီးညှပ်ဆွဲကာ ပါသွားရလေသည်။ ထိုတုလွတ်ယာဉ်ကျော်ပေါ်တွင် ဦးစီးလိုက်ပါလာသော အရာရှိတို့သည်ကား မြန်မာတို့အထင်ကြီးလှပါသည်ဆိုသော အီတာလျံ အင်ဂျင်နီယာ ကိုမိုတိုနှင့် စစ်ဘက်အရာရှိ မိုကိုနာလီတို့ပင်ဖြစ်သည်။ ထိုသူတို့သည်ကား ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြန်မာခံတပ်များကို တည်ဆောက်ပေးသော အရာရှိများဖြစ်ကြသည်။ ထိုအတွက် မြန်မာဘုရင်ထံမှ များစွာသော လစာရိက္ခာစားရသောသူများဖြစ်ကြသည်။ သို့သော်ငြား တုလွတ်ယာဉ်ကျော်ပေါ်မှ ပြေးရသောအခါ မြန်မာအမှုထမ်းများနှင့်အတူမပြေး နောက်တွင်ချန်နေခဲ့သည်။ အင်္ဂလိပ်သင်္ဘောများဆန်တက်လာသောအခါ မြစ်ဘေးမှအလံဖြူထောင်ကာ အချက်ပြလေတော့သည်။ မြန်မာတို့ အထင်ကြီးသောနိုင်ငံခြားသားနှစ်ဦးသည်ကား သစ္စာမဲ့လှချေသည်။ သာမန် လက်နက်ချပါက ရိုးရိုးအကျဉ်းသားအဖြစ်ထောင်ချခံရမည်ဖြစ်သည်။ ထို့ကြောင့် ပရင်ဒါဂတ်ထံလက်ဆောင်ယူကာ မျက်နှာလိုအားရပြုလေသည်။ ထိုလက်ဆောင်သည်ကား အောက်မြစ်စဉ် ခံတပ်များ၏ မြေပုံနှင့်တပ်အင်အားများပင်ဖြစ်သည်။ အောက်မြစ်စဉ် ပထမခံစစ်စည်းဖြစ်သော ထူးပေါက် ကတုတ်နှင့် ဆင်ပေါင်ဝဲစစ်အောင်စခန်းခံတပ် ဒုတိယခံစစ်စည်းဖြစ်သော ပန်းတော်ပြင်ကတုတ် မင်းလှခံတပ် ငွေးချောင်းခံတပ် အဓိက ခံစစ်စည်းဖြစ်သော သပြေတန်းခံတပ် စသည့် ခံတပ်များ တည်ဆောက်ပုံများသည် ဒင်းတို့နှစ်ဦးအတွက် မျက်နှာရစရာများပင်ဖြစ်သည်။

နိုင်ငံခြားသားဆိုလျှင် ကလေးအစခွေးအဆုံး အထင်ကြီးသော မြန်မာတို့နောက်ကျောမှ ဓားဖြင့်အထိုးခံရလေတော့သည်။ ထူးပေါက်ကတုတ်ရှိ ဖောင်ဝန်မင်း မဟာမင်းလှမင်းထင် မြောက်ထားဝယ်ဗိုလ်မင်းထင်ရာဇာတို့သည် ရေကြောင်းမှတက်လာမည့် ရန်သူတို့အား မဲနေစဉ်နောက်ပိုးမှတက်လာသော အင်္ဂလိပ်ကြည်းတပ်များ လက်ချက်ဖြင့်ကျဆုံးရတော့သည်။ ထူးပေါက်ကတုတ်ကျသောအခါ စုမိသမျှအင်အားများဖြင့် ဆင်ပေါင်ဝဲစစ်အောင်ခန်း ခံတပ်တွင်ခုခံသော်လည်း မဆီးမတားမပိတ်

ဆို့နိုင်ပေ။ နေ့တစ်ဝက် အချိန်အတွင်း ပထမခံစစ်စည်းဖြစ်သော ရေကြောင်းခံတပ်နှစ်ခုနှင့် စစ်ရေယာဉ်တစ်စီးကျဆုံးသွားတော့သည်။

* * *

၁၈၈၅ ခုနှစ် နိုဝင်ဘာ ၁၇ရက် မနက်စစ်ပွဲကို ပန်းတော်ပြင်ကတုတ်ဆီမှ သေနတ်သံတို့နှင့်ဖွင့်လှစ်လိုက်လေတော့သည်။ ပန်းတော်ပြင်ကတုတ်တွင်ကား မြန်မာဘုရင့်တပ်သား ၁၈၅ဦးသာရှိသည်။ တစ်ဖက်မှ အင်အားသည်ကား ၈၅၀၀။ သို့သော်ငြား ပန်းတော်ပြင်ကတုတ် အမှုထမ်းတို့သည် ကြည်းကြောင်းမှတက်လာသော ရန်သူတို့အား အထိနာအောင်တိုက်ခိုက်ပြီး မြောက်ဘက်မင်းလှခံတပ်ဆီသို့ဆုတ်ခွာခဲ့သည်။ ဆန်တက်လာသော အင်္ဂလိပ်တို့ကို အသင့်စောင့်ကြိုနေသည်ကား ဂွေးချောင်းခံတပ်နှင့် မင်းလှခံတပ်။

ဂွေးချောင်းခံတပ်သည်ကား တောင်ကိုထွင်းကာ တည်ဆောက်ထားသောခံတပ်ကြီးဖြစ်သည်။ အင်္ဂလိပ်တို့၏ အမြောက်ဒဏ်ကိုမမှုပေ။ ထို့ပြင် ထိုခံတပ်တည်နေရာသည်ကား ဧရာဝတီမြစ်ရေစွယ်သည် ခံတပ်ခြေသို့ဆိုက်သည်။ ရေစွယ်သဘောအရ ရေစီးကြမ်းသည်မို့ ထိုအထဲဝင်သွားလျှင် ထွက်မရပေ။ ခံတပ်ပေါ်မှ လုပ်သမျှကိုပေခံရပေမည်။ ထို့ကြောင့် စက်အားကောင်းသော ဧရာဝတီတိုက်သင်္ဘောသည် ပထမဦးစွာ ဦးဆောင်ကာ ဂွေးချောင်းခံတပ်နားဆီသို့ ချဉ်းကပ်တိုက်ခိုက်လေသည်။ အီတာလျံတို့က ခံတပ်တွင် လူ ၁၅၀ သံလုံးအမြောက် ၁၀လက်သာရှိသည်ဟုဆိုသဖြင့် အင်္ဂလိပ်တို့ ထိုသို့ချဉ်းကပ်လာခြင်းပင်ဖြစ်သည်။ သို့သော် အီတာလျံတို့ မသိသည်ကား ဂွေးချောင်းခံတပ်ဆီသို့ နိုဝင်ဘာ ၁၆ နှင့် ၁၇ တို့တွင် လှေသင်းဗိုလ် မင်းကျော်သိဒ္ဓိရန်အောင်နှင့် ခေတ်မီတာဝေးပစ် အမြောက်ကြီး ခြောက်လက် လူ ၅၅၀ တောင်တွင်းစစ်ကြောင်းမှ စစ်ကူပို့လိုက်သော လူ ၁၀၀၀ မြင်း ၅၀၀ ရောက်ရှိနေပြီဖြစ်သည်။

ချဉ်းကပ်လာသော ဧရာဝတီစစ်သင်္ဘောသည်ကား နှစ်ဆင့်ကွဲတာဝေးပစ်အမြောက်ကြီး ခြောက်လက် ကောင်းကောင်းဆုံးမခြင်းကိုခံရကာ

သဘော်ရှေ့ပိုင်းတစ်ခုလုံး စုတ်ပြတ် သွက်သွက်ခါပြီး လည်ထွက်သွားတော့သည်။ စက်အားအမြင့်ဆုံးတင်ကာ ရေစွယ်ကိုရုန်းထွက်နိုင်၍သာ သဘော်မပျက်ခြင်းဖြစ်သည်။ ရောဝတီသဘော်အထိနာသောအခါ သူ့နေရာသို့ကတ်တလင်းအစားဝင်ကာ ခံတပ်ဆီသို့ပစ်ခတ်တိုက်ခိုက်တော့သည်။ ငွေးချောင်းခံတပ်သားတို့နှင့်အင်္ဂလိပ်ရေတပ်တို့ အပြင်းအထန် တိုက်ခိုက်နေစဉ်တွင် တောင်ဘက် ပတ္တနဂိုရ်တွင် ဘင်္ဂလား အမှတ် ၁၁ နှင့် ၁၂ တပ်ရင်းနှစ်ခု ကမ်းတက်ကာ ကြည်းကြောင်းချီလာတော့သည်။ တောင်ဘက်တွင် ကာကင်းချထားသော မြန်မာတပ်သားတို့သည် ထို တပ်ရင်းနှစ်ရင်းကို အနီးကပ်တိုက်ပွဲများဆင်ကာ ဟန့်တားသော်လည်း အင်အားမမျှသဖြင့် ငွေးချောင်းခံတပ်အနောက်ဘက်ဂိတ်သို့ ကုလားနက်တို့ရောက်လာကာ နှစ်ဖက်ညှပ်တိုက်လေတော့သည်။ ထိုအချိန်တွင် မြန်မာတို့အသိနောက်ကျခဲ့လေပြီ။ နောက်ကျသည်ဆိုသော်ငြား မင်းကျော်သိဒ္ဓိရန်အောင်သည် အုပ်စီးမပျက် ခံတပ်ပြင်သို့ထွက်တိုက်လေသည်။ အနောက်ဘက်ဂိတ်မှထွက်လာသော မြန်မာစစ်သည်တို့သည် စက်သေနတ်ကျည်များတဖွဲဖွဲကျနေသည့်ကြားက အတင်းတိုးထွက်လာကာ ကုလားနက်တို့အား ဓားစာကျွေးတော့သည်။ မည်မျှရဲရင့်ကြသည်ဆိုသော်လည်း လက်နက်လူသူအင်အား မမျှသောအခါ တပ်မှူးကြီး မင်းကျော်သိဒ္ဓိရန်အောင်သည်လည်းကောင်း ၎င်း၏ သွေးသောက်ရဲမက်စစ်သည်များသည်သော်လည်းကောင်း မြန်မာ့ဘုရင့်တပ်မတော်သားများပီပီ ရဲရဲကြီးအသေခံသွားကြသည်။

ငွေးချောင်းခံတပ်ဆီတွင် အပြင်းအထန် တိုက်ပွဲဖြစ်နေချိန်တစ်ဖက်ကမ်းရှိ မင်းလှခံတပ်အုတ်ရိုးပေါ်တွင်ကား မြောက်မာရဘင်ဗိုလ်နေမျိုးရဲခေါင်သည် အောက်မြစ်စဉ်ဝန် မင်းကြီး မဟာသမိန်ဗရမ်းဘေးတွင် မားမားရပ်ရင်း အင်္ဂလိပ်စစ်သဘော်များတက်လာသည်ကို စူးစူးရဲရဲကြည့်နေလေသည်။ အင်္ဂလိပ်စစ်သဘော်များသည်ကား ပါလာသမျှအမြောက်ကြီးများကို တရစပ်ပစ်ခတ်ရင်း မင်းလှခံတပ်ဆီသို့ ချီလာတော့သည်။ မင်းလှခံတပ်ရှိ အမြောက်ကြီး ၃၅လက်အနက် မြစ်ဘက်မှ အမြောက်ကြီး

အလက် ၂၀သည်ကား အင်္ဂလိပ်ရေတပ်ဆီသို့ အချက်မှန်မှန်ပြန် ပစ်နေတော့သည်။

"ရဲခေါင်ငယ် ဟိုးမှာ ကုလားဖြူတွေတက်လာသာကို မောင်မင့်မြင် သလော"

မင်းကြီးသမိန်ဗရမ်းလက်ညိုးညွှန်ပြသောဘက်ဆီသို့ နေမျိုးရဲ ခေါင်လှမ်းကြည့်လိုက်သောအခါ မှန်ပေသည်။ အင်္ဂလိပ်တို့သည် ရေကြည်းနှစ်ဖက်ညှပ်ကာ တိုက်ရန်အတွက် ကြည်းတပ်များကို သင်္ဘော ပေါ်မှချနေကြလေသည်။ ထိုတပ်များသည် ဧရာဝတီမြစ်ကမ်းအတိုင်း ချီတက်လာကာ အနောက်ဘက်ခံတပ် သံတံခါးကြီးဆီသို့ ဦးတည်လာ နေခြင်းဖြစ်သည်။ ခံတပ်တွင်းသို့ မင်းကြီး မဟာသမိန်ဗရမ်းဆင်းသွားချိန် တွင် အနောက်ဘက်စစ်မျက်နှာတွင် တပ်မှူးအဖြစ် နေမျိုးရဲခေါင်နှင့် မြောက်မာရဘင်ဆောင်စစ်သည် ၅၁၂ ယောက်ကျန်ခဲ့လေသည်။ အနောက်ဘက်တံခါးဆီသို့ အတင်းပြေးဝင်ကာ တံခါးဖွင့်သော ကုလားဖြူ ကုလားနက်တို့အတွက် ထိုနေရာသည် ဒင်းတို့သင်္ချိုင်းဖြစ်သွားတော့သည်။ ဤသို့တိုက်လျှင် မြန်မာတို့ ဓားဖြင့်ထွက်ခုတ်မည်ယူဆနေသော ကုလားဖြူ တို့အပေါ်သို့ မာရဘင်တပ်သားတို့၏ သေနတ်ကျည်များတဖွဲဖွဲကျလာ တော့သည်။ ခံတပ်သံတံခါးကြီးကား အမြောက်ဖြင့်ပစ်သော်လည်းမပြိုပေ။ ခံတပ်တံခါးပွင့်မည့်အစား ဒင်းတို့သာအလောင်းချင်းထပ်သွားတော့သည်။ မဒရပ်ခြေလျင်တပ်ရင်းအဖို့ တံခါးမှဝင်မရသော် ဘေးရှိ လှေကားကြီး နှစ်ခုပေါ်သို့ပြေးတက်မည်ဆိုကာ တက်လုံးကြတော့သည်။ ထိုသို့တိုက် ရသော် မြန်မာတို့အကြိုက်ပင်ဖြစ်သည်။ တက်လာသမျှကုလားနက်တို့ကို စိန်များ သေနတ်များဖြင့်ဆီးပစ်သဖြင့် လှေကားပေါ်မှ အထွေးလိုက် အထွေးလိုက်ပြန်ပြုတ်ကျလာတော့လေသည်။ မဒရပ်ခြေလျင်တပ်သည် စစ်ဗာရီများဖြစ်သဖြင့် တိုက်စွမ်းအားမကောင်းဟု ယူဆနေသော အင်္ဂလိပ်တို့သည် ထိုနေရာသို့ ဘုရင့်ယော့ရှိုင်းယားတပ်ရင်းမှ တပ်ခွဲ နှစ်ခွဲ လစ်ဗာပူးတပ်ရင်းမှ တပ်ခွဲတစ်ခွဲပေါင်းကာ မေဂျာဟစ် လက်ဖတင် နင်ဝီကင်ဆန် လက်ဖတင်နင်ဒေါင်းနက်တို့ဦးစီးကာတက်တိုက်ကြပြန်သည်။

ရလဒ်သည်ကား မေဂျာဟစ် ညာလက်လက်ကောက်ဝတ်မှပြတ်သွားသည်။ လက်ဖတင်နင်ဝီကင်ဆန်သည် နေမျိုးရဲခေါင်လက်ချက်ဖြင့် ခေါင်းခွဲလန်ကာ လိမ့်ကျပြီး ပထမဆုံးကျဆုံးသော ကုလားဖြူ အရာရှိဖြစ်သွားသည်။ တော်လှပါသည်ဆိုသော ယောက်ရှိုင်းယားများ သတ္တိကောင်းပါသည် ဆိုသော လစ်ဗာပူးများ ခွက်ခွက်မလန်ရုံတမည်ရှုံးကာ ဆုတ်ရပြန်သည်။ ထိုနေရာသို့ အမှတ် ၁၁ ဘင်္ဂလားတပ်ရင်းအစားဝင်လာတော့သည်။ (သေခြင်းသေ ကုလားဖြူ သေသည်ထက် ကုလားနက်သေသည်က ပိုဖြစ်သင့်သည်ဟု နှာခေါင်းချွန်မျောက်ဖြူ တို့လုပ်မြဲထုံးစံဖြစ်သည်) မင်းလှခံတပ် အနောက်ဘက်စစ်မျက်နှာတွင်ကား ဓား လှံစွပ် သေနတ်များဖြင့် လုံးထွေးသတ်ပုတ်နေသည်။ အလောင်းများကလည်း တင်းကြမ်းပြည့်။ သွေးအိုင် သွေးဗွက်ကြီးများက လက်ညိုးထိုးမလွဲ။ ရန်သူကလည်း မကုန်သေး မြန်မာတပ်သားတို့ခုတ်ရလွန်းသဖြင့် ကုလားဖြူ ကုလားနက် သွေးစေးတို့ဖြင့် လက်ထဲမှဓားသည်ပင် ခွာမရတော့ချေ။ တောင်ဘက်နှင့် အနောက်ဘက်တွင် တိုက်ပွဲပြင်းထန်နေချိန်တွင် အရှေ့ဘက်မှပန်းတက်လာသော အမှတ် ၁၂ ဘင်္ဂလားတပ်ရင်းအား မြန်မာတို့သတိမပြုမိချေ။ အရှေ့တံခါးပွင့်သည်နှင့် ခံတပ်တွင်းသို့ ကုလားနက်တို့အလုံးအရင်း ဝင်လာတော့သည်။ တောင်ဘက်နှင့် အနောက်ဘက်ဆီမှ ရန်သူများ ဆုတ်သွားသဖြင့် အားတက်လာသော မြန်မာရဲမက်တို့၏ ကျောပြင်ဆီသို့ အစုအပြုံလိုက်ပစ်သောကျည်တို့ဝင်လာတော့ချေပြီ။ မင်းလှခံတပ်ကြီးသည် ကျဆုံးခဲ့ပြီတကား။

(၈)

"အခု မြင်းခြံခံတပ်မှာ အင်အား ၈၅၀၀ ရှိသယ် ဒင်းတို့ဆန် တက်လာပါစေ မြန်မာ့အကြောင်းကောင်းကောင်း သိသွားရစေမယ်ကွဲ့."

လက်သုံးတော်ဓားကို ဖြောင်းခနဲဆွဲထုတ်ပြီး လှေသင်းအတွင်းဝန် ဦးရွှေမောင်ကြိမ်းဝါးလိုက်တော့သည်။ မြင်းခြံခံတပ်သည်ကား အောက်မြစ်စဉ်ဌာန၏ နောက်ဆုံးခံစစ်စည်းပင်ဖြစ်တော့သည်။ ထိုဒေသတွင် မြင်းခြံ

ဌာနချုပ် ပခုက္ကူ ညောင်ဦးစစ်ဒေသစသည့် နေရာသုံးနေရာတွင်ကား မြန်မာဘုရင့်ကြည်းတပ်ရေတပ် နှစ်ရပ်ပေါင်း အင်အား ၈၅၀၀ သည် အသင့်ရှိနေကြပြီဖြစ်သည်။ ထိုဒေသ၏ ဧရာဝတီမြစ်ကြောင်းအနေ အထားအရ ကျယ်ပြန့်သော်လည်း သောင်များအလွန်ထွန်းလေ့ရှိသည်။ ထို့ပြင် နိုဝင်ဘာလဆိုသည်မှာ ဆောင်းရာသီဖြစ်သဖြင့် ဧရာဝတီမြစ် ရေကျဆင်းလေ့ရှိရာ ပထဝီအနေအထားအရရော စစ်အင်အားအရပါ မြန်မာတို့တောင့်ခံနိုင်မည်ဖြစ်သည်။ မြင်းခြံတွင် တစ်ရက်တောင့်ခံထား နိုင်လေ နေပြည်တော် ရေကြောင်းခံတပ်ကြီးသုံးခုတွင် မြောက်ပိုင်းမှဆင်း လာမည့် မြန်မာဘုရင့်ကြည်းတပ်အင်အားများ ပြင်ဆင်ချိန်တစ်ရက် ပိုရလေဖြစ်သည်။ ထို့ပြင် လှေသင်းအတွင်းဝန်မင်း၏ တပ်သည် မြန်မာ ဘုရင့်ရေတပ်တွင် ခေတ်အမီဆုံးတပ်ဖွဲ့ဖြစ်လေရာ ပြင်သစ်ရိုင်ဖယ်မတ် စကတ်များ ခေတ်မီနောက်ဖွင့်ကျည်မွှေနှစ်ဆင့်ကွဲ အမြောက်ကြီးများ ပါဝင်ဖွဲ့စည်းထားသဖြင့် တစ်ဖက်ရန်သူတို့ အခက်တွေ့စေမည်မလွဲပေ။

* * *

နိုဝင်ဘာ ၁၇ ၁၈ ရက်များတွင် မင်းလှဒေသတွင် တိုက်ပွဲများပြင်း ထန်စွာဖြစ်ပွားသဖြင့် အထိနာသွားသောတပ်များကိုပြန်လည်ပြင်ဆင်ရင်း အင်္ဂလိပ်တို့ နှစ်ရက်ကြာ စစ်ကူများစောင့်ဆိုင်းရင်း အခြေပြုနေလေသည်။ အခြေပြုသည်ဆိုသော်ငြား ကမ်းကပ်၍အခြေပြု ခြင်းမဟုတ်ပေ။ မြစ်လယ် တွင်ကျောက်ချကာ နားနေရခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကမ်းပေါ်တက်နားသည်ဆိုသည်နှင့် မည်သို့မည်ပုံပေါ်လာမှန်း မသိသော မြန်မာဓားရဲခုတ်တို့သည် ကျားဘသားကျား အသံနက်ကြီးများဖြင့်ပေါ် လာပြီး တဲများကိုမီးရှို့ ကုလားဖြူ ကုလားနက်တို့ဇက်ကိုပိုင်းသူကပိုင်း သေနတ်ကောက်ပြေးသူကပြေးနှင့် ကုလားဖြူ ကုလားနက်တို့ ကြောက် လှသည်။ စင်စစ်တွင် ထိုမြန်မာဓားရဲခုတ်တို့သည်ကား ဘုရင့်တပ်မတော် သားများမဟုတ်ပေ။ သရက်နယ်ခြားမှ ဒင်းတို့ဆန်တက်လာစဉ် အောက်

မြစ်စဉ်တစ်လျှောက် မြစ်ကမ်းဝဲယာ တွေ့သမျှ မြို့ရွာများကို ဝင်ရောက်လုယက် အမျိုးသမီးများကို ဗလက္ကာရပြု ဘုန်းတော်ကြီးကျောင်းများကို မီးရှို့သွားသည်ကိုမခံနိုင်သော အသည်သားမြန်မာမျိုးချစ်တို့သည် အင်္ဂလိပ်စစ်သင်္ဘောများသွားလေရာနောက်သို့ ထမင်းခြောက်ထုပ်စလွယ်သိုင်း ဓားလွတ်ဆွဲကာ နီးစပ်ရာခင်ရာမင်ရာ အစုလိုက် အစုလိုက် လိုက်လာခြင်းပင်ဖြစ်သည်။

ထိုမြန်မာစားရဲခုတ်များရန်ကတစ်ကြောင်း မင်းလှထွေးချောင်းကဲ့သို့ ၎င်းတို့ထက် အင်အားနည်းသော ခံတပ်များကိုပင် အကျအဆုံးများစွာဖြင့် တိုက်ယူနေရသဖြင့် မြန်မာဘုရင့်တပ်မတော်သည် ယခင်စစ်ပွဲနှစ်ပွဲတွင် ရင်ဆိုင်ဖူးသော တပ်မဟုတ်တော့သည်ကို သိရှိလာသည်ကတစ်ကြောင်း စစ်ဖက်ထောက်လှမ်းရေးမှပေးသော သတင်းများအရ တောင်ငူနှင့်တောင်တွင်း စစ်ကြောင်းနှစ်ခုသည် သတင်းပျောက်နေသဖြင့် ၎င်းတို့မည်သည့်နေရာတွင် ရောက်နေသည်ကို ကုလားဖြူတို့မခန့်မှန်းနိုင်ပေ။ ၎င်းတို့ယခင်က တိုက်ဖူးသောစစ်ပွဲနှစ်ခုတွင် မြန်မာဘုရင့်တပ်မတော်၏ စစ်ချီနှုန်းသည် ပြင်းထန်သောမုတ်သုန်ရာသီတွင်ပင် မထင်မှတ်လောက်အောင်မြန်ဆန်လွန်းသည်။ ဤသို့ ခြေခင်းလက်ခင်းသာသော ဆောင်းတွင်းဆိုလျှင်ကာ ထိုတပ်များသည် အောက်မြန်မာပြည်သို့လည်းကောင်း အထက်အညာမြစ်ကြောင်းခံတပ်များဆီသို့လည်းကောင်း တစ်ရက်နှစ်ရက် အလွန်ဆုံးတစ်ပတ်အတွင်းရောက်နိုင်သဖြင့် ခေါင်းခဲစရာဖြစ်သည်။

သို့သော် ကမ္ဘာပတ်ကာ ပင်လယ်ဓားပြလုပ်စားလာသော ဒင်းတို့လူလည်မသား ကုလားဖြူတို့သည် ဉာဏ်ပြေးပေစွ။ ဒင်းတို့ လက်သပ်မွေးထားသော ဖေသန်းဆိုသည့် အကောင်ကို မြန်မာမင်းညီမင်းသားများကဲ့သို့ဝတ်စားခိုင်းကာ ရန်ကုန်မှလာမည့် စစ်ကူသင်္ဘောများ၏ ထိပ်တွင် ရွှေထီးကြီးမိုးကာလိုက်ပါစေသည့် သတင်းလွှင့်လိုက်သည်ကား ညောင်ရမ်းမင်းသားကြီးသည် အင်္ဂလိပ်တပ်များနှင့်ပါလာလေသည်။ မင်းသားကြီးအားနန်းတင်ရန်အတွက် အင်္ဂလိပ်တို့အထက်မြန်မာပြည်ကို ချီတက်လာခြင်းဖြစ်သည်ဟု သတင်းလွှင့်လိုက်လေတော့သည်။ ထိုသတင်းသည် မြစ်

ကြောင်းတစ်လောက် လိုက်လံတိုက်ခိုက်နေသော ပြောက်ကျားတပ်သားများကို တွေ့ဝေသွားစေသည်။ ထို့ပြင် ကျန်နေသေးသော ရေကြောင်းခံတပ်များရှိ ဘုရင့်တပ်သားတို့၏ စိတ်အား ဒွိဟဖြစ်သွားစေသည်အပြင် နန်းတွင်းတွင်နန်းတွင်းရေးရာ အရှုပ်အထွေးများစတင်လာတော့သည်။ (အမှန်တကယ်တွင် ညောင်ရမ်းမင်းသားကြီးသည် ၁၈၈၅ နှစ်ဦးပိုင်းတွင် အိန္ဒိယတွင်ကွယ်လွန်သွားပြီ ဖြစ်သည်။)

အထူးသဖြင့် နန်းတွင်းတွင် အင်္ဂလိပ်လိုလားသူ ကင်းဝန်အုပ်စုသည် သီပေါမင်းအား နန်းချကာ စွမ်းရည်ပိုမိုထက်မြက်သော ညောင်ရမ်းမင်းသားကြီးအား နန်းတင်လိုသည်။ တိုင်တားအုပ်စုသည်ကား သီပေါမင်းဆီပဲ ကပ်နေရမလိုလို ညောင်ရမ်းမင်းအား ပြေးကာဖူးတုပ်ရတော့မလိုလိုဖြစ်နေသည်။ နိုင်ငံရေးသမားတို့ကွဲနေသော်လည်း စစ်ဘက်အရာရှိကြီးများသည် တစ်သွေးတစ်သံတစ်မိန့်တည်းဖြစ်နေသည်။ လှေသင်းအတွင်းဝန်နှင့် ရွှေလှံဗိုလ်သည်ကား တပ်ချင်းပြိုင်နေသည့်အတွက်သာ မတည့်ရိုးရှိမည် ယခုလို ကုလားဖြူ တို့နှင့်ပက်သက်လျှင်ကား တစ်ဖက်တည်းတွင်ပင် ရပ်နေတော့သည်။

"ထို ဒင်းတို့သဘော်ပေါ်မှာ ညောင်ရမ်းကိုယ်တော်မကလို့ သိကြားမင်းကြီးပါလာတော့ ဘာဖြစ်သတုံး ရန်သူသဘော်ဟာ ရန်သူသဘော်ပဲမဟုတ်လား ကြားလားဟဲ့ မင်းကျော်သီရိ မင်းတပ်ကိုအခုနုတ်သပြေတန်းခံတပ်ဆီကို အပြေးနှင် ဒင်းတို့ကို မြစ်ထဲမှာတင် သုတ်သင်ပစ်"

တောင်ငူကြောင်း မင်းကြီးရွှေလှံဗိုလ်သည်ကား တပ်ကိုတစ်ဝက်ခွဲကာ အထက်သို့ပြန်စေလွှတ်တော့သည်။ ကျန်သောတစ်ဝက်အား ကိုယ်တိုင်ဦးစီးကာ သူ့ကျွန်မခံလိုသော အသည်သားမျိုးချစ်တို့အား ထပ်ဖြည့်ကာ တောင်ငူနင်းကြမ်းနယ်ခြားမှတစ်ဆင့် ပဲခူးနယ်သို့ချီတက်မည် ပြင်ဆင်နေသည်။

* * *

ညောင်ရမ်းမင်းသားကြီးအယောင်ဆောင်သော ငဖေသန်းကို တင်ထားသော သင်္ဘောကို ရှေ့ဆုံးတွင်တင်ကာ အင်္ဂလိပ်တို့သည် မြင်းခြံဆီသိုချီတက်လာခဲ့သည့်နေ့သည်ကား နိုဝင်ဘာ ၂၀ ပင်ဖြစ်သည်။ ညောင်ဦးကိုကျော်လာသည်အထိ မြန်မာတို့ခုခံမှုကို မတွေ့သဖြင့် ဗိုလ်ချုပ် ပရင်ဒါဂတ် ဖလုပ်တီလာတိုက်ရေယာဉ်ပေါ်မှ ပြုံးပြုံးကြီးလိုက်လာလေသည်။ သို့သော် နောက်ထပ် ၁၅ မိနစ်တွင် မည်သို့ဖြစ်မည်ကို ဒင်းတို့ မသိပေ။ မြင်းခြံမြို့တောင်ဘက် မြို့ဝန်မင်းအိမ်ဝန်းမှ ပစ်ခတ်လိုက်သော မြန်မာအမြောက်သံသည် မြင်းခြံတိုက်ပွဲကြီးကို စတင်လိုက်တော့သည်။ မြန်မာတို့သည် ကုန်းများပေါ်တွင် အမြောက်ကြီးများတင်ကာ အင်္ဂလိပ် သင်္ဘောတို့အား အဆက်မပြတ်ပစ်ခတ်တော့သည်။ အင်္ဂလိပ်စစ်သင်္ဘော လေးစီးဖြစ်သော ရောဝတီ ကတ်တလင်း ကတ်တလီနာ ဖလုပ်တီလာ တို့မှာ ဘယ်ကိုပြန်ပစ်ရမည်မသိဖြစ်ကုန်သည်။ မြန်မာတို့၏ အမြောက်စခန်း များမှ အနည်းဆုံး ၈ခုခန့်ရှိပြီး စခန်းတစ်ခုတွင် အမြောက် နှစ်လက်မှ ငါးလက်အထိရှိသည်။ အမြောက်မီးခိုးထွက်သောနေရာသို့ အင်္ဂလိပ်စစ်ရေ ယာဉ်တို့ counter fire ပြန်ပစ်သော်လည်း ထိုနေရာတွင် မြန်မာတို့မရှိ တော့ပေ။ ကုန်းပေါ်မှအမြောက်များကို တောင်ကုန်းနောက်ဆင်ခြေ လျှောသို့ဆွဲချကာ အခြားတစ်ကုန်းပေါ်ရွှေ့လိုက်သည်။ မြင်းခြံမြို့ပတ်လည် တွင်ကား ကုန်းများပေါများလှသည်။ မည်သည့်နေရာမှပစ်နေမှန်းမသိ အောင် မြန်မာတို့သည် အမြောက်များကို လျင်မြန်စွာရွှေ့ကာပစ်နေလေ သည်။ စစ်ရေယာဉ်များသည် နှစ်နာရီခန့် ရောဝတီကို အပေါ်ဆန်တက်လိုက် အောက်ပြန်ဆင်းလိုက်နှင့် လွန်းထိုးတိုက်ခိုက်နေသော်လည်း မြန်မာတို့၏ အမြောက်စခန်း တစ်ခုကိုမျှ ထိထိရောက်ရောက် မချေမှုန်းနိုင်သေးချေ။ ထိုသို့ခွေးနေရာမရဟိုပြေးဒီပြေးတိုက်ခိုက်နေစဉ် အင်္ဂလိပ်ရေကြောင်းချီ တပ်များကို တင်ဆောင်ထားသော ရေယာဉ်များသည် ညောင်ဦးနားတွင် ကျောက်ချပြီး ခေတ္တရပ်နားကာ အခြေအနေကြည့်နေကြသည်။ သို့သော် ညောင်ဦးမြို့တွင်းမှ မည်သည့်အချိန်တွင် ရောက်နေမှန်းမသိသော မြန်မာ တို့သည် ကျောက်ချထားသောသင်္ဘောတို့ကို အမြောက်ဖြင့်ပစ်တော့

လေသည်။ မထင်မှတ်ဘဲ အတိုက်ခံရသဖြင့် ကျောက်ဆူးကိုကမန်းကတန်း တင်ကာ မြစ်ဘယ်ဘက် ပခုက္ကူဘက်ကမ်းသို့ အင်္ဂလိပ်ရေယာဉ်များ ရွှေ့လေသည်။ ပခုက္ကူ ဘက်ကမ်းနှင့် တန့်ကြည်တောင်ပေါ်တွင်ကား မြန်မာသူရဲကြီးအလံများ တလူလူပေါ်လာကာ သေနတ်တစ်ကမ်းမီလျှင် သေနတ်ဖြင့်လည်းကောင်း အမြောက်မီလျှင် အမြောက်ဖြင့် လည်းကောင်း ပြင်းပြင်းထန်ထန်တိုက်ခိုက်တော့သည်။ အင်္ဂလိပ်တို့သည်ကား တပ်ဦး တွင်လည်းအတိုက်ခံရသည်။ တပ်နောက်ဖျားတွင်လည်း အထိနာသည်။ တပ်လယ်တွင်လည်းမရှုမလှပေ။ ထို့ကြောင့် နိုဝင်ဘာ ၂၀ရက် မြင်းခြံ တိုက်ပွဲတွင်ကား မြန်မာတို့နိုင်လေသည်။ (ဤနေရာတွင် တစ်ခု ပြောစရာရှိသည်။ အင်္ဂလိပ်မြန်မာစစ်မှတ်တမ်းများတွင် ဒင်းတို့ဘက်မှ အကျအဆုံးသည် အမြဲလျော့ပြောသည်။ အကျအဆုံးစာရင်းကို မည်သို့ ဖျောက်သနည်းဆိုသော် လူ ၁၀ဦးကျဆုံးသော်လည်း မှတ်တိုင် ၁၀ခု တွေ့မည်မဟုတ်ပေ။ ထိုဆယ်ဦးအားတစ်ကျင်းတည်းစုမြှုပ်ကာ မှတ်တိုင် တစ်ခုသာထောင်သည်။ မသိလျှင် တစ်ဦးတည်းသာကျဆုံးသလိုဖြစ်သည်။ လူဖြူ စစ်သားများကျလျှင်လည်း ကျဆုံးစာရင်းမသွင်းဘဲ ဒဏ်ရာရ နာဖျားစာရင်းသာသွင်းသည်။ စစ်ပြီးမှ ထိုဒဏ်ရာဖြင့် ကျဆုံးဟု စာရင်းပြ သည်။ တိုက်ပွဲမှတ်တမ်းတွင်သာ အကျအဆုံးစာရင်းကို လူတို့သတိထား သော်လည်း စစ်ပြီးသောအခါ ကျဆုံးသည်ကို သတိမမူမိကြပေ။ ထိုနည်းဖြင့် ကုလားဖြူတို့သည် မြန်မာပြည်အားတိုက်ခိုက်ရာတွင်ဆယ်ဂဏန်းမျှသာ ကျဆုံးသည်ဟု စာရင်းလိမ်ကာ နှစ်ပေါက်တစ်ပေါက်ရိုက်ခြင်းဖြစ်သည်။)

နိုဝင်ဘာ ၂၁-၂၂-၂၃ သုံးရက်လုံးတွင် မြင်းခြံဒေသတွင် ပြင်း ထန်သောတိုက်ပွဲများ ဆက်ဖြစ်နေကြသည်။ မြန်မာ့ဘုရင့်ရေတပ်စစ် ရေယာဉ်များဖြစ်သော ရတနာယာဉ်မွန် ရတနာယာဉ်ပျံ နှစ်စီးနှင့် ပြည်လုံးအုံ့ လှေ၅၀၀ သည်လည်း မြင်းခြံတိုက်ပွဲတွင် စွမ်းစွမ်းတမံတိုက်နေကြသည်။ သို့သော် မြန်မာတို့သည် ရန်သူအား သွေးအသက်ဖြင့်လဲကာ တောင့်ခံ နေသည်ဖြစ်ရာ အကျအဆုံးများလှသည်။ စစ်ရေယာဉ် ၂စီးသည်လည်း များစွာထိခိုက်နေပြီဖြစ်ရာ ရတနာပုံနေပြည်တော်ဆီသို့ပြန်ဆုတ်တော့

သည်။ တုလွတ်ယာဉ်ကျော် တိုက်ရေယာဉ်ကဲ့သို့ မိမိတို့စစ်ရေယာဉ်များ ရန်သူ့လက်ထဲမကျစေရန် ပြည်လုံးအုံ့လှေတပ်သားတို့သည် အင်္ဂလိပ်စစ်သင်္ဘောများဆီသို့ လှေများဖြင့်မကြောက်မရွံ့ဇွတ်ဝင်းတိုးကာ မိမိတို့စစ်ရေယာဉ်များဆုတ်ခွာဖို့အချိန်ရရန် အသက်စွန့်သွားခဲ့ကြသည်။ ၂၃ ရက်နေ့တွင် ညောင်ဦးရှိ မြန်မာတို့ခံယမ်းပြတ်လပ်သွားမှုကို အခွင့်ကောင်းယူကာ ကမ်းကပ်ကာ မြင်းတပ် ခြေလျင်တပ်များကို ကုန်းပေါ်တင်လေသည်။

ဤသို့ ခဲယမ်းပြတ်တောက်တော့မည့် အခြေအနေတွင် စစ်နှစ်ဖက်ညှပ်တော့မည်ဖြစ်ရာ မြန်မာတို့သည် အသေခံတိုက်ရန် နောက်ချန်တပ်အချို့သာချန်ပြီး ကုန်းတွင်းပိုင်း ကျောက်ရုံအရပ်သို့အုပ်စီးမပြတ်တပ်ဆုတ်သွားတော့သည်။ ထိုမှတစ်ဆင့် ကျောက်ဆည် သို့ဆက်လက်ဆုတ်ခွာလာခဲ့တော့သည်။

* * *

နိုဝင်ဘာ ၂၆ရက် သပြေတန်းခံတပ်တွင် မြန်မာဘုရင့်တပ်မတော်သားတို့ သေနတ်တပြင်ပြင် ဓားတသသဖြင့် မြစ်တွင်းမှ ချီတက်လာမည့် နယ်ချဲ့ကုလားဖြူတို့၏ စစ်သင်္ဘောများကိုစောင့်ဆိုင်းနေသည်။ သပြေတန်းခံတပ်နှင့် ဓားလွယ်ခုတ်အောက်ဘက်တွင်ကား စစ်ကိုင်းအစေခံခံတပ် ထိုခံတပ်နှင့် မျက်နှာချင်းဆိုင်တွင်ကား အင်းဝဆင်ကျုံးခံတပ်ကြီး။ ဤသုံးပွင့်ဖိုခနောက်ဆိုင်ထားသော ရေကြောင်းခံတပ်ကြီးများကို ဒင်းတို့သင်္ဘောများကျော်မည်မစဉ်းစားနှင့် ကြည်းကြောင်းမှတက်လာသော် အင်အားတောင့်တင်းသော ဘုရင့်ကြည်းတပ်သားတို့သည် အချက်အချာနေရာများတွင်တပ်စွဲပြီးဖြစ်သည်။ ကြည်းကြောင်းကလာလာ ရေကြောင်းကလာလာ ဒီနေရာအား ကုလားဖြူ သင်္ချိုင်းဖြစ်စေမည်ဟု ဘုရင့်တပ်သားတို့ကြုံးဝါးနေသည်။ အကယ်၍ စစ်အခြေမလှသော် ဘုန်းတော်ကြီးဘုရားအား ရတနာပုံ နေပြည်တော်မှခွာကာ ဘိုးလောင်းတော် ဘေးလောင်းတော်တို့ အောင်မြေဖြစ်သော ရွှေဘိုသို့ဆုတ်ခွာမည်။ ရေတွင်သာကျယ်ရဲ

သော ကုလားဖြူတို့အား ကုန်းခေါင်ခေါင်ဖြစ်သော ရွှေဘိုသို့များခေါ်ကာ သုတ်သင်မည်ဟု ရေတပ် ကြည်းတပ်အရာရှိကြီးများပြင်ဆင်ထားသည်။

ရန်သူအားစောင့်နေစဉ်တွင် မင်းကျော်သီရိတို့လို အရာရှိများဆီသို့ ကြေးနန်းစာတစ်စောင်စီ ရောက်လာလေသည်။ မိမိလက်တွင်းရောက်လာသော ကြေးနန်းစာကိုဖွင့်ဖတ်လိုက်သောအခါ မင်းကျော်သီရိ မိုက်ခနဲ ဖြစ်သွားတော့သည်။ ထို့နောက် စာကိုဆုတ်ဖြဲကာ နာနာကြည်းကြည်း ပာစ်ကြွေးရင်း လက်ထဲရှိရိုင်ဖယ်အား ခံတပ်အုတ်ရိုးပေါ် လွှဲလွှဲရိုက်ပြီး ချိုးတော့လေသည်။ သူ့ခြေရင်းတွင် လွင့်ကျနေသော ကြေးနန်းစာ၏ တစ်စိတ်တစ်စတွင်ကား

"မခုခံရ ခုခံလျှင် သူပုန်"

အပိုင်း ၉ (ဇာတ်သိမ်း)

၁၈၈၅ နိုဝင်ဘာ ၂၈ရက်နေ့တွင် ကုလားဖြူတို့ အင်းဝသို့ တိုင်အောင် ဒုတ်ဒုတ်ကျရောက်လာခဲ့ပြီဖြစ်သည်။ ရေကြောင်းခံတပ်ကြီးများနှင့် မြန်မာဘုရင့်ကြည်းတပ်သားများသည် မခုခံရ ခုခံလျှင်သူပုန်ဟူသော အမိန့်အောက်တွင် အံကိုတင်းတင်းကြိတ် တောက်တခေါက်ခေါက်ဖြင့် လက်နက်ချခဲ့ရတော့သည်။ ထို့ပြင် တောင်ငူနယ်ခြားတွင် တိုက်ခိုက်နေသော မင်းကြီးရွှေလှံဗိုလ်၏ ကြည်းတပ်များသည်လည်း ပဲခူးအရေးပိုင်အာသာဖယ်ရာထံလက်နက်ချခဲ့ရတော့သည်။ ရွှေနန်းတော်၏ သဘောထားအရ အင်းဝတွင်ပင် အင်္ဂလိပ်တပ်များ တပ်ချစေကာ ပထမကျူးကျော်စစ်တုန်းကကဲ့သို့ မြန်မာမှူးကြီးမတ်ရာများနှင့်အင်္ဂလိပ်အရာရှိကြီးများ ရန္တပိုတွင် စစ်ပြေငြိမ်းဆွေးနွေးကာ စာချုပ်ချုပ်ဆိုပြီး နိုင်ငံရေးနည်းလမ်းအရ ဒင်းတို့တောင်းဆိုသည်ကို အတတ်နိုင်ဆုံး လိုက်လျောပေးပြီး အသာတကြည်ပြန်ဆုတ်သွားစေလိုသည်။ သို့သော်လည်း အင်္ဂလိပ်ဗိုလ်ချုပ် ပရင်ဒါဂတ်၏ ရာဇသံသည် ရတနာပုံရွှေနန်းတော်နှင့်

လွှတ်တော်ဆီသို့ရောက်လာတော့သည်။

(စာကြွင်း- အင်္ဂလိပ်အရာရှိများသည် သပြေတန်း အင်းဝနှင့် စစ်ကိုင်းခံတပ်များကို တက်ရောက်လေ့လာပြီးပါသောအခါ မြန်မာဘုရင့် တပ်မတော်သာ လက်နက်မချပါက ဤခံစစ်စည်းအား ၎င်းတို့ သိမ်းပိုက်ရန် မလွယ်ကြောင်းသိရှိလိုက်ရသည်။ အကယ်၍သိမ်းပိုက်ရန်ဆိုလျှင် ယခု ပါလာသော စစ်အင်အား ၂၅၀၀၀ ဖြင့် တိုက်နိုင်မည်မဟုတ်ဘဲ အိန္ဒိယမှ စစ်ကူ ၂၀၀၀၀ ထပ်မံခေါ်ယူရမည်။ ယခုပရင်ဒါဂတ်၏စစ်ဒိုင်ယာရီတွင် မှတ်ချက်ရေးသားထားခဲ့သည်။)

* * *

"တောက် မောက်မာစော်ကားလေခြင်း ငါ့အရှင်ကိုများ ဒင်းတို့ဒီ လိုဝံ့စားရဲသယ်"

ပရင်ဒါဂတ်၏ ရာဇသံလွှာကို ပစ်ပေါက်ချရင်း ဦးကောင်း တောက် တစ်ချက်ခေါက်ရင်း ပြောလိုက်တော့သည်။ ပရင်ဒါဂတ်၏ ရာဇသံအရ နိုဝင်ဘာ ၂၉ရက်နေ့မနက်တွင် သီပေါမင်းသည် ဂေါဝိန်ဆိပ်သို့ လာရောက် ကာ အင်္ဂလိပ်အရာရှိများနှင့် ဆွေးနွေးရမည်ဟု ဆင့်ခေါ်ထားခြင်းဖြစ်သည်။ ညောင်ရမ်းမင်းသားကြီး မရှိတော့ပြီဆိုသည်ကို အသိနောက်ကျသွားခဲ့သော ကင်းဝန်မင်းကြီးအဖို့ နိုင်ငံရေးအရ ကုလားဖြူတို့ညစ်ပတ်ခဲ့ပြီဟူသည်ကို သဘောရေးရေးပေါက်စပြုလာခဲ့ပြီဖြစ်သည်။ ဘုန်းတော်ကြီးဘုရားကို နက်ဖြန် မည်သို့မျှဂေါဝိန်သို့ဆင်းခွင့်မပြုရန် ဆုံးဖြတ်လိုက်သည်။ ယခု အခြေအနေတွင် ၎င်း၏ အမိန့်အရ မြန်မာဘုရင့်တပ်မတော် လက်နက် ချလိုက်ရသည်ကို နောင်တကြီးစွာရမိလာသည်။ ဘုန်းတော်ကြီးဘုရားအား ရွှေမြို့တော်တွင်ထားရန် မဖြစ်တော့ပေ။ သင့်တော်ရာ အထက်မြစ်စဉ်မြို့ တစ်မြို့မြို့သို့အရင်ပို့ပြီးမှသာ အင်္ဂလိပ်တို့နှင့်နိုင်ငံရေးဆွေးနွေးရန် အမြန်စီစဉ်ရန်လိုလာပြီ ဟုတွေးရင်း သမက်ဖြစ်သူ ဝက်မစွတ်ဝန်ထောက် မဟာမင်းလှသီရိရာဇာကို ချက်ချင်းလွှတ်တော်မှ ရွှေနန်းတော်ဆီသွားရန် ပြောလိုက်တော့သည်။

"ဟဲ့ မောင်သင် ဘုန်းတော်ကြီးဘုရားဆီ အခုပဲ အခစားဝင် ငါမှာသာကိုသေသေချာချာလျှောက် ယနေ့ညတွင်းချင်းကို ရွှေနန်းတော်ကို စွန့်ပြီး ရွှေဘိုကိုဆုတ်ဖို့ပြော မောင်မင်းပါအတူလိုက်သွား ဟောသမှာ ထားဝယ်ဆောင်တပ်တွေ အမိန့်ပေးခွင့်အမိန့်စာလွှာ"

* * *

အောက်မြစ်စဉ်ရှိ မြန်မာဘုရင့်တပ်မတော် လက်နက်ချလိုက်ရ သော်လည်း တစ်ခုတည်းသော တပ်ဖွဲ့သည် လက်နက်မချရသေးပေ။ ထိုတပ်ဖွဲ့သည်ကား မြန်မာဘုရင့်တပ်မတော်တွင် ခေတ်အမီဆုံးလက်နက် များတပ်ဆင်ပေးထားသလို ဘုရင့်အပေါ် နောက်ဆုံးတစ်ယောက်အထိ အသက်ပေးကာကွယ်သွားမည့် မြန်မာဘုရင့်နန်းတွင်းကိုယ်ရံတော်များ ဖြစ်သော ထားဝယ်ဆောင်တပ်သားများပင်ဖြစ်သည်။ တောင်ထားဝယ် ဆောင်သား အင်အား ၅၃၀ ယောက် မြောက်ထားဝယ်ဆောင်သား အင်အား ၈၂၅ ယောက်သည် ယခုအချိန်အထိ ဘုန်းတော်ကြီးဘုရားနှင့် တော်ဝင်မိသားစုကိုကာကွယ်နေဆဲဖြစ်သည်။ ဤတပ်များဖြင့်သာဆိုလျှင် ဘုန်းတော်ကြီးဘုရား နေပြည်တော်မှခွာမည်ဆို ဖြစ်နိုင်သည်ဟု ဝက်မစွတ် ဝန်ထောက်မင်း ဝမ်းမြောက်အားရစွာဖြင့် ဖန်နန်းဆောင်တွင် စံနေသော အရှင်နှစ်ပါးရှေ့သို့ အခစားဝင်ကာ ကင်းဝန်မင်းကြီး၏ ပြောစကားတို့ကို လျှောက်တင်တော့သည်။

"ရွှေဉာဏ်တော် ပိုင်းခြားဆင်ခြင်သင့်ပါသည် ဘုန်းတော်ကြီး ဘုရား"

ဝက်မစွက်ဝန်ထောက်မင်း၏ လျှောက်တင်ချက်အပြီးတွင် ရုတ်ခြည်း ထပြောလိုက်သည်ကား တိုင်တားမင်းကြီးဦးဖိုး ပင်ဖြစ်သည်။

"ယခုအခါ မဟာမိတ်စာချုပ် ချုပ်ဆိုရန် နီးခါမှ ဦးကောင်း၏ အကြံအား ဆင်ခြင်သင့်ပါသည်။ ဘုန်းတော်ကြီးဘုရား ဒင်းက ယခင် ကတည်းက အင်္ဂလိပ်ဘက်သို့ယိမ်းနေသော ဘက်တော်သားသာဖြစ်

ပါသယ် အရှင်နှစ်ပါးအား ရွှေဘိုသို့ ပရိယာယ်ဝေဝှစ်မိန်းမဉာဏ် သုံးကာပ ထုတ်ပြီးမှ အခြားမင်းသားတစ်ပါးပါးကို နန်းတင်ခဲ့သော်မခက်သလော အရှင်နှစ်ပါးတို့ဘေးရန်အတွက် ရွှေစိတ်တော်ပူမနေနဲ့။ ကျွန်တော်မျိုး ငဖိုးကိုယ်တိုင် ခားစွဲပြီးစောင့်နေပါမယ်"

တိုင်တားမင်းကြီး၏ စကားတို့သည် ငယ်ရွယ်သေးသော မင်းနှစ်ပါးအား လှုပ်ခတ်သွားသည်။ ဘုရင်မင်းကေရာဇ်ဟူသည် မိမိအသက် ထက်စာလျှင် ထီးနန်းတည်းဟူသော မက်လုံးသည်ပိုတပ်မက်စရာ ပင်ဖြစ်သည်။

"ဒီလောက်ကြောက်နေတယ့်အဘိုးကြီး ထဘီဝတ်ထားဖို့ကောင်း တယ် ဟဲ့ ရံရွှေတော်တို့ ကနေ့ညနေ ဦးကောင်းအိမ်ကို ထဘီတစ်ထည်နဲ့ ကျောက်ပျဉ်တစ်ချပ်သွားပို့စမ်း"

ညီလာခံဗိုလ်ပုံအလယ်တွင် မိမိမြေးအရွယ်မိန်းကလေး၏ စော်ကားမှုသည် ကင်းဝန်မင်းကြီးအနေဖြင့် လွန်စွာအရှက်ရမည်ဟု နန်းမတော်ကြီး စုဖုရားလတ်သည် ပြန်သတိရလာမိသည်။ ထို့ပြင် တိုင်တားမင်းကြီးဆိုသည်ကား မိမိလူပင်ဖြစ်ပြီး စိတ်ချရသည်။ အကယ်၍ ကုလားဖြူတို့နန်းတွင်းသို့ဇွတ်ဝင်လာစေမူ ထားဝယ်ဆောင်တပ်သားတို့ သည် မိမိတို့ကိုကာကွယ်နိုင်မည်ဟု ထင်ကာ မောင်တော် သီပေါမင်း၏ လက်တော်အား တင်းတင်းဆုပ်ရင်း မျက်နှာတော်ကိုကြည့်လိုက်လေသည်။ ငယ်လင်ငယ်မယားလည်းဖြစ် နန်းမတော်၏အတွေးကို နားလည်သော သီပေါမင်းတရားသည် ခေါင်းညိတ်လိုက်တော့သည်။

"မောင်မင်း အဲဒီအမိန့်ပေးစာလွှာကို မောင်ဖိုးကိုပေးလိုက်လကွဲ့"

တုန်ယင်သောလက်အစုံဖြင့် အမိန့်လွှာကို ကမ်းပေးလိုက်ရင်း ဝက်မစွက်ဝန်ထောက်မင်း၏ စိတ်ထဲတွင်ကား တစ်စုံတစ်ရာခံစားမှု သည်ဖိစီးလာတော့လေသည်။

"ရေတိမ်နစ်ပါပေါ့လား"

* * *

၁၈၈၅ နိုဝင်ဘာ ၂၉ ရက် မနက် ၉နာရီ

ဗြိတိသျှ လစ်ဗာပူးတပ်ရင်းသည် ယူနီယံဂျက်အလံလွှင့်ပြီး ရှေ့ဆောင်ကာ ဘင်ခရာစစ်တီးဝိုင်းနှင့်အတူ နန်းတွင်းသို့ ကျော်ရွှေတံခါးမှ တစ်ဆင့်ဝင်လာတော့လေသည်။ ကျော်ရွှေတံခါးဝတွင် အသင့်စောင့် ကာကြိုနေသူကား ကျွန်တော်မျိုးဓားဆွဲကာ စောင့်ပါ့မည်ဆိုသော တိုင်တားမင်းကြီးဦးဖိုးကိုယ်တိုင်ပင်ဖြစ်ချေတော့သည်။ ထိုကုလားဖြူတို့အား ထားဝယ်တပ်သားတို့တိုက်ခိုက်ဖို့ကာ သွားဖြင့်ဖက်ကိုက်မှသာရှိတော့သည်။ ယမန်နေ့ညကတည်းက ထားဝယ်ဆောင်တပ်များအား တိုင်တားမင်းကြီး အမိန့်ဖြင့် လက်နက်ဖြုတ်သိမ်းပြီးဖြစ်သည်။ ကုလားဖြူတို့အကျင့်သိသဖြင့် ရွှေဘိုရှောင်ရန် ကင်းဝန်မင်းကြီးစီစဉ်သော်လည်း အချိန်နှောင်းခဲ့လေပြီတကား။ မိမိတို့ လူယုံဟုထင်သော သူကိုယ်တိုင်ကပင် မိမိတို့ကို ကုလားဖြူလက်သို့အပ်မည်ကို အရှင်နှစ်ပါးမသိခဲ့ပေ။

ကာနယ်စလေဒင်ခေါင်းဆောင်သော အင်္ဂလိပ်ကိုယ်စားလှယ်အဖွဲ့သည် အရှင်နှစ်ပါးအား နန်းတော်မှဆင်းကာ တောင်ဥယျာဉ်တော်တွင် စံရန်အမိန့်ပေးပြီး ရွှေနန်းတော်အား သိမ်းပိုက်လိုက်တော့လေသည်။ ထိုနေ့ညသည်ကား ရွှေနန်းတော်အတွင်း အဖိုးတန်သမိုင်းမှတ်တမ်းများစွာအား ကုလားဖြူတို့မီးရှို့ဖျက်ဆီးနေသလို အဖိုးတန်သော ရွှေငွေပစ္စည်းများကို လုယက်ယူငင်နေသော ကုလားဖြူ ကုလားနက်များ တောကြောင်များဖြင့် မန္တလေးရွှေနန်းတော်သည်ကား အရုပ်ဆိုးအကျည်းတန်ပေစွ။

ထိုသို့ပစ္စလက္ခဖြစ်နေသော ရွှေနန်းတော်ကြီး၏ မြောက်ဘက် ငါးမိုင်အကွာ ရန်ကင်းတောင်ခြေစစ်စခန်းတွင်ကား လူတစ်စုသည် တိုင်ပင်လျက်ရှိနေကြသည်။

* * *

ရွှေနန်းတော်ဆီမှ ဂေါဝိန်ဆိပ်ဆီသို့သွားရာ လမ်းတစ်လျှောက်တွင်ကား ရတနာပုံရွှေမြို့တော်သူ မြို့တော်သားအပေါင်းတို့ လမ်းဘေးဝဲယာတွင် စောင့်ဆိုင်းနေကြလေသည်။ မွန်းလွဲ နှစ်ချက်တီးတွင်ကား သူတို့စောင့်မျှော်နေသည့်သူများသည် ထိုလမ်းမအတိုင်းဂေါဝိန်ဆိပ်သို့

ကြွေချီလာတော့သည်။ ယုတ်ညံ့လှသော ဗိုရိုလှည်းပေါ်တွင် မသက်မသာစွာ ခန့်ညားနေရသော အရှင်နှစ်ပါးနှင့် နောက်လိုက် မှူးမတ်များသည် ယော့ရှိုင်းယားတပ်ရင်း၏ ထူထပ်လှသော အစောင့်အကြပ်များကြားမှ ပါလာလေတော့သည်။ ထိုနေ့သည်ကား မြန်မာ့သမိုင်းတွင် နောက်ဆုံးစိုးစံခဲ့သော ကုန်းဘောင်မင်းဆက်၏နောက်ဆုံးဘုရင် သီပေါမင်းနှင့်စုဖုရားလတ်တို့အား ဖမ်းဆီးခေါ်ဆောင်သွားသော ပါတော်မူနေ့ပင်ဖြစ်သည်။ ထိုစဉ်က သီပေါမင်း၏သက်တော်ကား ၂၇ နှစ်သာရှိသေးသည်။

သူရိယမီးသင်္ဘောပေါ်သို့ တက်သွားသည့်အရှင်နှစ်ပါးအား နောက်ဆုံးကန်တော့ခြင်းဖြင့် ကန်တော့ရင်း ဦးမြ၏ မျက်နှာပေါ်တွင်ကား အလိပ်လိပ်လိုက်ထလာသော ခံပြင်းဒေါသ၏အငွေ့အသက်များ အပြည့်ပင်ဖြစ်သည်။ ဦးမြ၏ နောက်တွင်ကား မင်းကျော်သီရိဘွဲ့ခံ ဦးရွှေသည်ကား စောင်ခြုံအတွင်းမှ ဓားရိုးကို တင်းတင်းဆုပ်ရင်း မျက်ရည်များစီးကျလာလေသည်။

"ကျုပ်တို့ညံ့လို့ဖြစ်ရသာဗျ ကျုပ်ညံ့လို့ အခုကိုလုမယ်ဗျာ"

မင်းကျော်သီရိ၏ မချိတင်ကဲမြည်တမ်းသံနှင့်အတူ ရုတ်ခြည်းကောက်ထမည့်ဟန်ကိုတွေ့ရသဖြင့် ဦးမြက တင်းတင်းဖက်ကာချုပ်ရင်း

"စိတ်ထိန်းစမ်း ငရွှေ စိတ်ထိန်းစမ်း မင့်သွေးသောက်တွေရဲ့အသက်ကိုအချည်းနှီးအသေခံမလို့လား"

အစ်ကိုဖြစ်သူ၏ ဟန့်စကားကြောင့် မင်းကျော်သီရိစိတ်ကို ချုပ်တည်းလိုက်ဟန်ဖြင့် ငြိမ်သက်သွားသည်။

"ဒင်းတို့ကုလားဖြူ တွေဥာဏ်နီဥာဏ်နက်ကများပါဘိ။ ကျုပ်တို့ဝန်းသိုစော်ဘွားတို့တပ်တွေ ဘုရားကြီးမှာ အရှင်နှစ်ပါးကို လုမယ်ကြံသာကို ဒင်းတို့သိလို့ ဘုရားကြီးကိုအရှင်နှစ်ပါးလာခွင့်မရလိုက်ဘူး။ သီနီနဲ့သီပေါစော်ဘွားခေါင်းဆောင်တဲ့ လင်းပင်အုပ်စုက မြတောင်ကျောင်းမှ စောင့်နေတယ်ဆိုတာ သစ္စာဖောက်လောက်ကောင်တွေကြောင့် ပျက်ခဲ့ရပြီ ကျုပ်စီစဉ်ထားသာတွေအကုန်ပျက်ကုန်ပြီဗျ"

* * *

အရှင်နှစ်ပါးပါတော်မူပြီးသည်မှာ တစ်လတင်းတင်းပြည့်ခဲ့လေပြီ။ ထိုအချိန်အထိ ဘုရင့်လွှတ်တော်သည်ကား မဖျက်သိမ်းသေးပေ။ မြန်မာအရာရှိကြီးများသည် လုပ်ရိုးလုပ်စဉ်မပျက် အုပ်ချုပ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေဆဲပင်ဖြစ်သည်။ တိုင်တားမင်းကြီးသည်ကား ထိုသို့ အင်္ဂလိပ်လက်အောက်ခိုဝင်သော မြန်မာအရာရှိကြီးများထဲတွင် ထိပ်ဆုံးဖြစ်သည်။ ရွှေမြို့တော် တောင်ဘက် ချမ်းအေးသာဇံအရပ်ရှိ ခြံဝန်းကြီးတစ်ခုထဲတွင် ယောဂီဝတ်စုံဝတ်ထားသော လူကြီးတစ်ဦးသည် စိပ်ပုတီးကုံးအား လက်မှာဆွဲကာ လူးလာခေါက်တုံ့လျှောက်ရင်း တရားမှတ်နေလေသည်။ တရားမှတ်နေရင်းနောက်သို့အသာလှည့်ကြည့်လိုက်သောအခါ ဒူးတုပ်ရင်းစောင့်ဆိုင်းနေသော မင်းကျော်သီရိအားတွေ့လိုက်ရတော့သည်။

"ငချွဲ ရောက်နေမှုကိုး ကိုင်း ဆိုစမ်း"

"မင်းကြီးကို ကျွန်တော်မျိုးနောက်ဆုံး အနေနဲ့လာကန်တော့တာပါဘုရား"

"အိမ်း မောင်မင်းကိုအားကျသကွဲ့၊ကျုပ်အဖို့မှာတော့ ဒင်းတို့မျက်စိအောက်ကနေ လွှတ်ဖို့မမြင်"

"မင်းကြီးအနေနဲ့ ဦးကောင်းတို့ထံမှာ. . . "

"တိတ်စေ ငချွဲ မင့်စကားဒီတင်ရပ်၊ ကုလားမြင်သူ အမေရိုးတော့မလိုပ တွေးမိတိုင်းအရိုးနာသယ် အမျိုးပါဆဲရင်ရဲ့လို့ ဆရာဖေရဲ့စာချိုးအတိုင်း ကုလားဖြူလက်အောက်ခိုရမှာထက် ငါ့သာသတ်သွားလိုက်ပါတော့လား။ ဒင်းတို့ကျွေးမှပေးမှစားမယ်ဆို လျှာပေါက်မြက်ပေါက်ပါစေကွယ်၊ ရွှံ့သပ"

မင်းကြီးရွှေလှံ့ဗိုလ်၏ ရဲရဲတောက်စကားအား ကြည်ညိုလွန်းသဖြင့် မင်းကျော်သီရိ ထိခြင်းငါးပါးဖြင့် ဦးချရင်း နှုတ်ဆက်ကန်တော့လိုက်တော့သည်။

"ကိုင်း ငါ့တပည့် သွားပေတော့ အမျိုး ဘာသာ သာသနာတော်ကို စောင့်ရှောက်နိုင်တဲ့ ယောကျ်ားကောင်းဖြစ်ပါစေ"

* * *

ရန်ကင်းတောင်တန်းတစ်နေရာတွင် မြင်းကိုယ်စီဖြင့်လူတစ်စုသည် မြောက်ဘက်သို့ဦးတည်ကာ ထွက်ခွာနေလေသည်။ ထိုလူစု၏ ခေါင်းဆောင်ဖြစ်ဟန်တူသော လူရွယ်သည်ကား မြင်းဇက်ကိုခေတ္တသတ်ကာ နောက်သို့လှည့်ပြန်လှည့်ကြည့်လိုက်တော့သည်။ ဟိုးအဝေးတွင် မှုန်ပြပြမြင်နေရသော ရတနာပုံရွှေမြို့တော်သည်ကား မြူများကြားထဲမှညှိုးငယ်နေတော့သည်။

“ဗိုလ်မင်း ဝန်းသိုစော်ဘွားကြီးဆီ ရောက်ဖို့ခရီးဖင့်နေရော့မယ်”

မင်းကျော်သီရိလည်း နောက်တွင်ပါလာသော နှုတ်ခမ်းမွှေးစစနှင့်လူတစ်ဦးစကားကြောင့် လွမ်းဆွတ်စွာမျှော်ငေးမိသော ရတနာပုံရွှေမြို့တော်ကိုကျောခိုင်းရင်း မြင်းဒုန်းစိုင်းကာ ဆက်လက်ချီတက်ခဲ့တော့လေသည်။ ယနေ့ နေပြည်တော်အား ပြန်မသိမ်းနိုင်သော် နောက်တစ်နေ့တွင်သိမ်းနိုင်မည်။ နောက်တစ်နေ့မဟုတ်သော် နောက်တစ်လ နောက်တစ်နှစ်နောက်ဆယ်နှစ်။ တစ်ချိန်တွင်ကား ထိုရတနာပုံရွှေမြို့တော်ကြီးတွင် ယခုလွင့်နေသော ယူနီဂျက်အလံအား လွတ်လပ်သော မြန်မာနိုင်ငံအလံဖြင့် အစားထိုးမည့်နေ့ရောက်ဦးပေမည်။ မြန်မာတို့၏ ဇာတိမာန်သည်ကား အားမတန်သော်လည်း မာန်လျော့မည်မဟုတ်ပေ။ ။

(စာကြွင်း- မင်းကြီးရွှေလှံဗိုလ်အား မန္တလေးနေပြည်တော်တွင် အင်္ဂလိပ်တို့က တစ်နှစ်ခန့်အကျယ်ချုပ်ချကာ စည်းရုံးသော်လည်းမရသဖြင့် ပထမဦးစွာ တောင်ငူသို့နယ်နှင်လိုက်သည်။ ထို့နောက်တွင်ကား မော်လမြိုင်အထိ နယ်နှင်ခံရသဖြင့် ထိုမြို့တွင်ပင် ခေါင်းချသွားတော့သည်)

ပြီးပါပြီ

ပျံချီ
စစ်မှတ်တမ်း